www.burmeseclassic.com

# ကိုယ

## ပြောဖို့လိုသေးလား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# လုံမ

## ပြောဖို့လိုသေးလား

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၅၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၉၁၀၈၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျိုးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက်ရပ်ကွက်၊

အလုံမြို့နယ်။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

၈၉၅ ・ ၈၃

လုံမ

ပြောဖို့လိုသေးလား / လုံမ ။ - ရန်ကုန်၊

ပျိုးစာပေ ၊ ၂၀၁၁ ။

၂၄၀ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ပြောဖို့လိုသေးလား

## အခန်း (၁)

"ဒေါက်"

"အား အီး ဆရာမ၊ သားကို စုပုံချစ် ပေတံနဲ့ခေါက်တယ်"

ထွန်းထွန်းရဲ့ အော်ငိုသံက စာသင်ခန်းတစ်ခုလုံး စူးစူးဝါးဝါး ဟိန်းထွက်သွားသည်။ ပေတံကို လက်ထဲမှာ ခပ်တင်းတင်းဆုပ်ကိုင်ထားဆဲ စုပုံချစ် မျက်နှာက အပြစ်လုပ်ထားသူတစ်ယောက်လို မဟုတ်။

"စုပုံချစ် လာစမ်း"

ဆရာမရဲ့ အော်ဝေါက်သံလို ကြောက်ရွံ့တုန်လှုပ်သွားခြင်းလည်း မရှိ၊ လက်ကို လျှော့တိလျှော့ရဲပိုက်လျက် ဆရာမရှေ့မှာ ပေစောင်စောင် လာရပ်သည်။

"ဘာဖြစ်လို့ ထွန်းထွန်းကို ပေတံနဲ့ ခေါက်ရတာလဲ ပြောစမ်း"

"သူ့ကို မေးကြည့်ပါ ဆရာမ"

"ဟဲ့ နင့်ကို မေးနေတာ နင် ဖြေရမှာပေါ့၊ နင် လုပ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား''

''လုပ်ထားတာ ဟုတ်ပါတယ်၊ လုပ်ရတဲ့ အကြောင်းရှိလို့ပါ''

''အေးလေ ဘာလို့ လုပ်ရတာလဲလို့ ဆရာမ မေးနေတာ ဖြေမှပေါ့၊ ဟိုမှာကြည့်စမ်း ခေါင်းမှာ ဘုထွက်သွားတယ်၊ သွေးစို့သွားတယ်၊ သူ့မိဘတွေ ပြဿနာ လာရှာရင် ဘယ်လိုလုပ်မလဲ၊ စာသင်ခန်းထဲမှာ အဲလို ရန်မဖြစ်ရဘူးဆိုတာ မသိဘူးလား၊ ဆရာမ ဆုံးမမထားဘူးလား ပြောစမ်း''

အော်ဟစ်ငိုဆဲ ထွန်းထွန်းကို မေးငေါ့၍ ဆရာမက လေသံမာမာနှင့် ပြောသည်။ စုပုံချစ်က ထွန်းထွန်းကို လှည့်ကြည့်ပြီး နှုတ်ခမ်းကို ကိုက်ကာ အံကြိတ်၏။

''သမီး ကွန်ပါဘူးကို သူ ခိုးလို့ပါ ဆရာမ''

''ဟင် သူခိုးတာကို ဘယ်လိုလုပ်သိလဲ''

''သမီးက စာရေးဖို့ ခဲတံနှိုက်ပြီး ခုံပေါ်တင်ထားတာပါ၊ ပြီးတော့ ကြည့်လိုက်တော့ သူက သမီးကွန်ပါဘူးကိုယူပြီး ခုံနဲ့ကွယ်ဖွင့်ကြည့်နေပါတယ်၊ အဲဒါနဲ့ သမီးက ပြန်တောင်းတာကို ငါလိုချင်တာရှိလို့ကြည့်နေတာလို့ ပြောပါတယ်''

''အေးလေ သူလိုချင်တာ ယူပြီးရင် ပြန်ပေးမှာပေါ့၊ အဲဒါ ခိုးတာမှ မဟုတ်တာ၊ သူငယ်ချင်းချင်း အဲလို မလုပ်ရဘူးလေ''

''တောင်းရင်တော့ ပေးမှာပေါ့ ဆရာမရဲ့၊ အခု သူက သမီး မသိအောင် ယူလိုက်တာ၊ အဲဒါကြောင့် သမီးက ပေတံနဲ့ ခေါက်ပစ်လိုက်



တာပေါ့''

''ကြည့်စမ်း ကြီးကြီးမားမား ပြဿနာလည်း မဟုတ်ဘူး၊ ဖြစ်တာကိုလည်း ဆရာမကို လာမတိုင်ဘူး၊ ငယ်ငယ်လေးရှိသေးတယ်၊ အဲလို လက်ရဲဇက်ရဲနဲ့ လုပ်ရသလား၊ နင့်မှာအပြစ်မရှိဘူးလား ရှိသလား စုပုံချစ်''

''မရှိပါဘူး ဆရာမ၊ သမီးကွန်ပါဘူးကို ယူကိုင်လို့ သမီး လုပ်လိုက်တာပါ''

''ဘာ''

ဝန်မခံသော စုပုံချစ်ကို ဆရာမ ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်သွားသည်။ ရုပ်ကလေးအရွယ်ကလေးနှင့်မလိုက်၊ မျက်နှာကြောတင်းမာင်း အကြောမာလွန်းသော စုပုံချစ်ကို နောက်ဒါမျိုးမလုပ်ရဲအောင် နောင်ကြဉ်အောင် ခုံပေါ်တက်၍ လက်ပိုက်ခိုင်းပြီး ကြိမ်လုံးနှင့် ငါးချက်လောက် ရိုက်သည်။

ပြီးတော့ တစ်နေကုန် ရပ်ခိုင်းထားကာ အပြစ်ပေး၏။ ဒါကိုလည်း စုပုံချစ်က နောက်မလုပ်တော့ပါဘူးလို့ ဝန်ခံတိမပေးသလို မျက်ရည်လည်းမကျပါ။

ညနေ ကျောင်းဆင်းချိန်ရောက်တော့ တစ်ဖက်ကျောင်းဆောင် သစ်ကြီးမှာ ခြောက်တန်းပညာ သင်ကြားနေသော တည်ကြည်ခန့် ဆီ အပြေးအလွှား အမြန်ရောက်အောင် သွားသည်။

''ဟာ ဘာဖြစ်လာတာလဲ ညီမလေး၊ အမောတကောနဲ့''

www.burmeseclassic.com



"မြန်မြန်လာစမ်းပါ ကိုကိုရယ်၊ ကျောင်းအပြင်ရောက်တာနဲ့ ပြောပါ့မယ်"

ဘုမသိ ဘမသိနှင့် စုပုံချစ် ဆွဲခေါ်ရာ ခပ်သုတ်သုတ်လိုက်လာရသည်။ ကျောင်းနှင့်ခပ်လှမ်းလှမ်း ကုက္ကိုပင်အောက်ရောက်မှ ခြေစုံရပ်တော့ တည်ကြည်ခန့်လည်း စက်ဘီးလေး ဒေါက်ထောက်ကာ ရပ်လိုက်ရ၏။

"ဘာဖြစ်လာတာလဲ ညီမလေး၊ ကိုကို့ကိုပြော"

စုပုံချစ်က တည်ကြည်ခန့် မေးတာ မဖြေဘဲ ခြေသလုံးတစ်ဝက်ထိ ဖုံးအုပ်ထားသော ကျောင်းစိတ်စကပ်လေးကို စိတ်လိုက်မာန်ပါ ခပ်ဆောင့်ဆောင့် မပြသည်။

"ဟာ ဘာဖြစ်တာလဲ ညီမလေး၊ ဆရာမ ရိုက်လိုက်တာလား"

အနည်းငယ် အရိုးရာထင်နေသော ဒဏ်ရာကိုကြည့်၍ တည်ကြည်ခန့် အထိတ်တလန့်ပင် မေးလိုက်မိသည်။

"ဟုတ်တယ်၊ ထွန်းထွန်းကြောင့် အရိုက်ခံရတာ"

"ဘာ ထွန်းထွန်းက ညီမလေးကို ဘာလုပ်လိုက်လို့လဲ"

"ညီမလေးပစ္စည်းကို ယူကိုင်လို့ ပေတံနဲ့ ခေါက်ပစ်လိုက်တာပေါ့၊ အဲဒီကောင် ဘုထွက်ပြီး သွေးစို့သွားတယ်၊ အဲလိုလုပ်ရမလားဆိုပြီး ဆရာမက ရိုက်တာ၊ အဲဒီကောင်ကို လုံးဝ မကျေနပ်ဘူး"

"ဟုတ်သားပဲ၊ ဘာလို့ သူက ညီမလေးပစ္စည်းကို ယူကိုင်ရတာလဲ၊ အဲဒီလို လုပ်တုန်း ညီမလေးက ဆရာမကို တိုင်လိုက်ရင်ပြီးရော"





"အရင်တစ်ခါတုန်းက တိုင်သားပဲ၊ အဲဒီတုန်းက နောက်တစ်ခါအဲလို သူများပစ္စည်း ယူမကိုင်ရဘူးနော်ဆိုပြီး သွန်သင်ဆုံးမရုံနဲ့ ပြီးသွားတာ"

"ဒါကတော့ ဆရာမတွေရဲ့ တာဝန်ဝတ္တရားအရလောက်ပဲ လုပ်မှာပေါ့၊ ခိုးတာ မဟုတ်ဘဲနဲ့ ရိုက်လို့မရဘူးလေ ညီမလေးရဲ့"

"ညီမလေးကတော့ ခွင့်မတောင်းဘဲ အဲလို ယူကိုင်တာ မကြိုက်ပါဘူး၊ အဲဒါကြောင့် နောက်မလုပ်ရဲအောင် ဆော်ထည့်လိုက်တာပေါ့၊ ဒါပေမဲ့ ဆရာမ အရိုက်ခံလိုက်ရတာ မကျေနပ်သေးဘူး၊ သူကလည်း ဆရာမ အရိုက်မခံရဘူးဆိုပြီး ဆက်လုပ်နေဦးမှာ"

"အဲဒီတော့"

"သူ ကျောင်းဝင်းထဲက ထွက်လာရင် ကိုကို ကြိမ်းမောင်းလိုက်"

"ဟင် ကိုကိုက ဘယ်လို ကြိမ်းမောင်းပေးရမှာလဲ"

တည်ကြည်ခန့် စကားကို ကြားတော့ စုပုံချစ် ခြေလေးဆောင့်ကာ နှုတ်ခမ်းစူသည်။

"ကိုကိုကလည်း ညီမလေးကို နောက်ဒါမျိုးမလုပ်ရဲအောင် ပြောရမှာပေါ့၊ လိုအပ်ရင် လက်သီးနဲ့ ထိုးသင့်ရင်လည်း ထိုးရမှာပဲ"

"ဖြစ်ပါ့မလားကွာ၊ ကိုကိုက အကြီး၊ သူက အငယ်၊ ကြီးနိုင်ငယ်ညှင်းဖြစ်သွားရင် မကောင်းပါဘူး"

"ကိုကိုက ညီမလေးကို မချစ်ဘူးပေါ့လေ၊ ညီမလေးဘက်က ရပ်တည်မပေးချင်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲလို မဟုတ်ပါဘူး ညီမလေးရယ်၊ ကိုကို ပြောပေးပါ့မယ်၊ စိတ်မဆိုးနဲ့ စိတ်မကောက်နဲ့နော်၊ ကိုကိုက ညီမလေးကို အရမ်းချစ်ပါတယ်ကွာ"

စုပုံချစ် မျက်နှာညှိုးမှာကို မခံနိုင်ပါ။

အသားလေး ဝင်းဝင်းစိုစို၊ ပါးဖောင်းဖောင်းလေးနှင့် ဘိုမလေးကော်ပတ်ရုပ်လေးလို့ ချောမောလှပလွန်းသော စုပုံချစ်လေးကို ညီမအရင်းလေးလို တည်ကြည်ခန့် ချစ်မြတ်နိုးရပါသည်။

ငယ်ငယ်လေးကတည်းက မေမေ့ဗိုက်ထဲကနေ ညီမလေး တစ်ယောက်လောက် လိုချင်တာ အရူးအမူး။

သူများ မိသားစုတွေလို ညီမလေးလို ထိန်းကျောင်းချိုပိုးချော့မြူချင်၏။ သူ သုံးနှစ်သားအရွယ်လောက်မှာ မေမေ နောက်ရင်သွေးလေး လွယ်ပိုးရတော့ မေမေ ဗိုက်ပူပူလေးကို တရှုံ့ရှုံ့နမ်းမွှေးပြီး ဆုတောင်းမိသည်။ တကယ်တမ်း မွေးလာတော့ ညီလေး တည်မြဲခန့်ဖြစ်နေသည်။

"မေမေကလည်းဗျာ သားက ညီမလေးလိုချင်တာပါဆို ဘာလို့ ညီမလေး မမွေးတာလဲ၊ ညီလေး မလိုချင်ဘူး၊ ဗိုက်ထဲပြန်သွင်းလိုက်"

"ဩော် သားလေးရယ်၊ အဲလိုလုပ်လို့ ဘယ်ရမှာလဲ၊ မေမေ့ဗိုက်ထဲက ထွက်လာတာကို ညီလေး ဖြစ်ဖြစ် ညီမလေးဖြစ်ဖြစ်၊ သားချစ်ရမှာပေါ့၊ ဘယ်သူဖြစ်ဖြစ် သားအဖော်ရတော့ပေါ့ကွယ်၊ နော် သားလေး"





ကလေးအတွေးနှင့် သူ့ရဲ့တောင်းဆိုမှုကို မေမေက အရယ်အပြုံးနှင့် သူ့ကို ထွေးပွေ့ကာ ချော့မြူဖျောင်းဖျသည်။ ဒါပေမဲ့ ညီမလေးအရမ်းလိုချင်နေသော သူက ညီလေးကို နှစ်နှစ်ကာကာ ရင်ထဲအသည်းထဲက မချစ်ခဲ့ပါ။

အိမ်ချင်းကပ်လျက်က ဦးထင်ကျော်နှင့်ဒေါ်ယမင်းပျိုက မွေးသော စုပုံချစ်လေးကိုသာ ချိုပိုးပွေ့ဖက်၍ အချစ်ပိုခဲ့သည်။

အိမ်ရောက်လို့ မေမေတို့က ထိန်းနိုင်းလျှင်လည်း သနပ်ခါးလိမ်း၊ ပန်းပန်ပေးလျက် စုပုံချစ်အင်္ကျီလေးတွေကို ယူဝတ်ပေးကာ မိန်းကလေးလို ပြင်ဆင်ပေးခဲ့သည်။

"သားကြီးရယ်၊ ညီလေးကို အဲလို မလုပ်ရဘူးလေ သားရဲ့၊ ညီလေးကို အဲလိုလုပ်ရင် ကြီးလာတော့ မိန်းမရှာဖြစ်သွားမှာပေါ့ သားရဲ့"

"မသိဘူးဗျာ မေမေကမှ ညီမလေး မွေးမပေးတာ၊ သားကတော့ ညီမလေးလို လုပ်မှာပဲ အဲလိုမလုပ်ရရင် ညီလေးကို ထိန်းမပေးတော့ဘူး၊ ချစ်လည်း မချစ်တော့ဘူး"

သူ ဂျစ်ကန်ကန်နှင့် စိတ်ဆိုးမာန်ဆိုး ပြောတော့ မေမေတို့ စိတ်လျှော့သွားပြီး ရေငုံနှုတ်ပိတ်နေလိုက်ကြသည်။ မနေလို့လည်း မဖြစ်။

ဘွားဘွားက မြေးဦးမို့ မငြိုမငြင် မတောင့်မတ ပြည့်စုံအောင်ထားပြီး အလိုလိုက်ခဲ့သည် မဟုတ်လား။

ဘယ်သူ့ကြောင့် သူ မျက်ရည်ကျရတယ်၊ စိတ်ညစ်ရတယ်ဆိုလျှင် အဲဒီလူ နေစရာမရှိအောင် ဆူပူမာန်မဲ ကြိမ်းမောင်းနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား အာဏာကိုတော့ ဘယ်သူမှ မလွန်ဆန်ရဲကြ။ မဆန်ကျင်ရဲကြ။

သေဆိုသေ ရှင်ဆိုရှင် ဩဇာညောင်းသူ။

"ငါ့မြေးကြီးကိုတော့ ဘယ်သူမှ လက်ဖျားနဲ့ထိမယ်၊ ကန့်လန့်တိုက်မယ် မကြံကြနဲ့နော်၊ အမွေတစ်ပြားမှ မရဘဲ ဖြစ်သွားကြမယ်၊ ငါ့မြေးကိုပဲ အကုန်ပေးခဲ့မှာ"

ထိုသို့ ကြိမ်းမောင်းထားတာမို့ ဖေဖေနှင့်မေမေရော ဒေါ်လေးတို့ လင်မယားရော သူ့ကို ဖူးဖူးမှုတ်ထားကြသည်။

သူကလည်း ဘွားဘွား အားကိုးနှင့် ဘယ်သူ့ကိုမှ မကြောက်။ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်။

အဲ သူ ဂရုစိုက်တာ အလေးအနက်ထားတာ တစ်ယောက်ပဲရှိသည်။

သူက စုပုံချစ်။

အချိန်ရှိတိုင်း အဲဒီအိမ်ဘက်ကို ရောက်နေကာ စုပုံချစ်လေးအနားက မခွာ။ စုပုံချစ်လေး ကျောင်းနေအရွယ် ရောက်တော့ သူက သုံးတန်း။

ဒါတောင်မှ ကျောင်းဆင်းချိန်တွေဆိုလျှင် စုပုံချစ်လေးအတန်းကို အရင်ဆုံးသွား။ မုန့်တွေဝယ်ကျွေး။

ကျောင်းဆင်းချိန်ဆိုလည်း သူမအိမ်က လာကြိုစရာမလိုဘဲ စက်ဘီးနှင့်တင်ခေါ်။ အိမ်ရောက်တော့ စာပြပေး၊ အတူတူ ကစားနှင့်



သူ့မှာ အားလပ်တယ်လို့မရှိ။

ညီလေးဆိုတာ သူ့ရဲ့သွေးရင်းသားရင်းလို့ သဘောမထား မိတာ ဒီနေ့အချိန်ထိ။

စုပုံချစ်လေးအတွက်ဆို ဘာပဲလုပ်ရ လုပ်ရ။

ဒီနေ့ကိစ္စအတွက်လည်း စုပုံချစ် လုပ်ရပ် တရားသလား၊ မတရားသလား သူ မတွေး။

ထွန်းထွန်းဆိုသည့် ကောင်လေး၊ ကျောင်းဝင်းအပြင် ထွက်အလာကို လည်တဆန့်ဆန့် စောင့်ကာ. . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၂)

"ကဲ အဲဒါ ဘယ်လိုလုပ်ပေးမှာလဲ၊ ကျွန်မသားကို ရှင်တို့သားက ကြီးနိုင်ငယ်ညှဉ်း နိုင်ထက်စီးနင်း လုပ်လိုက်တယ်တဲ့လေ၊ သူတို့ရွယ်တူချင်း စကားများ ရန်ဖြစ်တယ်ဆို ထားပါတော့၊ အခုတော့ ခုနစ်တန်းကျောင်းသားကြီးက လေးတန်းကလေးကို ကျောင်းအပြင်မှာ စောင့်ပြီး ထိုးလွှတ်လိုက်တာ ကောင်းသလား၊ ဘယ်လိုများ ဆိုဆုံးမထားလည်း မသိပါဘူးတော်"

ထွန်းထွန်းအမေက တည်ကြည်ခန့်ကို မျက်စောင်းတထိုးထိုးနှင့် မကျေမချမ်း ပြောနေသည်။ မေမေက သူ့ဘက်ကို လှည့်လိမ်ကာ စောင့်ကြည့်၏။

"တည်ကြည်ခန့် သူတို့ ပြောတာတွေ ဟုတ်သလား၊ ထွန်းထွန်းဆိုတဲ့ကောင်လေးကို နင် ထိုးလွှတ်လိုက်တယ်ဆို၊ ဘာဖြစ်လို့ လုပ်လိုက်တာလဲ၊ ဘာကြောင့်လဲ"



မေမေက သူ့မျက်လုံးတည့်တည့်ကို စိုက်ကြည့်ကာ မေးသည်။ တည်ကြည်ခန့် ရှုတင်းတင်း ခေါင်းငိုက်စိုက်လုပ်ကာ တုံဏှိဘာဝေ။

"ဟဲ့ ဖြေလေ၊ ဟိုက ပြောနေတာ ဟုတ်သလားလို့"

"ဟုတ်လို့ ငြိမ်နေတာပေါ့၊ မိဘတောင် မကြောက်မရွံ့ မေးတာမဖြေတဲ့ ကလေးက ကျွန်မတို့ သားကို မလုပ်ရဲဘဲ နေပါ့မလား၊ ဆုံးမသွန်သင်မှုနည်းလို့ ဒီအရွယ်လေးကတည်းက လက်ရဲဇက်ရဲ အနိုင်ကျင့်တတ်တာ၊ ကြီးရင် လူဆိုးသူခိုးတောင် ဖြစ်ဦးမယ်"

"အဲလိုတော့ မပြောပါနဲ့ ညီမရယ်၊ သူများ သားသမီးကို မှုချီး၊ မှုစ်ချီး ပြောရင် ကိုယ့်သားသမီးလည်း အဲလို ဖြစ်တတ်ပါတယ်၊ လူကြီးတွေတောင် မှားသေးတာ၊ ဘာမှနားမလည်သေးတဲ့ ကလေးက မှားမှာပေါ့"

"ဩော် ဒီအရွယ်က ကလေးဆိုရင် သူ့ထက်ငယ်တဲ့ ကျွန်မသားများတာကျ ဒီလို လက်တုံ့ပြန်မှုန်း သိသတဲ့လား၊ စုပုံချစ် ပစ္စည်းကို ယူကိုင်တာ သူနဲ့ဘာဆိုင်လို့လဲ"

"ဟင် စုပုံချစ်ကြောင့် ရန်ဖြစ်ခဲ့တာလား သား၊ သားကို မေမေ ဘာပြောထားလဲ၊ သားကို မေမေ ဘယ်လိုဆုံးမသွန်သင်ထားလဲ၊ သား မမှတ်မိဘူးလား ဟင်"

"ညည်း ဘာပြောပြော ကလေးက မှတ်မိမှာလား၊ ငါ့မြေးကို ညည်း ဘာမှ ဆူပူမာန်မဲစရာ မလိုဘူး"

အိမ်ပေါ်ထပ်က ဘွားဘွား ဆင်းလာပြီမို့ တည်ကြည်ခန့် အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးရသွားသည်။ အားလုံးကို ပေစောင်စောင်ကြည့်ကာ ဘွားဘွား နောက်မှာ ဝင်ကပ်လိုက်၏။ သူ ခေါင်းတိုးခွေ့လိုက်ပြီဆို သူ့ရှေ့ကနေ ဘွားဘွား မားမားမတ်မတ် ရပ်တည်ပေလိမ့်မည်။

"ဟိုတစ်ယောက်ကရော ငါ့အိမ်ကိုလာပြီး ဘာလို့ အာကျယ်ပါကျယ် လုပ်နေတာလဲ၊ ညည်း ဘယ်လောက်လျှော်ကြေးလိုချင်သလဲ ပြော၊ ငါ့မြေးကို ဘာမှ ဝေဖန်ပုတ်ခတ်စရာ မလိုဘူး"

"အဲလို ငွေကြေးနဲ့ပိုင်းဖြတ်ပြီး နစ်နာအောင်မလုပ်ပါနဲ့ ကြီးကြီးရယ်၊ ကျွန်မက ကလေးအရွယ်မို့ ရုံးရောက်ဂတ်ရောက် မဖြစ်စေချင်လို့ ကလေးကို လာပြီး ဆုံးမခိုင်းနေတာပါ"

"အောင်မာ ရုံးတွေဂတ်တွေရောက်ကြည့်ပါလား၊ ဖြစ်ချင်ရာဖြစ် ငါ့မြေးအတွက် အသက်ချင်း လဲပစ်မယ် သိလား၊ ရော့ လျှော်ကြေး ဒါယူပြီး ပြန်တော့၊ နောက်တစ်ခါ ငါ့မြေးနဲ့ လွတ်ကင်းအောင်နေကြ"

တစ်ထောင်တန် အထပ်လိုက် လက်ထဲရောက်သွားသည်နှင့် ထိုမိန်းမ ခေါင်းတဆတ်ဆတ် ညိတ်ကာ နောက်ပြန်လှည့်သွားသည်။

သူ့အတွက်ဆို ဘွားဘွားက ဒီလိုမျိုး ရှေ့ကနေ မားမားမတ်မတ် ရဲရဲ့စွာ ရပ်တည်ရဲသူပါ။

"မေမေကလေ အဲဒါတွေကြောင့် ခက်နေတာ၊ လာတိုင်တဲ့သူ ရှေ့မှာ ကိုယ့်ကလေးကို နည်းနည်းပါးပါး ဆုံးမပေးဦးမှပေါ့၊ အဲဒါမှ ခံရတဲ့သူဘက်က ကျေနပ်မှာ မေမေရဲ့"

"ဟဲ့ အခုလည်း ငွေပေးလိုက်လို့ ကျေနပ်သွားပြီလေ၊ တန်ရာ



တန်ကြေးမကလို့ အိမ်ရောက်ရင် ပျော်တောင်ပျော်နေဦးမှာ"

"ဒါကတော့ ဒါပေါ့၊ ဒါပေမဲ့ မေမေ့မြေးကိုလည်း ဆုံးမထားဦးမှဖြစ်မယ် မေမေ၊ ဟိုကပြောသွားတာ မေမေ ကြားတယ် မဟုတ်လား၊ မိမဆုံးမ၊ ဖမဆုံးမ သားသမီးလို့ ကျိန်ဆဲသွားတာ၊ ဘယ်လိုလုပ်ကောင်းတော့မှာလဲ၊ တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ်၊ ကိုယ့်ကြောင့်ဖြစ်လိုက်၊ စုပုံချစ်ကြောင့်ဖြစ်လိုက်နဲ့ မေမေ ရှိလို့ ငွေနဲ့ဖြေရှင်းနိုင်တယ် ဆိုပေမယ့် မေမေ ဆုံးတဲ့အခါ"

"အမယ်လေး ညည်းက ငါ့ကို သေစာရင်းတောင် သွင်းနေပြီပေါ့၊ အဲဒါကြောင့် ခွေးမဆိုတာမျိုးကို အိမ်ဦးခန်းတင်မထားနဲ့ ခေါင်းပေါ်ချီးပါခံရမယ်လို့ ပြောကြတာ၊ အခု ငါ့သား အစွမ်းအစနဲ့ ညည်း ဒီလို နေရတာလား၊ ငါ့ကြောင့် နေရတာလား ပြောစမ်းပါဦး"

ထိုမေးခွန်းက ဖြေစရာမလိုအောင် ရှင်းနေသည်။ တကယ်တမ်း အိမ်ထောင်စကျကတည်းက မိမိယောကျ်ား ဦးစိုးခန့်က မယ်မယ်ရရ အလုပ်ကို ကြိုးစားပမ်းစား လုပ်ခဲ့တာမျိုး မရှိပါ။

အမေဖြစ်သူရဲ့ ပွဲရုံကို သွားတစ်လှည့် မသွားတစ်လှည့်။ အာရုံမရသလို ခုချိန်ထိ ဖိဖိစီးစီးမရှိ။

မိသားစုအပေါ်လည်း အလေးအနက် မဟုတ်။ သားနှစ်ယောက် မွေးထားတာတောင် အပျော်ခရီး ထွက်ရတာ၊ နိုက်ကလပ်တက်ရတာ၊ နိုင်ငံခြား အလည်အပတ် သွားရတာနှင့် မအေဖြစ်သူ ဒေါ်စိန်ရွှေက သားသမီး ဘာလုပ်လုပ် လှူပျိုလှူလွတ်ဘဝတွေကတည်းက ဘာမှ

www.burmeseclassic.com



ပိတ်ပင်တားဆီးခဲ့တာ၊ ပြောဆိုဆုံးမခဲ့တာ မဟုတ်။

စီးပွားရေးကို အချိန်ရှိသမျှ ကုန်းရုန်းရှာရင်း လိုအပ်သမျှသာ ဖြည့်ဆည်းခဲ့သည်။ ချွေးမတွေ သမက်တွေက သူ့သားသမီးတွေကို မငြိုငြင်အောင်လည်း လိုအပ်မှုမရှိစေရ။

ရော့ရွှေ၊ ရော့ငွေ။

ဩဇာတိက္ကမကြီးသူမို့ ဘယ်သူကရော ပါးစပ်ဟာရဲ ငြိုငြင်ရဲမှာလဲ၊

အခု သားကြီးကိစ္စကိုပဲကြည့်။ သမီးဖြစ်သူက အိမ်ထောင်အရင်ကျပြီး သားသမီး မမွေးတော့ မိမိရဲ့သားက မြေးဦးဖြစ်နေကာ ဘွားအေရဲ့ အလိုလိုက် ပစားပေးခြင်း ခံရပြီး ဘယ်သူ့ကိုမှ ရှိသေလေးစား ကြောက်ရွံ့ရမှန်းမသိ၊ ဘဝင်မြင့်နေသည်။

ညီငယ်လေးကိုလည်း သံယောဇဉ်တွယ်ရမှန်း မသိ။

ညီမလေး မွေးမပေးလို့ဆိုပြီး စိတ်ကောက်ကာ၊ မွေးကင်းစ စုပုံချစ်လေးဆီမှာပဲ အချိန်ကုန်သည်။ နေ့ည အနားကမခွာဘဲ လိုအပ်သမျှ ဘွားအေဆီက မုန့်ဖိုးတောင်းကာ အကုန်ဝယ်ပေး၏။

အိမ်ရောက်မှ ညီငယ်လေးကို့ မိန်းကလေးလို ပြင်ဆင်ပေးသည် ဆိုပေမယ့် စုပုံချစ်လောက်တော့ အချစ်မပိုခဲ့ပါ။ ဒီအရွယ်ရောက်လာသော်လည်း အချစ်မလျော့။ ပုံစံမပြောင်း။ အားကောင်းမောင်းသန် မဟုတ်ပေမယ့် ရန်များချင်လာတာလည်း စုပုံချစ်ကြောင့်။

ကိုယ်က မဖြစ်သင့်တာ မဖြစ်အောင် ဆုံးမမယ်ဆိုတော့လည်း



ဘွားအေက ရှေ့က ကာဆီးပိတ်ပင်ရုံတင်မက၊ မိမိကိုတောင် အပြစ်တင်မာန်မဲ ဆူပူကြိမ်းမောင်းသေးသည်။ ဒါတင်ပဲလား။ နောက်မပြောရဲအောင် ခြိမ်းခြောက်တာက ရှိသေး။

အခုလည်း ပြောသမျှ ဆိုသမျှ ငြိမ်ကုပ်နားထောင်ရုံမှလွဲ၍ ဘာမှ စောဒက တက်ခွင့်မရှိ။

မျက်မှောင်ကုပ်ပြောနေရာက တည်ကြည်ခန့် ပန်းကို ဖက်ကာ ဆိုဖာခုံမှာ ဝင်ထိုင်လိုက်ပြီး

''ငါ ဒီလိုမေးတော့ ညည်း မဖြေနိုင်တော့ဘူး မဟုတ်လား၊ အစကတည်းက အဲလို အမေးမခံရအောင် ဆင်ခြင်သင့်တယ်၊ ညည်းတို့အပေါ် ငါ့ဘက်က ဘာလိုအပ်မှုရှိခဲ့သလဲ၊ ညည်းတို့ပြည့်ပြည့်စုံစုံနဲ့ အခန့်သား ထိုင်စားနေရတာ မဟုတ်ဘူးလား၊ ငါ့ဘက်က တောင်းဆိုတာလည်း ငါ့မြေးကြီးကို အလိုလိုက်ချစ်ပေးဖို့ပါပဲအေ၊ ဒါလေးတောင် ညည်းတို့က မလိုက်လျောနိုင်ကြဘူးလား''

''အဲလို မဟုတ်ပါဘူး မေမေရယ်၊ မေမေကို လွန်ဆန်နေတာလည်း မဟုတ်ပါဘူး၊ စုပုံချစ်အတွက်ဆို သားကြီးက အနစ်နာခံလွန်းလို့ပါ''

''ဟဲ့ ဒါရော ဘာပြောစရာလိုလဲ၊ သူတို့တွေ အရွယ်ရောက်လာရင် ငါက ပေးစားဖို့တောင် စီစဉ်ထားတာ၊ အခုလို သံယောဇဉ်ကြီးကြီးနဲ့ ကာကွယ်ပေးနေတာ ဘယ်လောက်ကောင်းလဲ''

''ဟင် မေမေက''

www.burmeseclassic.com



"အေး ဟုတ်တယ် အဲဒီကိစ္စ စုပုံချစ်တို့ မိဘတွေဆီကိုတောင် အသိပေး နားဖောက်ပြီးပြီ၊ သူတို့ အရွယ်ရောက်လာရင် ငါ့မြေးကြီးနဲ့ပဲ လက်ထပ်ပေးဖို့ပေါ့၊ ငါ့မြေးကြီး တခြားမိန်းမလည်း မိန်းမရှုပ်တွေနဲ့ တွေ့သွားလို့ မဖြစ်ဘူး၊ စုပုံချစ်တို့ မိသားစုဆိုတာ စီးပွားရေးအဆင်ပြေလှတယ် မဟုတ်ပေမယ့် အကြောင်းသိ ဓာတ်သိ စိတ်ရင်းရိုးသားတဲ့သူတွေ"

"ဒါတော့ နွဲ့လည်း သိပါတယ် မေမေ၊ မေမေ စီစဉ်ထားတာကို နွဲ့ ဆန့်ကျင်တားဆီးတာမျိုးလည်း မလုပ်ပါဘူး၊ ကလေးတွေ ငယ်ငယ်ရွယ်ရွယ် စိတ်ကစားမှာတော့ စိုးရိမ်တယ်"

"အဲဒီအတွက်တော့ တွေးမပူပါနဲ့ အရွယ်မရောက်ခင်မှာ ငါက အမှားအယွင်း အဖြစ်ခံပါ့မလား၊ ဒီကိစ္စတွေက သူတို့ နိုင်ငံခြားထွက်သွားဖို့ ငွေရင်းစိုက်ထားတာနဲ့ အလောင်းအစား လုပ်ထားတာ"

"ရှင် ဘယ်လို မေမေ"

ဒေါ်နွဲ့ကေခိုင် နားမလည်နိုင်အောင် ဖြစ်သွားသလို တည်ကြည်ခန့်လည်း စိတ်ဝင်စားကာ ခေါင်းထောင်လာသည်။

"စုပုံချစ် အဖေက နိုင်ငံခြားအလုပ်သွားလုပ်မလို့လား ဘွား ဘွား"

"စုပုံချစ်အဖေ တစ်ယောက်တည်း မဟုတ်ဘူး၊ မိသားစုလိုက်သွားကြမှာ"

"ဗျာ ဒါ ဒါဆို ညီမလေးလည်း နိုင်ငံခြားလိုက်သွားမှာပေါ့"





ငိုသံပါကြီးနှင့် တည်ကြည်ခန့် အထိတ်တလန့် မေးတော့ ဒေါ်စိန်ရွှေက နှစ်သိမ့်သလို တည်ကြည်ခန့် ပခုံးလေးကို ခပ်ဖွဖွထွေးဖက်ကာ

"သူ့မိဘတွေက လုပ်ငန်းတွေမှာ အရှုံးပေါ်လို့ စီးပွားရေး အဆင်မပြေ ဖြစ်နေကြတယ်လေ၊ အရင်းအနှီး ထည့်ပြီး ဘယ်လောက်ပဲ ကြိုးစား ကြိုးစား အောင်မြင်လာစရာလည်း အကြောင်းမရှိတော့ဘူး၊ သူတို့နေတဲ့ အိမ်ကြီးကလည်း ပေါင်ထားပြီးသားတဲ့၊ အတိုးနဲ့တွက်ရင် ငွေပိုတောင် ထွက်လာတော့မယ် မထင်ဘူး"

"ဟင် အဲလိုတောင် ဖြစ်သွားကြတာလား၊ လုပ်ငန်းတွေ မအောင်မြင်တာကိုသိပေမယ့် အဲလောက်ကြီး ဖြစ်နေပြီလို့ မထင်မိဘူး"

"အေး ငါလည်း ငါ့ဆီကို ငွေရေးကြေးရေး အကူအညီ လာတောင်းမှ သေချာသိရတာ၊ သူတို့က နိုင်ငံခြားမှာရှိတဲ့ အစ်ကိုဆီကို လိုက်ပြီး ဟိုမှာပဲ လုပ်ငန်းလုပ်တော့မယ်တဲ့လေ၊ နောက်မှ ငါ့ကို အရစ်ကျပြန်ဆပ်ပါရစေလို့ ပြောတယ်"

"အဲလိုလုပ်တာ ကောင်းပေမယ့် ညီမလေးကို သား မခွဲနိုင်ဘူး ဘွားဘွား၊ ညီမလေးကို ခေါ်ထားလိုက်ပါလားဟင် ဘွားဘွား"

တည်ကြည်ခန့် ဣန္ဒြေမရစွာ မျက်ရည်လည်ရွဲနှင့် တောင်းဆိုသည်။ မြေးကိုချစ်ပေမယ့် ဒီကိစ္စက ဒေါ်စိန်ရွှေ ကိုယ့်သဘောနှင့်ကိုယ် လိုက်လျောပေးလို့ဖြစ်တာမျိုး မဟုတ်ပါ။

"သူတို့သမီးလေး တစ်ယောက်တည်းကို ဘယ်လိုလုပ် ထားခဲ့

www.burmeseclassic.com



မှာလဲကွယ်၊ မြေးလေးအတွက်က အဘွား စဉ်းစားပြီးသားပါ၊ မြေးတို့ ပညာရေးတွေ ဆုံးခန်းတိုင်တာနဲ့ သူတို့လည်း ပြန်လာမယ်၊ မြေးတို့ကို လည်း လက်ထပ်ပေးမယ်''

''အဲဒါက အဝေးကြီးလိုသေးတာကို ဘွားရယ်၊ ညီမလေးကို သား မခွဲနိုင်ဘူး၊ ညီမလေး မရှိရင် သား မနေတတ်ဘူး''

''ဩော် မြေးရယ်၊ မြေးမှာ ညီမလေး မရှိလည်း ညီလေး ရှိ သေးတယ်လေ၊ ဟိုက သူစိမ်း၊ ညီလေးက ကိုယ့်သွေးသားအရင်း မဟုတ် ဘူးလား''

''သားမှ ညီလေး မလိုချင်တာ၊ ညီမလေးကိုပဲ ချစ်တယ်''

''အဲလို မဖြစ်နိုင်တာကိုတော့ ဖွတ်အတင်း မယူအာနဲ့ မြေးလေး၊ မြေးလေးသာ အရွယ်ရောက်နေပြီဆိုရင် အဘွားက အခုချက်ချင်းတောင် စုပုံချစ်နဲ့ ပေးစားလိုက်သေးတယ်၊ အခုက မြေးလေးက ဆယ့်နှစ်နှစ်၊ စုပုံချစ်လေးက ကိုးနှစ်ရှိသေးတာ၊ ညီလေးကိုပဲ ညီမလေးလို သဘော ထားပြီး ပြုပြင်ချစ်ပေါ့ကွယ် နော် မြေးလေး''

အဘွား ဘယ်လိုပဲ နှစ်သိမ့်ဖျောင်းဖျနေပါစေ၊ ညီလေးက ဘယ်တော့မှ ညီမလေး ဖြစ်မလာနိုင်။ သူချစ်တာက စုပုံချစ်ဆိုသော ညီမလေး။

■ ■ ■



## အခန်း (၃)

''ညီမလေး''

''ကိုကို''

ချိန်းဆိုမထားပါဘဲ အိမ်နှစ်အိမ်ရှေ့က ဗာဒံပင် ခုံတန်းလေးမှာ ဆုံဖြစ်ကြ၏။ စုပုံချစ် မျက်နှာလေးက ငိုမဲ့မဲ့နှင့် ညှိုးနွမ်းနေသည်။

ခွဲခွာဖို့ ရှေ့ပြေးနိမိတ်တွေကို ကြိုသိနေခဲ့ပြီလား။

တည်ကြည်ခန့် မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေ ဝဲလို့။ သံယောဇဉ် မျက်ဝန်းမှာ ငြိတွယ်မှုတွေဖြင့်။

''ညီမလေးတို့ နိုင်ငံခြားကို သွားတော့မှာဆို''

''ဟုတ်တယ် ကိုကို၊ ညီမလေးတို့ ခွဲရတော့မယ်၊ ညီမလေးကို သတိရနေနော်''

''သတိရတာထက် ကိုကို ကျန်နေခဲ့နိုင်ပါ့မလား မသိဘူး ညီ မလေးရယ်၊ ကိုကိုတစ်ယောက်တည်း ပျင်းနေတော့မှာ''



www.burmeseclassic.com

www.burmeseclassic.com



"ခန့်မင်း ရှိသားပဲ ကိုကိုရယ်၊ ခန့်မင်းက ကိုကို့ကို ချစ်သားနဲ့၊ ညီမလေးမရှိတဲ့အချိန် ခန့်မင်းကို အဖော်လုပ်ပေါ့"

"ကိုကိုက ညီမလေးကိုပဲ ချစ်တာ၊ ညီလေးက အပျင်းပြေ အဖော်ရတယ်ဆိုပေမယ့် ညီမလေးလိုတော့ ခံစားချက်ချင်းလည်း မတူဘူး၊ အလေးအနက်လည်း မရှိဘူးလေ၊ ဘွားဘွားကို ပြောပြီး ညီမလေးတို့နဲ့ ကိုကို လိုက်လာခဲ့မယ်"

"ဟင် ဘွားဘွားက ကိုကို့ကို အရမ်းချစ်တာ ဘယ်ထည့်ပါ့မလဲ၊ ပြီးတော့ ဖေဖေတို့ကလည်း တာဝန်ခံပြီး ခေါ်မယ် မထင်ဘူး၊ ကိုကို စီးပွားရေးကြောင့်သာ သွားရတာ၊ မြန်မာပြည်ကို မခွဲချင်ဘူးတဲ့၊ အလုပ်တွေ ကြိုးစားလုပ်ပြီး အဆင်ပြေရင် အမြန်ဆုံး ပြန်လာမယ်လို့ ပြောတယ်"

"ကိုကိုတို့ ဘယ်လောက်အကြာကြီးထိ ခွဲရမလဲ မသိဘူး ညီမလေးရယ်၊ ညီမလေး ဖေဖေနဲ့မေမေသာ ခွင့်ပြုမယ်ဆိုရင် ဘွားဘွားကို ရအောင် ပြောပြီး လိုက်လာခဲ့ချင်တယ်"

မဖြစ်နိုင်မှန်း သိလျက်နှင့် တည်ကြည်ခန့် ဖွတ်အာတင်း ပြောနေသည်။ အကြောင်းအရာတစ်ခုခုကို စိတ်ဆန္ဒပြင်းပြပြီဆိုလျှင် တည်ကြည်ခန့် ရှေ့နောက်စဉ်းစားဖို့ သတိမရ။

ဖြစ်ချင်တာကိုသာ ဦးစားပေးပြီး ဘယ်သူ့ကိုမှ ငဲ့ညှာရမှန်းလည်း မသိ။

ဒါတွေက တည်မြဲခန့်နှင့် မတူသော အချက်တွေပင်။





တည်မြဲခန့်က အငယ်ဖြစ်ပေမယ့် မျှမျှတတ တွေးတတ်ပြီး သူများရဲ့ဆန္ဒကိုသာ ဦးစားပေးတတ်သည်။

တည်ကြည်ခန့် အနိုင်ကျင့်သမျှလည်း ကြည်ဖြူစွာနှင့် လိုက်လျောတတ်သူပါ။

သူမအပေါ်လည်း တည်ကြည်ခန့်ထက် အနွံတာခံ သည်းခံတတ်ကာ အစ်ကိုဖြစ်သူ မသိအောင် တွယ်တာခဲ့သူပါ။

"ချစ်ချစ် နင် ဟိုးအဝေးကြီးက နိုင်ငံခြားကို သွားတော့မယ်ဆိုရင် ငါ နင့်အတွက် လက်ဆောင်ပေးလိုက်မယ် သိလား"

"ဟင် နင်က ဘာလက်ဆောင်ပေးမှာလဲ"

"ရောင်စုံခဲတံလေးတွေနဲ့ ဆွဲထားတဲ့ ပန်းချီကားလေးပါ၊ နင်နဲ့ ကိုကို ကစားနေကြရင် ငါ့ကိုမှ မခေါ်တာ၊ အဲဒီအချိန်ဆို ငါက ငါ့အခန်းထဲမှာ အရုပ်တွေ ရေးပြီး တစ်ယောက်တည်း ဆော့ရတာဟ၊ အဲဒီထဲက တစ်ပုံ နင့်ကို ပေးလိုက်မယ်၊ နင် ပြန်မလာမချင်း အမှတ်တရ သိမ်းထားနော်"

ဘာပုံမှန်း မသိပေမယ့် သွားခါနီးရင် ပေးမည်ဟု ပြောသွားသည်။ ကိုကိုကတော့ အမှတ်တရ လက်ဆောင် ပေးလိုက်မည်ဆိုသည့် စကား အခုထိ မပြောသေးပါ။

သူ ဖြစ်ချင်တာကိုသာ ဖွတ်အတင်းအကျပ် ပြောလျက် မျက်နှာတစ်ခုလုံး ညှိုညှို့မှိုင်းမှိုင်း။

ဒီလိုတော့လည်း စုပုံချစ် မကြည့်ရက်။ ကိုကိုက သူမအပေါ်



www.burmeseclassic.com

www.burmeseclassic.com



အများကြီး စောင့်ရှောက်ပေးခဲ့သည်။ ခန့်မင်း အိမ်က ကိုကိုရဲ့ ခြယ်လှယ်မှုကြောင့် နွဲ့နွဲ့နှောင်းနှောင်း ပျော့တိပျော့ဖတ် နေတတ်သူမို့ အရေးကြုံလျှင် ကိုကို့ကိုပဲ အားကိုးခဲ့ရတာပါ။ ကိုကို လိုက်လာဖြစ်လျှင် ဟိုကိုရောက်လို့ သူစိမ်းတွေအလယ်မှာ အနိုင်ကျင့်ခံရတာမျိုး မဖြစ်တော့ဘူးပေါ့။

"ဖေဖေတို့ကို လိုက်ပြောကြည့်မလားဟင် ကိုကို၊ လိုက်ရတယ်ဆိုရင် ကိုကိုနဲ့ ညီမလေး မခွဲရတော့ဘူးပေါ့"

"ဟုတ်တယ် ပြောကြည့်လို့ရရင် ဝမ်းသာစရာပေါ့၊ လာ သွားမယ် ညီမလေး"

စုပုံချစ် လက်ကို တင်းတင်းဆုပ်ကိုင်၍ စုပုံချစ်တို့ ခြံဝင်းထဲ ဝင်လာခဲ့ကြသည်။ အိမ်အဝင်ဝမှာပင် စုပုံချစ် မိဘတွေနှင့် ဆုံတော့ ခေါင်းလေးတွေ ငုံ့လျှိုး၍ ခြေလှမ်းတုံ့သွားရ၏။

"သြော် သမီးလေး၊ ဘယ်ပျောက်သွားလဲ အောက်မေ့နေတာ၊ တည်ကြည်နဲ့ တွေ့နေတာကိုး။ အေး အိမ်မှာနေခဲ့ကြဦးကွာ၊ အန်ကယ်တို့ လေယာဉ်လက်မှတ် ဝယ်ဖို့ သွားလိုက်ဦးမယ်"

"ဗျာ ဟို အန်ကယ်တို့ နိုင်ငံခြားသွားဖို့အတွက်လား"

"ဟုတ်တယ်လေ၊ ပတ်စပို့(စ်)ကိစ္စတွေက အားလုံးပြီးပြီ၊ လေယာဉ်လက်မှတ်ရပြီးတာနဲ့ ထွက်ဖို့ စီစဉ်နေတာ"

"ကျ ကျွန်တော့်အတွက်ပါ လေယာဉ်လက်မှတ် ဝယ်လို့မရဘူးလား အန်ကယ်"





"ဘာလုပ်ဖို့လဲကွ"

"ညီမလေးနဲ့ မခွဲနိုင်လို့ ကျွန်တော် လိုက်ချင်လို့ပါ"

"အာ အဲဒါ ဘယ်လိုလုပ် ဖြစ်မှာလဲ တည်ကြည်ရယ်၊ မင်းအဘွားက ဘယ်ခွင့်ပြုပါ့မလဲ၊ တကယ်လို့ ခွင့်ပြုခဲ့ရင်တောင် အန်ကယ်တို့ မင်းကို ခေါ်သွားလို့ မဖြစ်ပါဘူး၊ အန်ကယ်တို့က စီးပွားရေးသွားလုပ်ကြမှာ၊ အောင်မြင်ဖို့ ကြိုးစားနေတာနဲ့ မင်းကိုလည်း တာဝန်ယူနိုင်မှာ မဟုတ်ဘူး"

"ကျွန်တော့်ကြောင့် တာဝန် မကြီးစေရပါဘူး၊ ငွေရေးကြေးရေးကအစ ဘွားဘွားက ပိုပိုလျှံလျှံ ထောက်ပံ့နိုင်ပါတယ်"

ထိုစကားကို ကြားတော့ ဦးထင်ကျော် မျက်ခုံးပင့်ကာ စိတ်ဝင်စားသွားသည်။ တည်ကြည်ခန့်ကိုသာ စည်းရုံးနိုင်လျှင် ငွေတွင်းကြီး ပိုင်ဆိုင်ရသလို ဖြစ်သွားမှာ မဟုတ်ပါလား။

"မင်းအဘွားကို ပြောကြည့်ပြီးလား တည်ကြည်"

"မပြောရသေးဘူး အန်ကယ်"

"ဒါဆို ပြောကြည့်ရင် ပြောကြည့်လေ၊ မင်းအဘွား ထည့်မယ်ဆိုရင် ပညာရေးက ပိုပြီး အဆင့်အတန်းမြင့်တာပေါ့ကွာ"

"တ တကယ်နော် အန်ကယ်၊ ညီမလေး ကိုကို ဘွားဘွားကို သွားပြောလိုက်မယ်၊ အန်ကယ် လေယာဉ်လက်မှတ် နောက်မှဝယ်လို့ ရတယ်မဟုတ်လားဟင်၊ ပတ်စပို့စ်ကိစ္စရော အဆင်ပြေပါ့မလား"

"ကဲပါကွာ မင်းပဲ မင်းအဘွားကို ရအောင်ပြောကြည့်ပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာ အန်ကယ့်တာဝန်ထား''

"ဟုတ်ကဲ့ အန်ကယ်''

စုပုံချစ် လက်ကလေးကိုလွှတ်၍ တည်ကြည်ခန့် လှစ်ခနဲ ပြေးထွက်သွားသည်။ မျက်စိတဆုံး ကြည့်ကာ ဦးထင်ကျော် သာသာလေး ပြုံးလိုက်သည်။

အသက်ရှင်ဖို့အတွက် ကောက်ရိုးမျှင်တစ်စကို ဘယ်လိုပဲ ဆွဲရဆွဲရ။

■ ■ ■



## အခန်း (၄)

"ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး မြေး၊ ဘွား လုံးဝ ခွင့်မပြုနိုင်ဘူး၊ သူစိမ်းတရံဆံက ဘွားတို့လိုမျိုး မြေးကို ဘယ်သူက ဂရုစိုက်မှာလဲ၊ စောင့်ရှောက်မှာလဲ''

"သားကိုသား ရပ်တည်နိုင်ပါပြီ ဘွားဘွားရယ်၊ ကလေးလေး မဟုတ်တော့ပါဘူး''

"အမယ်လေး ဒီအရွယ်က ကလေးမဟုတ်တော့ဘူးတဲ့လား၊ နို့နံ့တောင် မပျောက်သေးဘဲနဲ့၊ ဘွားအရိပ်က ထွက်ခွင့်မပြုနိုင်ပါဘူး ကွယ်၊ မြေးကို ဘွား ပြောပြီးသားနော်၊ မြေးအရွယ်ရောက်တာနဲ့ စုပုံချစ်လေးနဲ့ စီစဉ်ပြီးသားလို့၊ အခု မဖြစ်နိုင်တာတွေ တောင်းဆိုမနေနဲ့''

"ဘွားကလျာ''

ဘွား ခါးခါးသီးသီး ငြင်းတော့ တည်ကြည်ခန့် စိတ်ပျက်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



ညှိုးစွာ မျက်ရည်တွေ ဝဲတက်လာသည်။ ဒီလိုနှင့် ညီမလေးနဲ့ ခွဲရတော့မှာလား။

"ဘွားရယ် သားကို လိုက်သွားခွင့်ပြုပါ၊ ဟိုမှာဆိုရင် ပညာရေးကို အဆင့်အတန်းမြင့်မြင့် သင်ယူလို့ရတယ်၊ တချို့မိဘတွေဆိုလည်း ဒီလိုပဲ သားသမီးတွေကို နိုင်ငံခြားမှာ ကျောင်းထားနေကြတာပါ၊ ဘွားလည်း ဒီလိုပဲ သဘောထားပေါ့"

"အမယ်လေး အဲဒါ ဘာအထင်ကြီးစရာရှိလို့လဲ၊ ဒီမှာလည်း နိုင်ငံခြားကျောင်းတွေ ရှိနေတာ၊ မြေး ဘယ်ကျောင်းတက်ချင်လဲ ဘာလုပ်ချင်လဲ ဘွားကိုပြော၊ ဘွားအကုန်လုပ်ပေးမယ်"

"ဟင့်အင်း ညီမလေးနဲ့ပဲ အတူတူ နေချင်တာ"

"တည်ကြည်ခန့် မဖြစ်နိုင်တာကို မတောင်းဆိုနဲ့လို့ ဘွားပြောပြီးပြီနော်၊ သွေးရင်းသားရင်း မိသားစုကိုပစ်ပြီး မင်းက သူစိမ်းတွေနဲ့ လိုက်နေချင်လို့ ဖြစ်မလား၊ သူစိမ်းကရော မင်းကို ဘယ်လိုတာဝန်ယူပြီး ဘယ်လောက်ကောင်းမှာမို့လဲ၊ ဘွား ရှင်းရှင်းပဲပြောမယ်၊ စုပုံချစ်တို့နဲ့ လုံးဝ မလိုက်ရဘူး"

"ကျစ် ဘွားရာ"

အံကြိတ်လိုက်သည်မို့ သွားကြားထဲက တိုးထွက်လာသော အသံက ခပ်ပြင်းပြင်း ကျစ်ခနဲ မြည်သွား၏။

ခဏနေမှ အပေါ်ထပ်အိပ်ခန်းရှိရာ ခြေသံဘုန်းဒုန်းဖြင့် တက်လာခဲ့သည်။ ဘွားကို လုံးဝ မကျေနပ်။



ဗြုန်းဒိုင်းနှင့် အိပ်ခန်းတံခါးကို ဆောင့်တွန်းဖွင့်ကာ ဝင်ခဲ့တော့

"ဟာင်"

တစ်ခန်းထဲ အတူတူနေရသော တည်မြဲခန့်က စာကြည့်စားပွဲရှေ့မှာ တစ်စုံတစ်ရာကို အာရုံစိုက်လျက် ရှိသည်။ ဒီအချိန်က တည်မြဲခန့် စာကြည့်တတ်သည့်အချိန် မဟုတ်။

"မင်းဘာလုပ်နေတာလဲ"

အနားကပ်ကာ မေးလိုက်တော့ တည်မြဲခန့် ဆတ်ခနဲ တုန်သွားလျက် တည်ကြည်ခန့်ကို မော့ကြည့်သည်။

"ချစ်ချစ်ကို ပန်းချီကားလက်ဆောင် ပေးမလို့၊ ဘာပုံပေးရင် ကောင်းမလဲဆိုပြီး ဆွဲပြီးသားပုံလေးတွေကို ပြန်စစ်ကြည့်နေတာ"

"အောင်မာ မင်းက ကြီးကြီးကျယ်ကျယ်နဲ့ ပန်းချီဆွဲတတ်လို့လား"

"ကျောင်းမှာလည်း ရောင်စုံခဲတံလေးတွေနဲ့ ပန်းချီဆွဲရတာပဲဥစ္စာ၊ အရမ်းကြီး မလှပေမယ့် ချစ်ချစ်ကြိုက်မှာပါ"

"ဟိတ်ကောင် ချစ်ချစ်လို့ မခေါ်နဲ့လို့ ငါ ဘယ်နှခါပြောရမလဲ၊ သူ့နာမည်အရင်းက ပျိုခေတ်လေ၊ ပျိုခေတ်လို့ပဲခေါ်"

"ဟုတ် ဟုတ်ကဲ့ ကိုကို"

တင်းမာပြတ်တောက်စွာ တည်ကြည်ခန့် အော်လိုက်တာမို့ တည်မြဲခန့် အသံတွေ တုန်ယာသွားသည်။ တည်ကြည်ခန့်ကို မော့မကြည့်ရဲလောက်အောင် တည်မြဲခန့် ကြောက်ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com


ပုံဆွဲထားသော စာရွက်လေးကို သူ့လက်ထဲက ဆောင့်ဆွဲယူလိုက်တော့လည်း အတိုက်အခံလုပ် ပြန်ဆွဲမယူရဲ။

"ဩော် ဒါကငါတို့သုံးယောက်ပုံကို ဆွဲထားတာပေါ့လေ၊ ငါနဲ့ ချစ်ချစ်က ဒန်းလေးပေါ်မှာ ထိုင်ရယ်နေပြီး မင်းက စကားပွင့်ပင်အောက်မှာ ပန်းတွေကောက်နေတာ"

"ဟုတ်တယ်လေ ကိုကိုနဲ့ချစ် အဲ ပျို့ခေတ်က အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ကစားပြီး ကျွန်တော်က တစ်ယောက်တည်း အဖော်မဲ့နေရတာ မဟုတ်လား၊ ကိုကိုတို့က ကျွန်တော်နဲ့မှ မကစားတာ"

ရောင်စုံခဲတံလေးများဖြင့် အထီးကျန်မှုကို ပုံဖော်ထားပေမယ့် တည်ကြည်ခန့်က ငဲ့ညှာမှုမရှိ၊ သရော်လှောင်ပြောင်သလို ဟက်ခနဲရယ်သည်။

"ဒါ သဘာဝကျသားပဲ၊ ငါနဲ့ညီမလေးက ဒန်းလေးပေါ်မှာထိုင်ပြီး ပြုံးရယ်နေတယ်၊ ဒီပုံလေးကို ငါ ညီမလေးကို အမှတ်တရ လက်ဆောင် ပေးလိုက်မယ်"

"ဟာ ဒီပုံက ပျို့ခေတ်ကို ကျွန်တော် လက်ဆောင်ပေးမလို့"

"မလိုပါဘူးကွာ၊ ညီမလေးက မင်းကို ငါ့လောက် မခင်ပါဘူး၊ ဒီပုံထဲကအတိုင်းပဲ ခပ်ဝေးဝေးမှာပဲ နေစမ်းပါ၊ ဒီပုံကိုလည်း ငါ ဆွဲတယ်လို့ပဲ ပြောရမယ် ကြားလား တည်မြဲ"

"ဗျာ ဟုတ် ဟုတ်ကဲ့"

စောဒက တက်ပြီး မတောင်းဆိုရဲ၊ မငြင်းဆန်ရဲပါ။





ဘွားရဲ့ အာဏာစက်အောက်မှာ ဖေဖေ မေမေတို့ကလည်း မပြောရဲ၊ မဆိုရဲ၊ မဆုံးမရဲတာမို့ ကိုကိုက ဘယ်သူ့ကိုမှ မကြောက်။ ထင်တိုင်းကြဲရဲသည်။

သူ့အပေါ်လည်း မညှာတာပါ။

ကြီးနိုင်ငယ်ညှင်းဆိုတာထက် မိန်းကလေးတစ်ယောက်လို ပုံသွင်းခဲ့တာက ပိုဆိုးသည်။ မိတ်ကပ်လိမ်းခိုင်းသည့်အချိန် ရှိသလို တစ်ခါတစ်ရံ စုံပုံချစ် အင်္ကျီအဝတ်အစားတွေ ယူလာပြီး ဝတ်ခိုင်းတတ်၏။ ထိုသို့ ဝတ်ပြပြီးသည့်အချိန်မှာလည်း

"ဟာ မင်းက ပုံမလာပန်းမလာ တကယ့် ဂေါက်ပဲကွာ၊ ညီမလေးကမှ အရမ်းကြည့်လို့လှပြီး ချစ်စရာကောင်းတာ၊ နွဲ့နွဲ့နှောင်းနှောင်း ပိန်ပိန်ပါးပါးလေးဖြစ်အောင် အစားလည်း လျှော့စားဦး၊ ငါ့ရှေ့မှာ အစားအသောက်များများစားတာ တွေ့လို့ကတော့ မင်း မလွယ်ဘူးမှတ်"

ထိုသို့ ကြိမ်းမောင်းထား၍ အစားအသောက် မက်မောသော သူ့မှာ ဆင်ခြင်ထိန်းသိမ်းစားသောက်နေရသည်။

ဖေဖေ မေမေတို့က မေးလျှင်လည်း တည်မြဲခန့် အမှန်အတိုင်း မဖြေရဲပါ။

"သား ခုနလေးကမှ မုန့်တွေစားထားလို့ မေမေရဲ့၊ အခု ဗိုက်မဆာသေးဘဲနဲ့ မေမေတို့နဲ့အတူတူ စားချင်လို့ သားက ဝင်စားတာ"

"သားက ထမင်းစားချိန်နီးနေတာကို စည်းကမ်းမှ မရှိပဲကွယ်၊ ထမင်းစားမှ အားဖြစ်တာ လူကောင်ထွားတာ သားငယ်ရဲ့၊ ကြီးလာမှ


www.burmeseclassic.com

www.burmeseclassic.com

ဗလမရှိ၊ ဖမရှိဖြစ်ရင် ကောင်မလေးတွေက ဂျိုပုံးလို့ ခေါ်ပြီး ကဲ့ရဲ့ကြမှာ ပေါ့''

မေမေတို့က တကယ်မှတ်ပြီး စိုးရိမ်ပိုကြပေမယ့် ကိုကိုကတော့ ဒီလို မဟုတ်ပါ။ မဲ့ကာရွဲ့ကာ လှောင်ပြောင်သံလိုဖြင့်

''သူက မိန်းမယူမှာမှ မဟုတ်တာ၊ မိန်းမတွေ အထင်ကြီးခံ ရဖို့ မလိုပါဘူး၊ ယောက်ျားယူမှာလို့ ပြောလိုက်လေ ညီလေးရဲ့''

ဟု တိုက်တွန်းကာ သူ့ကို လိုသလို ပုံသွင်း၊ ဖန်တီးနေတာလည်း ဘယ်သူမှ ဘာမှမပြောနိုင်။ ဒါဟာ သူ့ရဲ့ကံကြမ္မာလား။

ကိုကို့ရဲ့ ကံကောင်းခြင်းလား။

ဘာပဲဖြစ်ဖြစ် သူကတော့ ကိုကို့ရဲ့ အဖြည့်ခံဘ၀ဖြင့်. . .။

■ ■ ■

ဗျူး ၁၁၄၅

## အခန်း (၅)

''ဘာ ဒါဖြစ်နိုင်လို့လား''

ပန်းချီပုံလေးကို လက်လွှဲယူကြည့်ပြီး စုပုံချစ် မယုံနိုင်ဖြစ်နေသည်။ ကိုကို ပန်းချီဆွဲတတ်တယ်လို့ တစ်ခါမှ မကြားဘူး၊ မမြင်ဘူးပါ။

တည်မြဲခန့်သော တစ်ခါတစ်ရံ စာရွက်လွတ်တွေမှာ ရောင်စုံခဲတံတွေနှင့် လျှောက်ဆွဲလိုဆွဲ၊ မြေကြီးမှာ တုတ်တစ်ချောင်းနှင့် လူပုံတွေ တိရစ္ဆာန်ပုံတွေ လျှောက်ခြစ်လိုခြစ်။

''ဟင်''

သေချာကြည့်မှ အနေအထားတစ်ခုကို ကွက်ကွက်ကွင်းကွင်း သိလိုက်သလိုပင်။

ကောင်မလေးနှင့်ကောင်လေးက ဒန်းလေးတစ်ခုပေါ်မှာ မုန့်ထုပ်တွေ လက်ထဲမှာ ကိုင်ရင်းရယ်မောပျော်ရွှင်နေပြီး ယောက်ျားလေး

ဗျူး ၁၁၄၅

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ခွဲခြားရန်ခက်ခဲသည့် တစ်ယောက်က စကားပွင့်ပင်အောက် မှာ ညှိုးညှိုးငယ်ငယ်ထိုင်ကာ ပန်းလေးတွေကောက်နေသည့်ပုံ ဖြစ်သည်။

ဒါဟာ သူမရယ် ကိုကိုရယ်၊ တည်မြဲခန့်ရယ်ကို ရည်ညွှန်းတာ မဟုတ်ဘူးလား။

"ကိုကိုရယ် ခန့်လေး သနားပါတယ်၊ ညီမလေးတို့နဲ့အတူတူ ကစားအောင် ခေါ်လိုက်ပါနော်၊ ဟိုနားမှာ သူ့တစ်ယောက်တည်း သနား ပါတယ်"

"အာ ဒီကောင်က အရှုပ်ထုပ် ညီမလေးရဲ့ ကစားရင်လည်း အရမ်းညစ်ပတ်တာ၊ ကိုကို မကြိုက်ဘူး၊ ပြီးတော့ ဘွားဘွားနဲ့မေမေတို့ကို လည်း ဂုံးချောပြီး တိုင်တတ်တယ်၊ သူ့ကို ညီမလေးနဲ့ကိုကိုက အနိုင်ကျင့် တယ်လုပ်တယ်ဆိုပြီးတော့ပေါ့"

ထိုသို့ ကိုကို ပြောထား၍ တော်ရုံတန်ရုံဆို တည်မြဲခန့်နှင့် သိပ်အပေါင်းအသင်း မလုပ်ဖြစ်ပါ။

ကိုကိုက သူမအတွက် အနီးကပ်အဖော်ဖြစ်ခဲ့ပြီး တည်မြဲခန့် က ဝေးသထက် ဝေးလို့။

"ဒီပုံက ကိုကိုဆွဲတာ မဟုတ်ဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဆို ညီမလေးကလည်း မယုံဘူးလား"

"မယုံဘူးဆိုတာထက် ကိုကို ပုံဆွဲတာ ညီမလေးမှ တစ်ခါမှ မမြင်ဖူးတာ၊ ပြီးတော့ ဒီပုံက နာကြည်းမှုတစ်ခုခု ခံစားမှုနဲ့ ဆွဲထားတာ သိသာတယ်၊ ဒါ တည်မြဲခန့် ဆွဲထားတာ မဟုတ်လား၊ ညီမလေးကိုလည်း





သူ ပန်းချီပုံပေးမယ်လို့ ပြောတယ်"

"ဟင် ဟို အဲဒါ"

သူမ အတိအကျ မေးတော့ ကိုကို ဘာဖြေရမှန်းမသိတော့သလို ခေါင်းကို စုံကုတ်သည်။ ကိုကို မျက်နှာညှိုတော့လည်း စုပုံချစ် မနေတတ် ပါ။

"ဟို ဘယ်သူ့ဟာပဲဖြစ်ဖြစ်၊ ဒီပုံလေးကို ညီမလေး ကြိုက်ပါ တယ်၊ ညီမလေး ယူသွားပါမယ် ကိုကို၊ ဒါနဲ့ကိုကို့ကို ဘွားဘွားက ညီ မလေးတို့နဲ့ လိုက်ခွင့်မပြုဘူးလားဟင်"

"ဟုတ်တယ် မလိုက်ရဘူးတဲ့၊ ဘွားဘွားကို လုံးဝ မကျေနပ် ဘူးကွာ၊ ညက အရမ်းခံစားပြီး တစ်ညလုံး အိပ်လို့မရဘူး၊ ကိုကို့ကို စိတ်ညစ်အောင်လုပ်သလို ဘွားဘွားကို ပြန်လုပ်မယ်"

"ဟင် ကိုကိုက ဘာလုပ်မှာလဲ"

"ဘွားဘွား မကြိုက်တာတွေ အကုန်လုပ်မှာပေါ့၊ ဖေဖေ မေမေ တို့ရော အားလုံး စိတ်ဆင်းရဲအောင် အရွဲ့တိုက်ပြီးကို လုပ်မှာ"

"အဲဒါတော့ မကောင်းဘူးထင်ပါတယ် ကိုကိုရယ်၊ ဘွားဘွားက ကိုကို့ကို အရမ်းချစ်တာ၊ ကိုကို့ ဖေဖေနဲ့မေမေကလည်း ဘွားဘွားကို မလွန်ဆန်နိုင်လို့ ကိုကို့ကို မထည့်ရဲတာဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ်ကွာ အရင်ကတော့ ကိုကို့ဆန္ဒကို အကုန်ဖြည့် ဆည်းလိုက်လျောနေပြီး ညီမလေးတို့နဲ့ လိုက်ဖို့ခွင့်မပြုတာ ကိုကို အရမ်း တင်းတယ်၊ ကိုကိုက အရာအားလုံးထက် ညီမလေးကို ပိုချစ်တာ၊ ညီ



www.burmeseclassic.com

www.burmeseclassic.com



မလေးလည်း ကိုကို့လိုပဲ မဟုတ်လားဟင်''

''အင်း ကိုကို့လိုပဲ ချစ်ပါတယ်''

''ဒါဆို ကိုကိုတို့ကြီးရင် လက်ထပ်မယ်လို့ ပြောတာ၊ ညီမလေး လက်ခံတယ် မဟုတ်လား''

''ဟင်''

ဒါကိုတော့ စုပုံချစ် နားမလည်ပါ။ ဆယ်နှစ်သမီးအရွယ်မှာ လက်ထပ်တာတွေ ဟိုလိုဒီလို ချစ်တာတွေ ဘယ်လိုလုပ် သိပါ့မလဲ။

သူမ သိတာက သူမအပေါ် အနွံတာခံနိုင်သော ကိုကို့ကို သူများတွေထက်ပိုပြီး သူမ ခင်သည်။ ချစ်သည်။ သံယောဇဉ်ကြီးသည်။

ကိုကိုက ဒါမလုပ်နဲ့ဆို မလုပ်၊ ဘယ်သူနဲ့မပေါင်းသင်းနဲ့ဆို မပေါင်း။

ငယ်ငယ်လေးကတည်းက ကိုကို့ရဲ့ချိုပိုးချော့မြူမှုတွေကို သာယာတတ်ခဲ့တာ။ ဒီလောက်ပဲ ဒီလောက်ပဲဟု ထင်ခဲ့သည်။

ဒါပေမဲ့ ကိုကို မျက်နှာမကောင်းဘူးဆိုလျှင်တော့ ဘာလုပ်ရ ဘာပြောရမှန်းမသိ မနေတတ်၊ မထိုင်တတ်၊ စိတ်ပင်ပန်းခဲ့ရတာပါ။

အခု ခေါင်းညိတ်ရမှာလား၊ ခေါင်းခါရမှာလား။

စိတ်ပင်ပန်းနေချိန်မှာ ကိုကို ဘယ်လောက်ထိ ခံစားသွားရနိုင်သလဲ။

''ကိုကို မျက်နှာကြီးက သုန်မှုန်နေတာပဲ ကိုကို့ရယ်၊ ဘွားဘွားက သူနဲ့ခွဲပြီးထည့်မလွှတ်ချင်တာ ဘွားဘွား မများပါဘူး၊ အရွယ်ရောက်



လို့ ညီမလေး ပြန်လာရင် ကိုကိုနဲ့လက်ထပ်ရမှာပဲဥစ္စာ၊ ကိုကို စိတ်မဆိုးနဲ့တော့နော်''

''ဒါဆို ညီမလေးက လက်ခံတယ်ပေါ့''

''အင်း''

သူမ သာသာလေး ခေါင်းညိတ်ပြတော့ တည့်ကြည့်ခန့် မျက်နှာပြုံးရွှင်သွားကာ သူမ လက်ကလေးကို ဆုပ်ကိုင်ပြီး

''ဟိုရောက်ရင် ကိုကို့ကို မေ့မသွားရဘူးနော်၊ အမြဲ သတိရနေရမယ်''

''အင်းပါ ကိုကိုလည်း လိမ်လိမ်မာမာ နေနော်၊ ညီမလေး မရှိတော့ဘူးဆို ခန့်ကို အဖော်လုပ်ပေါ့၊ ခန့်က အရမ်းသနားစရာ ကောင်းပါတယ်၊ ကိုကို့ကြောင့် မိန်းမလျှာလုံးလုံး ဖြစ်နေပြီ၊ ကျောင်းမှာဆို အရမ်းစနောက်တာ ခံရတာပဲ''

''ဟင်း ဟင်း ဒါက သူ့ဘဝအကျိုးပေးပေါ့၊ ကိုကို လုပ်နိုင်းတိုင်း ဖြစ်တာမှ မဟုတ်တာ၊ ကဲပါ ဒါတွေထားပါတော့ ညီမလေးရယ်၊ ကိုကို့ဆီကို မှန်းအမြဲဆက်၊ အီးမေးလ်လည်းပို့၊ ပြီးရင် လိုအပ်တာလည်း လှမ်းမှာနော် ညီမလေး၊ အခုရော ညီမလေး ဘာလိုချင်လဲ''

''ဟင့်အင်း ကိုကို့ဆီက အမှတ်တရတွေ အများကြီးရပြီးပြီပဲ၊ ဘာမှမလိုချင်တော့ပါဘူး၊ ဒီပန်းချီပုံလေးရတာနဲ့တင် ညီမလေး ကျေနပ်ပါပြီ၊ ဒီထဲမှာ ညီမလေးရယ်၊ ကိုကို့ရယ်၊ ခန့်ရယ် သုံးယောက်လုံး ပါတယ်''

www.burmeseclassic.com



"အာ ခန့်ကိုထည့်မတွက်စမ်းပါနဲ့ ကိုကိုနဲ့နှစ်ယောက်တည်းလို့တွေး၊ ဒါမှမဟုတ် ခန့်ပါတဲ့နေရာကို ကတ်ကြေးနဲ့ညှပ်ပစ်လိုက်မယ်"

"ဟယ် မလုပ်ပါနဲ့ ကိုကိုရယ်"

ကိုကိုက သူမလက်ထဲက ပန်းချီပုံလေးကို ဆွဲယူသည်မို့ သူမ ဆတ်ခနဲ ပြန်ဆွဲလုလိုက်ရသည်။

ကိုကိုက ဉာဉ်ဆိုးလေးနှင့် အကျင့်ပုပ်လွန်း၏။ ဘယ်တော့မဆို ခန့်ကို လူရာမသွင်း။ ညီအစ်ကိုအရင်းရယ်လို့ ညှာတာမှုလည်းမရှိ။ ခန့် မိန်းမစိတ်ပေါက်နေရတာလည်း ကိုကို့ကြောင့်။

ဒီလို တစ်ကိုယ်ကောင်းဆန် အနိုင်ကျင့်တတ်တာမျိုးကို သူမ မကြိုက်ပါ။ ဒါပေမဲ့ လမ်းခွဲခြင်းရဲ့ အစမှာ မျက်ရည်တွေနှင့် လက်ပြနှုတ်ဆက်ခြင်းမှာ ထာဝရအတွက် မဟုတ်တာမို့ စိတ်ဖြေသာအောင် ကြိုးစားရင်း . . ။



## အခန်း (၆)

"ဒါဘာလုပ်တာလဲ မြေး၊ ဒါ လာလုပ်တာလဲ"

"ဆေးလိပ်သောက်နေတာကို မြင်ရဲ့သားနဲ့ ဘွားရယ်၊ အပိုလုပ်ပြီး မေးနေတယ်"

တည်ကြည်ခန့်ရဲ့ ပမာမခန့် အဖြေကြောင့်ဒေါ်စိန်ရွှေ ရင်ဘတ်စည်တီး ဆတ်ဆတ်ခါသွားသည်။

"ဟဲ့ ဒါ ဆေးလိပ်သောက်ရမယ့် အရွယ်လား၊ မင်းကိုယ်မင်း ဘာထင်နေလဲ၊ အခုတလော ငါ မကြိုက်တာတွေချည်း ရွေးလုပ်နေပါလား"

"ဘွား သိရင်ပြီးတာပဲ"

"ဘာ"

"နောက်ဆို ဒီထက်ပိုလုပ်ဦးမှာ"

အရွဲ့တိုက်ကာ ဖြေပြီး တည်ကြည်ခန့် ဆေးလိပ်ကို နှစ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သုံးမှာ ရှိုက်မှုတ်ပစ်လိုက်သည်။ ဘွားရှေ့ကိုတောင် မီးခိုးငွေ့တွေ မှုတ်ထုတ်ပစ်ကာ ဘာကိုမှ ဂရုမစိုက်သလိုနေလိုက်၏။ ဒါက အခုပဲ ရှိသေးတာ။

''စုပုံချစ်တို့နဲ့ လိုက်မသွားရလို့ ဘွားကို အရွဲ့တိုက်နေတာ မဟုတ်လား မြေး''

ဒေါ်စိန်ရွှေ အသံတုန်ယင်စွာ မေးတော့ ပန်းတွန့်ကာ တည်ကြည်ခန့် ဆိတ်ဆိတ်နေလိုက်သည်။

ဟုတ်ပါတယ်လို့ ဝန်ခံလိုက်သည့် သဘော။

ဒေါ်စိန်ရွှေကလည်း ဒါကို သဘောပေါက်ကာ

''ဘွားကို ဒီလိုလုပ်နေတော့ မင်းဘာအကျိုးအမြတ်ရသလဲ မြေး၊ မင်းပဲမကောင်းတဲ့အတတ်တွေ တတ်ပြီး ဆုတ်ယုတ်မှာ မဟုတ်ဘူးလား''

''ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပျော်အောင်နေနေတာ ဘွား။ ဘာဖြစ်မှာ ညာဖြစ်မှာ စိုးရိမ်ပြီး ဂရုစိုက်၊ မနေနိုင်ဘူး။ ကျွန်တော် နေချင်သလို နေမှာပဲ''

''သား ဘွားကို အဲလို မပြောရဘူးလေ''

ညှော်ခန်းထဲ ကသုတ်ကရက် ဝင်လာကာ ဒေါ်နွဲ့ခေါင် အထိတ်တလန့်ပင် ဟန့်တားမိသည်။

စုပုံချစ် မရှိကတည်းက သားကြီးပုံစံက တော်တော်ကျိုးပါ။ ဘာကြောင့် အရွဲ့တိုက်နေတယ်ဆိုတာ သိသိကြီးနှင့် မပြောသာလို့ မပြောရတာ မဟုတ်ပါလား။

ဗျူး၈၃၃၉၄



ခုလည်း ဒေါ်စိန်ရွှေက မိမိဟန့်တားတာကို ကြိုက်ပုံမရပါ။

ဆိုဖာခုံပေါ် ဝင်ထိုင်ကာ ဟန့်တားလိုက်သည့် မိမိကို မျက်ခုံးပင့်၍ကြည့်ပြီး

''ငါ့မြေးနဲ့စကားပြောနေတာ ညည်း ဘာလို့ဝင်လာတာလဲ နွဲ့ခေါင်''

''မေမေ့မြေးက မေမေ့ကို ပြန်ပြောနေတာ နားမခံသာလွန်းလို့ပါ မေမေရယ်၊ ဒီအရွယ်လေးနဲ့ ဒီလိုတွေလုပ်နေတာ ကောင်းသလား''

''ငါ့မြေးကို ငါ ဆုံးမပါမယ်၊ ညည်းသာ ညည်းယောကျ်ားကို နိုင်အောင်ထိန်း၊ ပွဲရုံလာလိုက်ရင် ဖင်ပူအောင် မထိုင်ဘူး၊ လစ်ခနဲဆို ပျောက်သွားပြီ၊ ငါ့ငွေတွေ ယူပြီး လောင်းကစားသွားလုပ်နေတာ ငါ မသိဘူးများ ထင်နေလား''

''သူလည်း မေမေ့သားပဲ မေမေ ဆုံးမမှပေါ့၊ နွဲ့က အိမ်ထဲက အိမ်ပြင်ထွက်တဲ့သူ မဟုတ်ဘူး မေမေ၊ သူဘာလုပ်နေတယ်ဆိုတာ နွဲ့ မသိဘူး''

''အေး မသိလို့ပဲဖြစ်ဖြစ်၊ မသိချင်ယောင်ဆောင်နေတာပဲဖြစ်ဖြစ်၊ နင်တို့တွေ ငါသေမှ သိမယ်၊ မိန်းမက ဘာမှနားမလည်ဘူး၊ လင်ကလည်း ဘာစီးပွားရေးမှ အလေးအနက် လေ့လာရမှန်းမသိဘူး၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား တစ်နေ့ခွေးဖြစ်မယ့်ဟာတွေ''

မြေးကိုပြောမရတော့ ဒေါ်စိန်ရွှေ ချွေးမဘက် လှည့်ဟောက်သည်။ မှန်ရာကိုတောင်ပြောခွင့်မရှိသည့် ဘဝဆိုပေမယ့် ဒီတစ်ခါတော့

ဗျူး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံလုပ် ပြောကြည့်ဖို့ ဒေါ်နွဲ့ကေခိုင် ဆုံးဖြတ်လိုက်သည်။

ဒါတွေက မိမိ ဖန်တီးခဲ့တာတွေ မဟုတ်ပါ။

"မေမေ့သားနဲ့ မေမေ့မြေးက မေမေ့အုပ်ချုပ်မှုအောက်မှာ မေမေ ခွင့်ပြုတဲ့အတိုင်း နေကြတာပါ၊ ဆိုးတာကောင်းတာ နွဲ့တာဝန် မဟုတ်ပါဘူး မေမေ"

"ဘာအေ့"

"နွဲ့ပြောတာ မှားလို့လား။ နွဲ့က အဖြည့်ခံသက်သက်ပါ မေမေ၊ ကိုယ်လင်သားနဲ့ ကိုယ့်သားကို ဒီလိုနေပါ ဒီလိုထိုင်ပါလို့ နွဲ့ ပြောခွင့် မသာပါဘူး၊ သားသမီးကိုတောင် မဆုံးမရဲတဲ့ အမေပါ"

"ညည်းက ဘာတွေကိုနာကြည်းနေတာလဲ နွဲ့ကေခိုင်၊ ငါက ရော ဘာတွေမှားနေလို့လဲ၊ ညည်းတို့ လိုအပ်သလို ဖြည့်ဆည်းပေးဆပ်နေ တဲ့ ငါက ဘာတွေမှားနေလို့လဲ၊ သားရော ချွေးမရော မြေးရော တော့်တ မှုကင်းအောင်၊ ပြည့်စုံအောင် ငါ ပံ့ပိုးနေခဲ့တာပါ"

"အဲဒီအတွက် နွဲ့အမြဲတမ်း ကျေးဇူးတင်နေတာပါ၊ သားတွေ အတွက်ပဲ နွဲ့စိတ်မကောင်းတာ"

"ဘာတွေ ချို့တဲ့နေလို့ ဘာတွေစိတ်မကောင်း ဖြစ်နေတာလဲ ပြောဆို ဆုံးမတယ်ဆိုတာ အချိန်အခါကြည့်ရသေးတယ်၊ အခု သူက စုပုံချစ်လေးကို လွမ်းနေတာလေ၊ စိတ်ပြေလို့ရအောင်ဆိုပြီး သူ လုပ်ချင် တာတွေ လုပ်ကြည့်နေတာ၊ ငါက ဖွတ်အတင်းအကျပ် အမိန့်ပေး တားဆီးလို့ ရမလား၊ မအေဖြစ်ပြီး နားလည်မှု မရှိလိုက်တာအေ"





အပြစ်က မိမိဘက်လှည့်လာပြီ၊ သားကြီးဘက်က ကာကွယ် ပေးနေသည်။

ဘာများ စောဒကတက်ရဦးမှာလဲ။

သားကြီးကတော့ မိမိရှေ့မှာတောင် ဆေးလိပ်သောက်မပျက်ပါ။ ကိုယ်ကသာ မမြင်အောင် ကြိုးစားရုံပဲပေါ့။

"မေမေ ဆေးသောက်ချိန်ရောက်နေပြီ နွဲ့ ဆေးသွားယူလိုက်ဦး မယ်"

"နေပါစေ ငါ့အတွက် တကူးတက လုပ်မနေပါနဲ့၊ အိမ်ဖော်တွေ ရှိနေတာ ခိုင်းလို့ရပါတယ်၊ ညည်းသာ ညည်းယောကျ်ား ညဉ့်နက်တဲ့အထိ ပြန်မရောက်သေးတာ ဘယ်ရောက်နေလဲ စုံစမ်းကြည့်ဦး"

"လောင်းကစားဝိုင်းရယ်၊ စားသောက်ဆိုင်ရယ်၊ ကာရာအိုကေ ရယ် တစ်ခုခုပေါ့ မေမေ၊ အိမ်မှန်းရာမှန်းသိရင် သူ ပြန်လာချင်တဲ့အချိန် ပြန်လာပါလိမ့်မယ်"

"အေး လွှတ်ထား၊ လွှတ်ထား၊ မိန်းမတွေ အထိန်းသိမ်းမတတ် ရင် ယောကျ်ားတွေပိုပြီး ပျက်စီးတတ်တယ် လေလွင့်တတ်တယ် သိလား"

ဘယ်မှာထိန်းသိမ်းချိန်ရှိလို့လဲဟု မမေးချင်တော့ပါ။ သားငယ် လေးကို လှေကားထစ်မှာ မြင်လိုက်ရသည်မို့ စကားဝိုင်းက ဖြည်းလေးစွာ ထထွက်လာခဲ့သည်။

"မအိပ်သေးဘူးလား၊ ဘယ်သွားမလို့လဲ သားငယ်"

ကပိုကရို ညအိပ်ဝတ်စုံလေးနှင့် တည်မြဲခန့်က မအေလက်ကို



www.burmeseclassic.com

www.burmeseclassic.com



နွဲ့နွဲ့နှောင်းနှောင်းဆွဲပြီး

"ခနဲ့လေး ပန်းချီဆွဲရင်းနဲ့ ဗိုက်ဆာလို့ ဆင်းလာတာ မေမေ"

"ဟင် သားငယ်က ဘာပုံတွေဆွဲနေတာလဲ"

"ချစ်ချစ် အဲ ပျို့ခေတ် နိုင်ငံခြားသွားတုန်းက ခနဲ့လေး လေယာဉ်ကွင်း လိုက်မပို့ရလို့ ပျို့ခေတ်ကို ခနဲ့လေး တာ့တာပြနေတဲ့ပုံ ဆွဲထားတာလေ၊ မေမေ ကြည့်ဦးမလား"

"မကြည့်တော့ပါဘူး သားငယ်ရယ်၊ သားငယ် ဗိုက်ဆာတယ်ဆို မေမေ ဘာလုပ်ပေးရမလဲ"

"နေပါစေ၊ ဒေါ်ချိုကြီးကို ခေါက်ဆွဲပဲ ပြုတ်ခိုင်းလိုက်တော့မယ်"

"လာပါ သားရယ်၊ ဒေါ်ချိုကြီးတို့လည်း အိပ်ချင်ရောပေါ့၊ မေမေ လုပ်ပေးပါ့မယ်"

သားငယ်လက်ကို ဆွဲ၍ မီးဖိုခန်းဘက် ခေါ်လာခဲ့သည်။ မိခင်တစ်ယောက်အနေဖြင့် သားတွေအပေါ် အမြဲလိုလို နွေးထွေးမှုတွေ ပေးချင်ပါသည်။

ဒါပေမဲ့ သားငယ်ကသာ မိမိရဲ့အနားမှာ ပွတ်သီးပွတ်သပ် ချွဲချွဲနွဲ့နွဲ့ နေပေမယ့် သားကြီးက ဘွားအေမှ ဘွားအေ။

ကျန်တဲ့လူတွေအပေါ် မခင်တွယ်တတ်တာလား၊ သွေးသားရင်းချာလို့ မသတ်မှတ်တာလား မသိ။

အနေဝေးကာ သွေးစိမ်းလွန်းသည်။ အဆိုးဆုံးက သားငယ်





လေးအပေါ် အနိုင်ကျင့်လွန်းတာပါပဲ။

အခုဆို သားငယ်လေးက မိန်းမစိတ်ငုံ့လုံး ဝင်နေပြီး နေတာထိုင်တာကိုက ကနွဲ့ကလျနှင့်။

အရွယ်လေးနည်းနည်းရောက်လာလေ၊ အလှအပ မက်ကာ ပိုဆိုးလာလေ။

ဒါကို ဖအေကရော ဘွားအေကရော ဘာမှမပြော။

မိမိလို မိခိုသူတစ်ယောက်အနေနှင့်ရော ဘာပြောနိုင်မှာလဲ။ လင်ယောကျ်ားရဲ့ ဦးဆောင်မှုမရှိ၍ ယောက္ခမ ချက်နာကြည့်နေရသောဘဝက သားသမီးကိုတောင် စိတ်လွတ်ကိုယ်လွတ် မဆုံးမရဲပါ။

ကိုယ်တိုင်ကလည်း ရိုးအေးထုံအလွန်းကာ ပြင်ပဗဟုသုတလည်း နည်းပါးသူမို့ ဘယ်သူ့ကိုမှ အတိုက်အခံလုပ်ပြီး စိတ်အပင်ပန်း မခံချင်။

အခုလို သားတွေတောင်းဆိုတဲ့ အချိန်မှာ ဖြည့်ဆည်းပေးရတာလေးကိုသာ ကျေနပ်နေလျက်. . .။

"သားငယ်လေး ခဏပဲစောင့်နော်၊ အိမ်မှာ ကြက်သားပေါင်းလည်း ရှိတယ်၊ ကြက်ဥလည်း ဖောက်ထည့်ပေးမယ်"

"ဟုတ်ကဲ့ မေမေ"

သားငယ်က စားပွဲပေါ် မေးလေးထောက်၍ မအေလုပ်ကိုင်ပေးတာကို စိတ်ဝင်တစား ထိုင်ကြည့်နေသည်၊ အားလုံးပြီးတော့ ပြင်သစ်ကြွေပန်းကန်လေးနှင့်ထည့်ကာ တူရော ဇွန်းခက်ရင်းရော လှလှပပ



www.burmeseclassic.com

www.burmeseclassic.com



သေချာပြင်ဆင်ပေးလိုက်သည်။

သားငယ်က အလုအယ ကြိုက်သည်မဟုတ်လား။

အနံ့လေးက မွှေးကာ စားချင်စဖွယ်လေးမို့ သားငယ် အားရပါးရ စားတာ ထိုင်ကြည့်ရမည်။

"မေမေတို့က အဲလိုကြေးလား၊ သူ့သားငယ်အတွက်ပဲ လုပ်ပေးနေတယ်၊ အဲဒါကြောင့် မေမေတို့ကို မချစ်တာ၊ ပေးစမ်း ဟိတ်ကောင် အဲဒါ ငါစားမယ်"

ပြောပြောဆိုဆို ဝင်လာကာ တည်မြဲခန့် စားဖို့လုပ်နေသော ခေါက်ဆွဲပြုတ်ပန်းကန်ကိုဆွဲ၍ တည်ကြည်ခန့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"သားကြီး စားချင်ရင် မေမေ ထပ်လုပ်ပေးမယ်လေ သားရဲ့ သား ညီလေးက ဗိုက်ဆာလို့တဲ့၊ သူ့အရင်စားပါစေ"

"ကျွန်တော်လည်း ဗိုက်ဆာလို့ ဝင်လာတာပဲ၊ မေမေတို့ အဲလို ခွဲခြား ခွဲခြား မလုပ်သင့်ဘူး၊ တကယ်ဆို ကျွန်တော့်ကိုပါ ဗိုက်ဆာလား လို့ လာမမေးသင့်ဘူးလား"

"သား ဘွားဘွားနဲ့ စကားပြောနေလို့ မေမေ လာမမေးတာပါ သားရယ်၊ ခုနကတောင် သားတို့ စကားပြောနေတဲ့အချိန် မေမေ ဝင်လာလို့ဆိုပြီး မေမေ့ကို ဆူလိုက်သေးတာ မဟုတ်လား"

"အဲဒီ အဘွားကြီးကို ဂရုစိုက်မနေစမ်းပါနဲ့ဗျာ"

"အို သားကြီး ကိုယ့်အဘွားကို အဲလို မပြောရဘူးလေ၊ ငရဲကြီးတော့မှာပဲ သားရယ်၊ ဘွားက သားကို သိပ်ချစ်တာပါ"

"ဘာကိုချစ်တာလဲ၊ ချစ်တယ်ဆိုရင် ကျွန်တော်ဖြစ်ချင်တာ လိုက်လျောရမှာပေါ့၊ အခုတော့ အလကားပဲ"

"အေး အေးပါကွယ်၊ မေမေ ဘာမှမပြောတော့ပါဘူး၊ သားငယ်လေး ကိုကို စားမယ်ဆို ကျွေးလိုက်တော့နော်၊ မေမေ နောက်ထပ်ပြန်လုပ်ပေးမယ်"

သားကြီးနှင့် အတိုက်အခံ မဖြစ်ချင်တော့ သားငယ်ဘက်လှည့် လေပြည်ထိုးချော့မြူရသည်။ သားငယ်လေးက ခေါင်းညိတ်ပြီး မှန်းတုံ့မပြန်ပေမယ့် စိတ်မကောင်းဖြစ်သွားဟန်တူ၏။ သူ့အစ်ကို စားနေတာကို ခဏကြည့်ပြီး ဆတ်ခနဲ ထထွက်သွားသည်။

ဒီသားငယ်လေး ရင်ထဲလည်း ခံစားမှုတစ်ခုခု ရှိနေလိမ့်မည်မပါ။ ခေါက်ဆွဲထပ်ပြုတ်ဖို့ ပြင်နေရာမှ ပင့်သက်မောတို့ဖြင့် ခြေကုန်လက်ပန်းကျကာ ပိုင်ဆိုင်ထားသည့် ဘဝလေးကို စိတ်ကုန်စပြုလာသည်။

မိသားစုဆိုတာ ဘာတွေများ အဓိပ္ပါယ်ရှိလို့လဲ။

ဇက္ကန့်၊ မိနစ်၊ နာရီတွေ တရွေ့ရွေ့ ကုန်ဆုံးလို့ ရက်၊ လ၊ နှစ်တွေသာ အလီလီ ပြောင်းလဲလာပေမယ့် လူတွေရဲ့စိတ်က နူးညံ့ခြင်းသို့ ပြောင်းလဲမလာ။

ဒါပေမဲ့ ဒွေးဆုံးသူ ရှင်သန်သူနှင့် အခြေအနေအကြောင်းကြောင်းက မထင်မှတ်တာတွေ၊ အမှတ်မထင် ဖြစ်လာခဲ့ပြီးနောက် အရာရာက အရင်အတိုင်း မဟုတ်တော့ဘဲ။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟိတ် ခန့် နေဦးလေ၊ နင်ကလည်း ပြန်ရတော့မယ်ဆို ရှေ့နောက်မကြည့်ဘူး ဖွတ်ပဲ ဟွန်း"

အချိန်က ညကိုးနာရီခွဲကျော်နေပြီမို့ ခြေလှမ်းသွက်သွက်လှမ်းနေသော တည်မြဲခန့်လက်ကို အထွန်းမက နောက်က ပြေးဆွဲသည်။

"ဘယ်လိုဖြစ်နေတာလဲဟယ်၊ နောက်က ကျားလိုက်တာ ကျနေတာပဲ"

"မေမေ စိတ်ပူမှာစိုးလို့ပေါ့ဟဲ့၊ အရင်နေ့တွေက ညကိုးနာရီခွဲရင် အိမ်ပြန်ရောက်နေပြီ၊ ဒီနေ့ဆိုင်မှာ ညည့်များတာနဲ့ နောက်ကျနေတာ"

"နင်ကလည်းဟယ် စိတ်ပူမှာစိုးလည်း ဖုန်းကြိုဆက်လိုက်ပြီးရော"

"ဒေဝါလီခံလိုက်ရတဲ့အိမ်မှာ ဘယ်လိုလုပ် ဖုန်းရှိမှာလဲ အထွန်းရဲ့၊ ဘွားဘွား ဆုံးပြီးကတည်းက ဖေဖေတို့ စီးပွားရေးအကြောင်း နားမလည်လို့ ဒီလိုဘဝ ရောက်သွားတာလေ၊ အကြွေးရှင်တွေလိုက်တာနဲ့ အိမ်ပေါ်က ဘာမှမယူနိုင်ဘဲ ခုန်ဆင်းပြေးလာခဲ့ရတာ"

"အခုထိလည်း နင့်အဖေနဲ့အစ်ကိုက ဘာအလုပ်မှ မလုပ်ကြသေးဘူးလား"

"ဖေဖေက အရင်းအနှီးလည်း မရှိဘူး၊ ဘာလုပ်ရမှန်းလည်း မသိဘူးဆိုပြီး မလုပ်ဘူး၊ အစ်ကိုက ဒီလိုဘဝရောက်သွားတာ ရှက်လို့ မဆုံးသေးဘူး၊ အရင်အချိန်က အခြေအနေမျိုးလိုပဲ နေချင်တယ် စားချင်တယ်၊ အခုလက်ရှိ အခြေအနေကို လက်မခံနိုင်သေးဘူးပေါ့၊ တက္ကသိုလ်ကိုတောင် အဝေးသင် မတက်နိုင်ဘူးဆိုပြီး ဒေါတက်တာ၊ ငွေကလည်း သုံးဖြုန်းသလား မမေးနဲ့၊ ရှာလို့ကို မလောက်ဘူး၊ ငါ ကျောင်းထွက်ပြီး အလှပြင်ဆိုင်မှာ ဝင်လုပ်နေရတာ ကြည့်ပါလား"

တည်မြဲခန့်က မျက်နှာလေးကို တို့ပပ်နှင့်ရိုက် ရင်ကလေးကို ကော့၍ ပြော၏။ ဝင်းဝါနေသော အသားအရေနှင့် မှုန်ဖွေးနေသည့် မျက်နှာလေးက မိန်းမလှလေးတစ်ယောက်လိုပါ။

ဖြူဖြူသွယ်သွယ်လေးမို့ နှုတ်ခမ်းနီလေးသာ ဆိုးထားလိုက်လျှင် ပုရိသတွေ ငေးငိုင်သွားအောင် ဆွဲဆောင်မှုရှိသည်။

ဒါကြောင့်လည်း အလှပြင်ဆိုင်ပိုင်ရှင်မမထားက တည်မြဲခန့်ကို လက်မလွှတ်နိုင်အောင် ဖြစ်နေသည်။ ထိုအလှပြင်ဆိုင်ကို ခန့်ရောက်လာတာကတော့ လွန်ခဲ့သည့် သုံးလေးနှစ်လောက်ကပါ။

"အထွန်း ငါ ဆယ်တန်းမဖြေရတော့ဘူးဟယ်"

"ဟဲ့ ဘာဖြစ်လို့လဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားဆုံးပြီးကတည်းက ငါတို့အိမ် စီးပွားရေးတွေ ကျသွားတာ နင်သိတယ် မဟုတ်လား၊ ဖေဖေကလည်း စီးပွားရေးကို မလုပ်တတ်ရတဲ့အထဲ လောင်းကစားကလည်း မလျှော့ဘူးလေ၊ အနုအကြွေးတွေပိုင်းပြီး အကြွေးရှင်တွေကို အိမ်ကြီးနဲ့ အတွင်းပစ္စည်းတွေပါ ထိုးအပ်လိုက်ရတယ်"

"ဟယ် အဲလိုဆို နင်တို့ ဘယ်မှာနေကြလဲ"

"ဆင်းရဲသားရပ်ကွက်လေးမှာ အိမ်ငှားနေရတာပေါ့ဟယ်၊ အလုပ်အကိုင်လုပ်ဖို့လည်း အရင်းအနှီးမရှိ၊ စားဖို့သောက်ဖို့လည်း မရှိနဲ့ တော်တော် အခြေအနေဆိုးနေတယ်၊ မေမေကတော့ သူ့ပိုင်ပစ္စည်းလေးကို ရောင်းပြီးကျောင်းဆက်ထားပေးမယ် ပြောပါတယ်"

"အဲဒါဆိုလည်း နေပေါ့ဟယ်၊ စည်းစိမ်ဥစ္စာ မရှိလည်း ပညာတတ်မှဖြစ်မှာပေါ့"

"ကိုကိုက ဆယ်တန်းနှစ်ခါကျပြီးမှ ဒီနှစ်အောင်လာတော့ တက္ကသိုလ်တက်ချင်တယ်တဲ့လေ၊ ဖေဖေကလည်း ဒီပစ္စည်းရှိတာ ဖွက်ထားရမလားဆိုပြီး ကြိမ်းမောင်းရင်းနဲ့ မေမေ့ပစ္စည်းလေးကို လုယူသွားတယ်၊ အဲဒီတော့ ကိုကို တက္ကသိုလ်တက်ဖို့ ငါ အလုပ်လုပ်မှဖြစ်တော့မယ်"

"စိတ်ညစ်လိုက်တာဟယ်၊ ဒါဆိုလည်း ငါ အခုလုပ်နေတဲ့ အလှပြင်ဆိုင်မှာ အလုပ်သင်ကနေစပြီး ဝင်လုပ်ကြည့်လေ၊ မမထားကို ငါ ပြောပေးမယ်၊ ငါတို့လိုလူမျိုးတွေအတွက် အလုပ်ပဲ အဆင်ပြေတယ်"





"အေး အေးပါ ငါ့ကို အလုပ်ရအောင် ပြောပေးပါနော်၊ ကျေးဇူးတင်ပါတယ် အထွန်းရယ်"

ဒီလိုနှင့် အလှပြင်ဆိုင်ကို ခန့် ရောက်လာခဲ့ပြီး အလုပ်ကို ကြိုးကြိုးစားစား သင်ယူ၍ အလှပြင်ဆရာတစ်ယောက်အနေနှင့်တောင် ရာထူးတက်နေပါပြီ။

"ဟဲ့ ဟိုမှာ လိုင်းကားလာနေပြီ၊ ငါ့လက်ကို ဆွဲပြီး ဘာတွေ တွေးနေတာလဲ ခန့်ရဲ့ လာလေ သွားမယ်"

"နေပါဦးဟယ်၊ နင် အရင်လိုနေရင် လိုင်းကားမစီးနဲ့တော့၊ ငါ တက္ကစီကား ငှားပေးလိုက်မယ်၊ ငါ့အိမ်က နင့်အိမ်လောက် မဝေးတော့ လမ်းမှာ ဆင်းနေလိုက်မယ်"

"ဟယ် တကယ်နော် အထွန်းမ"

"ငါက ညာပါ့မလားဟဲ့ ကောင်မစုတ်ရဲ့၊ လာ တက္ကစီ ငှားမယ်"

နှစ်ယောက်သား ခုန်ပေါက်ကာ တက္ကစီကား တစ်စီး လက်ပြတား၍ ထွက်လာခဲ့ကြသည်။

ကားသမားကြီးက သူတို့နှစ်ယောက်ကိုကြည့်ကာ ပြုံးစိစိ။

"ဦးလေးကြီးနော် မီးတို့က အချဉ်မဟုတ်ဘူး၊ ဝဲစားတဲ့ မျက်လုံးကြီးနဲ့ မကြည့်နဲ့"

"ဟောဗျာ အဲလို သဘောမျိုးနဲ့ မဟုတ်ပါဘူး၊ ညည်းတို့က အရမ်းလှနေလို့"

"အဲလို မြှောက်ပြောလည်း မီးတို့က ဘဝင်မမြင့်တတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



စေတနာရှိရင် မုန့်ဝယ်ကျွေးသွားလို့ရတယ်၊ ဟင်း ဟင်း''

ခန့်တို့ရဲ့ အီစီကလီ အသံကြောင့် ကားသမား ဦးလေးကြီး မျက်နှာလွှဲကာ ပါးစပ်ပိတ်သွား၏။ ဘာအမြတ်မှ မရဘဲ သူ အိတ်စိုက်ရမှာ နမြောရှာမှာပေါ့။

''ဟဲ့ ခန့် နင့်အစ်ကို မိန်းမနိုးပြေးပြီး တစ်လတောင်မရှိသေးဘူး၊ အိမ်ပြန်ရောက်နေတာ ဘယ်လိုသဘောလဲ''

''မိန်းကလေးဘက်က သဘောမတူလို့ပေါ့ဟယ်၊ စီးပွားရေး အဆင်မပြေတာရော၊ ကိုကိုလက်ကြောမတင်းတာရော သိသွားပြီလေ၊ အဲဒါနဲ့ ပြန်အပ်တဲ့နေ့မှာပဲ လက်ထပ်မပေးနိုင်ဘူးဆိုပြီး ခွဲလိုက်တာ''

''ဒါဆိုလည်း အပင်ပန်းခံ ငွေရှာပြီး ကျောင်းထားပေးမနေနဲ့တော့လေ၊ နင့်အတွက် နင့်အစ်ကို ဘာကောင်းကျိုးပေးဖူးလို့လဲ၊ တက္ကသိုလ်တက်တာလည်း တစ်တန်းကို နှစ်နှစ်လောက် အချိန်ဖြုန်းတီးနေတာ''

''ဒါက ငါနဲ့မတူတဲ့ သူ့ဘဝရဲ့ အခွင့်အရေးလေ၊ သူက ခုချိန်ထိ လုပ်ချင်တာတွေ လုပ်ခွင့်ရနေသေးတယ်၊ ငါကတော့ အဖြည့်ခံသက်သက်ပဲ၊ ဒီဘဝမျိုးရောက်နေတာ သူ့ကြောင့်လို့လည်း အပြစ်မတင်ချင်တော့ပါဘူး၊ မိသားစုရဲ့ စားဝတ်နေရေးကို တာဝန်ယူနိုင်တာပဲ ငါ ကျေနပ်ပါတယ်''

''နင့်စိတ်က အရမ်းမွန်မြတ်တာပဲ ခန့်ရယ်၊ တချို့က ငါတို့လို လူမျိုးတွေကို အရမ်းအထင်သေးချင်ကြတယ်၊ ရခဲတဲ့ ယောကျ်ားဘဝ





ကို တန်ဖိုးဖျက်နေကြတာ၊ အချောင်ရလို့ လုပ်စားနေကြတာ၊ AIDS ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်တွေ၊ ဘာညာ စုံနေတာပါပဲဟယ်၊ အခြေ အနေအရ ဒီလိုဖြစ်နေတာကို နားလည်မပေးကြဘူး တကယ်ပဲ''

သူတို့နှစ်ယောက် မျက်စောင်းတဝင့်ဝင့် ပြောနေတာတွေ နားထောင်ပြီး ကားသမား ဦးလေးကြီး ခေါင်းတညိတ်ညိတ် လှည့်ကြည့်လာကာ

''ညည်းတို့ပြောတာ နားထောင်ကြည့်တော့လည်း လေးစားသင့်သားပဲကွ၊ မင်းတို့က ဒီလိုဖြစ်ချင်လို့ ဖြစ်နေကြတာ မဟုတ်ဘူးပေါ့''

''မီးကတော့ မျိုးရိုးလိုက်တာပါ၊ အစ်ကိုတစ်ယောက်က နတ်ကတော်လေ၊ မီးက နတ်ပွဲတွေ လိုက်ကြည့်ရင်းနဲ့ ဝါသနာပါသွားတာ၊ ခန့်ကတော့ အဲလိုမဟုတ်ဘူး၊ သူ့အစ်ကိုက ညီမလေးလိုချင်တာနဲ့ ပုံသွင်းလိုက်တာတဲ့၊ သူ့စိတ်က အရမ်းကြီးမပါပေမယ့် အခုကျတော့ အလှပြင်ဆရာမဘဝနဲ့ မိသားစုစားဝတ်နေရေးကို တာဝန်ယူနေရတာပေါ့''

''အင်း ဒါလည်း ဘဝဝဋ်ကြွေးပဲ၊ ဒီဘဝမှာလည်း ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစာကြပါ၊ နောင်ဘဝအတွက်လည်း ဆုတောင်းကြ၊ ယောကျ်ားဘဝဖြစ်ဖြစ်၊ မိန်းမဘဝဖြစ်ဖြစ် တန်ဖိုးရှိအောင် နေတတ်ဖို့လိုတယ်၊ ဦးရဲ့သမီး တစ်ယောက်ဆို ယောကျ်ားစိတ်ပေါက်လို့ ယောကျ်ားလေးတွေနဲ့ ပေါင်းသင်းရင်းနဲ့ ဗိုက်ကြီးလာတယ်၊ နောက်တော့ ရှက်လွန်းလို့ဆိုပြီး သူ့ကိုယ်သူ သတ်သေသွားတယ်''

''ဩော် သနားစရာကောင်းလိုက်တာနော်၊ ဦးလေးကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစု အရမ်းနှမြောကြမှာပေါ့''

ဦးလေးကြီးက ကားအရှိန်လျှော့မောင်းရင်း ခေါင်းညိတ်ပြ၏။

''တစ်ဦးတည်းသော သမီးလေးပဲကွယ်၊ နှမြောတာ သနားတာပေါ့၊ သူ့အမေဆို ခုချိန်ထိ ဖြေမဆည်နိုင်ဘူး၊ သူ့အပြစ်ကြောင့် ဒီလိုဖြစ်ရတာဆိုပြီးတော့ပေါ့''

''ဘာဖြစ်လို့လဲဟင်''

''သူက သားယောက်ျားလေးလိုချင်တာလေ၊ နောက်ထပ်လည်း ကလေးမရနိုင်တော့ သမီးလေးကို သားယောက်ျားလေးလို ပြုပြင်စောင့်ရှောက်ခဲ့တာပေါ့၊ ဒီအမူအကျင့်တွေက ကြီးလာတော့ မဖျောက်နိုင်တော့ဘူး၊ ယောက်ျားလေး သူငယ်ချင်းထားတယ်၊ လျှောက်လည်တယ်၊ သောက်စားတယ်၊ ဒါပေမဲ့ မိန်းမဆိုတာ မိန်းမပဲလေ၊ သဘာဝကို လွန်ဆန်လို့မှ မရတာ၊ သောက်စားထားတဲ့လူငယ်ချင်းတွေ စိတ်ရိုင်းဝင်တော့ အမှားအယွင်းဖြစ်တာပေါ့''

''အင်းပေါ့ တွေးကြည့်ရင် ကြောက်စရာကြီးနော်၊ မီးတော့ ဗိုက်ကြီးမှာ အရမ်းကြောက်တာပဲ''

''ဩော် နင်က ယောက်ျားလေး၊ ဗိုက်ကြီးမလားဟဲ့၊ ပြောလိုက်ရ မကောင်းရှိတော့မယ်''

သူတို့အဖြစ်ကို ကားသမားကြီးက ပြုံးရယ်နေ၏။ သူတို့နှစ်ယောက်လည်း ပေါ့ပေါ့ပါးပါးပင် ပြုံးရယ်လိုက်မိကြသည်။ ဒါပေမဲ့ အိမ်ရောက်လျှင် ထိုအပြုံးတွေ ပျောက်ကွယ်ရမှာ အသေအချာ။



## အခန်း (၈)

''ရှင် ဘာတွေသေချာနေတာလဲ၊ လုပ်သမျှလည်း တစ်ခုမှ အဆင်မပြေဘူး၊ ရှင်ကျွမ်းကျင်တာ လောင်းကစားပဲ မဟုတ်လား၊ အခုလိုဖြစ်နေချိန်မှာ အိမ်ထောင်တာဝန်တော့ ကျေသင့်နေပြီ''

''ငါလည်း လုပ်သင့်တာတော့ လုပ်နေတာပဲ၊ မဖြစ်လာတာတော့ ဘယ်တတ်နိုင်မလဲကွ၊ ငါလိုကောင်က သူများအောက်ကျို့ခံပြီး နေရမှာလား၊ လူတွေက အရင်က ဆက်ဆံတာနဲ့ အခုဆက်ဆံတာ ခြားစီ၊ စိတ်ဓာတ်တွေများ ကြောက်ဖို့ကောင်းတယ်''

ခုချိန်ထိ ကိုယ့်ဘဝအခြေအနေ မသိသေးသော ဦးစိုးခန့်ကို ဒေါ်နွဲ့ကေခိုင် နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ဘာအလုပ်ဖြစ်ဖြစ် ကိုယ်နဲ့မတန်မရာလို့ မတွေးလျှင် အိမ်ရဲ့စီးပွားရေးကို အထောက်အကူ မရနိုင်ဘူးလား။ ခုတော့ သားငယ်လေး မတော်တရော် ရှာကျွေးတာကို သားအဖနှစ်ယောက်လုံး မှီကျနေတာ အံ့သြစရာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ခုလောက်ဆို ကိုယ့်တစ်ကိုယ့်အခြေအနေ သိသင့်နေပါပြီ ကိုစိုးခန့်ရယ်၊ မေမေရှိနေတဲ့ အချိန်က အခြေအနေမျိုး ဟုတ်သေးလို့လား၊ စီးပွားရေးကို သင်ယူလေ့လာမှုမရှိ၊ အာရုံဝင်စားမှုမရှိလို့ ကျွန်မတို့မိသားစုတွေ အခုလို ဖြစ်နေကြတာ သိရဲ့လား"

"မင်းရော အဲဒီအချိန်က ဘာတွေလုပ်နေခဲ့လဲ၊ အိမ်အကူအလုပ်သမားတွေ ရှိရဲ့သားနဲ့ အိမ်ထဲက အိမ်ပြင်မထွက်၊ ဘာဗဟုသုတမှ မရှာဖွေခဲ့ဘဲနဲ့ အခုမှ မင့်သားငယ် ရှာကျွေးနေရတာဆိုပြီး အသံကောင်းမဟစ်နဲ့ နွဲ့ကေခိုင်၊ တည်မြဲခန့်ကလည်း ငါ့သားပါပဲ၊ သားကဖအေကို လုပ်ကိုင်ကျွေးတာ ဘာတွေ အကုသိုလ်များ ရဲရလို့လဲ"

"သြော် ဒါကတော့ ဒါပေါ့၊ ပြောမှပြောတတ်သေးတယ်၊ သားငယ်လေး ဒီဘဝရောက်ရတာ ရှင်တို့သားအဖကြောင့် သိရဲ့လား၊ မိန်းမလျှာဘဝနဲ့ ဘယ်လောက်များ သိမ်ငယ်လိုက်မလဲ"

"သူ့ဝါသနာနဲ့သူပါကွာ၊ မင်းက မလိုအပ်တာတွေ သိပ်ပြောလွန်းတယ်၊ မင်းရော သူရှာကျွေးတာကို အိမ်မှာအခန့်သား ထိုင်စားနေတာ မဟုတ်ဘူးလား၊ မယ်မယ်ရရ ဘာတွေများ လုပ်ဖူးလဲ"

"ဟင်"

ဒေါ်နွဲ့ကေခိုင် ထပ်မံအံ့သြရပြန်သည်။ မိမိကိုတောင် အပြင်ထွက် အလုပ်မလုပ်လို့ အပြစ်မြင်နေပါရောလား။ ဖနီးမယားတာဝန် အိမ်ထောင်တာဝန် သူမ ဘာတွေများ လစ်ဟင်းဖူးလို့လဲ။

ပြည့်စုံနေသည့် အချိန်တွကရော အဆင်မပြေသည့် ခုအချိန်





မှာရော မိမိဘက်က ဘာဝတ္တရားမှ မပျက်ကွက်ဘူးပါ။ အပြင်ထွက်စီးပွားမရှာ၊ ငွေမရှာတတ်တာက လွဲလို့ပေါ့လေ။

"ကျွန်မကို အပြင်ထွက် ငွေရှာစေချင်နေတာလား ကိုစိုးခန့်"

တအံ့တသြနှင့် တိုးတိတ်စွာမေးမိတော့ အရက်ခွက်ကို ကောက်မော့ပြီး ဦးစိုးခန့် ခေါင်းညိတ်ပြသည်။

"မင်းကို လက်မထပ်ခင်အချိန်က မင်းအဆင့်အတန်းကို မင်းသိပါတယ်၊ ငါနဲ့ရပြီးမှ ငါ့မေမေကြောင့် မင်း ရွှေပေါ်မြတင် နေခဲ့ရတာပါ၊ အဲဒီတော့ ဘာအလုပ်ဖြစ်ဖြစ် မင်းနဲ့က အကျွမ်းတဝင် ဖြစ်ပြီးသားနေလိမ့်မယ်၊ ဒေါ်စိန်ရွှေသား ငါနဲ့က ဘာအလုပ်မှ သဟဇာတ မဖြစ်ဘူး၊ မင့်သား တစ်ယောက်တည်း လုပ်ကိုင်ကျွေးနေတာကို မျှိမကျရင် မင်းလည်း ထွက်လုပ်ပေါ့ကွာ၊ မဟုတ်ဘူးလား ဒါပဲရှိတော့တယ်"

"ပြောရက်လိုက်တာ တာဝန်မဲ့လိုက်တာ ကိုစိုးခန့်ရယ်၊ ရှင်အပေအတေ ပျော်သလို နေခဲ့ပေမယ့် ဒီလို သံယောဇဉ် ကင်းကင်းပြောထွက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ရှင်အိမ်ထောင်ဦးစီး၊ လင်ယောကျ်ားကောင်း ဖခင်ကောင်းတစ်ယောက် မဟုတ်ဘူး သိရဲ့လား၊ ကိုစိုးခန့် သိရဲ့လား"

ဒေါ်နွဲ့ကေခိုင် အသံကုန်ဟစ်အော်ပြီး ချုံးပွဲချငိုနေချိန်မှာ တည်ကြည်ခန့် အိမ်ထဲ ဝင်လာသည်။ အဖြစ်အပျက်ကိုကြည့်ကာ နားကိုပိတ်ပြီး နှာခေါင်းရှုံ့၏။

"အိမ်ထဲဝင်လိုက်ရင် နားရှော့ခ်ရိုက်ခံရသလို ကျက်သရေ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ အိမ်ဆူလို့လာဘ်တိတ်နေတာ၊ ဘာတွေဖြစ်နေမှန်းကို မသိဘူး''

''ဖြစ်နေတာက မင်းအမေ၊ အရက်သောက်နေတာတောင် အရသာပျက်တယ်၊ ဟို ဂန်ဒူးမကလည်း အရက်ဝယ်ခိုင်းလိုက်တဲ့နေ့မှ နောက်ကျနေတယ်၊ ပြန်လာမှ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမ ပစ်လိုက်ဦးမယ် တောက် တစ်ယောက်မှ ထောင့်မကျိုးဘူး''

ဦးစိုးခန့်က ကုန်နေသော အရက်ပုလင်းကို မြှောက်ကြည့်ပြီး တက်တခေါက်ခေါက်ဖြင့် အိမ်အောက်ဆင်းသွားသည်။ တည်ကြည်ခန့် က ထမင်းစားပွဲပေါ်က အုပ်ဆောင်းကို လှန်လှောကြည့်ကာ

''တစ်ခါလာ ဘဲဥ၊ကြက်ဥ တစ်ခါလာ ငါးဟင်းနဲ့ ကြက်သား ဝက်သားက ကျိန်စာသင့်နေလို့လား၊ အရင်ထက်စာရင် အဆင်ပြေလာ တာကို ဘာလို့ မချက်ရတာလဲ''

''ဩော် သားငယ်လေး တစ်ယောက်တည်း လုပ်စာရှိတာ၊ အဆင့်ပြေလာတယ်ဆိုတိုင်း လျှာကိုအလိုလိုက်ပြီး သုံးဖြုန်းပစ်လို့ ဖြစ် မလားကွယ်၊ ဈေးဖိုးကိုချွေတာပြီး အနည်းအကျဉ်းပိုတာလေးကိုလည်း စုဆောင်းဦးမှပေါ့''

''အဲလို စုဆောင်းတော့ရော သေတော့ ကိုယ့်နောက်ပါမှာမို့လား၊ ဘွားဘွားကိုပဲကြည့်၊ သူသေတော့ သူရှာခဲ့တာတွေ ဘာတွေသယ်သွား နိုင်လို့လဲ၊ ကျန်ခဲ့တဲ့လူတွေအတွင်တောင် အကုသိုလ်တွေ ချန်သွားသေး တယ်''

''အဲလို မပြောပါနဲ့ တည်ကြည်ရယ်၊ မင်းအဘွား ထားခဲ့တာ





တွေ မတည်မြဲတာ မင်းအဖေကြောင့်ပါ၊ မင်းအဘွား သေချိန်မတန်ဘဲ သေခဲ့ရတာလည်း မင်းကြောင့်မဟုတ်ဘူးလား၊ စိတ်သောကတွေပေး၊ စိတ်ဝေဒနာတွေပေးလို့ စိတ်ဖိစီးမှုတွေများပြီး အသေစောခဲ့ရတာ''

''ဘာဆိုင်လို့လဲ သူ့ဘာသာ ဦးနှောက်သွေးကြောပြတ်ပြီး သေ တာ၊ ကိုယ်နဲ့မိုင်အဝေးကြီးပဲ''

''မင်းအခုထိ မင်းအဘွား မေတ္တာကို နားမလည်တာ အံ့ဩ ပါရဲ့ တည်ကြည်ရယ်၊ စုပုံချစ်တို့နဲ့ နိုင်ငံခြားကို လိုက်မသွားရကတည်းက မင်း ဆိုးသွမ်းပုန်ကန်နေခဲ့တာလေ၊ ငယ်ရွယ်တဲ့အချိန်က ငါ့မြေးလေး မခံစားနိုင်လို့ပါလေလို့ သူဖြေနေခဲ့ပေမယ့် အရွယ်လေးရလာပြီး ဒီထက် ပိုဆိုးလာတော့ သူ့နှလုံးသားက ဘယ်လိုလုပ် ခံနိုင်ရည်ရှိပါတော့မလဲ''

''အဲဒါ သူ့အကြောင်းတရားနဲ့သူပါ''

''အေး ဟိုက သူ့အကြောင်းတရားနဲ့ သူသွားပြီပဲ ထားပါ၊ မင်းက စေတနာ မေတ္တာ နားမလည်လို့ စော်ကားခဲ့လို့ ဒီလို ဘဝမျိုး ရောက်သွားခဲ့တာဟဲ့ သိရဲ့လား တည်ကြည်ခန့်ရဲ့''

ဒေါ်နွဲ့ကေခိုင် ရင်တွေ အဆမတန် နာကျင်လာပြီး အသံကုန် အော်ကာ ပေါက်ကွဲပစ်လိုက်မိသည်။ တည်ကြည်ခန့်က ဘာပြောပြော ဂရုမစိုက်ဘဲ ထမင်းအုပ်ဆောင်းကို ဖြုန်းခနဲ ပြန်ပိတ်လိုက်ကာ

''ဒီဘဝရောက်တာ ဒဏ်ခတ်ခံရတာလို့ ကျိန်စာတိုက်နေတာ လား မေမေ၊ ကံကြမ္မာကို လူတွေက ဖန်တီးတာလား၊ လူတွေဖန်တီးလိုက် တဲ့ ကံကြမ္မာက ကိုယ့်အပေါ် တန်ပြန်သက်ရောက်ခဲ့တာလား၊ နှစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်ဆိုလည်း ဘဝတော့ မသေလောက်သေးပါဘူး၊ တစ်နေ့နေ့ ကျွန်တော် ဘာကောင်ဆိုတာ မေမေတို့ လက်တွေ့သိစေရမယ်''

''ဒီလို စိတ်မျိုးနဲ့ မင်းဘာမှ ပြောင်းလဲလာမှာ မဟုတ်ဘူး တည်ကြည်ခန့် ရည်ရွယ်ချက်ရှိတဲ့လူက တက္ကသိုလ်တစ်တန်းကို နှနှစ် မပြေဘူးကွ၊ မိန်းကလေး တစ်ယောက်ကို ခိုးပြေးပြီးမှ တာဝန်မဲ့ ထွက်ပြေးလာမှာလည်း မဟုတ်ဘူး''

''ဒါက သူ့မိဘတွေ တင်စီးတာကို မခံချင်လို့ပါ၊ ကျွန်တော် ဘာကောင်လဲဆိုတာသိရင် သူတို့ တစ်နေ့နေ့ ဒူးထောက်လာလိမ့်မယ်''

''ဘာမှမရှိတော့တာတောင် ကိုယ့်ကိုယ်ကို ဒီလောက် အထင်ကြီးနေတာ၊ ဘာအစွမ်းအစများ ပြစရာရှိလို့လဲ၊ ပြောစမ်းပါဦး တည်ကြည်ခန့်''

မဲ့ရွဲ့နှာခေါင်းရှုံ့ကာ ဒေါ်နွဲ့ကေခိုင် ခနိုးခနဲ့ မေးတော့ တည်ကြည်ခန့် ခေါင်းဆတ်ခနဲ မတ်လာသည်။ ပြီးတော့ အမိပွါယ်ဖော်လို့ မရအောင် လျှို့ဝှက်စွာ ပြုံး၏။

''ပျိုခေတ် မြန်မာပြည်ပြန်ရောက်နေပြီလို့ ကြားတယ်၊ အရမ်းလည်း ကြီးပွားချမ်းသာလာတာတဲ့၊ ဘွားဘွားက ကျွန်တော်တို့ အရွယ်ရောက်လာရင် လက်ထပ်ပေးစားမယ်ဆိုတဲ့ ကတိစကားရှိပြီးသားလေ၊ ဟား တည်ကြည်ခန့်အတွက်က စည်းစိမ်ဥစ္စာနဲ့နေဖို့ ရေကန်အသင့် ကြာအသင့်၊ မင်းလောင်းဖြစ်ဖို့လည်း ကျောက်ဖျာပေါ် တောင်တက်ထိုင်စရာမလိုပါဘူး၊ ကုသိုလ်ကံက ကောင်းပြီးသား''





ထမင်းစားပွဲဘေးမှာ ပစ်ထိုင်ချပြီး တည်ကြည်ခန့် ဣန္ဒြေမရ အပျော်လွန်ကာ ပြောနေသည်။ ဒေါ်နွဲ့ကေခိုင် မျက်လုံးမျက်ဆံပြူးကာ တအံ့တဩဖြစ်ပြီး တည်ကြည်ခန့် အနားဝင်ထိုင်၍

''စုပုံချစ်လေးနဲ့ မင်းတွေ့ပြီးပြီလား''

''ဪ သတင်းကြားတာပါဆိုနေ၊ အရင်က လုပ်ငန်းပျက်ပြီး နိုင်ငံခြားထွက်သွားတဲ့ ဦးထင်ကျော်နဲ့ ဒေါ်ယမင်းပျိုတို့ မြန်မာနိုင်ငံကို ကုမ္ပဏီအကြီးကြီးထောင်ဖို့ ပြန်ရောက်လာတော့မယ်တဲ့၊ သေချာတဲ့ သတင်းရပ်ကွက်က အတိအကျကို သတင်းရထားတာ၊ အခုချိန်ဆို ရောက်ရင်တောင် ရောက်နေလောက်ပြီ''

''တကယ်လို့ ရောက်လာပြီပဲထားပါ၊ မင်းကို စုပုံချစ်က လက်ထပ်မယ်ထင်လား''

''ဟာ လက်ထပ်ရမှာပေါ့၊ ဘွားဘွားက သူ့မိဘတွေကို ငွေချေးပေးလိုက်တာ မနည်းဘူး၊ ကျွန်တော်နဲ့ ပျိုခေတ်လည်း ကတိစကားတွေ ရှိပြီးသား''

''အေး မင်းက လူပျိုလူလွတ်မှ မဟုတ်ဘဲ၊ မိန်းကလေး တစ်ယောက်နဲ့ တစ်လလောက် ပေါင်းသင်းလက်မှတ်ထိုးထားပြီးမှ ကွဲသွားတဲ့ တစ်ခုလပ်လေ၊ ပျိုခေတ်ရော သူ့မိဘတွေရော ဘယ်လိုမှ လက်ခံမှာ မဟုတ်ဘူး''

''ဒါက မေမေတို့သာ မပြောရင် သူ ဘယ်လိုလုပ် သိမှာလဲ''

''ဘာကိုလဲ''



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မိန်းမယူဖူးတာကို"

"ဟင်"

တည်ကြည်ခန့်က ဒီကိစ္စကို ဖုံးကွယ်ထားချင်ဟန် တူသည်။ အကောင်အထည်ပြစရာ မရှိလို့ မသိဘူးဆိုရင်တောင် လူသတင်း လူချင်းဆောင်မို့ ခဏတာပဲ လျှို့ဝှက်ထားနိုင်ပေလိမ့်မည်။ မင်္ဂလာမဆောင်လို့ လူအများမသိပေမယ့် လက်မှတ်ထိုး လက်ထပ်တာသိသော လူတချို့က ဒီအတိုင်း ပါးစပ်ပိတ်နေကြပါ့မလား။

ဒီလို ဉာဉ်ဆိုးရှိသော သားကို ဘာကြောင့်များ မွေးခဲ့မိပါလိမ့်။ စိတ်ရှုပ်ရှုပ်နှင့် နာရီကို မော့ကြည့်မိတော့ သားငယ်လေး အိမ်ပြန်ရောက်ချိန်ထက် အနည်းငယ် နောက်ကျနေသည်။

ဆိုင်မှာ ဧည့်သည်တွေ များလို့လား။

လမ်းမှာတစ်ခုခု ဖြစ်နေလို့လား။

မိသားစုအပေါ် တာဝန်ကျေ သိတတ်လွန်းသော သားငယ်လေး ဘေးမသိရန်မခ ချောချောမောမော အိမ်ပြန်ရောက်လာပါစေ...။

■ ■ ■



## အခန်း (၉)

"မေမေ"

"ဟော သားငယ်လေး၊ အိမ်ပြန် နောက်ကျလိုက်တာကွယ်၊ မေမေ စိတ်ပူနေတာ"

"ဟုတ်ကဲ့ ဆိုင်မှ ဧည့်သည်များလို့ အလုပ်ရှုပ်နေတာ မေမေရဲ့ အခုတလော မင်္ဂလာဆောင် ဧည့်ခံပွဲတွေရော၊ မိတ်ဆက်ပွဲ၊ ပရိုမိုးရှင်းပွဲနဲ့ နားရတယ်ကို မရှိပါဘူး မေမေရယ်၊ အခု ခန့်တို့ သူဌေးကနေ့ကို ဘောက်ဆူးများများ ပေးလိုက်လို့ ဖေဖေ့အတွက် အရက်အကောင်းစား ဝယ်လာခဲ့တယ်၊ ဖေဖေရောဟင်"

မအေလက်ကိုဆွဲပြီး စကားတပြောပြောနှင့် အိမ်ပေါ်ရောက်ပြီး တည်မြဲခန့် မေးသည်။ ဒေါ်နွဲ့ကေခိုင်က မလိုလားစွာ မျက်နှာကို ရှုံ့မဲ့ပြီး

"အရက်ကုန်နေတာ သားပြန်မလာလို့ဆိုပြီး အပြင်ထွက်သွားလေရဲ့လေ၊ ပြန်လာရင် မူးနေမလားတောင် မသိဘူး၊ အပြစ်ပြောလွတ်တာလည်း မဟုတ်ဘဲနဲ့ ဘာလို့ တကူးတက ဝယ်လာရတာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဩော် မေမေရယ်၊ ဖေဖေလည်း အရင်တုန်းကလို အရက် အကောင်းစား သောက်ချင်ရှာမှာပေါ့၊ အခု အရက်ကြမ်းတွေ သောက်ပြီး မတင်းတိမ်လို့ အရက်သမားကြီး ဖြစ်နေတာ ခန့်စိတ်မချမ်းသာလို့ပါ၊ ဒါနဲ့ ကိုကိုရော အိမ်ပြန်ရောက်ပြီလား မေမေ"

"ရောက်ပြီလေ ဘဲဥချဉ်ဟင်း ချက်ထားလို့ဆိုပြီး ထမင်းစားပွဲမှာ ကဂျီကဂျောင်ကျ စိတ်ဆိုးနေလေရဲ့"

"ဟုတ်လား ကိုကို့အတွက်လည်း လမ်းထိပ်က ကြက်သားဟင်း ဝယ်လာခဲ့သေးတယ်၊ မေမေ့အတွက်က အိုဗာတင်း ကုန်တာ မေမေ မပြောလို့ ဒီနေ့မှ ဝယ်လာခဲ့ရတယ်၊ ခဏလေးနော် မေမေ၊ ကိုကို့အတွက် ဟင်းပွဲပြင်ပေးလိုက်ဦးမယ်"

အလိုက်သိ နားလည်လွန်းသော သားက မိန်းကလေးတစ်ယောက်သဖွယ် စေ့စပ်သေချာကာ အိမ်ထောင်မှုထိန်းသိမ်းနိုင်သည်။ ဟင်းပွဲပြင်ပေးနေသော တည်မြဲခန့်ကို တည်ကြည်ခန့်က အလိုမကျစွာ မျက်ခုံးပင့်ကြည့်ပြီး

"အချိန်မရှိမှ ဝယ်လာတော့ ငါတို့က ဘယ်အချိန်စားရမှာလဲ၊ အဲလိုမဖြစ်အောင် နောက်ဆို အိမ်စရိတ်ပြည့်ပြည့်ဝဝ ပေးဖို့ မမေ့နဲ့"

"ခန့် တတ်နိုင်သလောက် ရှာပေးထားပါတယ် ကိုကို၊ ဖေဖေ့ကိုရော ကိုကို့ကိုရော အသုံးစရိတ်သပ်သပ်ပေးရတော့"

"ဟိတ်ကောင် ဘာကိုမှ ခွဲခြားပြမနေနဲ့၊ မင်း ရှာကျွေးနေတယ်ဆိုပြီး ပါဝါပြတာလား၊ ဖေဖေလည်း အလုပ်ရှာနေတာ၊ ငါလည်း ကျောင်း



မပြီးသေးလို့ကွ သိရဲ့လား၊ ဘွဲ့ရတာနဲ့ ငါ့အတွက် အလုပ်မရှားဘူး"

"ခန့်က ဘာပြောနေလို့လဲ ကိုကိုရယ်၊ ခန့်တစ်ယောက်တည်း အလုပ်လုပ်နေရတယ်ဆိုပြီးတော့လည်း မငြိုငြင်ပါဘူး၊ အခုလည်း ခန့်က စေတနာနဲ့ ကိုကိုတို့အတွက် ဝယ်လာတာပါ"

"ဟုတ်သားပဲ သားကြီးရယ်၊ သားငယ် အလုပ်ချိန်က ပုံမှန်မရှိလို့ နောက်ကျတာကို ဘာလို့ အပြစ်တင်နေတာလဲ၊ ဝယ်လာတာကို စားချင်လည်းစား၊ မစားချင်လည်း ဒီအတိုင်းထားလိုက်ပေါ့"

"မေမေက ဘာလို့ ရှေ့ကနေ ကာဆီးကာဆီးဝင်ပြောရတာလဲ၊ သူ့လုပ်စာ စားနေတယ်ဆိုပြီး ကျွန်တော်တို့က သူ့မျက်နှာကြည့်စားရမှာလား၊ မသဒ္ဓါရင်လည်း မကျွေးနဲ့၊ တည်ကြည်ခန့်တို့က ဘယ်တော့မှ အောက်ကျို့ခံမှာ မဟုတ်ဘူး"

"တည်ကြည်ခန့် မင်း"

"ကဲ တော်ပါတော့ မေမေရယ်၊ ဘာမှပြောမနေပါနဲ့၊ ဘုရားခန်းမှာ သွားနေလိုက်တော့နော် မေမေ၊ ကိုကို ထမင်းစားပြီးရင် ခန့် သန့်ရှင်းရေး လုပ်ထားလိုက်ပါ့မယ်"

မေမေ့ကို ဘုရားခန်းဘက် ဆွဲပို့ပြီးမှ ထမင်းစားပွဲရှိရာ တည်မြဲခန့် ပြန်လာခဲ့သည်။

"ရော့ ကိုကို ကိုကို အသုံးစရိတ်လိုနေမှာစိုးလို့"

"အေး ဟုတ်တယ်၊ ငါလည်း လိုနေတာ၊ မင်းဆီ တောင်းရမှာ အားနာလို့၊ မင်း ထမင်းမစားရသေးဘူး မဟုတ်လား၊ ဝင်စားလေ"

www.burmeseclassic.com

www.burmeseclassic.com



ငွေနှစ်သောင်း လက်ထဲရောက်သွားတော့လည်း တည်ကြည်ခန့် လေသံရော အမူအရာရော ပြောင်းသွားသည်။ ကိုကို့ဆီက ချိုသာသော အသံကို ကြားချင်လျှင် ဒီလိုငွေများများပေးနိုင်မှ အဆင်ပြေသည်။

“ကိုကိုလည်း စားလေ၊ ခုနက ဘဲဥဟင်းနဲ့မို့ မကြိုက်လို့ မစားဘူးမဟုတ်လား၊ ခန့် ခူးပေးမယ်နော်”

“အေး မင်းနဲ့လက်ဆုံစားရတာပေါ့ကွာ”

“ဟုတ်ကဲ့ ကိုကို၊ ခန့်လည်း ကိုကိုနဲ့ အဲလို လက်ဆုံစားချင် တာပါ”

ကိုကို့ဘက်က ပျော့ပျောင်းလာသည်နှင့် ခန့် စေတနာ သဒ္ဓါတွေ ပိုနေမိသည်။ အသားကောင်း ဟင်းကောင်းရှိသမျှက ကိုကို့ ပန်းကန် ထဲမှာပါ။

“စုပုံချစ် အဲ ပျိုခေတ်တို့ ပြန်ရောက်နေပြီဆိုတဲ့ သတင်း မင်းကြားပြီးပြီလား”

“ဟင် မကြားသေးဘူး၊ ပြန်လာတော့မယ်တဲ့လား၊ ကိုကိုက ဘယ်လိုလုပ်သိတာလဲ”

“ငါ့သူငယ်ချင်း တစ်ယောက်ရဲ့အဖေ အင်္ဂလန်ကိုသွားရင်းနဲ့ ပျိုခေတ်အဖေနဲ့ တွေ့လာခဲ့တာ၊ သူတို့လည်း မြန်မာပြည်မှာ လုပ်ငန်း အကြီးကြီး လုပ်ဖို့ ပြန်လာတော့မှာလို့ ပြောတယ်တဲ့၊ ဒီအချိန်လောက်ဆို အသေအချာ ရောက်နေမှာ”

“ရောက်ပြီဆို ခန့်တို့နဲ့ ဆက်သွယ်မှာပေါ့၊ ပျိုခေတ်က တို့ကိုကို အရမ်းခင်တာပဲ ဥစ္စာ”





“ငါကို့က ဒီလိုအခြေအနေမျိုး ရောက်နေတာ၊ သူ ဘယ်လို လုပ် စုံစမ်းဖို့ လက်လှမ်းမီမလဲ”

“ဟုတ်သားပဲနော်၊ ခန့်တို့က လူမသိ သူမသိ ပတ်ဝန်းကျင်မှာ ရောက်နေတာ ပျိုခေတ်စုံစမ်းဖို့ ခက်မှာပဲ၊ ဒါပေမဲ့ မြန်မာပြည်ပြန်ရောက် နေပြီဆိုရင် တစ်နေရာရာမှာ ဆုံဖြစ်ကြမှာပါ”

“အေး ငါလည်း မြန်မြန်ဆုံရပါစေလို့ ဆုတောင်းနေတယ်၊ ဒါမှ ဒီဘဝက ကျွတ်မှာ”

“ဟင် ဘာဖြစ်လို့”

“ပျိုခေတ်နဲ့ ငါနဲ့လက်ထပ်ရမယ်လေ၊ ဘွားဘွားက သူတို့ မိသားစု နိုင်ငံခြားမှာ လုပ်ငန်းလုပ်ဖို့အတွက် ငွေတွေအများကြီး ထုတ် ချေးထားခဲ့တာ”

“အဲဒါက ဘွားဘွားမသေခင်ကတည်းက အရစ်ကျနဲ့ ပြန် ဆပ်နေခဲ့တာ မဟုတ်လား၊ နောက်ပိုင်း ဂျပန်ကနေ အင်္ဂလန်ကို ပြောင်း သွားမှ အဆက်အသွယ်ပြတ်သွားတာ”

“အေးလေ အဲဒါကြောင့် ငွေတွေကျန်ဦးမယ် ပြောတာပေါ့၊ မကျန်လည်း ကိစ္စမရှိပါဘူး၊ အဲလို ငွေတွေထုတ်ချေးစဉ်ကတည်းက ပျိုခေတ်နဲ့ငါ့ကို အရွယ်ရောက်ရင် လက်ထပ်ပေးဖို့ ဘွားဘွားနဲ့ သူ့မိဘ တွေ ကတိစကားရှိပြီးသား၊ ပျိုခေတ်လည်း အဲဒီအချိန်က ငါနဲ့လက်ထပ် ပါ့မယ်လို့ ကတိပေးခဲ့တယ်”



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက တဖက်သတ် ဖွင့်အတင်း သေချာနေသည်။ အိမ်ထောင်ကွဲ တစ်ခုလပ်ဆိုတာကို မေ့ထားတာများလား။ ပျိုခေတ်သာ အခုချိန်ထိ အပျိုစင်လေး တစ်ယောက်ဖြစ်နေလျှင် ဂုဏ်သိက္ခာ ထိခိုက်နစ်နာနိုင်သည်။

"ကိုကိုနဲ့ ကေသရီက ရုံးတက်လက်မှတ်ထိုးပြီး အခု တရားဝင်မကွာရှင်းရသေးဘူး မဟုတ်လား၊ အဲဒါ ဘယ်လိုလုပ်မှာလဲ ကိုကို"

"ဘာလုပ်ရမှာလဲ၊ နီးပြေးတုန်းက ရုံးတက်လက်မှတ်ထိုးလိုက်တာပဲရှိတယ်၊ လူသိရှင်ကြား မင်္ဂလာဆောင်ထားတာမှ မဟုတ်ဘဲ၊ အခုလည်း သူ့မိဘတွေကြောင့် သဘောထားခြင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့ပြီးပြီ၊ အဲဒီကိစ္စ ရှော့(ခ်)မရှိပါဘူးကွာ၊ လူအနည်းအကျဉ်းသိတာ ရေးကြီးခွင်ကျယ် လုပ်စရာမလိုပါဘူး"

"အဲဒါတော့ မကောင်းဘူး ထင်ပါတယ် ကိုကိုရယ်"

"မကောင်းစရာ မရှိပါဘူး၊ ဘွားဘွား အကူအညီနဲ့ သူတို့ဒီလိုဘဝမျိုး ပြန်ဖြစ်တာ၊ ဘွားဘွားကိုတောင် ကျေးဇူးတင်ရဦးမယ်၊ အဲဒီကျေးဇူးတရားတွေကြောင့် ပျိုခေတ်က ငါ့ကို လက်မထပ်လို့ကို မရဘူး"

တည်မြဲခန့် ရှေ့ဆက်ပြောလည်း ကိုကိုက သူ့ဆုံးဖြတ်ချက်ကို ပြင်တော့မည် မထင်။ ဒီလို ရည်ရွယ်ချက်မျိုး ရှိနေလျှင် ဘာကြောင့်များ ဘရဏီနှင့် လက်ထပ်နေရသေးလဲ။ မိန်းမတွေနဲ့ ကင်းကင်းရှင်းရှင်းနေပြီး ပျိုခေတ်ကိုပဲ သစ္စာရှိရှိ စောင့်သင့်သည်။

ပျိုခေတ်မျက်နှာလေးကို ခန့်မှန်းမြင်ယောင်ကြည့်ပြီး ကိုကိုနှင့်

ပျူး၀၁၇၉၀



မဆုံခသည်းပါစေနဲ့ဟု တိုးတိုးကြိတ်ကြိတ် ဆုတောင်းမိ၏။ ဒါက ပျိုခေတ်အပေါ်ထားမိသော သံယောဇဉ် စေတနာစိတ်သက်သက်။

■ ■ ■

ပျူး၀၁၇၉၀

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ စိတ်က ဘယ်ရောက်နေတာလဲ၊ ဒီနေ့အလုပ်ထဲမှာ ခ
စိတ်မပါသလို ဖြစ်နေတယ်နော်၊ မျက်နှာကလည်း မသာမယာနဲ့၊ ဒီ
အထူးညှိုးသည့်ချိန်းထားတာ၊ ဒီလိုနေလို့ ဖြစ်မလား"

"ရှင် ဟုတ် ဟုတ်ကဲ့"

မမထား ဆူဆူညံညံ အော်ဟစ်သတိပေးမှ တည်မြဲခန့် ကို
စိတ်ကို ကိုယ်ပြန်ပြီး စုစည်းမိအောင် ကြိုးစားရသည်။ ကိုကို့ဆီ
ပျိုခေတ် သတင်းကြားပြီးနောက်ပိုင်း သူ့စိတ်တွေ ဘာကိုမှိုင်းမှိုင်းကြောင့်
နေမှန်း မသိဘဲ လန်းဆန်းမှုမရှိပါ။

ကိုကို ဆုံးဖြတ်ချက်ချထားသည့်အတိုင်း လုပ်မည်ဆိုလျှ
ပျိုခေတ်အတွက် မတရားတာ အသိသာကြီးပင်။ ဒါကိုရော ပျိုခေ
သိပါ့မလား။

ငယ်စဉ်က ပေးခဲ့သော ကတိသစ္စာတွေ ခုချိန်ထိ တည်





ထိန်းသိမ်းထားခဲ့သည်ဆိုလျှင်တော့ ပျိုခေတ်ဘဝ နစ်နာစရာတွေများ
ပေလိမ့်မည်။

"ဩော် ဒုက္ခပါပဲ ဟုတ်ကဲ့ဆိုတဲ့လူက ငေးငိုင်သွားပြန်ပြီ၊ နင့်အောက်ကလူကိုလည်း ကြည့်ဦး၊ အာရုံမရတာနဲ့ သရဲရုပ်ပေါက်သွားဦးမယ် ကြည့်လုပ်"

မမထားက အနီးကပ်လာပြီး သတိပေးပြန်၏။ စိတ်နဲ့လူနဲ့ မကပ်တာ ဒါ ပထမဦးဆုံးပင်။

အလှပြင်ပေးနေရသော တစ်ယောက်ကို အမြန်ဆုံးလက်စသတ်ပြီးချိန်မှာ မမထားက သူ့လက်ကိုဆွဲ၍ ညှိခန်းဘက် ခေါ်လာသည်။

"ထိုင်စမ်းပါဦး ခန့်၊ အရင်က ဘာကိစ္စရှိရှိ အမြဲတက်တက်ကြွ ရွှင်လန်းနေတာပါ၊ ဒီနေ့ ဘာဖြစ်နေတာလဲ၊ မမထားကို ပြောပြစမ်း၊ ဘာတွေအခက်အခဲ ဖြစ်နေလဲ၊ အိမ်စပေါ်တင်ဖို့ လိုလို့လား၊ တခြားကိစ္စအတွက် ငွေရေးကြေးရေး အဆင်မပြေဖြစ်နေတာလား"

"မ မဟုတ်ပါဘူး၊ မမထား၊ အိမ်ကကိစ္စမဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်ကြောင့်ပါ"

"သူငယ်လေးတွေ အသည်းပေါက်လေးတွေကို ပြောတာလား"

"အာ မမထားကလည်း ခန့် အဲဒါမျိုးတွေ စိတ်မဝင်စားပါဘူး"

အဲဒါတော့ ဟုတ်သည်။ ခန့်က တခြားအခြောက်တွေလို ဘာဘာညာညာ အရှုပ်အရှင်းမရှိ၊ သူ့မိသားစုအတွက်သာ အလုပ်ကို ပင်ပန်းတကြီး ကြိုးစားနေရှာတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အလုပ်အပေါ် ကြိုးစားရိုးသားသော ခန့်ကို အားကိုးမိပြီး လိုအပ်သမျှ ကူညီပေးနေမိတာပါ။

''ဒါဆိုလည်း မမထားကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပါလား ကွယ်၊ ကူညီလို့ရရင်လည်း ကူညီရတာပေါ့''

''ဒါက မမထား ကူညီပေးလို့မဖြစ်တဲ့ကိစ္စပါ၊ ကိုကိုနဲ့ပတ်သက် နေတယ်လေ၊ နောက်မှ ခန့်ဘာသာ ဖြေရှင်းလိုက်ပါ့မယ်၊ ဩော် ဒါနဲ့ မမထား လက်ခံထားတဲ့ အထူးဧည့်သည်ဆိုတာက''

''မမထား မိတ်ဆွေပါ၊ နိုင်ငံခြားက ပါတနာတွေနဲ့ ကုမ္ပဏီ ခွဲ လာဖွင့်တာ၊ ကုမ္ပဏီခွဲဆိုပေမယ့် မြန်မာပြည်မှာတော့ အကြီးကြီးပေါ့၊ ဖွင့်ပွဲမှာ အင်တာတိန်းမန့် ဖျော်ဖြေရေးကဏ္ဍတွေလည်း ပါတယ်၊ ဟိုက ပစ္စည်းတွေကို မော်ဒယ်တွေနဲ့ ရှိုးပြမှာလေ၊ ကိုယ်က မိတ်ကပ်ဘက်မှာ တာဝန်ယူပေးရမယ်''

''မမထားနဲ့ အရမ်းခင်လို့ လက်ခံလိုက်တာလားဟင်''

''ဘယ်လိုပြောရမလဲ၊ မမထား အလုပ်ကိစ္စနဲ့ နိုင်ငံခြားသွား တုန်းက မြန်မာပြည်သားအချင်းချင်း တွေ့ကြလို့ ခင်မင်ရင်းနှီးသွားတဲ့ သဘောပါ၊ နောက်ပိုင်းတော့ သွားတဲ့အချိန်တိုင်း စားအိမ်သောက်အိမ် လိုဖြစ်ပြီး မိသားစုလို ဖြစ်သွားတယ်၊ သူတို့မြန်မာပြည်ပြန်ရောက်လာ တော့ မမထားက မိတ်ဆွေကောင်းပီပီသသ အကူအညီပေးရမှာပေါ့ ကွယ်''

''ဟုတ်ကဲ့ မမထား၊ မိတ်ဆွေဆို ခန့်တို့မိတ်ဆွေပါပဲ၊ ခန့်



အကောင်းဆုံး ကြိုးစားလုပ်ပါ့မယ်''

ခန့်အပြောကြောင့် မမထား မျက်ဝန်းများ လက်တောက်လာ ကာ ခန့် ပခုံးလေးကို ပုတ်လိုက်ပြီး

''အဲ့ဒါ ပြောတာပေါ့၊ မမထားက ခန့်ကို ယုံကြည်အားကိုးပါ တယ်၊ ခန့်က ဆက်ဆံရေးလည်း ကောင်းတယ်မဟုတ်လား၊ ပညာပိုင်း မှာလည်း မမထား လွှဲလို့ရတဲ့ဆရာတစ်ဆူ အနေအထားထိ ဖြစ်နေ တော့လေ၊ ဒါပေမဲ့ ဒီလိုနေ့မျိုးမှ ခန့်က ဒီလိုဖြစ်နေတော့ မမထားက စိုးရိမ်နေတာ''

''မစိုးရိမ်ပါနဲ့ မမထား၊ ခန့်က အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ ကို ခွဲခြားထားပါတယ်၊ ခန့်ကို ယုံပါ''

''အေးပါကွယ် မမထားကလည်း လစာအပြင် ခန့်ကို ထိုက် ထိုက်တန်တန် ဘောက်ဆူးပေးဦးမှာပါ၊ အိမ်ပြန်နောက်ကျမယ်ဆိုတာ လည်း အိမ်ကို ဖုန်းဆက်ပြောထားဦးနော်၊ တော်ကြာ ခန့်အမေက စိတ်ပူမယ်၊ အဖေနဲ့အစ်ကိုက ဆူပူသောင်းကြမ်းနေဦးမယ်''

အထွန်း ဖောက်သည်ချထားတာမို့ မမထားက သဘောပေါက် နေသည်။ ဒါကြောင့်လည်း ခန့်ကို ကိုယ်ချင်းစာကာ အခက်အခဲတွေကို နားလည်မှုနှင့် ဖြေရှင်းပေး၏။ တစ်ခါတလေဆိုလျှင်

''ခန့်ရယ်၊ ခန့်ကို ယောက်ျားလေးစစ်စစ်အနေနဲ့ မြင်ကြည့်ချင် လိုက်တာ၊ ခန့်က စိတ်သဘောထားလည်း ပြည့်ဝတယ်၊ မိသားစု တာဝန် ကိုလည်း ယူနိုင်တယ်၊ သူများအပေါ် ရိုးရိုးသားသားလည်း အကူအညီ

www.burmeseclassic.com

www.burmeseclassic.com



ပေးတတ်တယ်၊ ဘာအရှုပ်အရှင်းမှလည်း ရှော့(ခ်)မရှိဘူး၊ ဒါပေမဲ့ ဒီလို အလှုပြင်ဆိုင်မှာ ခန့် တတ်ထားတဲ့ ပညာနဲ့လုပ်စားဖို့ဆိုတာလည်း ယောက်ျားလေးအစစ်ဆိုရင် မဖြစ်နိုင်ဘူး၊ မိန်းကလေးတွေက အလှုပြ တာလေ၊ ယောက်ျားအစစ်က သူတို့မျက်နှာကို ကိုင်မှာကို ဘယ်ခံချင်ကြ ပါ့မလဲ၊ ရက်ကြမှာပေါ့နော်၊ ဒီလိုအလုပ်က ဒီလိုပုံစံနဲ့ပဲ သဟဇာတဖြ တော့ ခန့်ကို မမထား အရမ်းနှမြောတာပဲကွယ်''

ဒါဟာ မမထား တဖွဖွပြောတတ်သည့် စကား။ ထိုစကားမျ ကိုကြားရတိုင်း ခန့်လည်း ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်ရသည

တကယ်တမ်းက မိန်းမဆန်ဆန် ကန့်ကလျ မနေချင်ပါ။ ငယ ငယ်က ကိုကို စိတ်ကြိုက် ကိုကို ဖြစ်စေချင်သလို နေခဲ့ရသည်ကစ ထိုလိုင်းဝင်သွားရပေမယ့် ကိုယ့်ရဲ့စိတ်ဆန္ဒက ဒီလိုမဟုတ်ဘူးဆိုတ သတိမထားမိခဲ့။

အသက်ကြီးလာလို့ နားလည်မှုနှင့် ပြုပြင်ပြောင်းလဲလာမ ဆိုတော့လည်း အခွင့်အရေးကမသာ။

မိသားစုအခက်အခဲကို ဖြေရှင်းဖို့ အထွန်းကို အကူအ တောင်းမိရာက ဒီဘဝထဲက ရုန်းထွက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော

ကိုယ့်ဘဝကိုယ် မပိုင်တာမို့ ဒီဘဝမှာ ဒီအတိုင်းပဲ . . ။

■ ■ ■

## အခန်း (၁၀)

''မမထား ညှို့သည်လာပါတယ်''

''ဩော် အေး အေး ညှို့ခန်းထဲ ခေါ်ခဲ့ပါကွယ်''

မမထားနှင့် စကားပြောနေဆဲမှာ ညှို့သည်လာနေသည်ဆို သော အထွန်း စကားကြောင့် မမထားရော ခန့်ရော ဆတ်ခနဲ ဖြစ်သွား ရသည်။

''မမထား ညှို့သည်ဆို၊ ခန့်အပြင်ထွက်ပေးရမလားဟင်''

''ဘာ့ထွက်ရမလဲ၊ မမထားက ဒီနေ့ ညှို့သည်တစ်ယောက်နဲ့ပဲ ချိန်းထားတော့ မမ ပြောထားတဲ့ညှို့သည်ပဲဖြစ်မှာပါ၊ ခုနက မမထား စိတ်ခွေဆိုတာလေ၊ သူ့ပွဲအတွက် သေချာသိအောင် လိုအပ်တာ လာ မေးတာဖြစ်မယ်''

''ဩော် ဟုတ်ကဲ့ အခုလို ဂရုစိုက်တာ ကောင်းတာပေါ့''

''ဟော ညီမလေး ရောက်လာပြီလား၊ လာ ညီမလေး''

''ဟင်''

www.burmeseclassic.com



အရမ်းကျော့ရှင်းကာ ကြွေရုပ်လေးလို လှပလွန်းသော မိန်းကလေး တစ်ယောက်ဖြစ်နေတာမို့ ခန့် အံ့သြသွားရသည်။ မမထား မိတ်ဆွေဆိုလို့ မမထား အရွယ်လောက်ပဲ ထင်နေတာ။

အခုတော့ ခန့်နဲ့ သက်တူရွယ်တူလောက်သာရှိသော မိန်းကလေးက နုပျိုသစ်လွင်၊ ခေတ်နှင့်အညီ ဒီဇိုင်းမိုက်မိုက်လေးပါလား။

မိန်းကလေးက ခန့်ကို သေချာမကြည့်၊ မမထားကိုသာ ရင်းရင်းနှီးနှီး ဖော်ရွေစွာ အပြုံးလက်လက်ကလေးနှင့် နှုတ်ဆက်ရင်း ဝင်ထိုင်သည်။

"ပျိုခေတ် ဒါက မမတို့ဆိုင်က အကျွမ်းကျင်ဆုံး အလှဖန်တီးရှင် တည်မြဲခန့် တဲ့၊ ခန့်လို့ ခေါ်မှ ကြိုက်တာနော်၊ နာမည်ခေါ် မမှားစေနဲ့၊ စိတ်ကောက်သွားဦးမယ်"

"ဟင် ခန့် ခန့် တည်မြဲခန့်"

"ပျို ပျိုခေတ် နင် ပျိုခေတ် ဟုတ်ပါတယ်နော်"

မမထား မိတ်ဆက်ပေးစဉ်မှာ တစ်ယောက်နှင့်တစ်ယောက် တအံ့တသြ နှုတ်ဆက်နေကြတော့ မမထား နားမလည်နိုင်အောင် ဖြစ်နေသည်။

"ပျိုခေတ်နဲ့ခန့်က သိနေကြတာလား"

"ဟုတ်ကဲ့ ခန့်က ပျိုခေတ်ရဲ့ ငယ်သူငယ်ချင်းလေ၊ ငယ်ငယ်ကတည်းက ဒီလို ဒီဇိုင်းမျိုးဆိုပေမယ့် အရပ်ကြီးထောင်ထောင်မောင်းမောင်းနဲ့ ထွားလာတော့ မနည်းရုပ်ဖမ်းကြည့်ရတယ်၊ နင် ဘာမှမပြောင်း





လဲသေးပါလား ခန့်၊ အခုလို တိုက်တိုက်ဆိုင်ဆိုင် ဆုံရမယ်လို့ မထင်ဘူး၊ တွေ့ရတာ ဝမ်းသာလိုက်တာဟယ်"

"ငါ ငါလည်း ဒီလိုပဲ ပျိုခေတ်၊ နင် အရမ်းလှလာတယ်နော်၊ မမထားကသာ နာမည်ပြောပြီး မိတ်ဆက်မပေးရင် မှတ်မိမှာတောင် မဟုတ်ဘူး၊ နင်က သူဌေးမကြီးအဖြစ်နဲ့ ပြန်လာတာလား"

"ဟင့်အင်း မိဘတွေရဲ့ လက်ဝေခံပဲ ရှိပါသေးတယ်၊ ဖေဖေ မေမေတို့မရှိမှဘဲ အမွေဆက်ခံမှာပေါ့၊ နင်ရော အခု ဘာလုပ်နေတာလဲ၊ နင့်မိဘတွေရော စီးပွားရေး အဆင်မပြေဘူးလား၊ ငါတို့ကလည်း ဟိုနိုင်ငံဒီနိုင်ငံ ပြောင်းနေတော့ နင်တို့နဲ့ အဆက်အသွယ်ပြတ်သွားတာ၊ နင့်အဘွားပိုင်တဲ့ ပွဲရုံကလည်း စုံစမ်းလို့မရတော့ဘူးလေ၊ အဲဒါက ဘယ်လိုဖြစ်ပြီး"

"ဟယ် ညီမလေးရယ်၊ ညီမလေး မေးတာတွေက စုံနေတာပဲ၊ ခန့် ဘယ်ကစဖြေမလဲ ညီမလေးရဲ့၊ ခန့် ဘယ်လောက် ခေါင်းစားသွားလဲ ကြည့်ပါဦး၊ မျက်နှာလေးကို ငယ်လို့"

ပျိုခေတ်ရဲ့ အငမ်းမရ မေးခွန်းများကို ဖြေဖို့ ခန့် အင်အားမရှိပေ။ အနှစ်နှစ် အလလ ကွဲကွာနေသော ပျိုခေတ်ကို အမှတ်မထင် တွေ့ရတာ ဝမ်းသာပေမယ့် ဘဝကို အရှိအတိုင်းပြောချဖို့ ဆွံ့အနေတာကိုကိုအကြောင်းပြောသင့် မပြောသင့် ချိန်ဆနေမိလို့ပင်။

"ခန့် နင်ရော ဘာလို့ ဒီလိုကြီး နေနေတာလဲ၊ ငယ်ငယ်က နင့်အစ်ကို အနိုင်ကျင့်လို့ မိန်းမလျာပုံစံ ပေါက်နေပေမယ့် ကြီးလာတော့



www.burmeseclassic.com

www.burmeseclassic.com


ပြောင်းလဲမယ်ထင်နေတာ၊ ကြည့်စမ်းပါဦး ခန့်ရယ်၊ တကယ် မိန်းကလေး ကျနေတာပဲ၊ နင် အဲလိုကြီး နေတာ မရှက်ဘူးလား''

''ဟို အဲ အဲဒါက''

ရေပက်မဝင်အောင် ပြောနိုင်လွန်းသော ပျိုခေတ်စကားတွေကြောင့် တည်မြဲခန့် အနေကျံု့ သိမ်ငယ်နေမိသလိုပင်။

ထိုခံစားမှုက ပျိုခေတ်ရှေ့မှာမှ ပထမဆုံးအကြိမ် ရှက်စိတ်တို့ တိုးဝင်လာတာပါ။

''ညီမလေးက ခန့်အကြောင်း အရမ်းကိုသိချင်နေတယ် ထင်တယ်၊ စကားကို မချွေတာတတ်တဲ့ ခန့်က စကားနည်းလွန်းနေတာ အဖြေရခက်လို့နေမှာ၊ နောက်တော့ မမ အေးအေးဆေးဆေး ပြောပြပါ့မယ်ကွယ်၊ အခု လုပ်ငန်းကိစ္စလေး တိုင်ပင်လိုက်ရအောင်နော်''

''ဩော် ဟုတ်ကဲ့ မမ၊ ခန့်တို့မိသားစုနဲ့က တကယ် ဆွေရင်းမျိုးရင်း မိသားစုလို နေခဲ့ကြတာဆိုတော့ ပျိုခေတ် အရမ်းဝမ်းသာနေလို့ပါ၊ ပျိုခေတ်နဲ့ မော်ဒယ်တွေကို ခန့် မိတ်ကပ်လိမ်းပေးမှာမဟုတ်လား၊ နောက်လည်း ပျိုခေတ်အတွက် ခန့်ကို ဒီဇိုင်နာအဖြစ် ခေါ်ချင်တယ်၊ မမ ကူညီပါနော်''

''ဟင် ညီမလေးက ဘာလုပ်ဦးမှာလဲကွဲ့''

''ဩော် မမ မသိသေးဘူး ထင်တယ်၊ ပျိုခေတ်က နိုင်ငံခြားမှာ အနုပညာကျောင်းပြီးခဲ့တယ်၊ အခု မြန်မာပြည်မှာ မော်ဒယ်လုပ်မလို့လေ၊ ကိုယ့်ကုမ္ပဏီအတွက်တော့ ပင်တိုင်မော်ဒယ်ပေါ့၊ ဖေဖေ့မိတ်ဆွေ ကုမ္ပဏီနှစ်ခုကလည်း ကမ်းလှမ်းထားတယ်လေ''

''ဟယ် ဟုတ်လား၊ မမနဲ့မတွေ့တဲ့ သုံးနှစ်လောက်အတွင်းမှာ ညီမလေးက တော်တော်ကြိုးစားခဲ့တာပဲ၊ ဒီမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြည့်ဖို့ စိတ်ကူးရှိလား ညီမလေး''

''ဘယ်လိုပြောရမလဲ အဲဒါကို အရမ်းကြီး ဝါသနာပါလို့ အဲဒီကျောင်းကို တက်ခဲ့တာတော့ မဟုတ်ဘူး၊ သူများနိုင်ငံမှာ ကျောင်းစာအပြင် လေ့လာချင်တဲ့သဘောပါ၊ ဒီရောက်မှ ဖေဖေတို့က တိုက်တွန်းတာ ကိုယ့်ကုမ္ပဏီအောင်မြင်ဖို့ မီဒီယာနဲ့ အင်တာတိန်းမန့်က အရေးကြီးတယ်တဲ့လေ၊ သူများတွေလည်း အဲလို ထိုးဖောက်နေကြတာလို့ ပြောတယ်''

''အဲဒါတော့ ဟုတ်တယ်၊ ဖျော်ဖြေရေးကဏ္ဍလေးနဲ့မှ လူတွေစိတ်ဝင်စားကြတာ၊ ဒါလည်း ခေတ်ရေစီးကြောင်းပေါ့ ညီမရယ်၊ ဒီလိုကနေ စင်ပေါ်ရောက်သွားပြီး အောင်မြင်ရင်တော့ မမတို့ကို မေ့မသွားနဲ့နော်''

''ဩော် မမကလည်း မေ့စရာလား''

မမထားကိုပြောရင်း တည်မြဲခန့်ဘက် လှည့်ကြည့်မိတော့ တည်ငြိမ်တိတ်ဆိတ်လွန်းနေသော ခန့်က ပျိုခေတ်ကို အားကျစွာ ငေးကြည့်နေသည်။

''ခန့် နင် ဘာကြည့်နေတာလဲ၊ ပြောစရာရှိတာ ပြောလေ''

''ပျိုခေတ်ကို အားကျလို့ပါ၊ ဘဝအနိမ့်အမြင့်က အရမ်း အံ့ဩဖို့ကောင်းတာပဲနော်၊ ပျိုခေတ်တို့က အရမ်းမြင့်ပြီး ခန့်တို့က''



www.burmeseclassic.com

www.burmeseclassic.com



"ခန့်တို့ အဆင်မပြေဘူးလား ဟင်၊ ဘာတွေဖြစ်သွားတာလဲ"

"နောက်တော့ တဖြည်းဖြည်း သိလာမှာပါ၊ အခုက လုပ်ငန်းချိန်ဖြစ်နေတော့ နောက်မှ အေးအေးဆေးဆေးပေါ့နော်"

"ဩော် အင်း ညနေခြောက်နာရီပွဲစမှာဆိုတော့ အစအဆုံးပွဲပြီးတဲ့အထိ အကူအညီပေးနိုင်မလားလို့ပါ၊ အခု အလုပြင်သွားပြီးကိုယ့်အလှည့်မရောက်မချင်း ပတ်(ပ်)ရိုက်နေရတာမျိုး မဖြစ်ချင်ဘူးလေ"

"အဲဒီအတွက် စိတ်ချပါ ညီမလေးရယ်၊ မမက ခန့်ကို ပွဲပြီးတဲ့အထိ နေပေးဖို့ မှာထားပါတယ်၊ တပည့်လေးနှစ်ယောက်ကိုလည်း ထည့်လွှတ်လိုက်မယ်၊ ညီမလေး လိုအပ်သမျှ မမ ကူညီမှာပါ၊ ညီမလေး မိဘနှစ်ပါးရဲ့ကျေးဇူးတွေက မမအပေါ်မှာ အများကြီးလေ"

"ဟုတ်ကဲ့ ပျိုခေတ်လည်း ကျေးဇူးတင်ပါတယ်"

ထိုနေ့က ပျိုခေတ် နောက်ကိုလိုက်ပြီး ပျိုခေတ်တို့ရဲ့ အောင်မြင်တိုးတက်နေသော အခြေအနေကို ပိုပြီးသိခွင့်ရခဲ့သည်။ စီးပွားပျက်ပြီးပြေးသော ပျိုခေတ်တို့ ဒီလိုကြီးပွားချမ်းသာပြီး ပြန်လာတာ အံ့လည်းအံ့သြမိသလို ဝမ်းလည်းဝမ်းသာမိသည်။

တကယ် အလုပ်လုပ်သည့်လူတွေအတွက် ကျရှုံးတယ်၊ ပျက်စီးတယ်ဆိုတာလည်း ခဏတာ အနိုက်အတန့်ပေါ့။

သူတို့မိသားစုမှာတော့ ဘဝင်မြင့်သော ကိုကိုနှင့် အလုပ်အပေါ်ကြိုးစားလေ့လာမှုမရှိ အောက်ခြေလွတ်နေသော ဖေဖေကြောင့် မြေပေါ်မှာ လမ်းလျှောက်ပြီး ဘယ်တော့မှ အမြင့်ကို မျှော်မှန်းနိုင်တော့မှာ မ



ဟုတ်ပေ။

ဒါလည်းကံကြမ္မာပေပဲလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ကံကြမ္မာလို့ပဲ ပြောရမှာပေ့ါ၊ အလွယ်တကူတော့ မဟုတ်ဘူးကွ၊ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာပဲ၊ လူဆိုတာ အလုပ်နဲ့ကိုယ့်ပညာကို တန်ဖိုးမထားရင် ကျရှုံးမှု တာရှည်တာပေ့ါ၊ မင်းတို့ကတော့ မင်းတို့အဘွား ဆုံးသွားကတည်းက နလံမထူနိုင်ဘဲ ဒေဝါလီခံလိုက်ရတာ မဟုတ်လား"

"ရှင် အဲ ဗျာ အန်ကယ်က အဲဒါတွေ သိနေတယ်"

"ဖေဖေ ဘယ်လိုလုပ်သိတာလဲဟင်၊ ပျိုခေတ်ကိုတောင် ဘာမှ ပြောမပြပါလား"

ဦးထင်ကျော်ရဲ့ အတိအကျ စကားကြောင့် တည်မြဲခန့်ရော ပျိုခေတ်ရော အံ့ဩတကြီး ပြန်မေးမိကြသည်။ ဦးထင်ကျော် ပုံစံက တည်မြဲခန့်တို့ကို အထင်သေးရှုတ်ချချင်နေသလိုပင်။ ပွဲပြီးလို့ ပျိုခေတ်က ဝမ်းသာအားရ မိတ်ဆက်ပေးချိန်မှာ တစ်ချိန်က မိသားစုလို ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရသလို

ဗျူးစာပေ



မဟုတ်ဘဲ မတော်လို့ အသိအမှတ်ပြုရုံလောက်သာ ခေါင်းညိတ်ပြခဲ့သည်။

ထိုင်ပါ ထပါ ခရီးဦးကြို မရှိ၊ သတိတရ အမှတ်တရ နွေးထွေးမှုမျိုးလည်း မရှိ။

သာမန် ညွှဝတ်ကျေရုံလောက်သာမို့ ပျိုခေတ်က အားနာကာ တည်မြဲခန့် လက်ကို ဆွဲပြီး ထိုင်ခိုင်းသည်။ ပြီးမှ အရေးတယူ ပြန်မိတ်ဆက်ပေးတော့ တိုက်ရိုက်ထိပါးနိုင်သော စကားကို ခပ်ထေ့ထေ့ ပုတ်ခတ်ပြီး ပြောသည်။ ဒါက အခြေအနေ အနိမ့်အမြင့်ကြောင့် ပြောင်းလဲသွားခြင်းလား။

အဆင့်အတန်း ခွဲလိုတာအထိတော့ မဖြစ်သင့်ပါ။ အခုလည်း ခန့်တို့ မေးခွန်းအဆုံးမှာ ခပ်ထေ့ထေ့ ပြုံးလျက်

"သမီးကို ပြောပြရအောင် ဝမ်းသာရမယ့်သတင်းကောင်းမှ မဟုတ်ဘဲကွယ်၊ နိမ့်ရာက မြင့်သွားတာ လူကြားလို့ ကောင်းတယ်၊ မြင့်ရာက နိမ့်ပြီး လူဖြစ်ရှုံးတာတော့ ဘယ်လိုမှကို မဖြစ်သင့်တာ"

"ဒါကတော့ ဖေဖေရယ်၊ ပျိုခေတ်တို့လည်း ဒီလိုဖြစ်ခဲ့ဖူးတာပဲ"

"တူလို့လား သမီး၊ အခု ဖေဖေတို့ အခြေအနေကို ကြည့်စမ်း၊ အရင်ကထက်တောင် အောင်မြင်တိုးတက်နေသေးတယ် မဟုတ်လား၊ ကံမကောင်းတစ်ချက်၊ အလူးအလိမ့်ခံလိုက်ရပေမယ့် နလံပြန်ထူအောင် ကြိုးစားနိုင်တယ်"

"ဟုတ်ပါပြီ ဖေဖေရယ်၊ ထားပါတော့ ခန့်ရှေ့မှာ အဲဒါတွေ ပြောမနေပါနဲ့ အားငယ်နေတဲ့သူကို ဖိအားပေးသလိုဖြစ်နေပြီ၊ တစ်ချိန်က

ဗျူးစာပေ

www.burmeseclassic.com


မိတ်ရင်းဆွေရင်းတွေပဲဥစ္စာ၊ ပြီးတော့ ခန့်ဘွားဘွား အကူအညီပေးခဲ့လို့ ပျိုခေတ်တို့လည်း ဒီလိုမျိုး ပြောင်းလဲလာနိုင်တာ မဟုတ်လား၊ တခြား အကြောင်းပဲ ပြောပါ ဖေဖေ''

''အေးလေ ဖေကြီးကလည်း ခန့်လေးတောင် မျက်နှာငယ်နေပြီ၊ ပြောသင့်တဲ့အချိန်မှ ပြောတာ မဟုတ်ဘူး။ အခုမှ တွေ့တုံး ဆုံတုံး နှုတ်ဆက်စကားလေး ဘာလေးပဲ ပြောစမ်းပါ''

ဒေါ်ယမင်းပျိုနှင့် ပျိုခေတ်ဝင်ပြောမှ တင်းမာနေသော ဦးထင်ကျော် မျက်နှာက ပျော့ပျောင်းလာသည်။ ကော်ဖီခွက်လေးကို ခန့် ရှေ့ တိုးရွှေ့ပေးပြီး

''အေးကွာ အန်ကယ်က မင်းအဖေနဲ့ အစ်ကိုကို အားမရဖြစ်မိလို့ပါ၊ အဘွားဆုံးလည်း လုပ်ငန်းကို ကြိုးကြိုးစားစား လုပ်သင့်တာပေါ့၊ အခုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ ဘယ်လောက်ရင်နာဖို့ ကောင်းလဲ၊ အခု ရပ်ကွက်ငယ်လေးမှာ ချို့ချို့တဲ့တဲ့ နေရတယ်ဆို''

''ဟုတ် ဟုတ်ပါတယ် အန်ကယ်''

''မင်းအဖေ အခုထိ ဘာအလုပ်မှ မလုပ်သေးဘူးလား''

''ဖေဖေလည်း အလုပ်ကောင်းတစ်ခုတော့ ရှာနေပါတယ်၊ မတွေ့သေးတာနဲ့''

''ရတဲ့အလုပ်က မတန်ဘူးလို့တွေးပြီး ရွေးနေမှာပေါ့၊ နဂိုကတည်းက ဘဝင်ခပ်မြင့်မြင့်ဆိုတော့''

အဲလို မဟုတ်ပါဘူးလို့ ခန့် အတိုက်အခံလုပ် မပြောရဲ၊ ဦးထင်





ကျော် အရာရာ ကြိုသိနေတာပဲ အံ့သြစရာ။ ဒါပေမဲ့ ဘွားဘွားကျေးဇူးကြောင့် ဒီလိုမျိုး တိုးတက်အောင်မြင်လာတာမို့ ပြောချက်တွေက ငဲ့ညှာထောက်ထားမှုမရှိဘူးဟု ထင်မြင်ယူဆမိသည်။ ဘာကြောင့်များ ဒီလောက်တောင် ပစ်ပစ်ခါခါ သူစိမ်းဆန်လွန်းရတာလဲ။

ပျိုခေတ်ကတော့ အရမ်းကို အားတုံ့အားနာ ဖြစ်နေသလိုပါ။

''ခန့်တို့ အခြေအနေက အဲလိုတောင် ဖြစ်သွားတာလားဟင်၊ ပျိုခေတ် အဲလောက်ထိ သိမထားလို့ပါ၊ လိုတဲ့အကူအညီရှိရင် ပြောပါနော်၊ ဟို ကိုကိုရော ဘာတွေလုပ်နေလဲဟင်၊ ကျောင်းပြီးလို့ အလုပ်တွေ ဘာတွေဝင်နေရောပေါ့၊ မိသားစုပေါ် တာဝန်ကျေတယ် မဟုတ်လား''

''ဟင် အင်း ကောင်း ကောင်းပါတယ်''

''ဘာကောင်းတာလဲကွ၊ မင်းအစ်ကို အိမ်ထောင်ကျပြီးပြီဆို''

''ဟင် ဖေဖေပြောတာ ဟုတ်သလား ခန့်၊ ကိုကို အိမ်ထောင်ကျသွားပြီလား''

အရာရာ ကြိုသိနေသော ဦးထင်ကျော်က အတိအကျ စုံစမ်းထားသလိုပင်။ ဘာကိုများ ဖုံးကွယ်ထားလို့ရဦးမှာလဲ။

''ဟုတ်တယ် ပျိုခေတ်၊ ကိုကို အိမ်ထောင်ကျသေးတယ်၊ အခုတော့ အိမ်ထောင်ကွဲသွားပါပြီ၊ အိမ်မှာပဲ အတူတူနေကြတယ်လေ၊ စီးပွားရေးကျ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ အခိုက်အတန့် မှားယွင်းသွားတဲ့သဘောပေါ့''

''ဩော် ဒီလိုဖြစ်တတ်ပါတယ်လေ၊ ပျိုခေတ်တို့တုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်သေးလို့ ကြီးကြီးမားမား မခံစားတတ်ဘူးဆိုပေမယ့် စိတ်တော့ ပင်ပန်းခဲ့ရတာပါပဲ၊ အဲဒီအချိန်က ကိုကို့ရဲ့ အားပေးနှစ်သိမ့်မှုတွေကြောင့် ပျိုခေတ် ဝမ်းမနည်းတတ်ခဲ့တာ ပြောရရင် ကိုကိုက ပျိုခေတ်ရဲ့ ကယ်တင်ရှင်ပဲ၊ ပျိုခေတ် လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့လို့လေ''

''အဲဒါတော့ ဟုတ်တယ်၊ တည်ကြည်ခန့်လေးက အရမ်းကို သိတတ်တာ၊ သူ့ဘွားအေဆီက မုန့်ဖိုးတောင်းပြီး မေမေတို့ မိသားစု လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့တယ်၊ သမီးအပေါ်သံယောဇဉ်ကြီးလို့ ဖြစ်မှာ ပေါ့လေ''

သားအမိနှစ်ယောက် ထိုစကားတွေ ပြောနေတာကို ဦးထိပ် ကျော် ဘဝင်ကျ ကျေနပ်ဟန်မတူ။ မျက်မှောင်ကြီးကျုံ့ပြီး

''ခန့်ပြန်ဖို့ အရမ်းနောက်ကျနေပြီ၊ ပြန်ချင် ပြန်တော့လေ''

''အို ဖေကြီးကလည်း ဘယ်လိုပြောလိုက်တာလဲ''

''ငါက စိုးရိမ်လို့ ပြောတာပါ၊ နောက်မှ အေးအေးဆေးဆေး အိမ်လည်လာချင်လည်း လာပေါ့၊ ဒီနေ့ အန်ကယ်တို့လည်း ကုမ္ပဏီ ဖွင့်ပွဲနဲ့ ပင်ပန်းနေတာဆိုတော့''

''ဟုတ်ကဲ့ ခန့် နားလည်ပါတယ် အန်ကယ်၊ ပြန်လိုက်ပါဦးမယ် နော်''

''အေး မင်းလည်း ဟိုမရောက် ဒီမရောက်နဲ့ သိပ်တော့ အထာ မကျဘူးကွ၊ ယောက်ျားက ယောက်ျားလိုနေတာပဲ ကောင်းပါတယ်''

ခန့် ဘာမှပြန်မပြောတော့ဘဲ ခပ်သုတ်သုတ်ပဲ အိမ်အပြင်





ထွက်လာခဲ့သည်။ ခြံဝင်းထဲအရောက်မှာ အပြေးလိုက်လာသော ခြေသံကို ကြားရ၏။ တန်ဖိုးကြီး ရေမွှေးရနံ့လေးကိုပါ ရှူရှိုက်လိုက်ရတာမို့ ပျိုခေတ် ဆိုတာ သေချာသိလိုက်သည်။

''ခန့်''

ခေါ်သံကြားမှ ခြေလှမ်းတို့ တုံ့ရပ်လိုက်၏။ ပျိုခေတ်က ခန့် ရှေ့တည့်တည့် ခြေစုံရပ်ကာ

''ဖေဖေ ပြောတာတွေ စိတ်မဆိုးလိုက်ပါနဲ့ နော် ခန့်၊ ပျိုခေတ် တောင်းပန်ပါတယ် ဖေဖေက မပြောသင့်တာတွေ အရမ်းကြီး ပြောလွန်း တယ်''

''ဟင့်အင်း ပြောသင့်လို့ပြောတာပါ၊ ခန့် စိတ်မဆိုးပါဘူး၊ စိတ်မကောင်းတော့ ဖြစ်မိတယ်၊ အန်ကယ် အရင်ကနဲ့မတူဘူးနော်၊ အရမ်းပြောင်းလဲသွားသလားလို့ ဒါပေမဲ့ အခြေအနေချင်းမှ မတူဘဲလေ၊ ခန့် နားလည်ပါတယ်''

''အဲလိုကြီး မဟုတ်ပါဘူး ခန့်ရယ်၊ ဖေဖေက ခန့် ဖေဖေနဲ့ ကိုကို ကြိုးစားမှုမရှိတာကို စိတ်တိုနေတာ ဖြစ်မှာပါ၊ ဒီလို ချို့တဲ့တဲ့ အခြေအနေထိ ဖြစ်သွားလို့လေ၊ တကယ်ဆို ဆင်ပိန်ရင် ကျွဲလောက်ကျန် ပြီ၊ အဆိုးဆုံးထိ ရောက်မသွားသင့်ဘူး မဟုတ်လား''

''ခန့်တို့မိသားစု ညှိုးဖျင်းတာ တာဝန်ခံပါတယ်၊ ခန့်ကတော့ တယ်သူ့ကိုမှ အပြစ်မတင်ချင်ဘူး။ ကိုယ်ဖြည့်ဆည်းနိုင်သလောက်ပဲ ဖြည့်ဆည်းသွားတော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ပျိုခေတ် စိတ်မကောင်းပါဘူး ခနဲ့ရယ်၊ မြန်မာပြည်ပြန်ရောက်ကတည်းက ခနဲ့တို့ ဘယ်ပြောင်းသွားသလဲဆိုတာ စုံစမ်းနေတာပါ၊ ဒီလိုပုံစံမျိုးနဲ့ အခြေအနေဆိုးသွားတာ ပျိုခေတ် တကယ်မသိတာပါ၊ လိုအပ်တဲ့အကူအညီရှိရင် ပြောပါနော်၊ ပျိုခေတ် အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ ဟိုလေ ခနဲ့တို့ မိသားစုနဲ့လည်း တွေ့အောင် ပျိုခေတ် လာခဲ့ပါဦးမယ်"

"ဟင့်အင်း မ မလာခဲ့ပါနဲ့ ပျိုခေတ်"

"ဟင် ဘာလို့လဲ ခနဲ့ရဲ့"

ခနဲ့ ပျာပျာသလဲ အထိတ်တလန့် တားဆီးလိုက်တာမို့ ပျိုခေတ်နားမလည်တတ်အောင် ဖြစ်သွားသည်။

ခနဲ့ သူစိမ်းဆန်လွန်းတာလား၊ သိမ်ငယ်နေတာလား။

"ခနဲ့တို့ မိသားစုအခြေအနေကို လက်တွေ့မြင်ရင် ပျိုခေတ် စိတ်မကောင်းဖြစ်မှာစိုးလို့ပါ၊ ခနဲ့နဲ့တွေ့ချင်ရင် မမထားဆိုင်ကို လာလို့ရတာပဲ"

"ကိုကိုနဲ့လည်း တွေ့ချင်သေးတာပေါ့ ခနဲ့ရဲ့၊ ပြီးတော့ ခနဲ့ဖေဖေနဲ့မေမေကိုလည်း နှုတ်ဆက်ရင်းနဲ့ လက်ဆောင်ပေးချင်သေးတယ်"

"ဟို အဲလိုတွေ မလိုပါဘူး ပျိုခေတ်ရယ်၊ တမင်သက်သက်ကြီး မလုပ်ပါနဲ့၊ တိုက်ဆိုင်မှ ကြုံမှပဲ"

"ခနဲ့က သူစိမ်းဆန်တာလား"

"အရင်ကတည်းက တရင်းတနှီးမှ နေခွင့်မရှိခဲ့တာဘဲ ပျိုခေတ်ရယ်၊ အခုထိ ပျိုခေတ်ကို ခနဲ့ အရမ်းခင်ပါတယ်၊ ခြံဝထိ လိုက်ပို့မယ်နော်၊ ခနဲ့ သွားတော့မယ်"



စကားစတွင်တွင်ဖြတ်ကာ ခနဲ့ ပြေးထွက်လာခဲ့သည်။

ဟိုအရင်ချိန်က ခနဲ့တို့အိမ်ထက် ခမ်းနားထည်ဝါလွန်းသောပျိုခေတ်တို့ခြံဝင်းကျယ်ကြီးထဲမှာ ခနဲ့ ကြာရှည်မနေချင်ပါ။

မြင့်ရာက နိမ့်ကျသွားသည့် အခြေအနေကို နာနာကျင်ကျင်မခံစားခဲ့ရပေမယ့် ဘာကြောင့် ပျိုခေတ်ရှေ့မှာ အနေကျုံ့သိမ်ငယ်နေမိမှန်းမသိ။

ကိုကိုနဲ့ဆုံပြီး ပျိုခေတ် ကံဆိုးခြင်းနေ့ရက်တွေ ရင်ဆိုင်ရမှာကိုလည်း ဘာကြောင့် စိုးရိမ်နေမိမှန်းမသိ။

သံယောဇဉ်ဆိုတာ အဖြူ အမည်း ခွဲခြားဖို့ခက်ခဲသည်။ ဒြပ်မဲ့အရာဝတ္ထုများလား။

အကောင်အထည်ဖော်မပြနိုင်သော ကြိုးတစ်မျှင်က. . .။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၂)

"ဘာကိစ္စ အရေးကြီးနေလို့ မမထားကို အပြင်မှာ ချိန်းလိုက်ရတာလဲ ညီမလေးရယ်၊ အစားအသောက်တွေ မှာထားလိုက်တာလည်း အလျှံပယ်ပဲ၊ ဆိုင်ကို လာလိုက်ရင် မမထားက ပြုစုမှာပေါ့"

"မမထားဆိုင်ကို မလာတာက ခန့် အကြောင်းမေးချင်လို့ပါ မမထား၊ ညက ခန့်တို့အကြောင်း စဉ်းစားပြီး တစ်ညလုံး အိပ်လို့မရဘူး ခန့်က သူ့အိမ်ကို မလာစေချင်လို့လား မသိဘူး၊ လိပ်စာလည်း မပေးဘူ မမထားရဲ့၊ ခန့်တို့အကြောင်း မမထား ဘယ်လောက်သိထားလဲဟင် ပျိုခေတ်ကို ပြောပြပါလား၊ ပျိုခေတ် ရင်ထဲမကောင်းလွန်းလို့ပါ"

"မနက်စာ ဝယ်ကျွေးပြီး ညီမလေးကတော့ ထောက်လှမ်းရေ လုပ်နေတာလား၊ အင်တာနက်ပေါ် တင်ချင်လို့ သတင်းယူနေတာလာ ညီမလေး"

အရယ်အရွှန်းနှင့် မမထား စနောက်နေပေမယ့် ပျိုခေတ် မပြုံး ရယ်နိုင်ပါ။ ခန့် ပြန်သွားကတည်းက ရင်ထဲမှာ နေမထိထိုင်မသာ



ဘာတွေ အုံဖွဲ့ကျန်ခဲ့မှန်းမသိ။

"ပျိုခေတ် အတည်မေးနေတာပါ၊ ခန့်က မမထားဆီ ဘယ်လို ရောက်လာတာလဲ၊ သူတို့အကြောင်း မမထား ဘယ်လောက်သိထားလဲ၊ ပြီးတော့ သူတို့လိပ်စာ"

"နိုး နိုး ခဏလေး ညီမလေး၊ ခန့်က မမထားကို တောင်းဆိုထားတယ်၊ ခန့်တို့အိမ်လိပ်စာကို ပျိုခေတ် တောင်းရင် မပေးပါနဲ့တဲ့"

"အဲဒါ ဘာသဘောလဲ"

"မမထား နားမလည်ဘူး၊ ညီမလေးတို့က အရမ်းခင်ခဲ့ကြတဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေဆို၊ တစ်ယောက်အခက်အခဲ ဖြစ်ရင် တစ်ယောက်က ဖေးမကူညီရမှာပေါ့၊ အခု ခန့်က အဲဒါကို လက်မခံချင်တာလား၊ သူတို့အနေအထားကို သိမ်ငယ်နေတာလား မသိဘူး"

"ခန့်က ပျိုခေတ်ကိုတောင် ရှောင်ချင်နေတာလား"

"အဲလိုတော့ မဟုတ်ဘူး၊ ပျိုခေတ်လာရင် ကောင်းမှာပဲတဲ့၊ ပျိုခေတ်က အရမ်းလှလာတယ်၊ ကြည့်လို့တောင် မဝဘူးတဲ့လေ"

ပျိုခေတ် ရင်ထဲ လှိုက်ခနဲ ဖြစ်သွား၏။ ယောကျ်ားစစ်စစ်က ပြောတာ မဟုတ်ဘဲ ဒီရင်က ဘာကြောင့် လှုပ်ရှားသွားမှန်းမသိပေ။

"အဲလိုပြောပြီး ဘာကြောင့် အိမ်လိပ်စာကျ မပေးတာလည်း မသိဘူး၊ သူမှာ တခြားအကြောင်းရှိလို့နေမယ်နော်"

"သူ တစ်ခုခုကို စိုးရွံ့ပြီး သိမ်ငယ်နေတာတော့ သေချာတယ်၊ အလုပ်ထဲမှာလည်း အာရုံမရ၊ စိတ်မဝင်စားဘူး၊ မျက်နှာလည်း မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘူး ညီမလေး၊ အရင်ကဆို ခန့်က အရမ်းပေါ့ပါးတက်ကြွတာ၊ အလုပ်ကိုလည်း ကြိုးစားမှုရှိတယ်၊ လေးစားတယ်၊ ဒါကြောင့်လည်း မမထားက သူ့ကို အားကိုးနေမိတာပေါ့''

''အင်း ဟုတ်ပါပြီ၊ ခန့်အကြောင်း၊ အဲလောက်ပဲ သိတာလား။ သူ့မိသားစုအကြောင်းရော''

''အဲ သူ့မိသားစုအကြောင်းဆိုမှ သတိရတယ်၊ သူ့အဖေနဲ့ အစ်ကိုက သူ့ကို အနိုင်ကျင့် နှိပ်စက်နေပြန်ပြီ ထင်တယ်''

''ဘယ်လို''

မမထား စကားက သူမနှင့် ရင်းနှီးပြီးသားလို ဖြစ်နေသည်။ ဟိုးငယ်ငယ်လေးကတည်းက ကိုကိုက ခန့်ကို အနိုင်ကျင့်နေကျ မဟုတ်လား။

''ခန့်က မိသားစုအပေါ် အရမ်းသိတတ်ပါတယ်၊ အခုလည်း ဘယ်သူမှ အလုပ်လုပ်တာ မဟုတ်ဘူး။ စားဝတ်နေရေးရော အားလုံးရဲ့ အိမ်အသုံးစရိတ်ရော အပြည့်အဝတာဝန်ယူနေရတာ၊ အမေဆိုတာက ထားလိုက်တော့လေ၊ အစ်ကိုနဲ့အဖေက ရေသာခို အခွင့်အရေးမယူသွင်းဘူးလား''

''ဟုတ်သားပဲနော်၊ ခန့် သနားပါတယ်''

''ဒီထက်ပို သနားစရာကောင်းတာက လုပ်ကိုင်လည်းကျွေးရတယ်၊ ပြစ်ပြောခံရတာလည်း မလွတ်ဘူး။ ဒီအလုပ်ကို ဝါသနာမပါ မလုပ်ချင်ဘဲ မမထားဆီ ရောက်လာတယ်၊ ပြောရရင် မိန်းမလျှာ ဖြစ်နေ



ရတာတောင် သူ့ကိုယ်သူ ရှက်နေရှာတယ် ထင်တယ်''

''အဲဒါတော့ ဟုတ်တယ်၊ ငယ်ငယ်ကလည်း မိန်းကလေး အကျႌတွေ ဝတ်နိုင်ရင် မဝတ်ချင်ဘူး၊ သူ့အစ်ကိုကို ကြောက်လို့ ဝတ်ရင်းနဲ့ ဒီလိုပုံစံ ဖြစ်သွားတာ''

''အဲဒါ ပြောတာ၊ အစ်ကိုကို အနစ်နာခံရင်းနဲ့ သူကသာ လူညွန့်တုံးလာတယ်၊ အစ်ကိုက အသုံးအဖြုန်းလည်း မလျှော့၊ ဘွဲ့လည်း မရသေးဘူးလေ''

''ဟင် ဘွဲ့တောင် မရသေးဘူး''

ပျိုခေတ် အံ့သြပြီးရင်း အံ့သြရပြန်သည်။ ဒီလောက်တောင် ကိုကိုက ညံ့ဖျင်းသည့်လူလား။ တကယ်ဆို ခန့်ကို အားနာပြီးတော့ပဲ ဖြစ်ဖြစ် ငုံ့ညွှတ်ပြီးတော့ဖြစ်ဖြစ်၊ ဘွဲ့ရအောင် ကြိုးစားရင် ကြိုးစား၊ လုပ်ငန်းတစ်ခုခု လုပ်ချင်လည်းလုပ်ပေါ့။

အခုချိန်ထိ ခန့်အပေါ် အနိုင်ကျင့်နေလာခဲ့သည်တဲ့လား။ မမထားက ကော်ဖီသောက်လိုက်၊ မုန့်စားလိုက် လုပ်ပြီးမှ မျက်နှာကို ရှုံ့မဲ့တာ

''တကယ် အံ့သြတယ် သိလား၊ သူတို့ အခြေအနေက သူများထက်ကြီးမျက်ဘဝထက်တောင် စိုးသေးတယ်၊ ဒါတောင် လေးလေးပက်နက် ဘာအလုပ်မှ မလုပ်ဘဲ နေကြတယ်လေ၊ ခန့် ဘဝကတော့ မုဆိုးတွေကို ဖြည့်ဆည်းရင်းနဲ့ နစ်မွန်းတော့မှာ''

''သူ့အစ်ကိုက ဘယ်လို အိမ်ထောင်ကျပြီး ဘယ်လိုကွဲသွားတာ

www.burmeseclassic.com

www.burmeseclassic.com



လဲဟင်''

''အပျော်ရည်းစားထားရင်းက အလွန်အကျွံတွေဖြစ်၊ နိုးပြေးကြတာ နေမှာပေါ့၊ ကောင်မလေးဘက်က ချမ်းသာလို့ ပိုင်းလုံးလုပ်ချင်တာလည်း ပါမှာပါ၊ ဒါကို ဟိုဘက်က သိပြီး တစ်လအကြာမှာ ခွဲလိုက်တယ်လေ၊ ခွဲတယ်ဆိုတာကလည်း ဟိုဘက် ဒီဘက် ညှိနှိုင်းမရကြလို့ ပေါက်ကွဲပြီး ပြတ်ဆဲကုန်ကြတာပဲ၊ တည်ကြည်ခန့်က သူလိုချင်တာ မရရင် အလျှော့မပေးတာ''

မမထား စကားတွေ နားထောင်ပြီး ပျိုခေတ် အသက်ရှူလို့ မရအောင်ပင် မောပန်းလှသည်။ ခန့်အတွက် သူမ ဘာလုပ်ပေးနိုင်မလဲ။ ဘာလုပ်ပေးလျှင် အဆင်ပြေမလဲ။

''မမထားကို ပျိုခေတ် တစ်ခုလောက် အကူအညီတောင်းချင်တယ်''

''ပြောလေ ညီမလေးရဲ့၊ မြန်မာပြည် ပြန်ရောက်တာနဲ့ ဘာပဲဖြစ်ဖြစ် မမထား ကူညီပါမယ်လို့ ပြောထားသားနဲ့''

''ဟိုလေ ဒီလိုပါ မမထား၊ ခန့်ကိုလေ ပျိုခေတ်အတွက် ပင်တိုင်မိတ်ကပ်ဆရာ ဒီဇိုင်နာအဖြစ် ပေးပါလားဟင်''

''သြော် အဲဒါလား''

မမထား တွေခနဲ ငေးငိုင်သွား၏။ ပြီးမှ ခပ်လွင့်လွင့်လေး ပြုံးလိုက်ကာ

''ညီမလေးက ခန့်ကို တော်တော်သံယောဇဉ်ကြီးသားပဲ၊ ခန့်





အတွက် မမထားဆီမှာထက် အဆင်ပြေမှာဆိုတော့လည်း မမထား မတားဆီးချင်ပါဘူးကွယ်''

''ဟုတ်ကဲ့ သူ့မိသားစု အဆင်ပြေနိုင်တဲ့အထိ ပျိုခေတ် ပံ့ပိုးကူညီနိုင်မှာပါ၊ ခန့်ကိုလည်း ဒီလိုဘဝကြီးနဲ့ မနစ်မွန်းစေချင်ဘူး၊ အရာအားလုံး ပြောင်းလဲသွားအောင်လည်း ကြိုးစားမယ်''

''အဲလောက်ထိ စဉ်းစားထားရင် ကောင်းတာပေါ့ကွယ်၊ မမထားလည်း တစ်ဖက်က တတ်နိုင်သလောက် ပံ့ပိုးပါ့မယ်၊ ခန့်က မမထားကို အကျိုးပြုထားတာပဲ''

''ဟုတ်ကဲ့ ခန့်တို့အဘွားကလည်း ပျိုခေတ်တို့ မိသားစုအပေါ် အရမ်းကောင်းခဲ့ပါတယ်၊ ပျိုခေတ်တို့ ဒီလိုအခြေအနေမျိုး ပြန်ဖြစ်လာတာ ခန့်အဘွား ငွေတွေအများကြီး ကူညီခဲ့လို့ပါ၊ ပြီးတော့ ကိုကိုကလည်း ပျိုခေတ်ကို အရမ်း သံယောဇဉ်ကြီးခဲ့တယ်''

''ကိုကို ဆိုတာ''

''တည်ကြည်ခန့်ကို ပြောတာပါ၊ တခြားသူတွေ အတွက်တော့ မသိဘူး၊ ပျိုခေတ်အပေါ်တော့ ကိုကိုက အရမ်းဖြည့်ဆည်းနိုင်တဲ့သူပါ၊ ဘွားဘွားက ကိုကိုနဲ့ပျိုခေတ်ကို အရွယ်ရောက်ရင် လက်ထပ်ပေးစားဖို့တောင် စီစဉ်ခဲ့သေးတယ်''

''ဟင် အဲလို ဇာတ်လမ်းတွေတောင် ရှိခဲ့တာလား၊ အခု တည်ကြည်ခန့်က မိန်းမရပြီးပြီဆိုတော့ ညီမလေး ဘယ်လို ဆုံးဖြတ်မှာလဲ''

မမထား စကားကြောင့် ပျိုခေတ် ခစ်ခနဲ ရယ်ချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

မမထားက ကော်ဖီခွက်ကို အဆုံးသတ်ကောက်မော့ပြီး တစ်သျှူးစလေးနှင့် ပါးစပ်တွေ တို့သုတ်နေရင်းက

"ဘာရယ်တာလဲ၊ မိန်းမရသွားတယ်ဆိုလို့ လွမ်းနာကျနေမယ်ထင်ကာ"

"မမထားကလည်း ပြောတော့မယ်၊ ကလေးဘဝက ကိစ္စက အလေးအနက် တရားဝင်ဖြစ်ပဲ့မလား၊ လွမ်းနာကျရအောင်လည်း ပျိုခေက်နဲ့ကိုကိုက ဘာမှမ မဆိုင်တာ၊ ငယ်ငယ်က ကိုကို့အပေါ် တွယ်တာခဲ့ဖူးတာ မှန်ပါတယ်၊ ဒါကလည်း ကလေးသဘာဝ ကိုယ့်အပေါ်ကောင်းတဲ့သူ ဂရုစိုက်တဲ့သူကို လက်သာယာ တွယ်ကပ်ချင်တဲ့ သဘောပဲ မဟုတ်လား"

"ဟင်း ဟင်း ဟုတ်ပါပြီ၊ ငယ်ကျွမ်းဆွေတွေ ပြန်ဆုံမှ ဘယ်လိုအလွမ်းသယ်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

"နောင်ဘဝမှပဲ စောင့်ကြည့်တော့ မမထားရေ၊ ဒီဘဝ အတွက်တော့ ဘယ်လိုမှကို မဖြစ်နိုင်တော့တာ၊ ပျိုခေတ်က အချစ်နဲ့ရေစက်မရှိဘူးလေ"

ကတိစကားတစ်ခုလို ပြောလိုက်မိပေမယ့် ရင်ထဲ တစ်ထောင့်တစ်နေရာမှာ နိုးလိုးခလုဖြင့် ဘာအရာဝတ္ထုမှန်းမသိ အဖုအထစ်ဖြစ်နေသည်။

အသက်ရှူလို့မဝသည့်ကြားက ခန့် မျက်နှာကို တိတ်တခိုးမြင်ယောင်မိပြန်၏။



ရောင်စုံမျက်နှာနှင့် ကာလာတင်ထားသော နှုတ်ခမ်း။ တောင့်တင်းသန်မာသည့် ကိုယ်ပေါ်က မိန်းမအဝတ်အစားများကို ဖယ်ကြည့်လိုက်လျှင် တည်မြဲခန့်ကား . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၁၃)

"ခန့် ဘယ်လိုသဘောရလဲ"

ဒုတိယအကြိမ်မြောက် မမထား ထပ်မေးမှ ခန့် ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ နောက်တစ်ကြိမ် သက်ပြင်းချမိပြန်၏။ ဒါက ဝေခွဲရ ခက်သော ဆုံးဖြတ်ချက်မို့ပါ။

"မမထား တိုက်တွန်းတာက ခန့်အတွက်ပါ၊ မမထားဆီမှာ လုပ်နေတာထက် သုံးဆလောက် ပိုရမယ်၊ ခန့် မိသားစုအတွက် အဆင် ပြေမယ်၊ ခန့် ရည်ရွယ်ထားတဲ့ အိမ်ဝယ်ဖို့ကိစ္စလည်း အမြန်ဆုံး အကောင် အထည်ပေါ်နိုင်မယ်၊ ပြီးတော့ ပြည့်ပြည့်ဝဝ ထောက်ပံ့နိုင်ရင် ခန့်အမေ နဲ့ အစ်ကိုက ခန့်ကိုပိုပြီး ကြည်ဖြူလာနိုင်တယ် မဟုတ်လား"

"မမထားဆီမှာထက် သုံးဆလောက် ပိုရမယ့်ငွေက ဘယ် အတိုင်းအတာထိ အဆင်ပြေနိုင်မယ်ဆိုတာ ခန့် သိပါတယ်၊ ဒါပေမဲ့



မမထားကို ခြေစုံကန်သွားရာရောက်မှာလည်း စိုးတယ်၊ ပြီးတော့ ပျိုခေတ် ဆီမှာ ခန့်အလုပ်လုပ်ရင် ကိုကိုက ပျိုခေတ် မြန်မာပြည်ပြန်ရောက်လာ တာ အမြန်ဆုံး သိသွားနိုင်တယ်"

"သိသွားတော့ ဘာဖြစ်လဲ ခန့်ရဲ့၊ ခန့်က ဘာကြောင့် လန့် နေတာလဲ၊ ဖုံးကွယ်ထားလို့ရတဲ့ အရာမှ မဟုတ်တာ၊ ပျိုခေတ်တို့က လူမသိ သူမသိ ပုန်းကွယ်နေတဲ့ လူတွေမဟုတ်ဘူးလေ၊ တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး သိအောင်၊ ပျိုခေတ်က အနုပညာနဲ့ ထိုးဖောက်မယ်၊ ပျိုခေတ် မိဘတွေက စီးပွားရေးနဲ့ ထိုးဖောက်မယ်၊ သိစေချင်လို့ပဲ၊ မီဒီယာတွေကတစ်ဆင့် မိတ်ဆက်ပွဲ စာနယ်ဇင်းတွေ့ဆုံပွဲ လုပ်ပြီးပြီဥစ္စာ"

"ဟုတ်သားပဲနော်၊ ဒါဆို ကိုကို သိနေလောက်ပြီပေါ့"

ခန့် အသံက စိုးထိတ်မှုများဖြင့် တိုးတိတ်တိမ်ဝင်သွား၏။ ဒါကို ခန့် မေ့လျော့နေသည်။ ဂျာနယ်တွေ သတင်းစာတွေက တစ်ဆင့် ကိုကို သိနိုင်သည်ပဲ။

"ခန့်ကို မမထား နားမလည်နိုင်အောင်ပဲ၊ တစ်ချိန်က မိတ်ဆွေ တွေဆိုပြီး အိမ်က မိသားစုနဲ့ ပျိုခေတ်ကို ပေးမတွေ့ချင်တာကို ပြောတာ၊ ပျိုခေတ်က ခန့်တို့မိသားစုကို အရမ်းကို ကူညီချင်နေတာ"

"ပျိုခေတ် စေတနာကို ခန့် နားလည်ပါတယ်၊ အဲဒီ စေတနာ ကို ကိုကို အခွင့်အရေးယူမှာ စိုးရိမ်တာ"

"ဪ"

မမထား နားလည်သဘောပေါက်သွားသည်။ တည်ကြည်ခန့်

ဗျူး၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



နိုးပြေးသွားသော မိန်းကလေးလို ဖြစ်မည်စိုး၍ နေမည်။

"ဒါပေမဲ့ မမထား တစ်ခုပြောချင်တယ် ဂန့်၊ ဒါက ပျိုခေတ် ဆုံးဖြတ်ရမယ့်ကိစ္စလို့ ထင်တယ်၊ ပျိုခေတ်က ဦးနှောက်ရှိတယ်၊ စဉ်းစား ဉာဏ်ရှိတယ်၊ ခန့်က ဒါမလုပ်နဲ့ဆိုလည်း သူ လုပ်ချင်လုပ်မှာပဲ၊ အခု တောင် ခန့်က လိပ်စာမပေးနဲ့ဆိုပြီး မမထားဆီ တောင်းနေတာ၊ ကူညီ သင့်တဲ့ မိတ်ဆွေတွေလို့ သတ်မှတ်ပြီး သူ့ဆန္ဒက ပြင်းပြနေတာလေ၊ ဘယ်လိုလုပ် တားဆီးလို့ရမှာလဲ"

"ခန့် ဘာလုပ်ရမလဲ မမထား"

"ပျိုခေတ် ဆန္ဒကို လက်ခံလိုက်ပါ၊ သူ့အတွက် လုပ်ပေးရင်း ခန့်လည်း နာမည်ရအောင်မြင်နိုင်တာပေါ့"

"မမထား ဒီလောက်တောင် တိုက်တွန်းနေမှတော့ ခန့် လုပ်ပါ့ မယ်၊ မမထားရယ်၊ ဒီကအပြန် မေမေ့ကိုလည်း တိုင်ပင်လိုက်ပါမယ်"

"အေးပါ တိုင်ပင်လို့ အဆင်မပြေဘူးဆိုလည်း စိတ်ကူးပြောင်း မသွားနဲ့ဦးနော်၊ မမထားက ပျိုခေတ်ကို ကတိပေးပြီးပြီ၊ ပျိုခေတ်အနားကို ခန့်ကို ပို့ပါမယ်လို့၊ ခန့်လက်ခံတာ သိရင် ပျိုခေတ် အရမ်းပျော်သွားမှာ သိလား"

ခန့်လည်း ပျော်တာပါပဲလို့ မမထားကို ပါးစပ်က ဖွင့်ထုတ် မပြောဖြစ်။ ရင်ထဲမှာ မုန်တိုင်းအသေးစားလေး မွှေသလို သိမ့်သိမ့်လှုပ် ခတ် ဗလောင်ဆူနေသည်။

အတက်အကျ မငြိမ်သက်သော ရေလှိုင်းတစ်ခုကို တစ်စုံတစ်





ရာကိုလည်း ဆုံးဖြတ်ရခက်စွာ မတင်မကျ ဖြစ်နေဆဲပင်။ ပျိုခေတ် အနားကို မသွားရဘူးလား။ သွားမှာလား. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

''သွားရမှာပေါ့ သားရယ်၊ ကိုယ်အောင်မြင်တိုးတက်နိုင်တဲ့ နေရာကို သွားရမှာ၊ နောက်ဆံတင်းတာ၊ မပြတ်သားတာမျိုး မဖြစ်ပါစေ နဲ့၊ သားက ခိုင်ခန့်တောင့်တင်းနေမှ မေမေတို့ မှီခိုလို့ရမှာပေါ့''

အိမ်ရောက်ရောက်ချင်း မေမေ့ကို ပြောပြစဉ်မှာ မေမေ့ရဲ့ တိုက်တွန်းစကားတွေကြောင့် သူ့စိတ်တွေ အနည်းငယ် ပေါ့ပါးသွားခဲ့ သည်။ အိမ်မှာ ဖေဖေနှင့်ကိုကို မရှိချိန်မို့လည်း မေမေ့ကို ပွင့်ပွင့်လင်း လင်း တိုင်ပင်ဖြစ်တာပါ။

ခန့်ဘက်က ငြိမ်သက်နေတော့ မေမေက လက်ခံသည်ဟု ထင်သွားကာ

''ပျိုခေတ်တို့ ဒီလို အခြေအနေထိ တိုးတက်ကြီးပွားလာတာ အံ့သြစရာပဲနော်၊ ကိုယ့်ထက်အရင် စီးပွားကျတဲ့သူတွေကမှ အောင်မြင် လာသေးတယ်၊ မင်းအဖေနဲ့အစ်ကိုကတော့ ဘာအလုပ်မှ မလုပ်တာရဲ့





ဒီဘဝက လွတ်မြောက်မှာ မဟုတ်တော့ဘူး''

''ကိုယ့်ကုသိုလ်ကံနဲ့ကိုယ်ပေါ့ မေမေရယ်၊ သူတို့ကို အပြစ်လည်း တင်မနေပါနဲ့တော့၊ အမြင့်မှာလည်း ထည့်ထည့်ဝါဝါ မော်ကြွားပြီးနေရတဲ့ ဘဝကနေ ဒီလိုအောက်ဆုံးကို ရောက်သွားတော့ နေသားမကျသေးလို့ လည်း ဖြစ်မှာပါ''

''ဘယ်အချိန်ထိလဲ၊ ဘယ်လောက်ထိ နေသားမကျ ဖြစ်နေဦး မှာလဲ၊ အလုပ်မလုပ်ချင်တဲ့သူဟာ၊ ငွေရှိရှိ မရှိရှိ အရည်အချင်းမရှိတဲ့ လူပိန်းတစ်ယောက်ပဲ၊ တစ်သက်လုံး မှီခိုသူဘဝကလည်း လွတ်မြောက်မှာ မဟုတ်ဘူး''

''ခန့် ရှိနေသေးတာပဲ မေမေရယ်၊ ခန့် လုပ်ကျွေးမှာပေါ့၊ ဒီလို လုပ်ကျွေးခွင့်ရတာ နည်းတဲ့ကုသိုလ်လား မေမေရဲ့၊ အခုဆို ပျိုခေတ် အနားမှာ နေရရင် ပိုပြီးတောင် အဆင်ပြေလာဦးမှာ၊ ဒါက ကိုကိုနဲ့ ဖေဖေ့ကို လုပ်ကျွေးရတဲ့ အကျိုးကို ပြန်ခံစားရတာပေါ့၊ မဟုတ်ဘူးလား မေမေ''

ဒေါ်နွဲ့ကေခိုင် လေးလေးနက်နက် ခေါင်းညိတ်ပြီး ခန့်ကိုယ်လေး ကို ဆုပ်ဖက်လိုက်သည်။ သဘောထားပြည့်ဝသော အရမ်းသိတတ်နား လည်သော သားလေးပါ။

သားကြီးက အားကိုးအားထား ပြုလို့မရပေမယ့် သားငယ်လေး က မိသားစုအပေါ် အပြည့်အဝ စောင့်ရှောက် တာဝန်ယူနေရှာသည်။

သားကြီးပညာရေးနှင့် မိသားစု စားဝတ်နေရေး အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပညာရေးလည်း ဆုံးခန်းမတိုင်ခဲ့။

တကယ်ကို အနစ်နာခံ ဖြည့်ဆည်းပေးနေပါလျက်နှင့် အကောင်းမမြင်။ ဒါကို အမေလုပ်သူက မခံမရပ်နိုင် ရင်နာလွန်းလို့ ပြောမိတာတောင် သားငယ်က ပြန်ဖြေသိမ့်နေတော့ မိမိက ဘာပြန်ပြောရမှာလဲ။

သားငယ်ရဲ့ နားလည်မှုကိုသာ ကျေးဇူးတင်ရတော့မည်ပေါ့။

သားငယ် ဆံပင်လေးတွေကို အပြုံးနှင့်ပွတ်သပ်ရင်းနှင့် နဖူးလေးကို ဖွဖွနမ်းမွှေးနေချိန်မှာပင် တည်ကြည်ခန့် ပြန်ရောက်လာသည်။

"ဟား သာသာယာယာပါလား၊ သားနှစ်ယောက် မွေးထားပြီး တန်းတူဆက်ဆံ မခံရတာတော့ ရင်နာဖို့ကောင်းတယ်"

"ဝင်လာတာနဲ့ ဘာတွေ ပြဿနာရှာပြန်တာလဲ တည်ကြည်ရယ်၊ ဒါက မင်းညီလေးလေ၊ မင်းလည်း ကိုယ့်ရဲ့သွေးသားရင်းမို့ ကြင်ကြင်နာနာ ဆက်ဆံသင့်တာပဲ"

"ဒီအရွယ်ကြီးမှာ ဒီလို တဖွဲ့တနွဲ့လုပ်နေစရာ လိုလို့လား၊ အဲလိုလုပ်ရင် သူ့လုပ်စာ ထိုင်စားနေလို့ မျက်နှာလိုမျက်နှာရ ဖားတယ် ထင်သွားပါဦးမယ်၊ တည်ကြည်ခန့်က ဒီလိုနေမယ့်ကောင်မှ မဟုတ်တာ"

တလွဲတွေးနေပြန်သော တည်ကြည်ခန့်က ဆက်တီခုံလေးပေါ် ထိုင်ချတာတောင် တင်းမာနေသော မျက်နှာနှင့်ပါ။

ဖအေတူသားက အရက်နံ့လေး တသင်းသင်းနှင့်။ သူ့ရာဇဝင် ကြောင့် ပို၍ ရဲတင်းရိုင်းပျနေသော တည်ကြည်ခန့်ကို ဒေါ်နွဲ့ကေခိုင်





မျက်စောင်းဝင့်လိုက်ကာ

"မင်းက ဘာတွေစွမ်းစွမ်းတမံ လုပ်မှာမို့ အခြေကြီးနေရတာလဲ၊ ခုချိန်ထိ ညီလေး ပင်ပန်းတကြီး ငွေရှာနေတာကို အားနာရမှန်းမသိဘဲ့တောင်မရသေးတဲ့ လူက"

"ကျွန်တော့်ကို မှိုချိုးမျှစ်မချိုး မပြောနဲ့ မေမေ၊ အဲလိုမျိုး ကျွန်တော့်ကို အထင်မကြီးလို့လည်း ကျွန်တော် အမြင့်ရောက်တဲ့နေ့ မေမေတို့ကို ဆွဲတင်ဖို့ မစဉ်းစားတာ"

"အမယ်လေးတော် တော်တော် ကောင်းစားဦးမှာပါ၊ ကျုပ်တို့ အတွက် ထည့်မစဉ်းစားပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲအောင် ကြိုးစားပါ၊ အံ့ပါရဲ့ သူ့ထောက်ပံ့မှုများ စားနေရင် မအေကို အိမ်ရိပ်တောင် အနင်းခံမယ် မထင်ဘူး၊ သားအဖနှစ်ယောက်လုံး အသွေးတူ စရိုက်တူပဲ၊ မိုနိုစားနေတာတောင်မှ"

"ဟာ မ မပြောပါနဲ့ မေမေရယ်"

ခန့် အလျင်အမြန် မေမေ့ပါးစပ်ကို လှမ်းပိတ်ရသည်။ ကိုကိုက ခန့်ကို မျက်ထောင့်နီကြီးနှင့် စိမ်းနေအောင် စိုက်ကြည့်ပြီး ပြုန်းခနဲ အကျႌရင်ဘတ်စကို ဆောင့်ဆွဲ၍

"အဲဒါ မင်းကြောင့် အပြောခံရတာ၊ အပြောခံရတာကွ"

"အမယ်လေး ဟဲ့ မလုပ်ပါနဲ့ တည်ကြည်ခန့်ရဲ့၊ ပြောတာက ငါလေ၊ ငါ့ကိုလုပ်ပါ ထိုးပါ၊ မကျေနပ်သေးရင် အသေသတ်ပစ်လိုက်ပါ"

မျက်နှာကို နှစ်ချက်သုံးချက် ဆင့်ထိုးခံလိုက်ရတော့ ခန့် ယိုင်



www.burmeseclassic.com

www.burmeseclassic.com



နှံ့ပြုလဲသွားသည်။ မေမေက ဖွတ်အတင်း ခန့်ကို ဖက်တွယ်ကာ ကာကွယ်ပေး၏။

ကိုကိုက ရှူးရှူးရှားရှားနှင့် ကျေနပ်သေးပုံ မပေါ်ပါ။

"မိန်းမလို မိန်းမ ချွဲနွဲ့ပွတ်သပ်နေတဲ့ အခြောက်မကိုမှ မေမေက အကောင်းထင် အဟုတ်မှတ်နေတာ မဟုတ်လား၊ သားသမီးချင်း အတူတူ ငွေရှာနိုင်တဲ့သူမှ ဦးစားပေးတာ အဲဒါ မိဘလား၊ အဲလိုတွေလုပ်နေလို့ ဒီကောင် ရောင့်တက်နေတာ သိရဲ့လား"

"တည်ကြည်ခန့်ရယ်၊ သူက မင်းကို ဘာတွေများ ပြောနေလို့လဲ၊ တကယ် အနစ်နာခံ သည်းခံပြီးတော့ မင်းတို့ကို ရှာကျွေးနေတာပါ၊ ဒီအဝတ်အစား ဒီပုံစံကြီးကို သူ ဝါသနာပါလို့ ဝတ်စားနေတာ ထင်သလား၊ ညီမလေးလိုချင်လှချည်ရဲ့လို့ နင် တောင့်တတဲ့အတိုင်း နင်ပြုပြင်ထားတဲ့အတိုင်း သူ့ဘဝ နစ်မွန်းနေရတာဟဲ့ တည်ကြည်ခန့်ရဲ့"

"ဟား သူ ညို့ဖျင်းလို့ ယောကျ်ားမဖြစ်တာလေ၊ ငယ်ငယ်က ကျွန်တော်က ညီမလေးလိုချင်လို့ လုပ်ခဲ့တာ မှန်တယ်၊ ကြီးလာတော့ သူ့ကို ကျွန်တော် ဂရုစိုက်လို့လား၊ သူ့ဘာသာ ဘယ်လိုနေနေ လျစ်လျူရှုထားတာ"

"ဟုတ်ပါတယ် နင် လျစ်လျူရှုထားတဲ့အချိန်တွေမှာ ယောကျ်ားတစ်ယောက်လို ကျားကျားလျားလျား ကျင့်ကြံနေထိုင်ဖို့ ကြိုးစားခဲ့တာပါပဲ၊ ဒါပေမဲ့ အခြေပျက်အနေပျက် စီးပွားပျက်သွားတဲ့အချိန်မှာ နင့် ပညာရေး အိမ်ရဲ့စားဝတ်နေရေးအတွက် ဒီပုံစံနဲ့ ငွေရှာခဲ့ရတာ နင်မသိဘူးလား"





ခန့်က လက်ကို ဖွတ်အတင်း ဆွဲထားပြီး မျက်နှာငယ်လေးနှင့် ဟန့်တားနေသော်လည်း ဒေါ်နွဲ့ကေခိုင် ပေါက်ကွဲလို့ကောင်းနေသည်။

ဒီရင်ထဲမှာ တင်းကျပ်နာကျင်နေလွန်းလို့ပါ။ သားငယ်လေး နှုတ်ခမ်းထောင့်စွန်းလေး ဖူးယောင်ပေါက်ပြဲ သွေးစွန်းသွားတာ အသည်းထဲက ဆတ်ဆတ်ခါ နာသည်။

ဘာမှပြန်မပြော ငြိမ်ကုပ် သည်းခံနေတာ အားမလိုအားမရဖြစ်ရ၏။ ဒါတောင်မှ တည်ကြည်ခန့်က ဒေါသမပြေစွာ

"ငွေရှာနည်းက ဒီတစ်နည်းပဲရှိသလား၊ ဒီပုံစံနဲ့ ငွေရှာတာကို ကျွန်တော့်ကို အပြစ်တင်လို့ ဖြစ်မလား"

"ဟဲ့ ပညာမတတ်ဘဲ နင်တို့ သုံးဖြုန်းလို့လောက်အောင် ငွေရနိုင်တဲ့အလုပ် ဘယ်မှာရှိသလဲ ပြောစမ်းပါ၊ ဒီလိုအလုပ်ကလည်း ဒီလိုပုံစံနဲ့လုပ်မှ ငွေများများရလို့ နင်တို့အတွက် လုပ်နေတာ၊ ဒါကိုတောင် နင်က အပြစ်မြင်နေသေးတာလား တည်ကြည်ခန့်ရဲ့၊ အမယ်လေးနော် ငါကိုသာ သတ်ပစ်လိုက်ပါတော့လား၊ နင်တို့နဲ့ နေရတာ အကုသိုလ်များလွန်းလို့ပါ"

"ဒါက ဘယ်လိုဖြစ်ပြီး အော်ကြီးဟစ်ကျယ် လုပ်နေကြတာလဲ၊ အိမ်ဝင်လာရင် ငှက်ဆိုးထိုးသံက အရင်ကြားရတယ်၊ ကျက်သရေကို မရှိဘူး"

ဦးစိုးခန့် ရောက်လာတော့ အိမ်က ဆူဆူညံညံ ပိုဖြစ်သွားသည်။ အရင်လို ခံ့ညားသော ဥပဓိရုပ် မရှိတော့သော်လည်း ဦးစိုးခန့်က သန့်ပြန့်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ဝါစွာ ရှိနေဆဲပင်။

အားလုံးကို ခြုံငုံကြည့်ပြီး အလိုမကျမှုတွေလည်း အပြည့်။

ဒါပေမဲ့ အရက်နံ့လေးကတော့ တည်ကြည်ခန့်လိုပင် သင်းမြမြ။

''ငွေမရှိရင် အိမ်ဆူတယ်ဆိုတာ ဒါမျိုးလားကွ၊ ငါ့အမေ ရှိတုန်းက ငြိမ်ကုပ်နေတဲ့ မိန်းမက အခုတော့လည်း သားတွေနဲ့ လင်ကို ပြောရမယ်ဆို ကက်ကက်လန်လို့ပါလား''

''ကိုစိုးခန့် ရှင် အရည်ဝင်လာရင် အိပ်လိုက်တာ ကောင်းမယ် နော်၊ ကျွန်မကို လာပြီး ပုတ်ခတ်ဝေဖန်မနေနဲ့''

''ဘာကွ''

''အရင်တုန်းက ငြိမ်နေတယ်ဆိုတာ သားတွေ သိပ်ချစ်လွန်းတဲ့ ရှင့်အမေ စိတ်ဆင်းရဲမှာကြောက်လို့ သိရဲ့လား၊ လက်ကြောမတင်းတဲ့ ရှင့်ကို သည်းခံပေါင်းသင်းမိခဲ့တာကိုက ကျွန်မ အမှားသိရဲ့လား၊ သားသမီး မမွေးခင်ကတည်းက ရှင့်အကြောင်းသိပြီး ကွာခဲ့ရမှာ''

''အေး အခု ကွာချင်လည်း ကွာလို့ရတယ်လေ၊ ငွေကြေးမချမ်း သာတော့ အချိုးပြောင်း မိုက်ရိုင်းလာတဲ့ မင်းလို မိန်းမမျိုးကို ငါကလည်း မပေါင်းချင်ပါဘူး''

''ရတယ်လေ၊ ကျွန်မ သားငယ်လေးကို ခေါ်ပြီး ကျွန်မ ဒီအိမ် ပေါ်က ဆင်းမယ်''

''ဘာ မင်းက သူ့ကိုခေါ်သွားရင် ငါတို့က ဘယ်သူ့လုပ်စာကို စားရမှာလဲ၊ မင်းက ငါတို့ကို သက်သက်မဲ့ အကောက်ကြံပြီး ချိုးတာပေါ့





လေ၊ တောက် ငါကွာ ဒီမိန်းမကို အသေသတ်ပစ်လိုက်မယ်''

''ဟာ မ မလုပ်ပါနဲ့ ဖေဖေရယ်၊ မလုပ်ပါနဲ့''

ဒီတစ်ခါ မေမေ့ကို ရိုက်မှာစိုး၍ ဖေဖေ့လက်ကို ခန့် ပျာပျာသလဲ ထဆွဲလိုက်ရသည်။

ဒီလောက် ပြဿနာရှာနေတာ ဘာကြောင့်ဆိုတာ ခန့် သဘော ပေါက်သည်။ ပျိုခေတ်ဆီမှာ အလုပ်လုပ်တော့မှာမို့ ကျန်ငွေလစာအား လုံး မမထား ထုတ်ပေးလိုက်၍ စလင်းဘတ်ထဲမှာ ငွေတော်တော်များများ ပါသည်။

ဒီငွေကို မျှပေးလိုက်မှ ဖေဖေရော ကိုကိုရော အစွယ်ကျိုး စိတ်ပြောင်းသွားတော့မှာ။

''ဟို ဖေဖေရယ် မေမေ့ကို ဘာမှပြောမနေပါနဲ့နော်၊ ခန့်လေ ဖေဖေ့ကို ဖေဖေ သုံးချင်ရာသုံးဆိုပြီး ပိုက်ဆံ အပ်မလို့ပါ''

''ဟိတ်ကောင် ဖေဖေ့ကိုပဲ ပေးလို့ရမလား၊ ငါလည်း ကျောင်း စာအုပ်အပ်ဖို့ ငွေလိုတယ်''

''ဟုတ်ကဲ့ ကိုကို့ကိုလည်း ပေးမှာပါ၊ ရော့ ရော့ ဒီမှာ''

ငွေငါးသောင်းဆီ လက်ထဲ ရောက်အောင် ထည့်ပေးလိုက်သည် နှင့် ဖေဖေရော ကိုကိုရော မျက်နှာလေးတွေ ပြုံးပျော်သွားကြသည်။

''အေး ငါ့သားလေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ငွေ များများ ရှာနိုင်ပါစေကွာ''

''ဖေဖေ ဆုပေးတော့ ကျွန်တော်လည်း ဆုပေးရမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားချောချော တောင့်တောင့် ခန့်ခန့် ရပါစေကွာ ဟုတ်ပြီလား''

ငွေတွေကိုင်ပြီး သားအဖနှစ်ယောက် ထသွားမှ ခန့်လက်ကို မေမေက ဖျတ်ခနဲ ရိုက်ပြီး

''ဘာလို့ အဲလောက် ငွေတွေအများကြီး ပေးလိုက်ရတာလဲ၊ အိမ်စပေါ်ထပ်တင်ဖို့ သား ငွေစုရဦးမယ်ဆို''

''ခန့်မှာ စုထားတဲ့ငွေနည်းနည်း ရှိပါသေးတယ်၊ ဒါက မမထား ထုတ်ပေးလိုက်တာပါ၊ ပျို့ခေတ်ဆီ အလုပ်လုပ်ရင်လည်း ဒီထက်ပိုရမှာပါ မေမေရဲ့''

''ဒါတော့ ဒါပေါ့ သားရယ်၊ ငွေဘယ်လောက် ပေးပေးလည်း သားကို အကောင်းထင်တာ မဟုတ်ဘူး၊ လက်ထဲငွေရှိတဲ့အချိန်လေးပဲ ရွှင်ရွှင်ပျပျ ရှိကြတာ''

''အဲဒီအချိန်လေးမှာ ခန့် စိတ်ချမ်းသာရတဲ့အတွက် ခန့် ပင်ပင် ပန်းပန်း လုပ်ရတာကို ကျေနပ်မိပါတယ် မေမေ၊ မေမေလည်း ပြုံးတော့နော်၊ ဒီမှာ မေမေ့အတွက် ဆေးဖိုးနဲ့ အိမ်အသုံးစရိတ်''

''သားငယ်ရယ်''

ငွေငါးသောင်း လက်ထဲရောက်လာလို့ ဦးစိုးခန့်နှင့် တည်ကြည် ခန့်တို့လို မပြုံးပျော်နိုင်ပါ။ သားငယ် နှုတ်ခမ်းထောင့်စွန်းက သွေးစတွေကို ဖွဖွသုတ်ပေးရင်း ရင်မှာမချိအောင် နာကျင်နေရသည်။

ဒီဝဋ်ကြွေးက ဘယ်တော့မှလည်း လွတ်မြောက်မည် မထင်၊ နောင်ဘဝတွေမှာ အနာအကျင် ကင်းပါစေ သားရယ်။

ဗျူး ၁၇၆၁

## အခန်း (၁၆)

''အား ကျွတ် ကျွတ်''

နှုတ်ခမ်းထောင့်စွန်းက အနည်းငယ်ကွဲကာ နာကျင်ရောင်ကိုင်း နေတာမို့ အသံထွက် ညည်းညူမိသည်။ ဒီပုံစံနှင့် ပျို့ခေတ်ကို တွေ့လို့ ဖြစ်ပါ့မလား။

ပျို့ခေတ် အခန်းဝကို ရောက်မှ ခြေထောက်တို့က တုံ့ဆိုင်း လေးကန်နေသည်။ ကြော်ငြာရိုက်ကူးမည့် ရုပ်ရှင်အဖွဲ့သားတွေကို လက် ကိုင်ပဝါလေးနှင့်ကွယ်ကာ ရှောင်ရှားလာနိုင်ခဲ့ပြီးမှ အခုမှ အခက်တွေ့ နေရသည်။

နှုတ်ခမ်းကို ပလာစတာ ကပ်လို့လည်းမဖြစ်။

ပျို့ခေတ် မေးလာရင်ရော ဘယ်လိုဖြေရမလဲ။

''အဲဒါ ဘာလုပ်နေတာလဲ၊ အခန်းထဲဝင်လေ ခန့်''

''ဟင်''

ဗျူး ၁၇၆၁

www.burmeseclassic.com

www.burmeseclassic.com

ပျိုခေတ်ကို အခန်းထဲမှာ ရှိနေတယ်ထင်ကာ ဝရန်တာဘက်ကနေ ဖုန်းကိုင်ကာ ထွက်လာပြီး သူ့နောက်မှာပါလား။

ကတုန်ကယင်နှင့်ပင် အခန်းတံခါးဖင့်ကာ ဝင်ခဲ့တော့ ပျိုခေတ်လည်း နောက်က လိုက်ဝင်လာသည်။

ကိုယ့်မျက်နှာကို မမြင်အောင် တစ်ခုခုနှင့် ဖုံးကွယ်ထားလို့ရလျှင် ကောင်းမည်။

အခုတော့ လက်ကလေးနှင့် မသိမသာ ကွယ်ထားရ၏။

''ဒဏ်ရာကို မမြင်စေချင်တာလား၊ ရှက်နေတာလား ခန့်''

''ဟင် ဟို ဟို ပျိုခေတ် သိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ပါ''

''မမထား ဖုန်းဆက်ပြောလို့ အခုပဲ သိလိုက်ရတယ်၊ ကိုကိုက အရမ်းလွန်တာပဲ၊ တစ်လျှောက်လုံး ခန့် အဲလိုပဲ သည်းခံလာခဲ့တာလား''

ခန့် ငြိမ်နေတော့ ခန့် လက်တွေကို ပျိုခေတ် ဆွဲရုန်းဖယ်ချသည်။ မျက်နှာလေးကလည်း တင်းမာနေကာ

''ခန့် ဘာလို့ အဲလောက်ကြီး ပျော့ညံ့နေတာလဲ၊ ခန့်မှာ ယောကျ်ားတစ်ယောက်ရဲ့ ခွန်အားတွေ သတ္တိတွေ မရှိဘူးလား၊ အမြဲတမ်း သည်းခံလိုက်လျောနေတာ ယောကျ်ားတစ်ယောက်ရဲ့ အစွမ်းအစ အရည်အချင်း မရှိလို့လား၊ ဟုတ်လား ခန့်''

''မ မဟုတ်ပါဘူး၊ အစ်ကိုနဲ့အဖေ ဖြစ်နေတာ ခန့်က ဘာပြန်လုပ်ရမှာလဲ၊ ငရဲကြီးမှာပေါ့ ပျိုခေတ်ရဲ့''

''ကိုယ်က မှန်နေရင် ငရဲကြောက်နေလို့ ဖြစ်မလား၊ တုံ့ပြန်သင့်ရင် တုံ့ပြန်ရမှာပေါ့၊ ခန့်က ဘာမှားနေလို့လဲ၊ ဘာတွေအပြစ်လုပ်ထားလို့လဲ''

''မလုပ်ပေမယ့် တုံ့ပြန်ရန်မျှားတာပေါ့ ပျိုခေတ်ရယ်၊ ပြဿနာကလည်း အမြဲတမ်း ဖြစ်နေတာမှ မဟုတ်တာ''

''ငွေပေးလိုက်ရင် အချိုးပြောင်းသွားရော မဟုတ်လား''

''ဟင် ပျိုခေတ်က အဲဒါတွေလည်း သိနေတယ်''

''အတွန်းကို ရင်ဖွင့်နေကျ မဟုတ်လား၊ အထွန်းဆီကို စုံစမ်းလို့ ခန့်အကြောင်း အကုန်သိပြီးပြီ၊ ခန့် အဲလောက်ပဲ ပျော့ညံ့ရသလား ခန့်ရယ်၊ ကိုယ်ကလည်း ရှာကျွေးရတယ်၊ အနိုင်ကျင့်လည်း ခံရတယ်၊ ခန့် ကိုယ့်ဘဝကိုယ် မနာကြည်းဘူးလား၊ ဒီလိုပုံစံမျိုးနဲ့ နေလို့ ဒီလို အနိုင်ကျင့်ခံရတာလို့ရော မတွေးမိဘူးလား''

ပျိုခေတ်က အသံစွာစွာလေးနှင့် ခန့်ဘက်က မခံမရပ်နိုင်စွာ အော်ဟစ်မေးနေမိသည်။

ခန့် တုံ့ဏှိဘာဝေ တိတ်ဆိတ်နေတော့ ပို၍ အသည်းယားလာ [illegible] ဖြစ်နိုင်လျှင် ခန့်ကိုယ်ပေါ်က မိန်းမအဝတ်အစားတွေကို ဆွဲရုန်း ဖျက်ပစ်ချင်လှသည်။

''ကဲ ပြောစမ်းပါ ခန့်ရဲ့၊ ဒီအတိုင်း ဒီပုံစံအတိုင်း နေတော့မှာလား''

''မ မနေပါဘူး''

''မနေဘူးဆိုလည်း ကျားကျားလျားလျား ယောကျ်ားပီပီသသ





www.burmeseclassic.com

www.burmeseclassic.com



တွဲပြန်ပါတော့၊ တိုက်ခိုက်ပါတော့လား၊ အခု အဲဒီ မိန်းမအကျိုတွေချုတ်၊ မျက်နှာပေါ်က မိတ်ကပ်တွေဖျက်''

''ဟမ် ဟို အ အခုတော့ မဖြစ်သေးဘူးလေ၊ ခန့်အလုပ်က ဒီပုံစံနဲ့မှ လိုက်ဖက်တာ၊ မိန်းကလေး အများစုက ယောကျာ်းစစ်စစ်ကြီ၊ တွေက သူတို့မျက်နှာကိုင်ပြီး အလှပြင်ပေးမှာကို ရှက်ကြ ကြောက်ကြ တယ်တဲ့၊ ခန့် ဒီလိုပုံစံနဲ့နေလို့ မမထားဆီမှာ အောင်မြင်လာပြီ၊ ခ လစာကောင်းကောင်း ရနေတာပေါ့၊ မမထားက ခန့်ကို ဆရာအဖြ ထားပြီး ဆိုင်ခွဲဖွင့်ဖို့တောင် စီစဉ်နေတာ''

''ခန့်က အဲဒီလိုကနေရတဲ့ ငွေကို မက်နေတယ်ပေါ့''

''မက်တယ်ဆိုတာလည်း ကိုကို ပညာရေးနဲ့ အိမ်ရဲ့ စားဝ နေရေး မပြေလည်မှုတွေကြောင့်ပါ၊ ငယ်ငယ်လေးကတည်းက ခန့် ဒီလ မနေချင်တာ ပျိုခေတ်လည်း သိမှာပါ၊ ကိုကို့ကြောင့်''

''အဲဒီ ကိုကို့ကြောင့် ဆိုတာကြီးကို မပြောစမ်းပါနဲ့၊ လ ဒီမှာ ထိုင်''

ပျိုခေတ်က စိတ်မရှည်သလို သူမရှေ့က ကြိမ်ဆက်တီခုံလေ မှာ ဆောင့်ဆွဲ၍ ထိုင်ခိုင်းသည်။ ကြော်ငြာရိုက်ဖို့ မိတ်ကပ်လိမ်းရမှာ မေ့လျော့လောက်အောင် သူမ စိတ်တွေ ပြင်းထန်နေသည်။

''ဒီမယ် ပျိုခေတ် ပြောတာ သေချာနားဝင်အောင် နားထော အခု ခန့်က မမထားဆီမှာ မလုပ်ရတော့ဘူး၊ တခြား မိန်းကလေးတ စိတ်ကြိုက် ဒီပုံစံလည်း နေစရာ မလိုတော့ဘူး၊ ပျိုခေတ်အနားမှ





နေရမှာ ရှင်းပြီလား''

''ရှင်း ရှင်းပါတယ်၊ ဒါပေမဲ့''

''ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့၊ ခန့်ကို မမထားဆီမှာထက် လစာပိုရမယ်လို့ ပြောပြီးပြီပဲ၊ ခန့် ဘာကို တွေဝေနေတာလဲ၊ ဘာကို ကြောက်နေတာလဲ၊ ပျိုခေတ် ဆန္ဒကို လက်မခံချင်တာလား ခန့်''

''မ မဟုတ်ပါဘူး ပျိုခေတ်ရယ်၊ ခန့်က ဒီဘဝက လွတ်မြောက် ချင်နေတာပါ''

''လွတ်မြောက်ချင်ရင် ရုန်းထွက်ဖို့ ကြိုးစားရမှာပေါ့ ခန့်၊ ဘာ ကိုမှ မတွေဝေနဲ့၊ ဘယ်သူ့ကိုမှလည်း မကြောက်နဲ့၊ လုပ်သင့်တာကိုလုပ် တော့မယ်လို့ ဆုံးဖြတ်လိုက်''

ပျိုခေတ်ရဲ့ တိုက်တွန်းအားပေးမှုက အားမာန်အပြည့်မို့ ခန့် ကိုယ်ခန္ဓာတစ်ခုလုံး လည်ပတ်စီးဆင်းနေသော သွေးတွေ တဖျဉ်းဖျဉ်း ဆူဝေလာသည်။

ပျိုခေတ် မျက်ဝန်းနက်နက်လေးတွေ စူးရှတောက်ပနေသည်မို့ လည်း ဆုံးဖြတ်ချက်ချဖို့ ခိုင်မာလုံလောက်နေသည်။

ခန့် မေးကြောလေးတွေ တင်းရင်းလို့ နှုတ်ခမ်းဖျားတို့က အံ ကြိတ်ထားသည်မို့ တင်းတင်းစေ့နေ၏။

ထိုအချိန်မှာပဲ ရှုတင်မန်နေဂျာက ပျိုခေတ် အခန်းတံခါးကို လာခေါက်ကာ

''မင်းသမီး အလှပြင်ပြီးရင် ဒါရိုက်တာက စမယ်တဲ့၊ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



ရင် ထွက်လာခဲ့ပါ ခင်ဗျာ''

''အေး အဆင်မပြေဘူး၊ ဒီနေ့ ရှုတင်ဘရိုတ်လို့ ပြောလိုက်၊ ဒီနေ့ ကုန်ကျစရိတ်အားလုံး ငါ ပေးမယ်''

''ဟာ မင်းသမီး''

''မကျေနပ်ရင် နောက်တစ်ယောက် ငှားလိုက်နော်၊ ဒီအလုပ်ထက် အရေးကြီးတဲ့ကိစ္စရှိလို့ တောင်းဆိုနေတာ''

ရှုတင်မန်နေဂျာ ခေါင်းကုပ်ကာ လှည့်ထွက်သွားတော့ ပျိုခေတ်ကို နားမလည်နိုင်သော မျက်ဝန်းများဖြင့် ခန့် လှည့်ကြည့်မိသည်။

''ဘာလို့လဲ ပျိုခေတ်၊ ဘာကိစ္စရှိလို့လဲ''

''ခန့်ကို ယောကျ်ားအင်္ကျီ အဝတ်အစားတွေ လိုက်ဝယ်ပေးမယ်လေ''

''ဒါများ ပျိုခေတ်ရယ်၊ ရှုတင်ပြီးမှဖြစ်ဖြစ်၊ မနက်ဖြန်မှဖြစ်ဖြစ် သွားလို့ရတာပဲ၊ ကြော်ငြာက ဒီနေ့တစ်ရက်နဲ့ ပြီးမှာမဟုတ်လား၊ ရှုတင်အဖွဲ့ကိုရော လုပ်ငန်းရှင်ကိုရော အားနာစရာကောင်းလိုက်တာ''

''အားနာစရာ မလိုပါဘူး၊ လုပ်ငန်းရှင်က ဖေဖေ့မိတ်ဆွေ၊ ပျိုခေတ်ကိုလည်း အရမ်းချစ်တယ်၊ ရှုတင်အဖွဲ့ကလည်း ကျေးဇူးတောင်တင်နေမှာပါ၊ ဘာအလုပ်မှ မလုပ်ရဘဲ နေ့တွက်ခ ရလို့လေ၊ ကဲပါ အဲဒါတွေက ခန့်ကိစ္စလောက် အရေးမကြီးပါဘူး၊ အခု ပလာဇာသွားမယ် လာ ထ''

ပျိုခေတ်က စိတ်မြန်လက်မြန်ပင် စလင်းဘတ်အိတ် ကောက်





လွယ်ပြီး ခန့် မိတ်ကပ်သေတ္တာလေးကို ခန့်လက်ထဲ ထည့်ပေးပြီး ဖွတ်ဆွဲခေါ်သည်။

အားလုံးက နာမည်မရ မအောင်မြင်သေးသော မင်းသမီးရဲ့ ရှုတင်ဖျက်မှုကို အံ့သြနေကြသည်မို့ ယောင်တောင်တောင် တအံ့တသြ လိုက်ကြည့်ကြသည်။

ပျိုခေတ်ကတော့ ဘယ်သူ့မှ ဂရုမစိုက်ပါ။

ခန့်ကို ကားရှေ့ခန်းတံခါး ဖွင့်ပေးကာ ကားပေါ်တက်စေပြီး သူမကိုယ်တိုင် ကားမောင်းထွက်ခဲ့သည်။

ပလာဇာရောက်တော့လည်း ခေတ်လူငယ်တွေ ဝတ်သော ဒီဇိုင်းဆန်းဆန်း ခပ်မိုက်မိုက် အဝတ်အစားတွေကို သူမဘာသာ ရွေးချယ်ပြီး ခန့်ကိုယ်မှာ ကပ်ကြည့်လိုက်၊ နောက်ခန်းထဲ သွားဝတ်ခိုင်းလိုက်ဖြင့် ရှုပ်ယှက်ခတ်နေသည်။ ခန့် ခုချိန်ထိ မဝံ့မရဲ အိုးတိုးအမ်းတမ်း ဖြစ်နေဆဲ။

''ခန့် မျက်နှာက အရင်သွားသစ်လိုက်ဦး၊ ယောကျ်ားလေးအင်္ကျီနဲ့ မိတ်ကပ်တွေက မလိုက်ဖက်ဘူး၊ ကြည့်ရဆိုးလိုက်တာ၊ ဟိုဘက်မှာ ဆံပင်ညှပ်ဆိုင်ရှိတယ်၊ ဆံပင်ပါ ညှပ်ရမယ် လာ လာ''

ဂုတ်အောက်မှာ ခပ်နွဲ့နွဲ့လေး ဝဲနေသော ဆံပင်များက ပိုးမွေးသလို မွေးလာခဲ့ရတာပါ။ အခြောက်မလို့ အခေါ်ခံရတာနှင့် ပန်ရအောင် ပြီးတော့ ဒီလောကမှာလည်း အပြိုင်အဆိုင် ရှိသည် မဟုတ်လား။

ဒေါင်းယောင်ဆောင်သော ကျီးတွေဆိုပေမယ့် အတူဆုံး အတုနိုးနိုင်သူက ပုရိသတွေ စိတ်ဝင်စားခံရသည့် စတားတွေပင်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ယောက်က အထာပေး ငေးကြည့်ပြီဆို အချင်းချင်း နှာခေါင်းရှုံ့၊ မေးငေါ့ လက်မထောင်ပြရတာ အမော။

ကိုယ့်ရင်ထဲက ဟိုဟိုဒီဒီ စိတ်မဝင်စားလည်း မော်ကြွားနိုင်ဖို့ အထာလေးတွေတော့ လုပ်ရသေး၏။

ပိန်ပိန်သွယ်သွယ်နှင့် နုနုဖတ်ဖတ်လေးဆိုလျှင် အချင်းချင်းရဲ့ အားကျအထင်ကြီးမှုကိုတောင် ခံရနိုင်သည်။

ဒီအရည်အချင်းတွေနှင့် ပြည့်စုံသောသူက နာမည်ကြီး မင်းသား မင်းသမီးတွေရဲ့ ပင်တိုင်မိတ်ကပ်ဆရာတစ်ယောက် ဖြစ်လာတတ်၏။ ဒါဆိုလျှင် ငွေကိုသဲ့ယူရုံပါပဲ။

''ခန့် အဲဒါ ဘာဖြစ်နေတာလဲ''

''ဟင် ဘာ ဘာမှမဖြစ်ပါဘူး''

ခန့် မျက်လုံး နီရဲနေတာကို မှန်ထဲကနေ မြင်လိုက်၍ ကျောကို ဗုန်းခနဲ ပုတ်ပြီး ပျိုခေတ် မေးသည်။ ခန့်က တွန့်ခနဲ လန့်ဖျပ်သွားပြီးမှ ခေါင်းရမ်းပြသော်လည်း ပျိုခေတ်က ခါးကိုထောက်ကာ

''ဒါပဲနော် ခန့်၊ နောက်နေ့ကစပြီး ဒီဘဝကြီးကို လုံးဝ မေ့ပစ် ရမယ်၊ သတိရသင့်တဲ့ အတိတ်မဟုတ်ပါဘူး၊ ခန့် နောင်တမရဘူး မဟုတ်လား''

''မ မရပါဘူး''

''အဲလို ပျော့တိပျော့ဖတ် ကတုန်ကယင် မဖြေနဲ့ ခန့်၊ ပြတ်ပြတ် သားသား မာမာထန်ထန် ပြောစမ်းပါ၊ အသံကအစ ပြောင်းလဲပစ်၊





ဒါမှ ခန့်ကို ဘယ်သူမှ အနိုင်မကျင့်ရဲမှာ နားလည်လား ခန့်''

''အင်း ချက်ချင်းကြီး မဟုတ်တောင် အမြန်ဆုံးတော့ ခန့် ပြုပြင်လာနိုင်မှာပါ၊ ဒီအတွက် ပျိုခေတ်ကို ကျေးဇူးတင်ပါတယ်''

''ကျေးဇူးတင်ဖို့ မလိုပါဘူး ခန့်၊ ငယ်ငယ်ကတည်းက ခန့်ကို ကိုကို အနိုင်ကျင့်ပြီး ပုံသွင်းနေတာကို ပျိုခေတ် မကြိုက်ပါဘူး၊ ခန့်ကို လည်း ခင်ခင်မင်မင် ရင်းနှီးချင်ခဲ့တယ်၊ ဒါပေမဲ့ ကိုကို့ကို မလွန်ဆန်နိုင် ခဲ့ဘူး။ ကိုကိုကလည်း ပျိုခေတ်အပေါ် အရမ်းနွေးထွေးပြီး ကောင်းခဲ့တယ် လေ၊ အလိုလိုက် ဖြည့်ဆည်းနိုင်လွန်းတော့လည်း ကိုကို့ကိုပဲ တွယ်ကပ် နေမိတာပေါ့၊ အဲဒီအချိန်တွေကတည်းက ခပ်ဝေးဝေးမှာ အထီးကျန်နေ ရတဲ့ ခန့်ကို သနားနေခဲ့တာပါ''

ဆံပင်တွေအပေါ် အာရုံမရောက်အောင် ပျိုခေတ်က နားနား ကပ်ကာ တတွတ်တွတ် ပြောနေသည်။ သူမ ရင်ထဲက အမှန်တရားတွေ ဆိုတာ ခန့် သဘောပေါက်သော်လည်း ထိုအချိန်က ခံစားမှုကတော့ ခန့် ရင်ထဲ သေရာပါ ဆွေးမြေ့နေဆဲပင်။ ဘယ်သူ့ကိုမှ အပြစ်မတင် တတ်ခဲ့ပေမယ့် ခုချိန်ထိ နာနာကျင်ကျင်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဆံပင်ညှပ်ခြင်း၊ မျက်နှာသန့်ခြင်းကိစ္စတွေပြီးတော့ ဝယ်ထားသည့် အဝတ်အစားတွေထဲက ခန့် အကြိုက်ဆုံး တစ်စုံဝတ်ပြီး ထွက်လာခဲ့ဖို့ ပျိုခေတ်က အမိန့်ပေးသည်။

အဝတ်လဲခန်းထဲက ကိုယ်လုံးပေါ်မှန်ကြီးထဲက ကိုယ့်ကိုယ်ကိုကြည့်ရင်း ခန့် ကြက်သီးမြမြ ထလိုက်၏။ တိုကပ်နေသော ဆံပင်ကဂျယ်(လ်)ခေါင်းလိမ်းဆီကြောင့် ပြောင်လက်သေသပ် ပုံကျနေကာ၊ မဟာနဖူးပြေပြေနှင့်မို့ ခံ့ခံ့ညားညား ရှိနေသည်။

နဂိုကတည်းက ရိုတ်သင်ခြင်းမရှိသော မျက်ခုံးများက ထူတန်းနေလျက် အရှိန်လွန်ကာ တင်းတင်းစေ့ထားမိသည့် နှုတ်ခမ်းများကပိရိသေသပ် ထောင့်ချိုးညီနေ၍ ယောကျ်ားပီသလာသည်ဟု ကိုယ့်ကိုယ်ကို ဂုဏ်ယူလိုက်သည်။

စပို့ရှပ်အနက်စင်း လက်စကနှင့် ဖြူလွနေသည့် စတိုင်ပန်ကိုတွဲဖက်ဝတ်ဆင်လိုက်ပြီး ပြောင်လက်နေသော လည်သာအနက်ရောင်





ရှူးဖိနပ်ကို စီးလိုက်တော့ လူတစ်ကိုယ်လုံး မြောက်ကြွခုံကြွားလာသလိုပင်။

''ခန့်''

အဝတ်လဲခန်းထဲက ထွက်လိုက်သည်နှင့် ပျိုခေတ်က အဝေးကနေ အမောတကော ပြေးလာရသူလို လှိုက်မောနင့်သည်းစွာ ခပ်ညင်းညင်းခေါ်သည်။ ကိုယ့်ကိုယ်ကို ငုံ့ကြည့်မဝဖြစ်နေသော ခန့်က ပြန်ထူးဖို့မေ့လျော့နေ၏။

''ခန့် ခံ့ညားလိုက်တာ၊ ကြည့်ကောင်းလိုက်တာ ခန့်ရယ်၊ ခန့်တကယ် ယောကျ်ားကြီး ဖြစ်သွားပြီ သိလား''

ပျိုခေတ် ဝမ်းသာအားရ ဖြစ်ရုံတင်မက၊ ရင်တွေပါ တလှပ်လှပ်တုန်ယင်နေသည်။

ခန့်တစ်ကိုယ်လုံးကို ထက်အောက်စုန်ချည်ဆန်ချည် ခြုံငုံကြည့်လျက် ပီတိမျက်ရည်တွေ ဝေ့သီလာ၏။ ခန့် တကယ် ယောကျ်ားစစ်စစ်ဖြစ်ပါပေ့လား။

''ဘာလို့ အဲလောက်ကြီး ကြည့်နေတာလဲ ပျိုခေတ်ရဲ့၊ ခန့်မနေတတ်တော့ဘူး''

''ဟမ်''

လက်နှစ်ဖက်ကို ပူးယှက်ကာ ယမ်းနေတာက ကန္တဲ့ကလျ။စကားပြောတာက ပျော့စိပျော့ဖတ် ချွဲပျစ်ပျစ်။

''ခန့်''

အသံစူးစူးလေးဖြင့် ပျိုခေတ် သတိလက်လွှတ် အော်ပစ်လိုက်တော့ အနီးအနားက လူတွေ ပြူးစိစိ ကြည့်ကာ လန့်ဖျပ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ လာခဲ့ မြန်မြန်"

အဝတ်အစားအိတ်တွေ ကပျာကယာ စုရုန်းသယ်လျက် ပျိုခေတ် နောက်က ဝရုန်းသုန်းကား ပြေးလိုက်ရပြန်သည်။ ပျိုခေတ်က စင်တာထဲက အအေးဆိုင်ထဲ ဝင်သွားပြီး ရှုးရှုးရှားရှား ဖြစ်ကာ မျက်နှာလေးလည်း သုန်မှုန်နေသည်။

"အအေးမသောက်လို့ကို မရတော့ဘူး သိလား။ ခန့်ကြောင့် ရင်တွေ ပူနေပြီ၊ ဒီအသံနဲ့ ဒီပုံစံက ဘာလို့မပြင်သေးတာလဲ"

"စိတ်မကြီးပါနဲ့ ပျိုခေတ်ရယ်၊ ရုတ်တရက်ကြီး ပြောင်းလဲဖို့က ဘယ်လွယ်မှာလဲ၊ အမြန်ဆုံးပြုပြင်ပါ့မယ်လို့ ကတိပေးထားတာပဲ မဟုတ်လား၊ အရှိုးစွဲလာတဲ့ ဒီအကျင့်စရိုက်တွေကို ခန့် တကယ် ဖွန့်ထွတ်မယ်လို့ ကတိပေးပါတယ်"

"ဒါပဲနော် အမြန်ဆုံး မဖြစ်လို့ကတော့ မလွယ်ဘူးမှတ်၊ ဒီ အဝတ်အစားတွေလည်း ကိုကို့ကို ပေးမဝတ်နဲ့၊ ခန့်အတွက် သီးသန့် ဝယ်ပေးထားတာ"

"တစ်အိမ်တည်းနေပြီး အဲလိုလုပ်လို့တော့ မကောင်းဘူးထင်တယ်၊ ကိုကိုက အရင်လို အဝတ်အစားကောင်း၊ ထည်လဲမဝတ်နိုင်လို့ စိတ်မကောင်းဖြစ်နေတာ"

"စိတ်မကောင်းဖြစ်ရုံမကလို့ လဲသေချင်လည်းသေပစေပေါ့ ဝတ်ချင်စားချင်ရင် အလုပ်လုပ်ရမယ်ဆိုတာ သူ နားမလည်ဘူးလား၊ အငယ်ကို အနိုင်ကျင့် မှီခိုနေတာ သူ့ကိုယ်သူ မရှက်၊ ပျိုခေတ်နဲ့တွေ့လို့ကတော့ ပြောကိုပစ်ဦးမယ်"





"မ မပြောပါနဲ့ ပျိုခေတ်ရယ်၊ တွေ့လည်း မတွေ့ပါနဲ့"

"ဘာကို တွေးကြောက်ပြန်ပြီလဲ ခန့်၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေး၊ ရှောင်နေလို့မှ မရတာ၊ ထိပ်တိုက် မျက်နှာချင်းဆိုင် ဆုံတဲ့အခါတောင် ရှိချင်ရှိဦးမယ်၊ ပျိုခေတ်က ဘာအပြစ်မှ လုပ်မထားတာ၊ ဘာလို့ ရှောင်ရမှာလဲ"

ပျိုခေတ် မေးခွန်းအတွက် သေချာရေရာသည့်အဖြေ ပေးစရာ မရှိပါ။

လက်တွေ့မှာ ကိုကို ကြိမ်းဝါးမှုက ပျိုခေတ် လက်ခံမှ ဖြစ်မှာ မဟုတ်လား။ ပျိုခေတ် ရှောင်တိမ်းနိုင်လျှင် ဘာမှစိုးရိမ်စရာမရှိ။

ပျိုခေတ်လည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်ဘဲလေ။

"ဟို တစ်ခုတော့ ပျိုခေတ်ကို ခန့် သတိပေးချင်တယ်၊ ကိုကိုက အိမ်ထောင်ကျပြီးသား"

"အဲဒါ ပျိုခေတ် သိပါတယ်၊ ကိုကို အိမ်ထောင်ကျတာ ပျိုခေတ်နဲ့ ဘာဆိုင်လို့လဲ"

"ဟိုလေ အရင်က ပျိုခေတ်နဲ့ ကိုကို အရွယ်ရောက်လာရင် လက်ထပ်ပေးစားမယ်ဆိုတဲ့ ကတိစကားတွေ ရှိခဲ့ကြတယ်မဟုတ်လား"

"အမလေး ဒါများ ခန့်ရယ်၊ ကိုကိုလည်း ကိုကို့ဘဝနဲ့ ကိုကို၊ ပျိုခေတ်လည်း ပျိုခေတ်ဘဝနဲ့ ပျိုခေတ် ဖြစ်နေပြီပဲ၊ ဝေးခဲ့ကြတာပဲ ဘယ်လောက်ကြာပြီလဲ၊ ယောကျ်ားလေး ဖြစ်တဲ့ ကိုကိုကတောင် ကတိသစ္စာကို မစောင့်ထိန်းခဲ့တာ ပျိုခေတ်က မျှော်လင့်နေပါ့မလား။ တကယ်ဆို ငယ်ငယ်က ပျိုခေတ် ခေါင်းညိတ်ခဲ့တယ်ဆိုတာလည်း ခွဲခွာရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ့်အချိန်မှာ ကိုကို ဝမ်းနည်းမှာစိုးလို့ပါ၊ လေးလေးနက်နက် ဒါ ဘာလဲ လို့တောင် တွေးမိခဲ့တာ မဟုတ်ဘူး၊ ခုဆို ပိုဝေးသေး''

''အဲ အဲဒါကောင်းပါတယ် ပျိုခေတ်ရယ်၊ ခန့်က ပျိုခေတ်အတွက် စိုးရိမ်နေတာ''

ခေါင်းလေး ငုံ့လျှိုးကာ လေသံပျော့လေးနှင့် မပွင့်တပွင့် ပြောတော့ ပျိုခေတ်က မျက်စောင်းလေးဝင့်ကာ ခန့် လက်မောင်းကို ဆွဲဆိတ်သည်။

''အဲဒီ လေသံမျိုး မကြိုက်ပါဘူးဆို၊ အကျင့်ကို မြန်မြန်ဖျောက်နော်၊ လူပုံစံနဲ့ အသံက မလိုက်ဖက်သေးဘူး''

''ဟုတ် ဟုတ်ကဲ့ ဩော် အင်းပါ ပျိုခေတ်ရဲ့၊ ခန့်လည်း ယောကျ်ားစစ်စစ် ဖြစ်ချင်လို့ ကြိုးစားမှာပါ''

လက်သီးဆုပ်လေးနှင့် မထိတထိ ပုတ်ခတ်ပြီး ခန့် ကတိပေးလိုက်သည်။ ဒါပေမဲ့ အိမ်ကို ဒီပုံစံနှင့် ပြန်ဖို့တော့ ချီတုံချတုံ ဖြစ်နေဆဲပင်။

ချက်ချင်းကြီး ပြောင်းလဲသွားတာ ဘာကြောင့်ဆိုတာတွေနှင့် သံသယဝင်ပေလိမ့်မည်။ ဖြည်းဖြည်းချင်း အသိပေးနိုင်အောင် အချိန်ဆွဲပြီး အနေအထိုင် ဆင်ခြင်မှပါ။

မေမေက ဝမ်းသာအားရ လက်ခံမှာ ဖြစ်ပေမယ့် ကိုကိုက အတိုက်အခံ ရန်လုပ်အပြစ်ရှာမှာ သေချာသည်။

ဒါပေမဲ့ ပျိုခေတ် ပေးသော ခွန်အားတွေဖြင့် ရဲဆေးတင်ကာ. . .။



## အခန်း (၁၇)

''ဟင် သားငယ်''

''ရှူး တိုးတိုး''

ယောကျ်ားအဝတ်အစားများဖြင့် ကုပ်ချောင်းချောင်း ဝင်လာကာ တစ်မျိုးကြီးတော့ ဖြစ်နေမှာပါ။ မျက်လုံးတို့ကလည်း ဟိုဒီဝေ့ဝဲကြည့်မျက် ဂနာမငြိမ်။

''ကိုကိုနဲ့ဖေဖေ ပြန်ရောက်ပြီလား မေမေ''

''မရောက်သေးဘူး သား၊ ဘာဖြစ်လို့လဲ၊ သား ဒီပုံစံ ဒီစတိုင်က''

''သား အခန်းထဲရောက်မှ ပြောပြမယ် မေမေ လာ''

မေမေ့လက်ကို ဆွဲကာ အခန်းထဲ တရှူးထိုး ဝင်လာခဲ့သည်။ မေမေက အံ့ဩနေသော မျက်ဝန်းများဖြင့် ခန့်ကို ခြေဆုံးခေါင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကာ

"ကြည့်ကောင်းလိုက်တာ၊ ကျက်သရေရှိလိုက်တာ သားရယ်၊ မေမေက သားကို ဒီပုံစံမျိုး မြင်ချင်တာ၊ သား ဘာကြောင့် ပြောင်းလဲသွားတယ်၊ ဘယ်သူ့ကြောင့် ပြောင်းလဲသွားတယ်ဆိုတာ မေမေ့ကို ပြော ပါဦး သား"

"ပျို ပျိုခေတ်ကြောင့်ပါ မေမေ"

"ဟင်"

"ပျိုခေတ်က ဒီလိုနေရမယ်တဲ့၊ သူ အစစအရာရာ ကူညီပံ့ပို ပေးမယ်လို့ ပြောတယ်၊ သူ့ဆီမှာ အလုပ်လုပ်တဲ့အတွက် မိန်းမလို နေစရာလည်း မလိုဘူး၊ ဘယ်သူ့ကိုမှလည်း ကြောက်ရွံ့သိမ်ငယ်စရာ မလိုဘူးတဲ့လေ"

."တကယ် အဲလိုပြောတာ ဟုတ်လား သား"

ခန့် ခေါင်းညိတ်ပြတော့ ခန့်ကိုယ်လေးကို ဝမ်းသာအား ထွေးဖက်ကာ

"သားရယ် မေမေ ဝမ်းသာလိုက်တာ၊ ဒီဘဝက လွတ်မြော အောင် ကူညီတာ ပျိုခေတ်ကို ကျေးဇူးတင်ရမယ် သား၊ ဒါနဲ့ သာ အလုပ်က ဘယ်လိုဖြစ်သွားမလဲ၊ အဆင်မပြေရင်တော့ သားအဖေ အစ်ကိုက ပြဿနာရှာမှာ"

"အဲဒီအတွက်လည်း ပူစရာမလိုဘူး မေမေ၊ ပျိုခေတ်ဆီမှ လုပ်ရတာဆိုတော့ ပျိုခေတ် ကျေနပ်ရင်ပြီးတာပဲ၊ သား စိုးရိမ်တာ



တစ်ခုပဲရှိတယ်"

"ဘာလဲ သား"

"ဒီကိစ္စ ကိုကိုသိသွားရင် ပျိုခေတ်ကို မတွေ့တွေ့အောင် ရှာ ပြီး ပတ်သက်မှာ၊ ပြီးတော့ ပျိုခေတ် ပြန်ရောက်တာ မပြောရကောင်း လားဆိုပြီး ခန့်ကိုလည်း ပြဿနာရှာလိမ့်မယ်"

"အင်း အဲဒါလည်း ဟုတ်တယ်၊ သူက ပျိုခေတ်ကို အသည်း အသန် မျှော်လင့်ပြီး ဘာလုပ်ပြမယ်၊ ညာလုပ်ပြမယ် ကြိမ်းဝါးနေတာလေ၊ ပြောပြန်ရင်လည်း အခက်၊ မပြောပြန်ရင်လည်း အခက်နဲ့ တော်တော် ဒုက္ခပေးတဲ့ ကလေးပဲ၊ ဟို ပျိုခေတ်ကရော သားကြီးကို တွေ့ချင်တယ်လို့ ပြောနေလား၊ ငယ်ငယ်က အရမ်း သံယောဇဉ်ကြီးခဲ့ကြတာ"

"တွေ့တော့ တွေ့ချင်တယ်၊ ဒါပေမဲ့ အရင်က သံယောဇဉ်မျိုး နဲ့တော့ မဟုတ်ဘူး မေမေ၊ ခန့်ကို အနိုင်ကျင့်တာ မခံမရပ်နိုင်ဖြစ်ပြီး ပြောချင်နေတာ၊ ပျိုခေတ် အဲလိုလုပ်လိုက်ရင် သားအပေါ် ကိုကို ပေါက်ကွဲ မှာ အသေအချာပဲ"

"ဒါဆိုလည်း မပြောနဲ့ပေါ့ သားရယ်၊ သူတို့ချင်း ထိပ်တိုက်ဆုံ လို့ မလွှဲသာမရှောင်သာဆိုရင်တော့ တစ်မျိုးပေါ့"

ဘေးကြပ်နံကြပ်မို့ ဒေါ်နွဲ့ကေခိုင်ရဲ့ သက်ပြင်းချသံ ပြင်းရှသွား သည်။ သားငယ်အတွက် စိတ်ချမ်းသာ ဝမ်းသာရပေမယ့် သားကြီးက စိတ်ဒုက္ခပေးဦးမှာ အသေအချာ။

ဖြစ်နိုင်လျှင် သားငယ်လက်ကိုဆွဲပြီး သူတို့သားအဖနှင့် ဝေးရာ

www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ပြေးချင်လှသည်။

ဟိုစဉ်ကတည်းက အလိုက်မသိ၊ မကြြင်နာတတ်သော ယောကျ်ားနှင့် အမိန့်အာဏာ စည်းစိမ်ဥစ္စာနှင့် ဖိနှိပ်ချုပ်ချယ်တတ်သော ယောက္ခမရဲ့ အရိပ်အောက်က လွတ်မြောက်ချင်ခဲ့တာပါ။ ဒါပေမဲ့ သာ၊ နှစ်ယောက် မျက်နှာကြောင့် ဗီလိန်ဆန်သော အိမ်ထောင်ရေး ဝဲဂယက် က ဘယ်လိုမှ ရုန်းမထွက်သာခဲ့ပါ။

ခုတော့ ပိုဆိုးပြီပေါ့။ ဆင်းရဲချို့တဲ့မှ ကိုယ်လွတ်ရုန်း ရှောင်ပြေ၊ တာမျိုး အပြစ်ပြောခံရတော့မည်။

သားကြီးနှင့် လင်ယောကျ်ားအကြောင်း တွေးပြီး အသက်ရှ၊ လို့တောင် မဝတော့ပါ။

"မေမေ ဘာတွေစဉ်းစားနေတာလဲ၊ ခြေသံကြားတယ်၊ ကိုက် လား ဖေဖေလား မသိဘူး"

"ဘယ်သူဖြစ်ဖြစ် အပြင်ထွက်လာခဲ့လေ သားရဲ့၊ သား ထမင်၊ မစားရသေးဘူး မဟုတ်လား"

"သား မ မစားတော့ဘူး မေမေ၊ သား ဒီပုံစံကို တွေ့ရင် အဝတ်အစားတွေ ချွတ်ယူပြီး ဆူပူသောင်းကျန်းလိမ့်မယ်"

"အင်း သားလည်း ငယ်ကြောက်လို ဖြစ်နေတော့ အရာရာ စိုးရိမ်နေတာပဲ၊ နောက်ပြီးမှ သားအခန်းထဲ မေမေ ထမင်းလာပို့မယ်နော် သား"

မပို့နဲ့ပြောလည်း မေမေက ရအောင်ပို့မှာမို့ ခပ်လေးလေးသာ





ခေါင်းညိတ်ပြလိုက်သည်။ မေမေ အခန်းပြင်ရောက်မှ

"ခန့် ခေါင်းကိုက်နေလို့ စောစော အိပ်ရာဝင်တာလို့ ပြောလိုက် နော် မေမေ"

လှမ်းအော်လိုက်ရသည်။ တစ်မျိုးထင်ပြီး မေမေ့ကိုပါ ရန်လုပ် နေမှာစိုးလို့ပါ။

ခေါင်းအုံးပေါ် ခြေကုန်လက်ပမ်းကျကာ ပစ်လှဲချလိုက်မှ လုပ်ခနဲ ရင်တုန်စိုးရိမ်သွားရပြန်၏။ ဒီတစ်ည ရှောင်တိမ်းလို့ရပေမယ့် မနက်မိုး လင်း မျက်နှာချင်းဆိုင် ဆုံကြလျှင် ဘယ်လိုလုပ်မလဲ။

ညဉ့်နက်လာသော်လည်း စိုးရိမ်ကြောင့်ကျမှုကြောင့် အိပ်လို့ လည်း မပျော်။ မေမေ လာပို့ထားသည့် ထမင်းကိုလည်း ကောင်းကောင်း မစားနိုင်ဘဲ အရက်တက်မှာပင် ရေထချိုးလိုက်သည်။ စောစောအိမ်က ထွက်လျှင် ဘယ်သူနှင့်မှ မျက်နှာချင်းမဆိုင်ရတော့ဘူးပေါ့။

"သားလေး သွားတော့မလို့လား"

"ဟင် ဟုတ်ကဲ့ မေမေ"

အဝတ်အစားလဲနေချိန်မှာ အခန်းထဲဝင်လာပြီး မေမေ မေး သည်။ ခန့်ခေါင်းညိတ်တော့ အင်္ကျီကြယ်သီးတွေ ကူတပ်ပေးရင်း

"ဒုက္ခကြီးလိုက်တာကွယ်၊ နောက်လည်း ရင်ဆိုင်ရမှာပဲဥစ္စာ၊ ရှောင်တိမ်းမနေပါနဲ့"

"ခန့် စိတ်မရဲသေးလို့ပါ မေမေ၊ အခု ဒီအဝတ်အစားတွေ ဝတ်ရတာလည်း မလုံမလဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကောင်းပါတယ် လိုက်ဖက်ပါတယ် သားရယ်။ ဒီလို ဝတ်လိုက်မှ သားက ယောကျ်ားပီပီသသ ခန့်ခန့်ညားညားကြီး ဖြစ်လာတာ၊ မေမေကတော့ ပျို့ခေတ်ကို ဘယ်လို ကျေးဇူးတင်မှန်းကို မသိတူး။ ပျို့ခေတ်ကို ကိုယ်တိုင်ကိုယ်ကျ ကျေးဇူးတင်စကား ပြောချင်လိုက်တာ သားရယ်"

"ပျို့ခေတ်ကလည်း အရမ်းတွေ့ချင်နေတာပါ၊ ခန့်က တားနေတာ မေမေရဲ့၊ နောက်တော့ တွေ့ခွင့်ရမှာပါ မေမေ၊ ခန့် သွားပြီနော်"

ပါးလေးကို ရွတ်ခနဲ နမ်းပြီး ကသုတ်ကရက် ပြေးထွက်သွားသော သားငယ်အဖြစ်ကို ကြည့်၍ ဒေါ်နွဲ့ကေခိုင် သက်ပြင်းမောတို့ လေးလေးပင်ပင် ချမိသည်။

ရန်ရှောင်ချင်တာ ကောင်းပေမယ့် ဘယ်သက်လုံး ရှောင်တိမ်းနေလို့မှ မဖြစ်တာ။ ဘာဖြစ်ဖြစ် ဘယ်အချိန်ဖြစ်ဖြစ် သားငယ်တက်တ ရပ်တည်ဖို့ ကြိုတင်ပြင်ဆင်ထားလိုက်၏။ ဘယ်နေ့ဆိုတာ မသိသော်လည်း. . .။

■ ■ ■

## အခန်း (၁၈)

"ခန့် မပြင်ပါလား မေမေ"

မီးဖိုခန်းထဲ ဝင်လာရင်း တည်ကြည်ခန့် မေးတော့ ဒေါ်နွဲ့ကေခိုင် ပန်းကန်ဆေးနေရာမှ လှည့်မကြည့်ဖြစ်။ လမ်းထိပ်က ဝယ်လာသော မုန့်ဟင်းခါးကို ပန်းကန်ထဲ ထည့်ပြင်ပြီး တည်ကြည်ခန့်ရှေ့ ချပေးလိုက်သည်။

ဖအေနှင့်နှစ်ယောက်သား ကော်ဖီမစ်နှစ်ခွက်ပါ ဖျော်ပေးရသည်၊ သားငယ်လေးဆို ဒီလိုမျိုး လုပ်ပေးစရာမလိုပါ။ မအေ ပင်ပန်းမှာစိုးလို့ တစ်အိမ်လုံးစာ တစ်ယောက်တည်း လုပ်ပေးရှာတာ။

"မေမေ ခန့် ဘယ်သွားလဲလို့ ကျွန်တော် မေးနေတယ်လေ"

"ဘာလို့ ရှေးကြီးခွင်ကျယ်လုပ်မေးနေတာလဲကွယ်၊ သူ့အလုပ်ကိစ္စ အရေးကြီးလို့တဲ့ စောစောထွက်သွားတာ၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ အသုံးလိုလို့ ပိုက်ဆံတောင်းဖို့ မေးတာပေါ့၊ ညကတော့ ခေါင်းကိုက်သလေး ဖင်ကိုက်သလေးနဲ့ အစောကြီးအိပ်ရာဝင်တယ်၊ အခုလည်း ကျွန်တော်တို့မနိုးခင် ထလစ်သွားတယ်၊ ပိုက်ဆံပေးရမှာစိုးလို့ ကူလီကူမာလုပ်နေတာဖြစ်မှာ"

"သားငယ်မှာ အဲလိုစိတ် မရှိပါဘူးကွယ်၊ မင်းနဲ့မင်းအဖေကို ဟိုနေ့ကပဲ အသုံးစရိတ် ပေးထားတယ်လေ၊ အဲဒါက ကုန်ပြီလား"

"ကုန်ပြီပေါ့၊ စာအုပ်ဝယ်ရ ဘာဝယ်ရနဲ့ ဘယ်အသုံးခံမှာလဲ၊ ဒါတောင် သူ့ကိုငဲ့ညှာပြီး ချွေတာသုံးနေတာ၊ ဒီနေ့ သူငယ်ချင်းတွေနဲ့ တွေ့ဖို့ ချိန်းထားလို့ ပိုက်ဆံပါမသွားလို့ မကောင်းဘူး၊ မေမေ့မှာရှိရင် သားကိုပေးပါ၊ နောက်မှ ခန့်ဆီက ကျွန်တော် ပြန်တောင်းမယ်"

"အမယ်လေး ငါ့မှာအပိုရှိပါ့မလား၊ ခန့်ပေးတဲ့ပိုက်ဆံက အားလုံး စားဖို့သောက်ဖို့အတွက် ကစ်လစာ ဝယ်ထားရတာဟဲ့၊ မင်းတို့လို အလေအလွင့် သုံးဖြုန်းနေတာ မဟုတ်ဘူး၊ ခန့် ပင်ပင်ပန်းပန်းရှာထားတာကို စည်းနဲ့ကမ်းနဲ့ သုံးနေတာ"

"ကျွတ် မေမေ့ ကန့်ချက်တွေက မမိုက်ဘူးဗျာ၊ ကျွန်တော်တို့ကရော ဒီငွေလေး မဖြစ်စလောက်ကို ဘယ်နေရာမှာ အလေအလွင့် သွားသုံးလို့ရမှာလဲ၊ သူငယ်ချင်းတွေကြားမှာ ဘယ်လောက် မျက်နှာငယ်ရတယ်ဆိုတာ မေမေ သိလို့လား၊ အရင်တုန်းက ဘွားဘွားက ဘယ်လို ပေးခဲ့လဲ၊ ခုလိုအချိန်မျိုးဆို ဘွားဘွားကို အရမ်းသတိရတယ်"

တည်ကြည်ခန့် စကားကြောင့် ဒေါ်နွဲ့ကေခိုင် နှာခေါင်းရှုံ့မဲ့



ခပ်ထေ့ထေ့ ပြုံးလိုက်မိသည်။ ဦးစိုးခန့် ဝင်လာတာကိုလည်း သတိမပြုမိ။

"ခုမှ သတိရနေနောင်တရနေလို့ အပိုပဲ တည်ကြည်ခန့်၊ သက်ရှိထင်ရှားရှိနေတုန်းက မင်းရော မင်းအဖေရော စိတ်ချမ်းသာအောင် ထားခဲ့ကြလို့လား၊ တကယ်လို့ မင်းတို့အဘွား ရှိနေလည်း မင်းတို့သားအဖ ထားခဲ့ကြလို့လား၊ တကယ်လို့ မင်းတို့အဘွား ရှိနေလည်း မင်းတို့သားအဖနှစ်ယောက်လုံး မြေကြီးနဲ့ခြေထောက် ထိမှာကို မဟုတ်ဘူး၊ လက်ကြောတင်းတင်း ဘာအလုပ်မှ မလုပ်ရဘူး၊ ပြည့်ပြည့်ဝဝ အလျှံပယ်လည်း သုံးဖြုန်းလို့ရတယ်လေ၊ ဟုတ်တယ် မဟုတ်လား"

"မင်းဘာတွေပြောနေတာလဲ နွဲ့ကေခိုင်၊ နားထောင်နေတာ အကောင်းမှတ်နေလား၊ လင်နဲ့သားကို အထင်သေးရှုံ့ချပြောနေတာ မင်းကိုယ်မင်း မိခင်ကောင်း၊ ဇနီးမယားကောင်းလို့ ထင်နေတယ်ပေါ့၊ ငါ့အမေသာ ရှိနေရင် မင်းလိုမိန်းမ အိမ်ပေါ်က ခေါင်းနဲ့ဆင်းပြေးရပြီသိလား၊ အရင်ကတော့ မခုတ်တတ်တဲ့ကြောင်လို ငြိမ်ကုပ်နေပြီး တော်မိန်းမတွေများကွာ"

မျက်မှောင်ကြီးကုပ်ကာ ပြောရင်း စားပွဲဝိုင်းမှာ ဦးစိုးခန့် ဆောင့်ခနဲ ဝင်ထိုင်သည်။ ပြီးမှ မုန့်ဟင်းခါး ပန်းကန်ကြီးကို မကာ အိမ်နံရံကို လွှဲပစ်ပေါက်ပစ်လိုက်၏။

"ခွမ်း"

ခွမ်းခနဲ အသံနှင့်အတူ မုန့်ဟင်းခါးတွေ အိမ်ကြမ်းပြင်မှာ ပြန့်ကျဲသွားပြီး ဒေါ်နွဲ့ကေခိုင် လန့်ဖျပ်တုန်တက်သွားရ၏။ ပြီးမှ ဒေါသဖြစ်ရမှန်းသိကာ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်လိုက်တာလဲ ဦးစိုးခန့်"

"မင်း မမြင်ဘူးလား၊ ဒီမုန့်ဟင်းခါးတွေ မစားချင်လို့ လွှင့်ပစ်လိုက်တာပေါ့၊ နေ့တိုင်း မုန့်ဟင်းခါး၊ ပဲပြုတ်ထမင်းကြော်နဲ့ ငါ့အမေရှိတုန်းက ဘယ်လိုစားခဲ့သောက်ခဲ့တယ်၊ မင်း ဘယ်လိုလုပ်ပေးရတယ်ဆိုတာ မင်း မသိဘူးလား"

"သိလို့ လုပ်ပေးရအောင် ဘယ်မှာလဲ ပိုက်ဆံ၊ ရှင်တို့ရှာထားတာ ဘယ်နှပြားရှိလို့လဲ၊ သားငယ်လေး လုပ်ကျွေးနေတာ ငတ်ပြတ်ပြီး မသေတာ၊ ဒါနဲ့များ စကားကြီး စကားကျယ် ပြောနေရလား၊ ကိုယ့်ကိုယ်ကိုယ် ရှက်တတ်စမ်းပါ"

"အာ ဒီမိန်းမ လုပ်လိုက်ရ သေတော့မယ်"

"ဖြုန်း"

"ခွမ်း"

ဦးစိုးခန့် တွန်းကန်ပစ်လိုက်၍ စားပွဲပေါ်က ကော်ဖီခွက်တွေ မုန့်ဟင်းခါးပန်းကန်တွေ အားလုံး ပြန့်ကျဲကွဲအက်ကုန်သည်။

ခန့်ရှိလို့ ငွေပေးလိုက်လျှင် ဒီလို ကိစ္စတွေ ဖြစ်မှာမဟုတ်။ တည်ကြည်ခန့် စိတ်ကုန်သလို ဖြုန်းခနဲ ခုန်ထကာ

"နားကို ညည်းနေတာပဲဗျာ၊ အသုံးစရိတ် ပြတ်လို့ စိတ်ညစ်နေပါတယ်ဆိုမှ လာမွှေနေတယ်၊ ကျုပ် ကိုယ့်ဘာသာ အပြင်သွားတာပဲ ကောင်းတယ်"

ဖြုန်းဒိုင်းနှင့် အိမ်တံခါးကို ဆောင့်ကန်ဖွင့်၍ ထွက်လာခဲ့သည်။





လမ်းမရောက်တော့လည်း မကျေမချမ်း ကျောက်ခဲတစ်လုံးကို လွှဲကန်ပစ်၏။

ငွေမရှိလျှင် အရာရာ အဆင်မပြေ။ လက်ဖက်ရည်ဆိုင်ကို ကျော်လင်းနှင့်သန်းစိုးက တည်ကြည်ခန့်ကို ပြုံးစိစိကြည့်ပြီး

"ဘာတွေ ကျိုးလာတာလဲ၊ မျက်နှာက မလန်းပါလား"

"တစ်ယောက်ယောက်နဲ့ ငြိလာတာလား၊ တစ်ခုခုကို အစာမကြေ ဖြစ်လာတာလား"

"ချေပြတ်လို့ မပြေလည်တာ၊ အဖေနဲ့အမေက အုံးစားနေတော့ ငွမ်းလာတာပေါ့ကွာ"

"ဒီကောင်က အလုပ်ကိစ္စ အရေးကြီးလို့တဲ့ အစောကြီး အိမ်က ထွက်သွားတာ ငါ မသိလိုက်ရလို့ပေါ့"

"ညက အမှတ်တရ ကွိုင်ရှာပြီး ငွေထွက်လာအောင် မလုပ်လိုက်ဘူးလား"

"ဒါဆိုလည်း ရေလျှံချင်ရင် ကြံပေါ့ကွာ"

"ကားတစ်စင်းအောက် လှဲအိပ်လိုက်၊ ပြီးရင် လျော်ကြေးငွေ ကြူးလိုက်ပေါ့၊ နည်းနည်းအနစ်နာခံလိုက်ရင် အိတ်ဖောင်းလာလိမ့်မယ်"

"မင်းတို့ လုပ်နေကျလား၊ ယုံကြည်ရပါ့မလား"

"စမ်းကြည့်စမ်းပါကွာ၊ အရှုံးမရှိပါဘူး၊ လျှံလာရင်သာ တစ်ဝိုင်း မမေ့နဲ့"

ကျော်လင်းနှင့်သန်းစိုး အကြံအစည်က မဆိုး။ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အတွက် ငွေလိုမှုက အရေးကြီးနေသည်မို့ လုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါး ဖြစ်သွားတော့လည်း ကောင်းတာပေါ့။ လိုအပ်မှုတွေ ချို့တဲ့နေသည့်အိမ်မှာ သူ မနေချင်။

ရွှေဘုံပေါ်မှာ စံနေရင်းက အရာရာမပြည့်စုံတော့တာ ဘယ်လောက် ရင်နာဖို့ ကောင်းလဲ။

"ငါ လုပ်ကြည့်မယ်ကွာ၊ အောင်မြင်ရင် မမေ့ပါဘူး၊ ဘယ်နေရာမှာ အဆင်ပြေမလဲဆိုတာပဲပြော၊ ငါတို့ လမ်းထိပ်မှာပဲလား"

"လူရှင်းတဲ့နေရာမှာ သွားဝဲရင် ဓားတွေတုတ်တွေ အကျွေးခံရမှာပေါ့၊ နည်းနည်း အခြေအနေ ဖန်တီးလို့ အဆင်ပြေနိုင်တဲ့နေရာကို ငါတို့ အရောက်ပို့ပေးမယ်၊ အမှတ်တမဲ့ပဲဖြစ်ပစေနော်၊ သက်ာမကင်း၊ သံသယအဝင်ခံရရင်တော့ ဂွမ်းပြီ"

"အေးဆေးပါကွာ၊ အသက်နဲ့ရင်းရမယ့်နေရာကို သေချာအောင်လုပ်မှာပေါ့၊ ဘယ်သွားမှာလဲ ဒိုးရအောင်"

"အေး သွားမယ်"

ကျော်လင်းတို့နှစ်ယောက်က တက်ကြွစွာနှင့် သူ့ကို မြို့ထဲတက်ခေါ်လာခဲ့သည်။ ချွေးသံရဲရဲနှင့် လိုင်းကားတိုးစီးရတာကို သူ အမုန်းဆုံး။

"ရွှေ့မှတ်တိုင်ပါတယ် ဆရာရေ"

သန်းစိုးက အသံကျယ်ကျယ်အော်လိုက်ပြီး မှတ်တိုင်မှာ ဆင်းလိုက်ကြသည်။





"ဟိုးမှာ တွေ့လား၊ အဲဒါ ပိုက်ဆံချမ်းသာတဲ့ လူကုံထံ အသိုက်အဝန်းနဲ့ မင်းသား မင်းသမီးတွေ ဈေးဝယ်တတ်တဲ့ စင်တာပဲ၊ ပွဲဖြစ်ရင် အဖိုးအခ မနည်းဘူး ရနိုင်တယ်"

"ကျေးဇူးမကန်းနဲ့၊ မင်းတစ်ယောက်တည်း ဝေါင်ပြီး ကျားမြီးမဆွဲတတ်မှာစိုးလို့ လိုက်ပို့တာ၊ ပွဲဖြစ်ဖို့ ငါတို့ အကူအညီလည်း လိုတယ်၊ မင်း ရေလျှံအောင် အရောက်ပို့ပေးရဦးမယ်လေ"

ကျော်လင်းတို့က အတိအကျကို တိုက်တွန်းနေကြသည်။ သူသာ ရဲရဲဝံ့ဝံ့ ရှိဖို့လို၏။

"အနားတော့ မသွားနဲ့၊ လုံခြုံရေးတွေ ရှိတယ်၊ ဒီဘက်ကကားပတ်ထွက်တဲ့နေရာ၊ အဆင်ပြေဆုံးပဲ"

"ဟိုမှာ အနီရဲရဲ ပရာဒိုကားလေးတစ်စီး ထွက်လာတယ်၊ လှုပ်ရှားကြည့်၊ ဘာမှမကြောက်နဲ့"

"အေးပါ စိတ်ချ"

ကျော်လင်းတို့ကို ကတိပေးလိုက်ပြီးမှ ပရာဒိုကားလေး အနားရောက်လာချိန်နှင့် မှန်းဆကာ အမှတ်တမဲ့ ပြေးထွက်လိုက်သည်။

"ကျွီ ကျွီ"

"ဟယ် မင်းသမီးကားနဲ့ တိုက်မိတာပဲ"

"ဟာ သွားပြီ ကြော်ငြာမော်ဒယ် မင်းသမီးလေးက တိုက်မိတာ"

"ဒလိမ့်ကောက်ကွေးကို ပစ်လဲသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်သွားပြီလည်း မသိဘူး၊ လူငယ်လေးရှိသေးတယ်ဟဲ့ သနားစရာ''

ကားဒက်စတော့ တအားနင်းချသံ ကြားလိုက်ရပြီး တစ်ဆက်တည်း တစ်ယောက်တစ်ပေါက် အသံတွေလည်း ဆူညံသွားသည်။

ဒီအထဲမှာ တကယ်ဖြစ်သွားတယ်လို့ ထင်အောင် ကျော်လင်းတို့နှစ်ယောက်အသံက အကျယ်ဆုံး။

ကားပိုင်ရှင် ကားပေါ်က ဆင်းလာချိန်ထိ သူ မျက်လုံးဖွင့်မကြည့်ဘဲ သတိမေ့ချင်ဟန်ဆောင်နေလိုက်သည်။ ကားပိုင်ရှင်က ခြေလှမ်းမြန်မြန်နှင့်မို့ စိုးရိမ်တကြီး ရေးကြီးသုတ်ပျာ ဖြစ်နေတာ သေချာသည်။

''ဟယ် ကိုကို ကိုကို မဟုတ်လား''

''ဟင်''

ကိုကို တဲ့။

ပျိုခေတ်အသံ။

စီးပွားရေး မကျခင် နည်းနည်းအရွယ်ရောက်လာချိန်ထိ အင်တာနက်နှင့် စကားပြောနေကြ ဓာတ်ပုံလေးတွေ အီးမေးလ်ပို့နေကြမို့ ကိုကို ဆိုသော နာမ်စားလေးကို ရင်းနှီးနေတာပါ။

နောက်မှ ပျိုခေတ်တို့က တစ်နိုင်ငံပြီးတစ်နိုင်ငံ ပြောင်း၊ ကိုယ်တွေက စီးပွားရေးကျဖြင့် အဆက်အသွယ်တော်ပြတ်သွားခဲ့တာ။

''ပျိုခေတ် တကယ်ဖြစ်ပါစေ''

ဗျူး၉၃၄ေ



ရင်ထဲက ကြိတ်ဆုတောင်းရင်း ရင်တွေ တလှပ်လှပ်ခါနေသည်။ ဟိုနေ့ကပဲ ဂျာနယ်တစ်စောင် ဖတ်လာခဲ့သေးတာ။ ရုပ်ရှင်ရိုက်ဖို့စိတ်မကူးသေးတဲ့ မော်ဒယ်ကြော်ငြာ မင်းသမီးလေးတဲ့။

ခေါင်းစီးစာလုံးအကြီးကြီးနှင့် တွေ့လိုက်ရသည်။ မိတ်ကပ်တွေ ဆံပင်တွေ ပြင်ဆင်ခြယ်သထားလို့ မမှတ်မိနိုင်ဖြစ်နေသလို ဒီလို အနေအထားမျိုးနှင့် မြန်မာပြည်ကို ပြန်ရောက်လာမည်လို့လည်း မထင်။

ဘာကိုမှ အလေးအနက် စိတ်မဝင်စားတတ်သူပီပီ၊ အပြုံးလေးတွေက ဆင်ဆင်တူနေတာတောင် ဂျာနယ်ကို ပစ်ချထားလိုက်ပြီး ဘာမှသောက်မပျက်ခဲ့။

အခု ကြော်ငြာမော်ဒယ်မင်းသမီးလေး ဆိုတာ ပျိုခေတ် ဖြစ်နေတာလား။

မျက်လုံးကို ဖွင့်ကြည့်ချင်လှပြီဖြစ်ပေမယ့် ဟန်ဆောင်တာ သိသွားလျှင် ဒီလူအုပ်ကြီးက သူ့ကိုဝိုင်းရိုက်ခံရမှာ။

''ခင်ဗျား ဘာလုပ်နေတာလဲ၊ ဒီအတိုင်းထိုင်ကြည့်လို့ ဖြစ်မလား၊ ဆေးရုံကား ခေါ်တာတို့ ဆေးရုံလိုက်ပို့တာတို့ တစ်ခုခုလုပ်မှပေါ့''

''ဟုတ်တယ် တော်ကြာ လူများလာပြီး ရဲတွေတာတွေပါ ရောက်လာရင် ပိုရှုပ်သွားလိမ့်မယ်၊ ကြည့်လုပ်လေ''

''ဟုတ် ဟုတ်ကဲ့ ပျိုခေတ်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေလို့ပါ၊ ဒီလူကို ပျိုခေတ် ကားပေါ်တင်ပေးပါလားဟင်၊ ပျိုခေတ် ဆေးရုံခေါ်သွားပါ့မယ်''

ဗျူး၉၁၃၉ေ

www.burmeseclassic.com



"အဲလို ခေါ်သွားပြီး ပြဿနာ မတက်ချင်တာနဲ့ လမ်းမှာချထားခဲ့ရင် ဘယ်လိုလုပ်မလဲဗျ၊ ဒါမျိုးတွေက ရှိနေပြီ"

"အဲဒါဆို ဘယ်လိုလုပ်ရမလဲဟင်၊ ရှင်တို့က ပျို့ခေတ်ကို တစ်ခုလောက် ကူညီပါလား၊ ဒီလူကိုရော ရှင်တို့ သိသလား"

"ကျွန်တော်တို့ရပ်ကွက်ပဲ မသိဘဲ နေမလားဗျ၊ သူ့အမေ ကျန်းမာရေး မကောင်းလို့ဒီမှာ ဆေးလာဝယ်တာ"

"ဟင် ဟုတ်လား၊ ဒါဆို ပျို့ခေတ် ဆေးလည်း ဝယ်ပေးလိုက်မယ်၊ ကျန်တာကိုလည်း တာဝန်ယူပါတယ်၊ ပျို့ခေတ်ကားပေါ် မြန်မြန် တင်ပေးပါရှင်၊ ဂျာနယ်လစ်တွေ သတင်းသမားတွေ ရောက်လာရင် အကျယ်ချဲ့လိုက်မှာစိုးလို့ပါ"

"ကောင်းပြီ၊ ခင်ဗျား ကားပေါ်တက်"

တည်ကြည်ခန့် ကိုယ်ကြီးကို မ၍ ကျော်လင်းတို့ အမြန်လှုပ်ရှားလိုက်ကြသည်။

အားလုံးပြီးသည်နှင့် ထိုနေရာကနေ ပျို့ခေတ် ကားလေး ရှော ခနဲ မောင်းထွက်လိုက်၏။ ကားမောင်းရင်းနှင့် ဘယ်ဆေးခန်းမှာ အဆ ပြနိုင်မလဲ စဉ်းစားနေမိသည်။

စစ်လား၊ ဆေးလားနှင့် ဆေးစာရေးမပေးနိုင်သော ဆေးခ ဆိုလျှင် မြန်မြန် ပြေရှင်းဖို့မလွယ်။

ဒီနေ့ ခန့်အတွက် အဝတ်အစားတွေ ထပ်ဝယ်ပေးချင်လို့ ဒီစင်တာကို ရောက်လာခဲ့တာပါ။ အစက ခန့်ကို ခေါ်သေးပေမယ့်





ခန့်က အားနာလို့ဆိုပြီး အကြောက်အကန် ငြင်းသည်။

ဒါကြောင့်မို့ ခန့်မသိအောင် တစ်ယောက်တည်း ထွက်လာခဲ့တာ။ အင်တာဗျူးတစ်ခု ချိန်းထားတာလည်း အမြန်လိုနေသည်မို့ စိတ်ကလောနေကာ လမ်းချိုးကနေဖြတ်ပြေးလာသူကို အမှတ်တမဲ့ မမြင်လိုက်။

ဒါပေမဲ့ ကားကို ဂရုတစိုက် မောင်းတတ်တာမို့ အချိန်မီ ဘရိတ်အုပ်ဖို့တော့ သတိရသည်။ တကယ်လည်း လူကို မထိလိုက်မိဘူး ထင်ကာ ကားပေါ်က ဆင်းကြည့်လိုက်တော့လည်း ကိုကို တည်ကြည်ခန့်နှင့် ရုပ်ချင်းက တော်တော်ဆင်သည်။ အနေကြီး သံယောဇဉ်ကြီးခဲ့သည်မို့ ဝေးကွာနေသည့်အချိန်တွေရဲ့ ရင့်ရော်မှုကလွဲလျှင် ကိုကို တည်ကြည်ခန့် ဖြစ်နိုင်ချေက ရာနိုင်နှုန်းရှစ်ဆယ်။

ဘာလုပ်ရမလဲ။ ဒီလူနာမည် တည်ကြည်ခန့်လား။ ဘာလား မေးလိုက်လျှင် တာဝန်မယူချင်လို့ ဆွေမျိုးစပ်နေတာလားဆိုတာတွေနှင့် ရန်လုပ်ခံရနိုင်သည်။

ဆေးခန်းတစ်ခုခုကို ရောက်လို့ သူတို့နာမည်စာရင်းပေးမှ သေချာသိရတော့မှာပဲ။

"ဒီမှာ ဒီမှာ ရှေ့နားမှာ ကားရပ်လိုက်"

"ဟင် ဘာ ဘာဖြစ်လို့လဲ"

"ရပ်ဆို ရပ်လိုက်ပါဗျာ၊ ခင်ဗျားအဲ့တွက် အရေးကြီးတာ ပြောမလို့ပါ"

လူနာကို ပွေ့ထားသော ညာဘက်ခြမ်းကလူရဲ့ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လူသူရှင်းသည့် လမ်းဘေးကျကျမှာ ကားကို ထိုးရပ်လိုက်ရသည်။

လူနာက ခုချိန်ထိ သတိမေ့နေတာမို့ သူမ အနည်းငယ်တောင် စိုးရိမ်လာသည်။

"ရှင်တို့ ဘာပြောမလို့လဲ၊ လူနာက အခြေအနေရော ကောင်း ပါ့မလား၊ ပျို့ခေတ်ကလည်း အရေးတကြီးကိစ္စက ရှိသေးတယ်"

"အဲဒါကြောင့်ပြောတာပေါ့၊ ဆေးခန်းကိုသွားလိုက်ရင် မတော် တဆ ယာဉ်တိုက်မှုဆိုပေမယ့် ပြဿနာအရှည်ကြီး ဖြစ်သွားမှာ၊ အဲဒါ ကြောင့်မို့ သူ့ကို ကျွန်တော်တို့ ရပ်ကွက်က အပြင်ဆရာဝန်ဆီမှာပဲ ပြ လိုက်ပါ့မယ်၊ ပိုက်ဆံတော့ နည်းနည်းပါးပါး ပိုပေးရတာပေါ့ဗျာ၊ ဖယား ငြိမ်းတော့ တော်သေးတယ် မဟုတ်လား"

"ဘယ်လောက်ပေးရမလဲ"

"ခင်ဗျား သဒ္ဓါသလောက်ဆိုပေမယ့် ငါးပုံးလောက်ဆိုရင်တော့ အဆင်ပြေမယ် ထင်တယ်"

"ရှင်"

"ဩော် တစ်မျိုးတော့ မထင်နဲ့နော်၊ ကျွန်တော်တို့က စေတနာ နဲ့ပြောတာပါ၊ ဟိုရောက် ဒီရောက်ဆိုရင် ငွေလည်းကုန်မယ်၊ အချိန်လည်း ကုန်မယ်၊ အလုပ်လည်းပျက်မယ် ပြီးတော့"

"ကဲ ကဲ တော်ပါတော့၊ အဲလောက် ပေးလိုက်ရင် ဖယားပြတ် တယ် မဟုတ်လား"

"ဟာ ပြတ်ပါတယ်၊ ပြတ်ပါတယ်၊ ကြော်ငြာမော်ဒယ်ဆိုတာ





သိသွားလို့လည်း ခင်ဗျားကို နောက်ထပ် လာရှာပြီး ငွေညှစ်တော့မှာ မဟုတ်ပါဘူး"

"အဲဒါဆိုလည်း ရှင်တို့လူကို တွဲခေါ်ပြီး ကားအောက်ဆင်းတော့၊ ရှင်တို့ ပျို့ခေတ်ကားပေါ်က ဆင်းတာနဲ့ ငွေပေးမယ်၊ ရှင်တို့ ဘာတွေလဲ ဆိုတာ သဘောပေါက်သွားတဲ့အတွက် နောက်တစ်ခါ ဒီလိုပုံစံမျိုးတွေ့လို့ ကတော့ ရဲတိုင်ပြီးသားပဲမှတ်"

"ဟာ အဲဒီလိုတော့"

"ကဲပါ ဆင်း အပိုတွေလုပ်မနေနဲ့၊ ရော့ငွေ"

ထိုလူသုံးယောက် ကားအောက်ရောက်သွားသည်နှင့် စလင်း ဘတ်အိတ်ထဲက တစ်ထောင်တန် ငါးအုပ်ထုတ်ကာ ပစ်ပေါက်ပေးခဲ့ပြီး ကားကို ဂငယ်ကွေ့ ကွေ့၍ ပျို့ခေတ် မောင်းထွက်လာခဲ့သည်။

ဓာတ်လမ်းဆင် အချဉ်ဖမ်းပြီး ဂွင်ရိုက်ပိုင်းလုံးလုပ်တာ သိသာ နေပြီမို့ သူမ စေတနာထားဖို့ စိတ်မကူးတော့၊ ယောက်ျားရင့်မာကြီးတွေ ဖြစ်ပြီး ဒါမျိုးလုပ်စားတာ အံ့သြဖို့ကောင်းသည်။ ကိုကိုနှင့် ရုပ်ချင်းဆင်တဲ့ လူကိုတောင် ကိုကို မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသေး၏။

ကိုကိုက ခန့်ကိုသာ အနိုင်ကျင့်တတ်ပြီး ဒါမျိုးအောက်တန်းကျ သည့် အလုပ်မျိုးတော့ လုပ်မှာမဟုတ်။

ကားလေးက လေးညှို့မှ လွှတ်လိုက်သော မြားလေးလို လေ အဟုန်ဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဘာ အဲဒီ ပျိုခေတ်ဆိုတာ"

"ဟုတ်တယ် ငါ့ရဲ့သူငယ်ချင်းငယ်ချစ်ဟောင်း၊ ငယ်ပေါင်းတွေ ငါတို့နှစ်ယောက် အရွယ်ရောက်ရင် လက်ထပ်ပေးစားမယ်ဆိုတဲ့ ကတိ စကားတွေ ရှိခဲ့တယ်"

"ဟာ အဲဒါဆိုလည်း ထန္နုတ်ဆက်ပါလားကွ၊ ဘာလို့ ရှော ယောင် သတိမေ့ချင်ဟန်ဆောင်နေတာလဲ၊ မင်း ငါတို့ကို လာရွှီးနေတာ မဟုတ်လား"

"အေးလေ အဲလိုပြောလို့ ငါတို့က အထင်ကြီးမယ် ထင်လား"

ကျော်လင်းနှင့် သန်းစိုးက ဘီယာခွက်တွေနှင့် ချီးယားစ်လုပ် ရင်း ရှုံ့မဲ့ကာ မယုံကြောင်း သက်သေပြသည်။ တည်ကြည်ခန့်က ဘီယာ ကို တစ်ဝက်ခန့်ကုန်အောင် မော့သောက်ပြီးမှ

"အဲဒီအချိန်မှ သတိရပြီး ထန္နုတ်ဆက်လိုက်ရင် မင်းတို့ ဒီလို





မျိုး ချီးယားစ်လုပ်ရပ့်ါမလား၊ ငါလည်း ကလပ်မှာ သွားဖြုန်းဖို့ ငွေရမှာ မဟုတ်ဘူး"

"ဟား စိတ်ကူးကတော့ လန်ထွက်နေတာပဲ၊ ငါတို့ကတော့ မယုံဘူး ဟိတ်ကောင်၊ ဒီလောက် ချမ်းသာပြီး မော်ဒယ်မင်းသမီးက မင်းနဲ့ လက်ထပ်ရမယ့်သူဆိုတာ ဖြစ်နိုင်မလား၊ မင်းက ညီရဲ့ ပေးစာ ကမ်းစာ သုံးဖြုန်းနေတဲ့ကောင်"

"အဲဒါက အခု လက်ရှိဘဝလေ၊ အရင် ငါ့ဘဝက အတိတ်လု ခဲ့တယ်၊ မင်းတို့နဲ့ တက္ကသိုလ်မှာ မဆုံခင်အချိန်ထိပေါ့၊ အဲဒီအချိန်က ပျိုခေတ်တို့ကတော့ အဆင်မပြေဘူးနော်၊ ငါ့ဘွားဘွား အကူအညီနဲ့ နိုင်ငံတကာ ရောက်သွားပြီး ဒီလို ချမ်းသာလာတာ"

"အဲဒါ ထားပါတော့၊ မင်းက အခု ဘယ်လိုပတ်သက်မှာလဲ၊ အဲဒီမိန်းကလေး ပုံစံကြည့်ရတာ အရမ်းထက်မြက်မယ့်ပုံပဲ၊ ငါတို့ ပွင့် ဖမ်းတာကို ရိပ်မိသွားတယ် ထင်တယ်"

"ဟုတ်တယ် မင်းကိုကြည့်ပြီးတော့လည်း ကိုကိုလို့ ခေါ်သွား သေးတယ်လေ၊ ငါတို့က အဲလို ခေါ်လိုက်ကတည်းက တစ်ခုခု ငြိပြီလို့ ထင်တာ၊ ဖဝေဖဝါ မသဲကွဲပေမယ့် နောင်တစ်ချိန် ဆက်ဆံရေးမှာ အခက်အခဲဖြစ်သွားနိုင်တယ်နော်"

ကျော်လင်းတို့နှစ်ယောက် စကားများက တည်ကြည်ခန့်ကို ဟင်းခနဲ အဖျားတက်စေသည်။ ရင်မောနေတာမျိုးမဟုတ်ဘဲ ပျိုခေတ်နှင့် တွေ့ဖို့ လူပျိုပေါက်လေးလို စိတ်လှုပ်ရှားနေကာ



www.burmeseclassic.com

www.burmeseclassic.com



"အခက်အခဲ မဖြစ်အောင် ငါ မီးစင်ကြည့်ကတတ်ပါတယ်ကွာ၊ ငယ်ငယ်က ငါ့အကြွင်နာတွေကို ဒီကောင်မလေး နစ်မျောပြီးသားပါ၊ ငါ အံ့ဩနေတာက ငယ်ငယ်က ဘာပိုးမှမရှိဘဲ မော်ဒယ်တစ်ယောက် ဖြစ်နေတာကိုပဲ၊ ဒီနေရာကို ရောက်နေတာ အစောကြီးကတည်းက သိခဲ့ရင် အမြန်ဆုံး ဆက်သွယ်မိမှာပဲ၊ အခုလည်း နောက်မကျသေးပါဘူး"

"ဘာကို နောက်မကျတာလဲ"

"ပျိုခေတ်ကို ချည်းကပ်ဖို့လေ၊ ဒါမှ ငါ့ဘ၀ပြောင်းမှာ၊ အရင်က ကတိစကားတွေနဲ့ ချုပ်ကိုင်ပြီး ပျိုခေတ်ကို လက်ထပ်နိုင်အောင် ကြိုးစားရမယ်၊ ခုချိန်ထိ သူ့ရင်ထဲမှာ ငါရှိနေတယ်ဆိုတာ သေချာနေတာပဲ"

"ခုနက မင်း သတိမေ့ချင်ဟန်ဆောင်နေတုန်းက ကိုကိုလို့ ခေါ်သွားလို့လား"

ကျော်လင်းက မျက်ခုံးပင့်မေးသည်။ သန်းစိုးက တစ်ဖက်လှည့်ကာ လှောင်ပြောင်သလို ရယ်၏။

"မင်းတို့က ငါ့ကို ရူးနေတယ်ထင်လို့လား၊ ဒီနေ့ကစပြီး မင်းတို့နဲ့ ကုန်နေတဲ့အချိန်တွေကို ပျိုခေတ်အတွက် အသုံးပြုတော့မယ်၊ သူ ဘာလဲဆိုတာ သိသွားပြီဖြစ်လို့ စုံစမ်းရလွယ်ပါတယ်"

"ကေသရီနဲ့ မင်း တရားဝင်ကွာရှင်းထားတာ မဟုတ်ဘူးနော်၊ မရှင်းတတ်ရင် အဲဒါ ဖယားပဲ"

"ဘာဆိုင်တော့လို့လဲကွာ၊ စာချုပ်ထဲမှာ လက်မှတ်ထိုးတာပဲ



ရှိတယ်၊ သူ့လမ်းကြောင်းနဲ့သူပါ၊ ငါတို့ တစ်အိမ်တည်း အတူပေါင်းသင်းနေထိုင်နေတာမှ မဟုတ်ဘဲ"

"အပြောက လွယ်လိုက်တာ၊ မင်းကို တာဝန်မဲ့မှုနဲ့တောင် ဟိုက တရားစွဲလို့ရတယ်နော်၊ တစ်လလောက် ခိုးပြေးပြီး လက်မှတ်ထိုးပေါင်းသင်း ဆက်ဆံခဲ့တဲ့မိန်းမကို အဲဒီလို ပစ်စလက်ခတ် လုပ်လို့မရဘူးကွ"

"အဲဒါတော့ ဟုတ်တယ် တည်ကြည်၊ ငါ့အစ်ကိုတောင် အဲလိုလုပ်မိလို့ အမှုရင်ဆိုင်နေရတယ်၊ မိန်းကလေးက ကိုယ်ဝန်ရတော့ ပိုဆိုးသွားတာပေါ့၊ မယားစရိတ်၊ မွေးဖွားစရိတ်၊ နောက် ကလေးစရိတ်ဆိုတာတွေရော တာဝန်မဲ့လျစ်လျူရှုတာတွေရော ရှုပ်နေတာပဲ၊ ရှင်းအောင်လုပ်ပြီးမှ ဇာတ်လမ်းစတာ ကောင်းပါတယ်"

"ဘာဖြစ်ဖြစ်ကွာ၊ ခုချိန်မှာ ငါ့ရင်ထဲမှာ ကေသရီ မရှိတော့ဘူး၊ ပျိုခေတ်ပဲရှိတယ်၊ ငါ ချမ်းသာတော့မှာ၊ အရင်လိုဘ၀ ပြန်ရောက်တော့မှာကွ၊ အဲဒီအချိန်ကျရင် မင်းတို့အတွက် ဝမ်းတောဘယ်"

"ဟ အဲလောက်နဲ့ ကျေနပ်လို့ဖြစ်မလား၊ အခုလည်း အောင်ပွဲအကြိုလုပ်လို့ရတယ် ချီးယားစ်ကွာ"

"နိုး နိုး"

တည်ကြည်ခန့် လက်ကာပြတော့ ကျော်လင်းတို့ ဖန်ခွက်တွေအောက်ပြန်ကျသွားသည်။

"အခု ပျိုခေတ်အကြောင်း စုံစမ်းပြီး သွားတွေ့မလို့ ဆက်မည

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ဟိုနေ့က ဂျာနယ် ပြန်ရှာဖတ်ရင် လိပ်စာတော့ သိရမှာပဲ၊ သူ့ အိမ်မှာရှိမနေတောင် သူဘယ်ရောက်နေတယ်ဆိုတာ သူ့အိမ်ကတစ်ဆင့် သိရမှာပဲ၊ နောက်နေ့မှ ဆက်ဒေါင်းမယ် လစ်ပြီနော်''

ကျော်လင်းတို့ဆီက စကားပြန်မစောင့်ဘဲ တည်ကြည်ခန့် ဖုတ် ထွက်လာခဲ့သည်။

ဒီအချိန်မှာ ပျိုခေတ်နဲ့တွေ့ရဖို့ကလွဲလျှင် ဘာမှအရေးမကြီး။ တွေ့ပြီးမှ မေမေနှင့် ခန့်ကို လက်မထောင် ကြွားဝါနိုင်မှာ။

ခန့်ဆီ လက်ဝါးဖြန့်နေရတာ ဘယ်လောက် အောက်ကျသလဲ။ ဒီနေ့တောင် ကိုယ့်အသုံးစရိတ်အတွက် စွန့်စားလိုက်ရသေးသည်။

ကံမကောင်းလျှင် အသက်တောင် ဆုံးရှုံးသွားနိုင်၏။ အခုတော့ ကံကောင်းရုံတင်မက၊ အမြတ်အစွန်းတွေ တနင့်တပိုး ရနိုင်သည့် အခွင့် အရေးတွေနှင့်ပေါ့။

ထိုအခွင့်အရေးလေး လက်လွတ်မသွားအောင်..။

■ ■ ■



## အခန်း (၂၀)

''ဘာ ကို ကိုကိုနဲ့ တွေ့ခဲ့တယ် ဟုတ်လား ပျိုခေတ်''

ခန့် အသံက တုန်အက်ကာ ကသောကမျော နိုင်လွန်းသည်။ ပျိုခေတ်က အေးအေးသက်သာ ရှိနေရင်းက ခန့်အသံကြောင့် လန့်ဖျပ် သွားပြီး

''ဘာဖြစ်တာလဲ ခန့်ရဲ့၊ ကိုကိုနဲ့တွေ့ပြီး စကားပြောခဲ့ရမျိုး မဟုတ်ပါဘူး။ အဲလို အဖွဲ့နဲ့ အောက်တန်းကျ ဂွင်ရိုက်တဲ့သူက ကိုကိုနဲ့ တူတယ်လို့ ပြောတာပါ၊ အခု အသက်ကြီးလာတဲ့ကိုကိုရုပ်ကို ခန့်မှန်းကြည့်ရင်းနဲ့ ကိုကိုလားလို့တောင် ပါးစပ်က လွှတ်ခနဲ ထွက်သွားသေးတယ်။ ဒါပေမဲ့ ကိုကိုက အဲလို အောက်တန်းကျတဲ့အလုပ်မျိုး လုပ်မယ့်သူမှ မဟုတ်တာ''

အဲဒီထက် အောက်တန်းကျတာတွေတောင် လုပ်ချင်လုပ်နိုင်တယ်ဟု ပါးစပ်က မပြောမထွက်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုခေတ် သေချာမသိခဲ့တာကိုပဲ ကျေးဇူးတင်ရမည်လား။

"ဟို အဲဒီလူက ဘယ်လိုမျိုးလဲ ပျိုခေဟ် မှတ်မိလား"

"အင်း အရပ်မနိမ့်မမြင့်၊ နည်းနည်းပြည့်ပြည့်တောင့်တော မျက်နှာက ဝိုင်းတာလား၊ လေးထောင့်ဆန်ချင်တာလား မသိဘူး၊ စပို့ရှ အနီစင်းနဲ့ သိပ်ထူးထူးခြားခြားကြီးတော့ မဟုတ်ပါဘူး၊ ရှက်ကြမ်းရေက ကြည့်ကောင်းရုံလောကပါပဲ၊ ဪ နှုတ်ခမ်းက မျက်နှာနဲ့မလိုက် နည် နည်းသေးတယ်လို့ ထင်ရတယ်၊ အဲဒီပါးစပ်ပေါက်သေးတာလေးကြော ကိုကိုလို့ ထင်မိသွားတာ"

ပျိုခေတ် ပြောနေသလိုဆိုရင် ကိုကို ဖြစ်နိုင်တာ ရာနိုင်နှု ပြည့် သေချာနေသည်။ ဒါပေမဲ့ တကယ်သာဆိုလျှင် ကိုကို ဒီလိုနေမှ မဟုတ်။

ပျိုခေတ်ကို နှုတ်ဆက် ရောနှောမည်။ စည်းရုံးသိမ်းသွင်း ဖြ ယောင်းတာမျိုးလည်း လုပ်နိုင်သည်။

ပြီးတော့ သူ ကြိမ်းဝါးထားသလို ငယ်ငယ်ကလက်ထပ်ပေးစာ ဖို့ ကတိစကားတွေ ရှိခဲ့တာကို အကျပ်ကိုင်နိုင်၏။

ကိုကိုက ပျိုခေတ်အကြောင်း အရမ်းသိချင်နေတာပဲ မဟုတ် လား။

တကယ်ပဲ ကိုကို မဟုတ်လို့လား၊ ရင်တွေမောတာ သက်ပြ တောင် ဝဝ မရှူနိုင်။

"ဟယ် ခန့် သက်ပြင်းတွေတောင် ချလို့ပါလား၊ ဘာတွေ





စိတ်ညစ်စရာရှိလို့လဲ၊ ဒီကိစ္စက ခန့်နဲ့မဆိုင်ဘူးနော်၊ အင်တာဗျူးအတွက် ပဲ မိတ်ကပ်လိမ်းပေးတော့၊ ညနေ သုံးနာရီ ချိန်းထားတာ၊ မဂ္ဂဇင်းတိုက် က သတင်းထောက်လေးတွေ လာတော့မယ်"

"ဪ အင်း လိမ်း လိမ်းပါမယ်၊ အထူမလိမ်းဘူးမဟုတ်လား ဟင်၊ ကာလာလည်း သိပ်မခြယ်တော့ဘူးနော်"

"အင်း လိမ်းတာကတော့ အဲလို မလိမ်းပါဘူး၊ ဓာတ်ပုံရိုက်ဦး မှာဆိုတော့ အဝတ်အစား သုံးစုံအတွက် အဆင်ပြေတဲ့ မိတ်ကပ်အရောင် ပြောင်းလိမ်းချင်တယ်"

"အဲဒါက ခန့်တာဝန်ထားပါ၊ ခန့် ကျွမ်းကျင်ပါတယ်၊ ပျိုခေတ် အရမ်းတောက်ပပြီး လှသွားစေရမယ်"

အာမခံလိုက်ရပေမယ့် တကယ် လက်တွေ့လိမ်းခြယ်သည့်အခါ မှာတော့ ပျိုခေတ် မျက်နှာလေးကို ထိတွေ့နေရသော လက်ချောင်းတွေက တဆတ်ဆတ် တုန်ယင်လို့ ထိထိမိမိ မရှိချေ။ မိန်းကလေးပေါင်းများစွာ ရဲ့ မျက်နှာပေါင်းများစွာကို အမျိုးမျိုး လှပအောင် ထိတွေ့လိမ်းခြယ် ပေးဖူးသော်လည်း ရင်တလှပ်လှပ် ခြေဖျားလက်ဖျား အေးစက်လာသော ခံစားမှုများ တစ်ခါမှ မဖြစ်ဘူးချေ။ အကဲပိုသော မိန်းကလေးတွေက ကနွဲ့ကလျ သူ့အပြုအမူတွေကို အသည်းယားပြီး ရင်ခွင်ထဲ တိုးဝင်၊ ပါးဖျစ်နားဖျစ် လုပ်တတ်တာတွေတောင် ရှိသည်။

တချို့ဆို မိန်းကလေး အချင်းချင်း ထင်မှတ်ကာ နဖူးတွေ ပါးပြင်တွေကို ရွတ်ခနဲ နမ်းမွှေးသွားတတ်သေး၏။ ဒါပေမဲ့ သူ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှတောင် မရိုးမသား လှုပ်လှုပ်ရှားရှား မဖြစ်ဘူးခဲ့။

အခုတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးရှိ သွေးတွေက ပူနွေးရှိန်းမြလို့ ခြေဖျားလက်ဖျားတွေက အေးစက်ကာ ရင်ဘတ်နှင့်နဖူးက ချွေးတွေပြန်နေသည်။

မျက်နှာချင်းဆိုင် နီးကပ်စွာ မြင်တွေ့နေရသည့် ဝင်းဖန့်ဖန့်ပျိုခေတ်လည်တိုင်ကြော့ကြော့လေးဆီမှ တလှုပ်လှုပ်ဖြစ်နေသော စိမ်းမြမြသွေးကြောမျှင်လေးတွေကို ကြည့်မဝစွာရှိရင်း ရင်ခုန်နှုန်း မြန်နေသည်။

ဝင်းဝါနုဖတ်နေသော မျက်နှာလေးကို ပွတ်သပ်ကိုင်တွယ်နေရတာ မဝံ့မရဲ ရှိလှသော်လည်း လက်ချောင်းတွေကို ဖယ်ရှားပစ်ချင်စိတ်မရှိ။

နှင်းဆီငုံ နှုတ်ခမ်းလေးကို ပုံဖော်ကာလာတင်ပေးရချိန်မှာ သူ့သွေးတွေ တဖျဉ်းဖျဉ်း ဆူဝေကာ ဆန္ဒဆိုးတို့ ရုန်းကြွလာသည်။

ထိုနှုတ်ခမ်းရဲရဲလေးကို ထိကပ်နမ်းရှိုက်ပစ်ချင်တာ ဘယ်လိုလုပ်ရမည်လဲ။

ကိုယ့်ကိုယ်ကိုယ် မိန်းမစိတ် မပျောက်သေးဘူးလို့ ထင်ထားပေမယ့် ယောက်ျားလေး အဝတ်အစားတွေ ဝတ်ထားလို့ ယောက်ျားဇာတိပြနေတာများလား။

ဟင့်အင်း အောက်တန်းကျသည့် အတွေးများမဟုတ်တာ ကိုယ့်ကိုယ်ကိုယ် သိသည်။ ဒါဆို ပျိုခေတ်ကို ယောက်ျားပီပီသသ ချစ်မိနေတာပဲပေါ့။





တွေးမွေ့ယုယချင်တာ၊ မြတ်နိုးကြင်နာချင်တာ။ ယောက်ျားတစ်ယောက်ရဲ့စိတ်ပေါ့။

ဟား ဒါဆို တည်မြဲခန့် ယောက်ျားဖြစ်ပြီပေါ့။

ပြောင်းလဲလာသော စိတ်ကြောင့် ယောင်ရမ်းကာ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်ငုံ့ကြည့်မိသည်။

"ခန့် ဘာဖြစ်နေတာလဲ၊ မိတ်ကပ်လိမ်းတာ အဲလောက်တောင်ကြာရသလား၊ သူ့ကိုယ်သူလည်း ပြန်ငုံ့ကြည့်ပြီး ရှူစိ ရှူစိဖြစ်လို့ ဘာလဲ ဘယ်နေရာမှာ ပုရွက်ဆိတ်ကိုက်လို့လဲ"

"ဟမ် မ မကိုက်ပါဘူး ပျိုခေတ်ရဲ့၊ ဟိုလေ ယောက်ျားအဝတ်အစားကြီးနဲ့ မိတ်ကပ်လိမ်းနေရတာ သက်တောင့်သက်သာ မရှိလို့ပါ"

"အဲဒါဆိုလည်း အပေါ်အင်္ကျီတွေချွတ်ပြီး စွပ်ကျယ်လေးနဲ့ လိမ်းပေါ့ ခန့်ရဲ့ ကြည့်ပါဦး မျက်နှာမှာလည်း ချွေးတွေသီးလို့ အဲကွန်းခန်းထဲမှာ ဘယ်လိုဖြစ်တာလဲ ခန့်"

"ဟို ဘာ ဘာမှမဖြစ်ပါဘူး ပျိုခေတ်ရယ်၊ လိမ်းလို့လည်းပြီးပါပြီ၊ ပျိုခေတ် အဝတ်အစားလဲပြီးရင် အောက်ထပ်ဆင်းလာခဲ့တော့နော်၊ သတင်းသမားတွေကို ခြံထဲကနေ ခန့် စောင့်နေလိုက်မယ်နော်"

ရှုတ်ပြောကာ ကတိုက်ကရိုက် ထွက်လာခဲ့ရသည်။ ဒီနေ့က အိမ်မှာ အင်တာဗျူးကိစ္စပြီးလျှင် ညနေပိုင်း ညှိခံပွဲတစ်ခုအတွက် မိတ်ကပ်လိမ်းပေးရဦးမှာမို့ ခန့်ပြန်လို့ မဖြစ်သေး။

အသည်းငယ်တတ်သူ မဟုတ်ပါဘဲ ပျိုခေတ် အနားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



ရင်တုန်ပန်းတုန် ဖြစ်နေရတာတော့ အံ့ဩစရာ။

လှေကားထစ်တွေကနေ ပြေးဆင်းလာပြီး ညှော်ခန်းထဲက အဖြတ်မှာတော့

''တည်မြခန့် ဘယ်သွားမလို့လဲ၊ ဒီမှာ လာထိုင်စမ်းပါဦး''

''ဟုတ်ကဲ့''

ဦးထင်ကျော်က လှမ်းခေါ်သည်မို့ ဆိုဖာခုံလေးမှာ ရိုကျိုးစွာ ဝင်ထိုင်ရသည်။ ဒေါ်ယမင်းပျို အပြုံးက နုပျိုပေမယ့် ဦးထင်ကျော် အပြုံးက ရင့်ရော်လှသည်။

''မင်းက ပြန်ခါစက ပုံစံမျိုး မဟုတ်တဲ့ ဒီဇိုင်းပြောင်းနေပါလား၊ သမီးက ပြောင်းလဲပေးတာလားကွ''

''ရှင် အဲ ဗျာ ဟုတ် ဟုတ်ကဲ့ အန်ကယ်၊ ပျိုခေတ်က မိန်းမလို မနေရဘူးဆိုလို့ပါ''

''အေး ယောကျ်ားက ယောကျ်ား၊ မိန်းမက မိန်းမပဲဖြစ်ရမှာပေါ့ကွ၊ ဒါပေမဲ့ ဒီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းပြုဖို့ စဉ်းစားထား ရင်တော့ ဘယ်တော့မှ တိုးတက်ကြီးပွားမှာ မဟုတ်ဘူး''

''အိုတော် ဘာလို့ မတိုးတက် မကြီးပွားရမှာလဲ၊ ဒီအလုပ်နဲ့ အောင်မြင်နေကြတာ ရှင် မတွေ့ဘူးလား၊ သူများကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့''

''ငါပြောတာက ဒီအလုပ်က ယောကျ်ားတစ်ယောက်နဲ့ မလိုက်ဖက်ဘူး ပြောတာ၊ အရင်လို မစိုမခြောက်ဆိုရင်တော့ ဖြစ်ချင်ဖြစ်မှာပေါ့''





''ဒါဆိုလည်း ရှင့်ကုမ္ပဏီမှာ အလုပ်တစ်နေရာ ပေးလိုက်ပေါ့၊ မိတ်ဆွေရင်းတွေ သူတို့အဆင်မပြေ ဖြစ်နေတဲ့အချိန်မှာ ကူညီသင့်ပါတယ်''

''အလုပ်ခန့်ရအောင် သူက ဘွဲ့ရလို့လား၊ ဘာအောင်လက်မှတ် ပြစရာရှိလို့လဲ၊ အရည်အချင်း မရှိဘဲနဲ့ ဘယ်နေရာမှာမှ အလုပ်မရနိုင်ဘူး''

ဦးထင်ကျော် စကားကြောင့် ခန့်ကို ဒေါ်ယမင်းပျို အားနာစွာ ငဲ့ကြည့်သည်။ ခန့်ကတော့ သိမ်ငယ်မှုတွေအပြည့်နှင့်ပါ။ တကယ်လည်း ဦးထင်ကျော် ပြောတာတွေက မှန်နေတာပဲ။

ဒါကို အပေါ်ထပ်က ဆင်းလာသော ပျိုခေတ်လည်း ကြားသိဟန်တူသည်။ ခန့်အနားကို လာရပ်ပြီး

''ခန့် လာလေ၊ သတင်းသမားတွေ လာနေပြီ၊ အလှစာတ်ပုံအတွက် အောက်ဒိုးရိုက်ဦးမှာဆိုတော့ ခြံထဲက လိုကေးရှင်းက ကောင်းတယ်''

''အန်ကယ်နဲ့အန်တီ ခွင့်ပြုပါဦး ခင်ဗျာ''

ခြံထဲမှာက ရေတံခွန်အတုတွေ၊ ပန်းပင်တွေနှင့် တကယ့်ပန်းချီကားချပ်သဖွယ် သရုပ်ပေါ်လှပလွန်းသည်။ ငွေကြေးချမ်းသာ ပြည့်စုံလာတော့လည်း ဘယ်အရာမဆို ဖန်တီးလို့ရနေပြီပေါ့။

ဓာတ်ပုံရိုက် အင်တာဗျူးနှင့် အချိန်တွေကုန်သွားတော့ ပျိုခေတ် အတော်လေး ပင်ပန်းသွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးပြန်သွားမှ အိမ်အကူ အဒေါ်ကြီးကို ပျိုခေတ်က အအေးနှစ်ခွက် လာပေးဖို့ပြောလိုက်သည်။

ခြံထဲက အလှသစ်သားထိုင်ခုံလေးတွေမှာ ဝင်ထိုင်ကာ ပျိုခေတ် သက်ပြင်းငွေ့ငွေ့ချကာ

"ခန့် ဘွဲ့မရနိုင်တော့ပေမယ့် အောင်လက်မှတ်တွေ တစ်ခုပြီး တစ်ခု ရအောင်ယူရမယ်"

"ဟင် ဘာ ဘာဖြစ်လို့လဲ"

"ဂုဏ်ရှိအောင်ပေါ့ ခန့်ရယ်၊ ပြီးတော့ အဲလို အောင်လက်မှတ်တွေရှိမှ ရာထူးကြီးကြီး နေရာကောင်းကောင်းနဲ့ အောင်မြင်နိုင်မှာပေါ့"

"ရပါတယ် ပျိုခေတ်ရယ်၊ ခန့်ဘဝနဲ့ခန့် ဒီအတိုင်းလေးနေလို့ ဖြစ်ပါတယ်၊ ခန့် အများကြီး မျှော်လင့်မထားပါဘူး"

"ဟင့်အင်း ခန့် သင်တန်းတွေ မှန်သမျှ တက်ရမယ်၊ မန်နေဂျာ စာရင်းကိုင်၊ ကွန်ပျူတာ၊ စပီကင်၊ အီလက်ထရွန်းနစ်သင်တန်းဆင်၊ အောင်လက်မှတ်ရသမျှ အကုန်တက်ပြီး လူရာဝင်အောင် လုပ်ရမယ် ခန့်၊ သူများ အထင်သေးခံရတဲ့ဘဝမှာ ခန့်ကို မနေစေချင်ဘူး၊ အထူးသဖြင့် ဖေဖေ အထင်ကြီးနိုင်တဲ့လူတစ်ယောက် ဖြစ်စေချင်တယ်"

"ဟင် ဘာဖြစ်လို့လဲ ပျိုခေတ်"

"ဟို"

ပျိုခေတ် စကားမဆက်ဘဲ ခေါင်းလေး ငုံ့ကာ ခန့်ဆီက အကြည့် လွှဲ၏။ ခဏနေမှ ခပ်လွှဲလွှဲ ခေါင်းမော့လာကာ





"ဖေဖေက ဟိုတစ်ချိန်က ခန့်တို့အဘွားကို မိုခိုခဲ့ရတဲ့အတိတ် ကို မေ့နေတာ၊ ပျိုခေတ် မကြိုက်ဘူး၊ ခန့်တို့ကို အထင်သေးနေတာ လည်း ပျိုခေတ် မကြိုက်ဘူး၊ သင်တန်းတွေတက်ဖို့ နောက်ဆံမတင်းပါ နဲ့ ခန့်၊ ကုန်ကျစရိတ်ငွေတွေက ပျိုခေတ် ရှာထားတဲ့ ကိုယ်ပိုင်ငွေတွေပါ၊ ပျိုခေတ်ဆီမှာလည်း အချိန်ပြည့် ခန့် အလုပ်လုပ်စရာရှိနေတာမှ မဟုတ် တာ၊ ပျိုခေတ် ပြောတာ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့ ဆိုတာ ဆင်ခြေပေးဖို့ ကြိုးစားနေတာပဲ မဟုတ်လား၊ ပျိုခေတ် ပြောတာကိုပဲ နားထောင်ပါ၊ ကိုကို့လိုမျိုး ခန့် မလုပ်ချင်တာကို အနိုင်ကျင့်ပြီး အတင်းအကျပ် လုပ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ ပျိုခေတ် က ခန့်ကို ဖြစ်စေချင်တာ"

"ဟုတ်ပါပြီ ပျိုခေတ်ရယ်၊ ပျိုခေတ် ကျေးဇူးတွေကို ခန့် ပြန်ဆပ်နိုင်အောင် ကြိုးစားပါမယ်"

"အဲလိုမှပေါ့၊ ခန့်က အရမ်းလိမ္မာတယ်၊ ကဲ ညှိခံပွဲသွားဖို့ အဝတ်အစားနဲ့ လိုက်တဲ့ မိတ်ကပ်အရောင် ပြောင်းပေးဦး၊ အရမ်းနောက် ကျနေရင် ကြီးကျယ်တယ်လို့ ဝေဖန်ခံနေရဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ပျိုခေတ် မျက်နှာလေး ပြုံးလာအောင် ခန့် စနောက်လိုက်သည်။ ပျိုခေတ်က အအေးခွက်ကို မော့သောက်ရင်း မျက်စောင်းဝေ့ဝေ့ ထိုး၏။

အဖျားရုပ်ထိစေမယ့် ခန့် နှလုံးသားက ဖျပ်ဖျပ်ခါသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



လှိုင်းပုတ်သည့်ဒဏ်၊ မုန်တိုင်းရိုက်သည့်ဒဏ်၊ မိုးသီးမိုးပေါက် ကြွေကျသည့်ဒဏ်ကို ခံနိုင်ပေမယ့် ပျိုခေတ် မျက်စောင်းနုနုကိုတော့ ခံနိုင်ရည် မရှိပါလား။

နှလုံးသားက အတွေ့အကြုံမရှိ နုနယ်လွန်း၍ပဲလား မသိ။ ပူနွေးရှိန်းမြ နှင့်သီးကာ တစ်စုံတစ်ရာကို ရင်ခွင်မှာ မလွှတ်တမ်း ဖက်တွယ်ထားချင်သည့် တပ်မက်စိတ်တွေဖြင့်••။

■ ■ ■



## အခန်း (၂၁)

"ဟင်"

တည်ကြည်ခန့် ကိုယ့်မျက်လုံးကိုယ် မယုံချင်။

ပျိုခေတ် ကားပေါ်မှာ ဘာကြောင့် တည်မြဲခန့် ပါလာတာလဲ။

ရလယ်ကတည်းက ပျိုခေတ်အကြောင်းကို စုံစမ်းနေခဲ့တာ၊ ဂျာနယ်တွေ ရှာကြည့်တော့ နိုင်ငံခြားက အနုပညာတွေ သင်ယူလာသော ကြော်ငြာ ဒယ် မင်းသမီးလေး ပျိုခေတ်က အီမ်းလိပ်စာနှင့် အိမ်ဖုန်းနံပါတ် ကိုပါ ဆက်သွယ်ရန်အတွက် ထည့်ပေးထားသည်။

သူက အကြံအစည်ဖြင့် လုပ်ငန်းရှင်တစ်ယောက်ပုံစံမျိုးကာ ဖုန်းနံပါတ်ကို လှမ်းဆက်ပြီး အဆက်အသွယ် ယူလိုက်တော့ ညေ့ခံ ရာမှာ တွေ့နိုင်ပါသည်တဲ့၊ ဒါကြောင့်မို့ လိပ်စာပေးလိုက်သည့်အတိုင်း ခံပွဲလုပ်သည့် ဟိုတယ်ရှေ့ကနေ လာစောင့်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အစက ပျို့ခေတ် ဘေးမှာ ထိုင်လိုက်လာသောသူကို ယောကျ်ားလေး မိတ်ဆွေတစ်ယောက်ဟုတောင် ထင်နေတာ။

ယောကျ်ားလေး အဝတ်အစားဖြင့် ခန့်ညားနေသော ခန့်ကို လုံးဝမမှတ်မိ။ နောက်မှ ကားဖြည်းဖြည်းလေး ပါကင်ထိုးနေသည့်အချိန်မှာ အံ့သြတကြီး သေချာသွားခဲ့တာ။

ဘယ့်လိုက ဘယ်လို. . ။

"တောက်"

တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ရင်း မကျေနပ်ချက်တို့ ရုတ်တရက်ရှိလာကာ ခန့်ကို ပြေးထိုးချင်စိတ်တွေ ပေါက်လာသည်။ ဒီကောင်က ပျို့ခေတ်နဲ့ ဘယ်လိုတွေ့ပြီး ဘယ်လိုပါလာတာလဲ။

ပျို့ခေတ် မြန်မာပြည် ရောက်တာ သူတောင်ဒီနေ့မှ တိတိကျကျ သိခဲ့တာ။

မိန်းမ အဝတ်အစားတွေတောင် ကိုယ်ပေါ်မှာ မရှိတော့ပါလား။ ဒါကရော ဘယ်သူ့ကြောင့်လဲ။ ဘာကြောင့်လဲ။

"ဟား"

သူ အတွေးတွေနှင့် ကြိတ်မနိုင်ခဲမရ ယောက်ယက်ခတ်နေစဉ်မှာ ပျို့ခေတ်နဲ့ခန့် ဟိုတယ်ထဲဝင်သွားကြသည်။ ဟိုတယ်ထဲ လိုက်ဝင်သွားလို့တော့မဖြစ်။

ဒီလို ဒေါသမျိုးနှင့် ကိုယ့်စိတ်ကို မထိန်းနိုင်လျှင် ပွဲပျက်ပေလိမ့်မည်။ ညှိခံပွဲက အလွန်ဆုံးကြာ တစ်နာရီ၊ နှစ်နာရီပေါ့။

ပျို့ခေတ်ကားနံပါတ်နှင့် အရောင်ကိုမှတ်ပြီး ဟိုတယ်အပြင်ဘက်မှာ ယောကယ်ကာ စောင့်နေလိုက်သည်။ စိတ်ရှည်ရှည်ထားကာ စောင့်နေဆဲမှာရိုက်လောက်အတွင်းမှာပင် ပျို့ခေတ်ကားလေး ပြန်ထွက်လာသည်။ မိုက်မိုက်ကန်းကန်းပင် ကားရှေ့တိုးထွက်လိုက်၏။

"ကျွီ"

"ဟင် ကိုကို"

ခန့် ထိတ်လန့်တကြား လှတ်ခနဲ အော်လိုက်မိတော့ ပျို့ခေတ်ကားရှေ့ကို အာရုံစိုက်နေရာမှ ခန့်ဘက်လှည့်လိုက်၏။

"ကိုကို ဟုတ်လား၊ တည်ကြည်ခန့်လို့ ပြောလိုက်တာလား"

"ဟုတ် ဟုတ်တယ်၊ ဘယ်လိုလုပ် ဒီနေရာကို ရောက်နေတာလည်းမသိဘူး၊ ပျို့ခေတ်ကားမှန်းသိလို့ ရှေ့ကနေ တားနေတာ"

"သိချင်လည်း သိမှာပေါ့၊ နေ့လယ်က အောက်တန်းကျကျ ကားတိုက်ခံပြီး ငွေတောင်းသွားတာ သူပဲ၊ အခုလည်း ပျို့ခေတ်မှန်းသိလို့ သက်သက်မဲ့ အကြံအဖန် ထပ်လုပ်တာလား မသိဘူး"

ပျို့ခေတ်တို့ ကားအောက်မဆင်းဘဲ ခပ်တည်တည်နှင့် စကားပြောနေကြတော့ တည်ကြည်ခန့် ကားနားရောက်လာသည်။

"ပျို့ခေတ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်၊ နေ့လယ်ကလို လျော်ကြေးလိုချင်လို့ ကားရှေ့ပြတ်ပြေးပြန်ပြီလား။ ဒီတစ်ခါ ဟန့်ဆောင်ပြီး နှစ်ပတ်သုံးပတ် လည်မသွားပါလား ကိုကိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟင် မင်းဘာပြောတာလဲ၊ အဲဒါ ကိုကို တမင်တကာ လုပ်တာ မဟုတ်ဘူး၊ အမှတ်တမဲ့ ဖြစ်သွားတာ၊ အခုမှ သူငယ်ချင်းတွေက မင်းကို တိုက်မိတဲ့ကားက မော်ဒယ်မင်းသမီး ပျိုခေတ်လို့ ပြောလိုက်တာနဲ့ ကိုကို ပျိုခေတ် ဖြစ်နေမလားဆိုပြီး စုံစမ်းလိုက်ရှာနေတာ"

"ဩော် ယုံအောင်ပြောတော့လည်း ယုံရတော့မှာပေါ့၊ အခု ဘာကိစ္စလဲ"

"ဟား အနှစ်နှစ်အလလ ကွဲကွာနေရာက ပြန်တွေ့တာလည်း သူစိမ်းဆန်လွန်းပါလား ပျိုခေတ်ရယ်၊ မြန်မာပြည်ပြန်ရောက်ရောက်ချင်း ကိုကို့ကို အရင်ဆုံး လာရှာမယ်ထင်တာ၊ ခန့်နဲ့က ဘယ်လိုတွေ့ပြီး ပျိုခေတ်ကားပေါ် ရောက်နေတာလဲ၊ ကိုကိုရော ပျိုခေတ်ကားပေါ် လိုက်လို့ မရဘူးလား"

မျက်လုံးအကြည့်နှင့် လေသံက နူးညံ့ခြင်းမရှိပါ။ ခန့်ကို ကြည့်သော အကြည့်တွေက ပိုရှုံကြမ်းရှနေကာ တစ်ခုခုကို ပေါက်ကွဲပစ်ချင်နေသည့် အနေအထားမျိုး ရှိနေသည်။

ဒါကို သဘောပေါက်နေသော ခန့်က မျက်နှာကြီးငုံ့လျှိုးကာ ကတုန်ကယင် ဖြစ်နေမိသည်။ ပျိုခေတ်ကလည်း ခန့် ခံစားမှုကို နားလည်နေပြီး တည်ကြည်ခန့်ကို အားနာမနေနိုင်တော့။

"နောက်ကြုံမှပေါ့ ကိုကို၊ အခု ပျိုခေတ်တို့ အလုပ်ကိစ္စလေး ရှိနေသေးလို့ပါ၊ သွားမယ်နော် တာ့တာ"

ကားကို ဆောင့်ခနဲ မောင်းထွက်လိုက်သည့်အတွက် ကားနှာ၊





ကပ်နေသော ကိုကို ယိုင်နဲ့လဲပြိုမတတ် ဖြစ်သွားသည်။ သူမတို့ ကား လေး အဝေးကိုရောက်သွားသည်အထိ မကျေမချမ်းလိုက်ကြည့်နေသော ကိုကို့မျက်ဝန်း ပြူးပြူးကြီးတွေကို ကားဘက်(ခ်)မှန်မှတစ်ဆင့် မြင်တွေ့ နေရသည်။ ပျိုခေတ် မခိုးမခန့် ပြုံးရင်း ခန့်ဘက် လှည့်ကြည့်လိုက်တော့ ခန့်က ငြိမ်သက်တိတ်ဆိတ်လွန်းနေသည်။

"ခန့် ကိုကို့ကို ကြောက်နေတာလား"

"မ မဟုတ်ပါဘူး"

"မဟုတ်ဘူးဆိုပြီး ဘာလို့ စကားလုံးတွေထပ်ပြီး အသံတွေ တုန်နေတာလဲ၊ ခန့်ယောကျ်ား မဖြစ်သေးဘူးလား၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသေးဘူးလား။ ဘာဖြစ်ဖြစ် ရင်ဆိုင်ရဲတဲ့သတ္တိ မရှိသေးဘူး လား"

မေးခွန်းတွေ ထပ်နေပေမယ့် ပျိုခေတ် အသံက မာကျောခက် တန်နေသည်။ ခန့်သာ မပြတ်သားလျှင် ပျိုခေတ် ဒီထက်ပိုပြီး ပေါက်ကွဲ နိုင်၏။

ခန့် ဘာအဖြေမှမပေးတော့ ကားကို လမ်းဘေးမှာ ဆောင့်ခနဲ ထိုးရပ်ပစ်လိုက်၏။

"အဲဒီလို တွေဝေတာ မပြတ်သားတာ၊ သတ္တိမရှိတာ မိန်းမစိတ် မကုန်သေးလို့ပဲ ခန့်၊ ဒါဆို ပျိုခေတ် ဖြစ်စေချင်တာတွေက အလကား ပေါ့"

"မ မဟုတ်ပါဘူး ပျိုခေတ်ရယ်၊ ကိုကိုက"



www.burmeseclassic.com

www.burmeseclassic.com



"ညီအစ်ကိုအရင်း ဖြစ်နေလို့ သည်းခံနေတာပါလို့ ဆင်ခြေပေး ဦးမလို့လား၊ ကိုကိုက ခန့်အပေါ် ဘယ်လောက်တောင် ကောင်းနေလို့လဲ၊ ခန့်ကပဲ အနစ်နာခံနေရတာ မဟုတ်ဘူးလား၊ တစ်သက်လုံး အမြဲတမ်း ဒီလိုနေသွားဖို့ စိတ်ဆုံးဖြတ်ထားတာလား ခန့်"

"မဟုတ်ပါဘူး၊ ခန့်မှာလည်း မာနရှိပါတယ်၊ သည်းခံတယ်ဆို တာလည်း အတိုင်းအတာနဲ့ပေါ့၊ ပေးဆပ်ခဲ့ရတာတွေ ပြန်မမျှော်လင့်ပါ ဘူး၊ တစ်နေ့နေ့မှာ ကိုကို နားလည်ပေးရင် ကျေနပ်ပြီ"

"ပေးမှာပါ စိတ်ချ၊ ဝေဒနာတွေလေ၊ ကိုကို့အကြောင်း ခန့် က ပိုသိမှာပေါ့၊ အရင်က ပေးဆပ်ခဲ့တာတွေ ပြန်မမျှော်လင့်ဘူးဆိုရင် တောင် ခန့် အနာဂတ်အတွက် အရှုံးမပေးဆိုတဲ့စိတ်တော့ အခိုင်အမာ ဆုံးဖြတ်ထားသင့်တယ်၊ အဲလိုမှ မလုပ်ရင် ခန့်ဘဝ ဒီထက်ပိုပြီး နစ်မွန်းရုံ ရှိတော့တယ်၊ ဘယ်လိုလဲ ခန့်၊ ဒီလိုပဲနေမှာလား"

ကားစတီယာရင်ကို တင်းတင်းဆုပ်ကိုင်ရင်း ပျိုခေတ် အံကြိတ် ကာ မေးသည်။ ဒေါသရဲ့နောက်မှာ ရှိုက်သံနှောလာတာမို့ ခန့် ခေါင်း ဆတ်ခနဲ ထောင်သွားသည်။

"ပျို ပျိုခေတ် မျက်ရည်တွေကျလို့ ဘာဖြစ်တာလဲ"

"ဒေါသဖြစ်နေတာလေ မသိဘူးလား၊ ခန့် သွေးနည်းလွန်းတာ ကို အားမရဖြစ်နေတာ"

"အဲဒါ ခန့်ရဲ့အားနည်းချက်ပါ ပျိုခေတ်ရယ်၊ ပျိုခေတ် အဲလို ကြီး မခံစားပါနဲ့၊ ခန့်ကို အားပေးနေတာနဲ့ ပျိုခေတ် ပင်ပန်းနေရတာ



ခန့်တကယ် စိတ်မကောင်းဘူး"

"အဲလို စေတနာရှိရင် ပျိုခေတ် အားပေးမှုတွေကို ကျေကျေနပ် နပ် လက်ခံပြီး ဝံ့ပြန်တိုက်စစ်ဆင်ရမှာပေါ့ ခန့်ရဲ့၊ ပျိုခေတ်က ခန့်ဘက်က နာကျင်နေတာ မခံစားနိုင်ဖြစ်နေတာ သိလား"

"ကဲ ကဲပါ သိပါပြီ ပျိုခေတ်ရယ်၊ ပျိုခေတ်ဘက်က ဒီလို အားပေးမှုတွေကြောင့် ခန့် တကယ်လည်း အားရှိပါတယ်၊ မျက်ရည်တွေ မကျနဲ့တော့နော်၊ ခန့် သုတ်ပေးမယ်၊ ငြိမ်ငြိမ်လေးနေ"

ခန့်က ပျိုခေတ်မျက်နှာပေါ်က မျက်ရည်စီးကြောင်းလေးကို ဖွဖွရွရွလေး တို့ထိသုတ်ပေးလာသည်။ ရင်က ဖိုလှိုက်လာကာ ခန့် ပခုံးလေးပေါ် ခေါင်းတင်မှေးမှိန်ချင်လာ၏။ လုံခြုံမှုတွေ အပြည့်နှင့် သူ့မ အပေါ်လည်း နွေးထွေးယုယ ကြင်နာစေချင်သည်။

အပြန်အလှန် နားလည်နှစ်သိမ့်ရင်းနှင့် သီးသန့်ကမ္ဘာငယ်လေး တစ်ခု တည်ဆောက်ကြည့်ချင်၏။

ထိုအတွေးနှင့်အတူ ဘာကြောင့် သံယောဇဉ်ငြိတွယ်မှုတွေ ပြောင်းလဲသွားတာလည်း နားမလည်နိုင်။

ငယ်ငယ်က သူမ ကမ္ဘာထဲမှာ တည်မြဲခန့် ဆိုသော မိန်းမ လျာလေး မရှိပါ။ ကိုကိုမှ ကိုကို။ အနားမှာမရှိလျှင်တောင် မနေတတ် ခဲ့တာ။ ခွဲခွာရတော့လည်း ရူးမတတ်။

အခုတော့ ခန့်အပေါ် ကိုကို ကျူးလွန်သည့်အပြစ်တွေကို မုန်းတီးပြီး မိန်းမတစ်ယောက်ကို ခပ်လွယ်လွယ် လက်ထပ်၊ ခပ်လွယ်လွယ်

www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုနိုင်သော ကိုကို့စိတ်ကို စက်ဆုပ်ရွံရှာသွားခဲ့သည်။

ဟင့်အင်း ဒီစိတ်က အခုမှမဟုတ်။

နိုင်ငံခြားမသွားခင် ခန့်ပေးချင်သော ခန့်ဆွဲထားသော ပန်းချီကားလေးကို ကိုကိုက သူဆွဲထားသည့် သူ့ရဲ့အမှတ်တရလက်ဆောင်ပါလို့ ပြောခဲ့စဉ်ကတည်းက ဘာကြောင့်လိမ်ညာခဲ့တာလဲ၊ သူများဟာကို ဘာလို့ ကိုယ့်ဟာလုပ်ချင်ရတာလဲ။

အဲဒီအချိန်ကတည်းက ကိုကို့ဆန္ဒအတိုင်း ယူသွားခဲ့ရပေမယ့် ခန့်ရဲ့ သိမ်ငယ်မှုတွေ၊ အထီးကျန်မှုတွေ ထင်ဟပ်သိသာနေသော ပန်းချီပုံလေးကို တမြေ့မြေ့ သနားကရုဏာတွေဖြစ်ရင်း ဒီနေ့အချိန်ထိ သိမ်းထားခဲ့တာ။ ဒါကို ခန့် သိပါလေစ။

"ဟင် ဒါ ဘာလဲ ပျိုခေတ်"

သူမ သွားလေရာ အမြဲပါသော ပန်းချီစာရွက်လေးကို ခန့်ရှေ့ ထုတ်ပြတော့ ခန့် ဘာမှန်းမသိ နားမလည်နိုင်ဖြစ်သွားသည်။ ပျိုခေတ်က ဖြန့်ပြလိုက်တော့

"ဒါ ပျိုခေတ် နိုင်ငံခြားသွားခါနီးတုန်းက ကိုကို အမှတ်တရ လက်ဆောင်ပေးလိုက်တာ၊ ဒါ ဘယ်သူ့ဉစ္စာလဲဆိုတာ ပျိုခေတ်သိတယ်၊ မှန်ဘောင်နဲ့ချိတ်ဆွဲထားရင် အမြဲတမ်း ကြည့်လို့မရမှာစိုးလို့ ဒီအတိုင်းလေးပဲ ပျိုခေတ် သွားလေရာ ယူသွားခဲ့တာ"

"ဟင်"

"ဟုတ်တယ် မြန်မာပြည်ကြီးကို လွမ်းလို့၊ ဒါလေးကို ထုတ်





ကြည့်မိတိုင်း ကိုကိုက ပျိုခေတ်ရဲ့အဝေးဆုံးကို ရောက်သွားပြီး ခန့်က တဖြည်းဖြည်းနဲ့ အနီးဆုံးကို ရောက်လာတယ်၊ ဘာလို့များ ခန့်ကို အထီးကျန်စေခဲ့တာလည်းလို့ နောင်တလည်း ရမိတယ် ခန့်၊ ငယ်ငယ်က ကိုကို့စကားတွေကိုပဲ ယုံကြည့်ပြီး ခန့်ရင်ထဲမှာ ခံစားရတာတွေ နားမလည်ခဲ့ပေမယ့် သိတတ်လာတဲ့အချိန်မှာ ခန့်ကို အရမ်းသနားတယ်၊ ကိုယ်ချင်းစာတယ်၊ နှစ်သိမ့်အားပေးချင်တယ်"

"ပျိုခေတ်ရယ်"

ဆို့နစ်မှုတွေဖြင့် ပျိုခေတ် လက်အစုံကို ခပ်တင်းတင်း ဆုပ်ညှစ်ရင်း ခန့် မျက်ရည်တွေ ရစ်ဝိုင်းလာသည်။ ပျိုခေတ်ဆီက သံယောဇဉ်အတိုင်းအစကို အပြည့်အဝ သိနေရပြီပဲ။ ခန့်လည်း လွယ်အိတ်ထဲက ပန်းချီစာရွက်လေးကို ထုတ်လိုက်ကာ ပျိုခေတ်မျက်နှာရှေ့မှာ ဖြန့်ပြလိုက်သည်။

"ပျိုခေတ်သွားတဲ့နေ့က လေယာဉ်ကွင်းကို လိုက်ပို့ချင်တာ ကိုကိုက မခေါ်ဘူးလေ၊ လိုက်စရာမလိုဘူးလို့ ငေါက်ငမ်းပြီး ထားခဲ့တာ၊ အဲဒါကြောင့် ပျိုခေတ် လေယာဉ်ပေါ် တက်သွားတာကို တာ့တာပြနေတဲ့ ပုံလေးမှန်းပြီး ဆွဲထားခဲ့တာပါ"

"ဟင် ခန့်ရယ်"

တာ့တာပြနေသည့် ခန့်ရဲ့မျက်ဝန်းအိမ်မှာ မျက်ရည်စီးကြောင်းလေးတောင် ပါနေပါသေးလား။ ခန့် ထိုအချိန်က ဝမ်းနည်းစွာ ငိုကြွေးနေခဲ့သည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်"

"ပျို့ ပျို့ခေတ်"

ဘယ်အရာမှ ချင့်ချိန်ဂရုစိုက်ဖို့ သတိမရတော့တဲ့ ခန့် ရင်ခွင်ထဲ တိုးဝင်ကာ ငိုရှိုက်ပစ်လိုက်သည်။

နှလုံးသားက စီးမျောပျော်ဝင် ခံစားမိလာသည့်ဆန္ဒတွေကို မထိန်းချုပ်ချင်တော့။

ခန့်ရဲ့တင်းတင်းကျပ်ကျပ် အရှူးအမူး ပြန်လည်ဖက်တွယ်လာမှု ကိုလည်း မရုန်းဖယ်ချင်တော့။

နှလုံးသားချင်း နားလည်နေကြပြီပဲ။

ချစ်တယ်လို့ ပြောဖို့လိုသေးလား။

■ ■ ■



## အခန်း (၂၂)

"လိုတယ်ကွ လိုတယ်၊ ပျို့ခေတ် မြန်မာပြည် ပြန်ရောက်တာ ငါ ဒီနေ့မှ သိရတယ်၊ မင်းကတော့ ဘယ်အချိန်ကတည်းက သိနေပြီး ဘယ်လိုတွေ ပတ်သက်နေတာလဲ၊ အခု ဒီပြောင်းလဲမှုတွေကရော ဘာလဲ ဘယ်သူ့ကြောင့်လဲ"

အိမ်အဝင်ဝကတည်းက ကိုကို ပေါက်ကွဲနေတာ ဘယ်လိုမှ ရှောင်လွှဲလို့မရ၊ ရင်မဆိုင်ချင်လို့လည်း မရတော့တာမို့ ကိုကို့မျက်နှာကို တည့်တည့်ကြည့်လိုက်သည်။

"ကျွန်တော့်စိတ်နဲ့ကျွန်တော် ပြောင်းလဲတာပါ ကိုကို၊ ပျို့ခေတ် နဲ့ဆုံတာ သိပ်မကြာသေးပါဘူး၊ ကိုကို့ကို ပြောပြဖို့ရော ကိုကိုနဲ့ ကျွန်တော် ဘယ်မှာ တွေ့ချိန်ရှိလို့လဲ"

"ဟိတ်ကောင် စကားကို ကတ်သတ်မပြောနဲ့၊ ပြောချင်ရင် ပြောလို့ရတာပဲကွ၊ ငါက ပျို့ခေတ်ရောက်လာရင် ငါ့ဘဝပြောင်းလဲပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ မင်း မနာလိုဖြစ်ပြီး တမင်တကာ မပြောဘဲ နေတာမဟုတ်လား''

''အာ မဟုတ်ပါဘူး ကိုကိုရာ၊ ကိုကို ထင်ရာစွတ်ပြောမနေနဲ့''

''ဒါဆို ငါ့မကောင်းကြောင်းတွေ ပြောထားလို့ ပျိုခေတ်က ငါ့ကို သူစိမ်းဆန်ဆန် ဆက်ဆံသွားတာ ဖြစ်ရမယ်၊ မင်း အောက်တန်းကျ လှချည်လား တည်မြဲခန့် ဟင်၊ မင်းသာ ဘာမှပြောမထားရင် ပျိုခေတ် အဲလို နေမှာမဟုတ်ဘူး၊ ဝမ်းသာအားရ ဖက်လှဲတကင်း ပျူပျူငှာငှာ ဆက်ဆံမှာကွ သိရဲ့လား၊ မင်းကွာ တည်မြဲခန့် အခြောက်ပုံစံကနေ ဒီအချိုးပြောင်းပြီး ငါ့ကို ပမာမခန့်လုပ်ဖို့တော့ မစဉ်းစားနဲ့နော်၊ ငါ့ လက်သီးအကြောင်း မင်းသိတယ် မဟုတ်လား''

''မငြိမ်းခြောက်ပါနဲ့ ကိုကို၊ ကျွန်တော် ဘာအမှားမှ လုပ်မထားပါဘူး၊ ကိုကို့ဘက်က လမ်းမှန်နေရင် ကျွန်တော် မလေးမစား လုပ်စရာ အကြောင်းလည်း မရှိဘူး''

''ဘာကွ မင်း ဘယ်ချိန်တုန်းက ငါ့ကို ခံပြောဖူးလို့လဲ၊ အခု ဒသောက်ချိုး ချိုးဖို့ ဘယ်သူသင်ပေးလိုက်တာလဲ၊ မင်းလုပ်စာ စားနေတယ်ဆိုပြီး ငါ့ကို မျက်နှာမော်ကြည့် သည်းခံနေမယ့်ကောင်လို့ ထင်နေလား။ တည်ကြည်ခန့်ကွ သတိမေ့ရင် မှတ်ထား''

''ဖုန်း''

''ခွမ်း''

အမှတ်တမဲ့ ပြေးဝင်လာသော လျှပ်စီးလက်သလို လက်သီး ချက်ကြောင့် တည်မြဲခန့် ဆက်တီခုံထောင့်မှာ ပစ်လဲသွားသည်။ အရင်လို

ဗျူး၈၇၆ပ



ထိုင်ငိုနေတာမျိုး မဟုတ်ဘဲ တည်မြဲခန့် ဖြုန်းခနဲ ထရပ်လိုက်သည်။

တည်ကြည်ခန့်ကိုလည်း စိမ်းနေအောင် ခပ်ရူးရူး စိုက်ကြည့် လိုက်ကာ

''သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် ကိုကို၊ အားမတန် လို့ မာန်လျှော့နေတာ မဟုတ်ဘူး၊ အစ်ကိုတစ်ယောက် ဖြစ်နေလို့''

''ဟိတ်ကောင် အစ်ကို တစ်ယောက်လို့ သဘောမထားနဲ့ကွာ၊ မင်းကိုလည်း ငါ့ညီလို့ မအောက်မေ့ဘူး၊ မင်းက အခြောက်မက အခြောက်မပဲ၊ အဲဒီအဝတ်အစားတွေဝတ်လို့ မင်းက ငါ့ကို ခံပြောရဲနေတာ အခုချွတ်၊ ချွတ်စမ်း''

''ဟာ ကိုကို မလုပ်နဲ့နော်၊ မလုပ်နဲ့''

''အေး မင်းကိုယ်ပေါ်ကဟာတွေ မချွတ်ချင်ရင် မင်း ဗီရိုထဲက ဟာတွေ အကုန်လုံး ငါ ယူမယ်၊ မင်းဝတ်စရာ မလိုတော့ဘူး''

''ကိုကို''

တည်ကြည်ခန့်က ခန့်ကို တွန်းထိုးကာ ဗီရိုထဲက ပျိုခေတ် ဝယ်ပေးထားသမျှ ယောကျ်ားလေး အင်္ကျီအဝတ်အစားတွေ အကုန် ဆွဲယူနေသည်။

''ကိုကို မယူရဘူးနော်၊ အဲဒါတွေ မယူရဘူး၊ ကျွန်တော် မပေးနိုင်ဘူး ကိုကို''

''ဟိတ်ကောင် အခြောက်မ ဖယ်ဆို ဖယ်စမ်း၊ ဒါတွေက မင်းလိုကောင်နဲ့ ဘာဆိုင်လို့လဲ''

ဗျူး၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဆွဲရုန်းနေတာနှင့် အင်္ကျီဘောင်းဘီတွေ ကြေမွလုံးထွေးနေသည်။ ဒီတစ်ခါ ခန့် အရှုံးမပေးနိုင်ပါ။

ပျိုခေတ် တန်ဖိုးထားပြီး ပေးထားတာတွေမို့ ဘယ်လိုမှမဖြစ်။ လူက ကြမ်းကြမ်းတမ်းတမ်း မနေဘူးတာမို့ ကိုကို့လက်ထဲက ပြန်ဆွဲနေရတာ ဖောချွေးတောင် ပြန်လာသည်။

ပျိုခေတ်ပေးထားတာလေး ပါသွားမှာစိုး၍ ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေလည်း ကျလာ၏။

ဒါပေမဲ့ ရှိသမျှ ခွန်အားနှင့် အဆုံးထိတိုက်ခိုက်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

"တည်မြဲခန့် မင်းဘာဖြစ်နေတာလဲ၊ လွှတ်လို့ပြောနေတယ်နော်"

"ဟင့်အင်း မဖြစ်ဘူး ကိုကို၊ ကိုကို ငွေဘယ်လောက်လိုချင်လဲ ကျွန်တော် ပေးပါမယ်၊ ဒါတော့ ကျွန်တော် ဘယ်လိုမှ မပေးနိုင်ဘူး"

"ငါ့ကို မင်းဆီက အမြဲတမ်း လက်ဖြန့်တောင်းနေမယ် ထင်လား၊ ငါ့ဘာသာလည်း ရှာသုံးတတ်ပါတယ်ကွ"

"သူများကားရှေ့မှာ ဟန်ဆောင်အတိုက်ခံပြီး ရှာသုံးတတ်တာကို ပြောတာလား ကိုကို"

"ဘာကွ"

တည်ကြည်ခန့် ကိုယ်ကြီး ဆတ်ခနဲတုန်သွားကာ၊ အင်္ကျီတွေကိုလည်း ကြမ်းပြင်ပေါ် လွှတ်ချပစ်လိုက်သည်။





"မင်းကပါ ပျိုခေတ်ထင်နေတာကို ယုံနေတယ်ပေါ့၊ အဲဒီစကား ပျိုခေတ် ပြောလိုက်တာလား"

"ပျိုခေတ်လည်း အစကတော့ မထင်ရက်ပါဘူး၊ သူ ဒီလိုပြဿနာဖြစ်ခဲ့တယ်၊ ကိုကို့နဲ့တူတဲ့လူကိုလည်း တွေ့ခဲ့တယ်လို့ ပြောတယ်၊ ဒါပေမဲ့ ကိုကိုဆိုရင် အဲဒီလို အောက်တန်းကျတဲ့အလုပ်မျိုး လုပ်မှာမဟုတ်ပါဘူးတဲ့လေ"

"ငါ ရှင်းပြခဲ့သားပဲ၊ အဲဒီလို မဟုတ်ပါဘူးလို့"

"ယုံချင်စရာကောင်းလို့လား ကိုကို၊ ပျိုခေတ်ဆီက လက်တွေ့ငွေယူထားလိုက်တာ၊ ကိုကို့သူငယ်ချင်းတွေ မဟုတ်ဘူးလား"

"အဲဒါကို ပျိုခေတ် ယုံတဲ့အထိ ငါ ရှင်းပြလို့ရတယ်၊ မင်းသာဝင်မရှုပ်နဲ့၊ မင်းအလုပ် မင်းလုပ်၊ ပျိုခေတ်နဲ့လည်း မပတ်သက်နဲ့"

"အဲဒီကိစ္စ မဖြစ်နိုင်ဘူး ကိုကို၊ ကျွန်တော်က ပျိုခေတ်ဆီမှာအလုပ်လုပ်နေတာ၊ ပျိုခေတ်ရဲ့ မိတ်ကပ်ဆရာ ဒီဇိုင်နာ"

"ဘာ မင်း မင်းက"

တည်ကြည်ခန့် အံ့ဩပြီးရင်း အံ့ဩရပြန်သည်။ ပျိုခေတ်နဲ့ ခန့် ဒီလောက်ထိ ရင်းနှီးပတ်သက်နေတာတောင် ကိုယ်က အခုမှ ပျိုခေတ်မြန်မာပြည် ပြန်ရောက်တာ သိရတာပါလား။

ကျောင်းလည်း မှန်မှန်မတက်၊ သတင်းစာဂျာနယ် တီဗီမကြည့်ဘဲ နိုက်ကလပ်နှင့်စားသောက်ဆိုင် လောင်းကစားဝိုင်းမှာသာ အချိန်ကုန်နေတာမို့ ကျန်သည့်အရာတွေနှင့် အဆက်ပြတ်နေတာ။ ဒါကလည်း



www.burmeseclassic.com

www.burmeseclassic.com

တည့်မြဲခန့် ပြောပြရင် မသိဘဲနေပါ့မလား။ တည့်မြဲခန့်ရဲ့ပြောင်းလဲခြင်းတွေကလည်း ပျိုခေတ်ကြောင့် ဖြစ်ရမည်။

အဝတ်အစားတွေကလည်း ပျိုခေတ်ဝယ်ပေးထားလို့ ဒီကောင် သတ်သတ်တုန်နေတာပဲ ဖြစ်မှာပေါ့။

ဒီလောက် အပိုးကျိုးအောင်လုပ်ထားတာတောင် ဒီကောင် အတင့်ရဲလွန်းနေပါလား။

ဒီကောင်ကို ဒီအတိုင်းထားလို့မဖြစ်။

''တည့်မြဲခန့် မင်းကို ငါ နောက်ဆုံး သတိပေးမယ်၊ ပျိုခေတ် အနားမှာ မင်း လုံးဝ မနေရဘူး''

''ဒါဆို ဒီမိသားစုရဲ့ စားဝတ်နေရေး အသုံးစရိတ်အားလုံး ကိုကို တာဝန်ယူမှာလား''

''ငါက ဘာလို့ တာဝန်ယူရမှာလဲ၊ မင်းဘာသာ ပျိုခေတ် ရောက်မလာခင်က လုပ်တဲ့ဆိုင်မှာပဲ အလုပ်လုပ်ပြီး ငွေရှာပေါ့''

''အဲဒီ မမထားဆီကနေ ပျိုခေတ်က သူ့ဆီမှာ အလုပ်လုပ်ဖို့ ခေါ်လာခဲ့တာ၊ မမထားဆီမှာထက် ငွေလည်း ပိုရတယ်၊ အလုပ်လုပ်ရတာလည်း သက်သာတယ်၊ ကျွန်တော့်အတွက် ပိုပြီးအဆင်ပြေတယ် ကိုကို''

''မင်းအဆင်ပြေဖို့ အရေးမကြီးဘူး တည့်မြဲခန့်၊ ပျိုခေတ်ကို လက်ထပ်ဖို့ ငါ ကြိုးစားရဦးမယ်၊ အေး ပျိုခေတ် အနားမှာ မင်းရှိနေရင် ငါ့အတွက် အဟန့်အတားဖြစ်တယ်၊ အဲဒီတော့ မင်း နောက်ဆုတ်ပါ၊





နောက်မဆုတ်ရင် ငါ့အဆိုးမဆိုနဲ့၊ ငါ နောက်ဆုံး သတိပေးတာပဲ''

ကိုကိုပြင်းထန်သော အမိန့်ပေးသံအဆုံးမှာ ခန့် လက်သီးဆုပ်က တင်းခနဲ ဖြစ်လျက်။ မခံချင်စိတ်တို့ဖြင့် အံကြိတ်လိုက်မိ၏။

ပျိုခေတ်နဲ့ပတ်သက်တာတော့ ခန့် အရှုံးမပေးနိုင်။

နှလုံးသားချင်း နားလည်နေခဲ့ကြပြီဖြစ်တဲ့အတွက် အချစ်ရဲ့ စွမ်းအားတွေဖြင့် ခုခံကာကွယ်ရမည်။

အခုတော့ အပြင်ဘက်က စိုးရိမ်တကြီး ပြေးလာသော ခြေသံ တစ်စုံကြောင့်. . .။

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ပျိုခေတ်လေး ညွှန့်ခန်းထဲမှာ ညွှန့်သည့်ရောက်နေတယ်ကွဲ"

"ဖေဖေတို့ ညွှန့်သည်လား၊ ကုမ္ပဏီသွားပြီလို့ ပြောလိုက်လေ

မေမေလည်း ဈေးဝယ်ဖို့ ဖေဖေ့ကားနဲ့လိုက်သွားတယ် ထင်တယ်၊ အရေ

ကြီးကိစ္စရှိရင် ကုမ္ပဏီလိုက်သွားလို့ ပြောလိုက် ဒေါ်ဒေါ်ထွေးရယ်၊ ဒီမှ

မနက်စာ စားနေတာ အရသာပျက်တယ်"

"မဟုတ်ဘူး ပျိုခေတ်လေး ညွှန့်သည်တဲ့၊ ဒေါ်ထွေး ဈေးသွာ

မလို့ လုပ်နေတုန်း ခြံဝမှာတွေ့တာ၊ တည်ကြည်ခန့်ဆိုလားပါပဲကွယ်

ဟို ဒီလာနေကျ ခန့်အစ်ကိုလေ ကဲ ထွက်ပြီး ညွှန့်ခံလိုက်ဦးနော်၊ ညွှ

သည့်အတွက် ကော်ဖီဖျော်ပေးပြီးရင် ဒေါ်ထွေး ဈေးသွားတော့မယ်"

ဒေါ်ထွေးကတော့ တာဝန်ကျေစွာပြောပြီး ဈေးခြင်းလေးယူက

ထွက်သွားသည်။

ဗျူး၁၀၁၆၀



ကော်ဖီခွက်ကို တည်ကြည်ခန့် ရှေ့ချထားခဲ့ဟန်တူ၏။ အိမ်ပေါ်ရောက်လာပြီးမှ သူမ ထွက်မတွေ့လို့လည်း မကောင်း။

ဒီနေ့ မနက်ပိုင်း အလုပ်မရှိတာမို့ ခန့်ကိုတောင် နေ့လယ်ပိုင်း သင်တန်းတက်ပြီးမှ လာဖို့ပြောထားတာ။ စိတ်ရောလူရော ပင်ပန်းနေတာမို့ မနက်စာစားပြီးသည်နှင့် သူမလည်း အပြည့်အဝ အနားယူပါ့မယ်ဆိုမှ၊

"ဘာကိစ္စလဲ ကိုကို"

စိတ်မရှည်ရသည့်အထဲ ကိုကို ကိုယ်ပေါ်က အဝတ်အစားကို မြင်လိုက်ရတော့ ဒေါသတို့ဖြင့် စကားလုံးတို့က နူးညံ့ညင်သာမှာ မဟုတ်ချေ။

ခန့်အတွက် ဝယ်ပေးထားသော အင်္ကျီကို ခန့် ခွင့်ပြုချက်နှင့် ဝတ်လာတာ မဖြစ်နိုင်။ ဖွတ်အမွေအနိုင်ကျင့် ယူဝတ်လာတာပဲ ဖြစ်မှာပေါ့။

မနေ့ကကိစ္စကို မေ့ထားပြီး မျက်နှာပြောင်ပြောင် လာရဲတာလည်း အံ့သြစရာ။

"ညီမလေးက အိမ်နေရင်းတောင် အရမ်းလှနေပါလား၊ ကိုကိုက ညီမလေးကို ဒီလောက်လှလာမယ်တောင် ထင်မထားဘူး"

"မြှောက်ပင့်ပြောမနေပါနဲ့၊ လာရင်းကိစ္စကိုသာ ပြောပါ"

"သူစိမ်းဆန်ပြီး စကားလုံးတွေက ရင့်လှချည်လား ညီမလေးရယ်၊ ကိုကိုကတော့ ညီမလေးကို တစ်နေ့မှ မေ့လို့မရအောင် သတိရနေတာ"

ဗျူး၁၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com

တည်ကြည်ခန့် စကားကြောင့် ပျိုခေတ် တစ်ဖက်လည့်က ရယ်ချလိုက်မိသည်။ အရင်ကလို နူးညံ့သိမ်မွေ့သော ကိုကို့ရဲ့ စကားလုံ ချိုချိုလေးတွေကို တောင့်တသာယာတာမျိုး မဖြစ်ချင်တော့။

"ကိုကိုက အရင်ကလိုပဲ သူများတစ်ဖက်သားကို စကားလုံ တွေနဲ့ သိမ်းသွင်းတတ်တုန်းပါလား၊ ဒါကြောင့်လည်း မရှောင်တိမ်းနိုင်တဲ့ မိန်းကလေးက ကိုကိုနောက်ကို ခိုးရာလိုက်ခဲ့တာဖြစ်မယ်"

"ဟာ အဲ အဲဒါက"

"ကိုကို တာဝန်မဲ့ပြီး မျက်နှာလွှဲခဲပစ် လုပ်ခဲ့တာတော့ မကောင်း ပါဘူး"

"ဒါ ဒါတွေ ဘယ်သူပြောတာလဲ၊ ခန့်မဟုတ်လား ကိုကို့ကို ဂုဏ်သိက္ခာကျစေချင်လို့ ခန့် ပြောနေတာတွေ၊ ညီမလေး ယုံတယ်ပေါ့"

"ဟော ခန့်ကိုဆို ကိုကို အခုထိ အကောင်းမမြင်သေးဘူးနော်၊ ခန့်ကတော့ ကိုကိုတို့လို မဟုတ်ဘူး၊ ကိုကို မကောင်းကြောင်း တစ်ခါမှ မပြောဖူးသေးဘူး၊ ပျိုခေတ်ကို တခြားလူတွေက ပြောပြတာပါ၊ ကိုကိုက ဘယ်လိုလူစားဆိုတာကိုပေါ့"

တည်ကြည်ခန့် မျက်နှာ အက်ဆစ်နှင့် အပက်ခံလိုက်ရသလို နီမြန်းပျက်ယွင်းသွားသည်။ ဒါပေမဲ့ တည်ကြည်ခန့်က ဟန်ဆောင်ကောင်း သူပါ။

ညှိုးမှိုင်သွားသော မျက်နှာနှင့် ခေါင်းငိုက်စိုက်ချပြီး

"အဲလိုဖြစ်သွားတာ ကိုကို တာဝန်မဲ့တာ မဟုတ်ပါဘူး၊ ကိုကို





က်မကောင်းတာပါ၊ မိန်းမတစ်ယောက် အမိဖမ်းလှည့်စားတာ ခံလိုက်ရ ာ ညီမလေးရဲ့၊ ကိုကို သိသိချင်း ရှန်းထွက်နိုင်ခဲ့လို့ အခုလို ညီမလေး တွေ့ခွင့်ရနေသေးတာပေါ့"

"ကိုကိုလို လူလည်ကြီးက အမိဖမ်းခံရတယ် ဟုတ်လား၊ အံ့သြ ရာပဲနော်၊ ဒါဆို မနေ့ကကိစ္စကလည်း သူငယ်ချင်းတွေက ခြိမ်းခြောက် နိုင်ကျင့်နိုင်းလို့ ကိုကို မလုပ်ချင်ဘဲ လုပ်ခဲ့ရတာပေါ့နော်၊ သနားစရာ ကောင်းလိုက်တာ ကိုကိုရယ် ကျွတ် ကျွတ်"

"မခနဲ့ပါနဲ့ ညီမလေးရယ်၊ အဲဒါကလည်း ကိုကိုက ဓားစာခံ လုပ်ကြံခံရတာပါ၊ ကိုကို လမ်းချိုးလေးက ဖြတ်အကူးမှာ ကားတိုက်ခံ လိုက်ရတာ အမှန်ပဲ၊ ဒါပေမဲ့ ညီမလေးကားမှန်း ကိုကို တကယ်မသိဘူး၊ ကိုကို သတိလစ်နေတဲ့အချိန်မှာ ဒီကောင်တွေ ဝင်ရှိက်သွားတာ"

"ပူးပေါင်းကြံစည်မှု မဟုတ်ဘူးပေါ့၊ မနေ့က အကြံအဖန်ထဲမှာ ကိုကို ဝေစုမရလိုက်တာ သေချာတယ်ပေါ့နော်"

"သေ သေချာတယ် ကိုကို၊ ဘာမှမသိဘူး၊ တကယ်မသိဘူး၊ နောက်မှ သူတို့ပြောပြလို့ ညီမလေးကို ကိုကို လာရှာတာ၊ တကယ်ပြော တာပါ ညီမလေးရယ် ယုံပါ"

တည်ကြည်ခန့် ဘယ်လိုပြောပြော ပျိုခေတ်မယုံ။

ကိုကို အကျင့်စာရိတ္တတွေ သူမ စက်ဆုတ်စွာ ကြားသိနေရ သည်ပဲ။ ပြီးတော့ သူမ ရင်ထဲမှာ ခန့်တစ်ယောက်သာ ရှိသည်။ ခန့်ကို နိုင်ကျင့်နေသရွေ့ ကိုကို့ကို မုန်းတီးသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကျီက ခန့်ညွှာ မဟုတ်လား။ ဘာလို့ ကိုကို ဝတ်လာတာလဲ"

"ဟင် ဪ ကိုကို သွားစရာရှိလို့ ခန့်ဆီက ငှားဝတ်လာတာပါ၊ ညီအစ်ကိုချင်းဥစ္စာ ဝတ်တာဘာဖြစ်လို့လဲ ညီမလေးရယ်၊ ခန့်က ဝတ်သွားပါလို့ ကြည်ကြည်ဖြူဖြူ ဝတ်ခိုင်းတာပါ"

"ဟင့်အင်း အဲဒါ ခန့် ဝတ်စေချင်လို့ ပျိုခေတ် ဝယ်ပေးထားတာ ခန့်အတွက် ဝယ်ပေးထားတာ သူများဝတ်တာ ပျိုခေတ် မကြိုက်ဘူး"

"ညီမလေး၊ စကားပြောတာ လွန်နေပြီ ထင်တယ်ကွာ၊ ဘာလို့ ခန့်ဘက်က ဆတ်ဆတ်ခါ နာနေတာလဲ၊ ကိုကိုက ခန့်ထက်တောင် ညီမလေးနဲ့ပိုပြီး ရင်းနှီးခဲ့၊ သံယောဇဉ်ကြီးခဲ့တာပါ၊ အခုမှ ခန့်ကို ညီမလေး အရမ်းပိုသွားတာ ဘာသဘောလဲ၊ ငွေဂုဏ်မောက်ပြီး ကိုကို့ကို နှိမ်ချင်နေတာလား"

တည်ကြည်ခန့်က ကော်ဖီခွက်ကို သောက်မလိုလုပ်ပြီးမှ ခေါင်းခန် ပြန်ချ၍ အော်သည်။

ပျိုခေတ် ဂရုမစိုက်ပါ။ ကိုကို့မေးခွန်းအတွက် သွေးပျက်တုန်လှုပ်သွားခြင်းလည်း မရှိ။

"ငွေဂုဏ်မောက်တယ်ဆိုရင် ခန့်ကိုတောင် အရေးတယူ ဆက်ဆံနေစရာ မလိုပါဘူး ကိုကို၊ အခုဟာက အမြဲအနိုင်ကျင့်ခံနေရတဲ့ ခန့်ကို သနားတာ၊ စာနာမိတာ သိရဲ့လား၊ အဲဒီလိုကာနေ သံယောဇဉ်





ဖြင်မိတာ၊ ချစ်မိတာ ပျိုခေတ် မှားသလား"

"ဘာ ချစ်မိတာ ချစ်မိတာ ဟုတ်လား"

တည်ကြည်ခန့် ဆတ်ဆတ်ခါ သွားတော့ မျက်လုံးမျက်ဆံပြူးနေသည်။ ဒီအခြေအနေထိ ဖြစ်သွားလိမ့်မည်လို့ ထင်မထားဘူးနေမှာပေါ့။ သံယောဇဉ်ဓာတ်ခံနှင့် အမြန်ချစ်သွားနိုင်တာ ကိုကိုမှ မသိဘဲ။

"ဟုတ်တယ်လေ ကိုကို့ကို ခန့် ပြောမပြဘူးလား"

"ဟာ အဲဒါ ဖြစ်သင့်လို့လား၊ ဟင့်အင်း မဖြစ်ရဘူး၊ မချစ်ရဘူး ပျိုခေတ်၊ အဘွားနဲ့မင်းမိဘတွေ ဘယ်လိုကတိစကားတွေ ရှိခဲ့ကြတယ်ဆိုတာ မင်းအသိဆုံးပါ၊ ဘွားဘွားက မင်းတို့ ဒီလိုဘ၀မျိုး ပြန်ဖြစ်ဖို့ အမိက ကူညီပံ့ပိုးခဲ့တဲ့သူပါ"

"အဲဒါ အတိတ်ဖြစ်ရပ်တွေပါ ကိုကိုလည်း ယူချင်တဲ့မိန်းမကို ယူခဲ့ပြီးပြီပဲ၊ ပျိုခေတ်ရော ကိုယ်ချစ်ချင်တဲ့သူကို မချစ်ရဘူးလား"

"မချစ်ရဘူး၊ မဖြစ်ရဘူး ညီမလေး၊ ညီမလေးကို ကိုကို ဘယ်လောက်ချစ်တယ်ဆိုတာ ညီမလေး အသိဆုံးပါ၊ ညီမလေးကိုပဲ ကိုကို လက်ထပ်မှာ၊ ညီမလေးလည်း ငြင်းပိုင်ခွင့်မရှိဘူးနော်၊ ညီမလေး လက်မခံဘူးဆိုရင်တော့ ဘွားဘွား ကူညီလိုက်တဲ့ ငွေတွေအားလုံး ပြန်ပေးရမှာပဲ"

"ဟင် ဟား ဟား ငါနဲ့မဆိုင် ငါ့အိုးပုတ်ပြန်ပေး လူစားကြီးပါလား၊ ကိုကို တကယ်ရယ်ရတယ်နော်၊ ကလေးစိတ်မကုန်သေးဘူး"

ပျိုခေတ် တမင်တကာ အဆက်မပြတ် အူနှိပ်ပြီး ရယ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်သာကြီးပေမယ့် ကိုကိုက လူကြီးလူကောင်းလို့ အထင်ကြီးလေးစားစရာ တစ်ကွက်မှ မရှိ။

သူမ လှောင်ပြောင်နေတာ သိတော့ ကိုကို မျက်နှာနီမြန်းနေကာ

"ညီမလေး မင်းအဲလို လုပ်နေတာ ကိုကို အခံရခက်တယ်၊ ညီမလေး ပြောင်းလဲသွားတာလည်း ကိုကို အရမ်းအံ့သြတယ် သိလား၊ ဒီငွေနဲ့ပတ်သက်ပြီး ကိုကို ဘာမှမပြောချင်ခဲ့ပါဘူး"

"ပြောလည်း ပျိုခေတ်နဲ့မှ မဆိုင်တာ၊ ဘွားဘွားဆီက ဖေဖေယူတာ ဖေဖေတို့နဲ့ရှင်းပေါ့"

"ဟာ ပျိုခေတ်လည်း ကိုကို့ကို လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့တယ်၊ လက်ခံခဲ့တယ်လေ"

"ဘာလဲ တစ်ခုလပ်ကြီးကို ကျေးဇူးတွေထောက်ထားပြီး မျက်စိစုံမှိတ် လက်ထပ်ရမယ်ပေါ့၊ တကယ်လို့ ကိုကို့ဘက်က သစ္စာရှိရှိ စောင့်နေခဲ့ရင်တောင် ပျိုခေတ် မချစ်တဲ့သူကို ပျိုခေတ် လက်မထပ်ပါဘူး"

"ပျိုခေတ်"

"အမှန်တရားတွေ ပြောနေတာ၊ ကိုကို လက်မခံလို့ မရဘူး၊ အချစ်ဆိုတာ ဘာမှန်းမသိသေးတဲ့ ကလေးအရွယ်က ကတိစကားကို ကိုကိုကရော အလေးအနက် တန်ဖိုးထားပြီး သစ္စာရှိရှိ စောင့်ခဲ့လို့လား"

"ကိုကို အခိုက်အတန့် မှားယွင်းခဲ့တာကို ဝန်ခံပါတယ်၊ ဒါပေမဲ့ ဟိုအရင်ကနေ ခုချိန်ထိ ညီမလေးတစ်ယောက်တည်းကိုပဲ ကိုကို ချစ်တာ၊





ကိုကို ကျိန်ပြောဝံ့ပါတယ်၊ အရင်က သံယောဇဉ်တွေကို ထောက်ထားပြီးတော့ပဲဖြစ်ဖြစ်"

"တော်ပြီ တော်ပြီ ကိုကို၊ ပျိုခေတ် နားမထောင်ချင်ဘူး"

တည်ကြည်ခန့် စကားတွေကို ခေါင်းခါလက်ကာ၍ ပျိုခေတ် ဟန့်တားလိုက်သည်။ ဘာကြောင့် တည်ကြည်ခန့် မျက်နှာပြောင်ပြောင် ဖွတ်တိုးနေရတာလဲ။

ခန့်နဲ့ပတ်သက်နေပါပြီလို့ ပြောတာလည်း သဘောထားကြီးကြီးနှင့် နောက်မဆုတ်။ တကယ်သာ သူမကို တန်ဖိုးထားပြီး ချစ်မြတ်နိုးခဲ့လျှင် ဒီလိုစကားမျိုး ပြောမထွက်သင့်။ ခုတော့ လူမရလျှင် ငွေရမှ၊ ငွေမရလျှင် လူရမှ။ လူရောငွေရော မရလျှင် ကိုကို ဘာလုပ်ဖို့များ ဆုံးဖြတ်ထားလဲမသိ။

ပျိုခေတ် စိတ်ပျက်စိတ်ကုန်စွာ ထရပ်တော့

"ပျိုခေတ်"

"ကိုကိုနဲ့ပျိုခေတ် စကားမပြောချင်တော့ဘူး ကိုကို၊ ကိုကို ပြန်ပါတော့"

"မင်းတို့ ပြည့်စုံချမ်းသာလာလို့ ကိုကို့ကို နှင်ထုတ်ရမှာတောင် ဝန်မလေးတော့ပါလား၊ ကိုကို ပြည့်စုံတဲ့အချိန်တုန်းကတော့ မင်းအပေါ် ဘယ်လိုပေးဆပ်ဖြည့်ဆည်းခဲ့တယ်ဆိုတာ မင်း မေ့သွားပြီလား"

"တုံ့ပြန်မှုကို မျှော်လင့်ပြီး ဖြည့်ဆည်းပေးဆပ်တာ အဲဒါ တကယ့် စေတနာအစစ်အမှန် မဟုတ်ပါဘူး ကိုကို၊ ထားပါတော့ ခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုက ငွေလိုအပ်နေတာပဲ၊ ဘယ်လောက်လိုချင်လဲ တောင်းပါ ပျိုခေတ် ပေးမယ်၊ တစ်ခုတော့ ပြောထားမယ်နော်၊ ဒီနေ့ ဒီအချိန်က စပြီး ခန့်ကို အနိုင်ကျင့်ဖို့ လုံးဝစိတ်မကူးနဲ့"

"ဟား"

ယောက်ျားမာနကို ထိပါးခံရတာထက် ခန့်ဘက်က ရပ်တည် ပေးနေတာ မခံစားနိုင်။

ဒီအတိုင်းဆို ပျိုခေတ်ကို စွန့်လွှတ်ရတော့မှာ သေချာသလောက် ဖြစ်နေပြီပဲ။ ပျိုခေတ်ကို စည်းရုံးသိမ်းသွင်းလို့မရလျှင် တည်မြဲခန့်ကို အမိန့်ပေးရုံပဲ ရှိတော့တာပေါ့။

ပြီးတော့ ပျိုခေတ် မိဘတွေကိုလည်း ထားခဲ့သော ကတိစကား တွေနှင့် အကျပ်ကိုင်ရမည်။

ဒီဘက်ကမရလျှင် ဟိုဘက်က ရအောင် ကြိုးစားရုံပဲ ရှိတော့ သည်။ ထုထည်ကြီးမားခိုင်ခံ့ခဲ့သော သံယောဇဉ်တွေ အစဖျောက်ခံရတာ ရင်နာစရာကောင်း၏။

ဒီအတိုင်း အရှုံးပေးလိုက်ဖို့တော့ စိတ်မကူး။

တစ်နေ့နေ့ မင်းကို ပိုင်ဆိုင်အောင် လုပ်ပြမယ် ပျိုခေတ်။

■ ■ ■



## အခန်း (၂၄)

စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ပျိုခေတ် မိဘတွေရဲ့ ကုမ္ပဏီကို ရောက်အောင်လာခဲ့သည်။ အထပ်အမြင့် ကျယ်ဝန်းမှုနှင့် ဒက်ကရေးရှင်းက ဝံ့ကြွားထည်ဝါလွန်းလှသည်။

ဘယ်လောက်ပြည့်စုံချမ်းသာနေပါတယ်ဆိုတာ ပြောပြစရာ တောင် မလို။

စီးပွားပျက်ပြီး သူများဆီက အကူအညီယူထွက်သွားသည့် လူတွေက ဒီလိုအခြေအနေမျိုးနှင့် ပြန်လာနိုင်တာ အံ့သြစရာပင်။ ဘာမှ မပင်ပန်းဘဲ ပျိုခေတ်ကို လက်ထပ်ပြီး ဒါတွေအားလုံး ပိုင်ဆိုင်ရလျှင် ဘယ်လောက်များ ကောင်းမည်လဲ။

တပ်မက်စိတ်တွေဖြင့် ဧည့်ခန်းထဲမှာ ထိုင်စောင့်နေရတာ အချိန်ကုန်မှန်းပင် မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ညှိသည်ဆိုလို့ ဘယ်သူများလဲမှတ်တယ်"

"ဟုတ်ကဲ့ တည်ကြည်ခန့်ပါ အန်ကယ်"

ပျာပျာသလဲ အရှိအသေပြုကာ ဆိုဖာခုံမှာ ဦးထင်ကျော် ဝင်ထိုင်မှ ပြန်ထိုင်လိုက်သည်။

"အန်ကယ်တို့ မြန်မာပြည်ပြန်ရောက်တာ အသိနောက်ကျလို့ အခုမှလာပြီး နှုတ်ဆက်ရတာပါ၊ အန်ကယ်တို့ ပြန်ရောက်နေတာ ကြာပြီလားခင်ဗျာ"

"မိသားစုလိုက် ပြောင်းရွှေ့လာတာတော့ မကြာသေးပါဘူး၊ အန်ကယ်ကတော့ လုပ်ငန်းထူထောင်ဖို့ စီစဉ်ကတည်းက ခဏ ခဏ သွားလိုက်ပြန်လိုက်ပေါ့၊ အခု အခြေကျပြီဆိုမှ သမီးတို့နဲ့ အတူတူ ပြောင်းလာတာ"

ဒါနဲ့များ အကြွေးဆပ်ရမှာစိုးလို့ မဆက်သွယ်တာလားဟု မေးပစ်လိုက်ချင်သည်။ သူများငွေတွေနှင့် ဒီလိုအခြေအနေ ဖြစ်လာတာတောင် အရေးတယူ မရှိတာ ကျေးဇူးကန်းတာပဲပေါ့။

"ဘွားဘွား ဆုံးတဲ့သတင်း အန်ကယ်တို့ အခုမှ သိတာလား"

"မဟုတ်ပါဘူး မင်းအဘွားနဲ့အန်ကယ်တို့က အဆက်အသွယ် မှ မပြတ်ခဲ့တာ၊ ဒီကအခြေအနေအားလုံး အန်ကယ် သိပါတယ်၊ နောက်ပိုင်း သူသေတဲ့အချိန်မှာ မင်းအဖေနဲ့ ငွေရေးကြေးရေးကိစ္စတွေ လွှဲထားခဲ့လို့ အဲဒါလည်း လုပ်ခဲ့သေးတာပဲ"

"ဗျာ ဖေဖေနဲ့ ငွေရေးကြေးရေးကိစ္စ ဟုတ်လား၊ ဘယ်





ဘယ်လို"

တည်ကြည်ခန့်ရဲ့ အထိတ်တလန့် အမေးကို ဦးထင်ကျော်က ပေါ့ပေါ့ပါးပါးပြုံးကာ

"အေးလေ အန်ကယ်တို့ဟိုမှာ အလုပ်လုပ်ပြီး မင်းအဘွားကို အရစ်ကျ ငွေတွေပြန်ဆပ်ခဲ့တယ်၊ နောက်ပိုင်း သိပ်မကျန်တဲ့ငွေတွေကို မင်းအဘွားဆုံးပြီး သိပ်မကြာခင်မှာ မင်းအဖေကို အကုန်ပေးလိုက်ရတယ်၊ အဲဒါတွေပြီးမှ လုပ်ငန်းတွေလုပ်ဖို့ အကြိတ်အနယ် ငွေစုခဲ့တာ၊ ကံကောင်းချင်တော့ နိုင်ငံခြားထီပေါက်ပြီး မြန်မြန်ဆန်ဆန် ထူထောင်နိုင်တာပေါ့၊ အလုပ်ကောင်းတော့ ကံကောင်းတာပေါ့ကွာ မဟုတ်ဘူးလား"

"ဟုတ် ဟုတ်ကဲ့"

တည်ကြည်ခန့် အရုပ်ကြိုးပြတ်ကာ ဘာပြောရမှန်းမသိ ဖြစ်နေသည်။ မျှော်လင့်ထားသမျှတွေ သဲထဲရေသွန်ဖြစ်ရပြီပေါ့။ ဒီငွေတွေ ပြန်ဆပ်ပြီးတာ သူ ဘာလို့မသိရတာလဲ။ ပျိုခေတ်လည်း သိဟန်မတူ။ သူမနှင့်မဆိုင်ဘူး ဖေဖေတို့ဆီတောင်းလို့တောင် ပြောသေးတာပဲ။

"ဟား"

ပျိုခေတ် မသိသေးတာ နည်းနည်းဖြေသာသလိုပင်။ ဦးထင်ကျော်ကတော့ အရာရာပြည့်စုံနေပြီမို့ အပေါ်စီးက ပြောအားရှိနေသလိုပါ။

"ဒီကိစ္စတွေ မင်း မသိသေးဘူး ထင်တယ်၊ မလိုအပ်လို့ အန်ကယ်လည်း သမီးကို အသိမပေးဖြစ်ပါဘူး၊ ကိုယ့်ဘာသာ ငွေယူ၊ ကိုယ့်ဘာသာ ငွေဆပ်လိုက်တာပဲ၊ လိမ္မာရေးခြားရှိလို့ သူ့ရဲ့အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စ၊ လူမှုရေးကိစ္စလည်း ဝင်မစွက်ဖက်ဘူး၊ ဦးနှောက်ရှိတော့ သူ့ဘာသာ အဆိုးအကောင်း ဆုံးဖြတ်လိမ့်မယ်ဆိုပြီးတော့၊ ဒါနဲ့ မင်း အိမ်ထောင်ရေးရော အဆင်ပြေရဲ့လား''

''ဗျာ ဟို အဲဒါကလေ၊ ကျွန်တော် ရုန်းထွက်နိုင်ခဲ့ပါပြီ''

''ဘာကို ရုန်းထွက်တာ ပြောတာလဲကွ''

''ဒီလိုပါ အန်ကယ် နားလည်မလားတော့မသိဘူး၊ မိန်းကလေး ဘက်က အမိဖမ်းခံလိုက်ရတာပါ၊ ကျွန်တော့်ဘက်က သူငယ်ချင်းတွေ အပေါ် အနစ်နာခံ ပေါင်းသင်းတာကို အခွင့်အရေးယူသွားတာပေါ့၊ မိန်းကလေးတစ်ယောက်အပေါ် စာနာပေမယ့် မတတ်နိုင်တော့ဘူး အန် ကယ်ရယ်၊ ကျွန်တော် ချက်ချင်းပဲ ကွာရှင်းလိုက်တယ်''

''ဟာ လွယ်လှချည်လားကွ၊ အေးပေါ့လေ၊ အခုခေတ်က ကြီး ကြီးကျယ်ကျယ် ခန်းနားတဲ့ မင်္ဂလာပွဲကြီး စီစဉ်ပြီးမှတောင် သဘောထား ခြင်း မတိုက်ဆိုင်လို့ပါဆိုပြီး ပျက်ကြသေးတာပဲ၊ အခုလို အခန့်မသင့် တာတော့ ပြောမနေနဲ့တော့ပေါ့ကွာ၊ မဟုတ်ဘူးလား''

''ဟုတ်ပါတယ် အန်ကယ်၊ ဟို နားနဲ့မနာ ဖဝါးနဲ့နာပါနော် အန်ကယ်၊ ကျွန်တော့်ရင်ထဲမှာ ငယ်ငယ်လေးကတည်းက ညီမလေး ရှိနေတော့ တခြားမိန်းကလေးတွေကို စိတ်မဝင်စားတတ်တော့တာလည်း ပါပါတယ်''

''ဘာကွ''

ဦးထင်ကျော် ကိုယ်ကြီး ဆတ်ခနဲတောင်ဖြစ်သွားသည်။ အိမ်





ထောင်ကျပြီးမှ ဒီစကားပြောထွက်တာ ကိုယ့်ကိုစော်ကားနေတာနှင့် အတူတူပဲပေါ့။

''ဒီစကားက ဒီအချိန်မှာ ဒီလိုမျိုး မပြောသင့်တော့ဘူး ထင် တယ် တည်ကြည်ခန့်၊ အန်ကယ့်သမီးက အပျိုနုနုထွတ်ထွတ်လေးပါ၊ သမီးကို ကိုယ်ပိုင်လွတ်လပ်ခွင့် ဆုံးဖြတ်ခွင့်ပေးထားတယ်ဆိုပေမယ့် အရင်က သံယောဇဉ်တွေအကြောင်းပြပြီး သမီး လက်ခံရင်တောင် အန်ကယ် လက်မခံနိုင်ပါဘူး''

''အဲလိုတော့ အန်ကယ် လွယ်လွယ်မပြောသင့်ဘူး ထင်ပါ တယ်၊ ဘွားဘွားဆီကို ငွေချေးခဲ့စဉ်က ဘွားဘွားကို အန်ကယ် ဘယ်လို ကတိပေးခဲ့လဲ''

''မှန်တယ်၊ ငါ ကတိပေးခဲ့တယ်၊ လူကြီးလူကောင်းဆိုတာ ကတိသစ္စာ တည်ရမယ်ဆိုတာလည်း ငါ နားလည်တယ်၊ ဒါပေမဲ့ မင်းက အိမ်ထောင်ကျပြီးတဲ့လူ၊ ငါ့သမီးက အပျို''

''အဲဒီအမည်းစက်တစ်ခုတည်းကြောင့် ဟုတ်လို့လား အန်ကယ်၊ ကျွန်တော်တို့ ဆင်းရဲသွားလို့ အန်ကယ်တို့ ချမ်းသာသွားလို့ ငွေဂုဏ် မောက်ပြီး အဆင့်အတန်း ခွဲချင်တာရော မဖြစ်နိုင်ဘူးလား''

''တည်ကြည်ခန့် မင်း''

ဦးထင်ကျော် ဆတ်ဆတ်ခါ ဆွေ့ဆွေ့ခုန်သွားသည်။ လူကြီးကို ပမာမခန့် မထီလေးစား ပြောရဲတာ တည်ကြည်ခန့်မှ ဟုတ်ပါလေစ။

ငယ်ငယ်က တည်ကြည်ခန့် ဒီလိုပုံစံမျိုးမှ မဟုတ်ဘဲ၊ ကိုယ်ငွေ



www.burmeseclassic.com

www.burmeseclassic.com

အပေါ် လေးစားပုံပိုးမှုတွေ ရှိခဲ့သလို သမီးကိုလည်း တန်ဖိုးထား ကြင်နာတတ်ခဲ့သည်။ ဒါတွေကြောင့်လည်း ဟိုတစ်ချိန်က ရက်ရောမှုတွေ ထောက်ထားပြီး ကောင်းကောင်းမွန်မွန် ညှိခံစကားပြောနေတာ။

အခုကြည့်ပါဦး ပက်ခနဲ မချေမငံ ပြောနေတာများ ချို့တဲ့မှုတွေကြောင့် အောက်တန်းကျသွားတာလား။

ဒါမျိုးကိုတော့ ဦးထင်ကျော် သည်းမခံနိုင်။

"တည်ကြည်ခန့် အခု မင်းနဲ့ငါတို့နဲ့ ဘာအကြောင်းနဲ့မှ ပတ်သက်စရာ မရှိဘူးနော်၊ ငွေရေးကြေးရေးကိစ္စတွေကလည်း အားလုံးရှင်းပြီးသား၊ မင်းက အိမ်ထောင်ကျဖူးတဲ့သူတစ်ယောက် ဖြစ်နေတဲ့အတွက် သမီးနဲ့လက်ထပ်ဖို့လည်း ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး။ မင်းသိထားဖို့က အဆင့်အတန်းခွဲခြားချင်ရင် အခုလို ငါ့အရိပ်မှာ လက်ခံစကားပြောမှာတောင် မဟုတ်ဘူးဆိုတာပဲ"

တည်ကြည်ခန့် ဆတ်ဆတ်ခါ နာရပြန်သည်။ အလိမ္မာသုံး၍ နှင်ထုတ်နေတာပဲ မဟုတ်လား။

ဒါက အကြွေးပေးစရာမကျန်တော့တာကြောင့်လည်း ဖြစ်နိုင်သည်။ သူတို့ပေးတဲ့ငွေတွေ ဖေဖေ ဘာလုပ်ပစ်လိုက်လဲ။ ဘာလို့ ဒီကိစ္စတွေ သူတောင် မသိလိုက်ရတာလဲ။

ဒီပုံစံအတိုင်းဆို ပျိုခေတ်ကို ဘယ်လိုနည်းနဲ့မှ ချုပ်ကိုင်စရာ မရှိတော့။

ပျိုခေတ်နှင့် နီးစပ်ဖို့ ဦးထင်ကျော်ကိုသာ ခေါင်းတိုးဝင် အောက်





ကျခံရတော့မည်ပဲ။

တည်ကြည်ခန့် စိတ်ကိုလျှော့ပြီး ပင့်သက်ရှိုက်ကာ ဦးထင်ကျော်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"ဟိတ်ကောင် ဒါ ဘာလုပ်တာလဲ"

"ခုန ကျွန်တော့်စကား မှားသွားတာကို တောင်းပန်ချင်လို့ပါ အန်ကယ်၊ ငွေတွေကို ယူပြီး ဖေဖေ ဘာလုပ်ပစ်လိုက်မှန်း မသိလို့ ဒေါသဖြစ်သွားတာပါ၊ တကယ်တမ်းက အဲဒီငွေတွေရရင် လုပ်ငန်းတစ်ခု လုပ်မယ်ဆိုပြီး ကျွန်တော် ရည်ရွယ်ထားခဲ့တာ၊ အခုတော့ အန်ကယ် ဘယ်ကအရင်းအနှီးနဲ့ ကျွန်တော် ဘာလုပ်ရမှာလဲ"

အသံတွေ အက်ရှတုန်ယင်ကာ ခေါင်းငိုက်စိုက်ချထားသည့်မို့ ဦးထင်ကျော် စိတ်မကောင်းတော့ ဖြစ်မိသည်။ ကိုယ်တွေ စီးပွားကျ အဆင်မပြေဖြစ်နေစဉ်အချိန်တွေတုန်းကလည်း ဒီလိုမျိုး မတော်လော့ဘာတွေ ဝင်လိုက်၊ ဒေါသတွေ ဖြစ်လိုက်နှင့် စိတ်တိုင်းမကျ အလိုမကျ အကုသိုလ်တွေသာ များနေခဲ့သည်။

မပြောသင့်တာတွေပြော၊ မတွေးသင့်တာတွေတွေး၊ မလုပ်သင့်တာတွေလုပ်၊ တကယ်ကို ငွေဆိုသော အရာက လူ့ရဲ့စိတ်ကို အမျိုးမျိုး ဖန်တီးနိုင်သည်။

ထိုအတွေးဝင်လာသည်နှင့် တည်ကြည်ခန့်ကို အပြစ်ယူဖို့ ခက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်၏။

"ကဲ ထပါတော့ကွာ၊ ဆိုဖာခုံမှာ ပြန်ထိုင်ပါ၊ လူ့ဘဝဆိုတာ အနိမ့်အမြင့် အဆိုးအကောင်း ဒွန်တွဲနေတော့ အမှားအမှန်ဆိုတာလည်း ရှိမှာပဲ၊ ငါတို့မိသားစုမှာ ကိုယ်ချင်းစာစိတ်ရှိလို့ မင်းရဲ့ညီ တည်မြဲခန့် ကိုတောင် ငါ့သမီးလေးက အလုပ်ပေးထားတယ်၊ မင်းလည်း အခုင်းအမျိုး မရှိလို့ အလုပ်လုပ်စရာ မရှိတော့ဘူးဆိုပြီး အားမငယ်ပါနဲ့ ငါ့အိမ်အတွက် ဒရိုင်ဘာတော့ လိုနေတယ်၊ အလုပ်မရွေးဘဲ လုပ်ချင်စိတ်ရှိတယ်ဆိုရင် လာခဲ့ပေါ့၊ ငါ လခကောင်းကောင်း ပေးပါ့မယ်"

အတွင်းကြိတ် တက်ခေါက်မိရင်း လက်သီးကိုပါ တင်းတင်းဆုပ် ထားမိ၏။

ဒရိုင်ဘာလုပ်မည့် အဆင့်အတန်း မဟုတ်ဘာ သိသိကြီးနှင့် တမင်သက်သက် သူ့မာနကို ချိုးတာ။

ဟိုအရင်က ဒီလိုမျက်နှာ၊ ဒီလိုလေသံ၊ ဒီလိုဆက်ဆံရေးမျိုးမှ မဟုတ်ပါဘဲ။

ဖေဖေ့ကြောင့် တည်မြဲခန့်ကြောင့် ကိုယ့်ရဲ့ကံကြမ္မာကြောင့် ရင်ထဲမှာ တဆစ်ဆစ် နာသည်။

ပျို့ခေတ်ကိုရော ဦးထင်ကျော်ကိုရော။

ဒါပေမဲ့ ကျေးဇူးတင်ကြောင်း ဝမ်းသာသည့်မျက်နှာနှင့် ခေါင်း

တခေတ်ဆတ်ညိတ်ကာ သက်သေပြခဲ့၏။

အားမတန်လို့ မာန်လျှော့ခဲ့တာ ကျေနပ်လို့တော့ မဟုတ်ပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တုံ့ပြန်နိုင်အောင် ကြိုးစားရမှာပေါ့။ တည်ကြည် ခန့် ဆိုတာ ခေါင်းငုံ့အရှုံးပေးတတ်သူမှ မဟုတ်ဘဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၅)

"ဘာ ဘာပြောတယ် မင်းကို ဒရိုင်ဘာလုပ်နိုင်းတယ် ဟုတ်လား၊ အဲဒါ သက်သက်မဲ့ မင်းကို နှိမ်တာ၊ အထင်သေးတာကွ"

"အဲဒါ ဖေဖေ့ကြောင့်လေ၊ သူတို့ပေးစရာ ကျန်တဲ့ငွေတွေကို ဘွားဘွားက ဖေဖေ့ကို လွှဲပေးခဲ့တာဆို၊ အဲဒီငွေတွေ ဘယ်မှာလဲ၊ ဖေဖေ ဘာလုပ်ပစ်လိုက်တာလဲ"

ဦးစိုးခန့် မဖြေနိုင်။ ဒါကို ဝန်ခံသလို ဖြစ်နေကာ တည်ကြည် ခန့် မျက်လုံးတို့ နီရဲသွေးဆူနေသည်။

"ဖေဖေဗျာ ကျွန်တော်က အဲဒီမျှော်လင့်ချက်လေး တစ်ခုနဲ့ ဘဝပြောင်းဖို့ ကြိုးစားနေတာ၊ အခု ဘယ်လိုလုပ်ရမှာလဲ၊ ပျို့ခေတ်နဲ့ ဘယ်လိုလုပ် နီးစပ်တော့မှာလဲ"

"အဲဒီကိစ္စက ငါ့အပြစ်လား၊ ဟိုက အိမ်ထောင်ကျဖူးလို့ အကပ်





မခံတော့တာ၊ အယုံအကြည်မရှိတော့တာ မဟုတ်ဘူးလား"

"အဲဒီအဆင်မပြေမှုရဲ့အစက ဖေဖေ့ကြောင့်လေ၊ အရက် ဖဲ မိန်းမ၊ လောင်းကစား၊ ဖေဖေ ဘာနဲ့လွတ်ကင်းတာရှိလဲ"

"ဟား မင်းကရော သူတော်ကောင်းကြီးလား။ ဒီမယ် တည်ကြည်ခန့် မင်းကို ငါမွေးထားတာ၊ ငါ့ပညာတွေ မင်းလည်း အကုန်တတ်တာပဲ၊ ဖြစ်ပြီးသမျှတွေအတွက် ခေါင်းစားခံမနေစမ်းပါနဲ့ကွာ၊ မင်း ရှေ့ဆက် ဘာလုပ်မှာလဲ၊ အဲဒါပဲ တွေးစမ်းပါ၊ ပျို့ခေတ်ကို မပိုင်ဆိုင်ရရင် ကျန်တာတွေပါ စွန့်လွှတ်လိုက်တာနဲ့ အတူတူပဲနော်၊ ပြန်ရောက်မလာခင်ကတော့ အပြောကြီးလိုက်တာ၊ အခုတော့ သူတို့အိမ်က ဒရိုင်ဘာတဲ့၊ မင်းညံ့လိုက်တာ တည်ကြည်ခန့်ရာ"

ဦးစိုးခန့်က သူ့အပြစ်လွတ်အောင် စကားလုံးတွေ ကျားကွက်ရွှေ့နေသည်။ မှားပြီးသားကို ဆင်ခြေပေးနေလို့ရော ဘာထူးဦးမှာလဲ။

ရှေ့ဆက်လုပ်သင့်တာကိုပဲ စဉ်းစားတတ်အောင် သေချာသင်ပေးရမည်။ တည်ကြည်ခန့်ကတော့ နားလည်သလား နားမလည်သလား မသိ။

ငြိမ်ငြိမ်သက်သက်ဖြစ်သွားပြီးမှ မျက်လုံးတွေ အရောင်တောက်လာပြီး

"ကျွန်တော် ညံ့လို့ ဒရိုင်ဘာလုပ်ဖို့ ဆုံးဖြတ်လိုက်တာ မဟုတ်ဘူး ဖေဖေ၊ ကျွန်တော့်မှာ အကြံအစည်ရှိလို့ပါ၊ ဖေဖေက ဖအေဖြစ်ပြီးတာဝန်ကျေအောင် ဘာမှလုပ်မပေးတော့လည်း ကိုယ့်လမ်းကြောင်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရမှာပေါ့၊ ကျွန်တော် မကျေနပ်တာ မေမေတစ်ယောက်တည်း မဟုတ်ဘူး၊ ခန့်ကိုလည်း မကျေနပ်ဘူး"

"ဟင်"

"ဟုတ်တယ် ကျွန်တော့်လောက် ပေးဆပ်ခဲ့တာ အနစ်နာခံခဲ့တာမရှိဘဲနဲ့ ခန့်က ဘာလို့ ပျိုခေတ်ရဲ့ ဦးစားပေးခံရတာလဲ၊ သူ့နာမည်ကောင်း ရဖို့အတွက် ကျွန်တော့်ကို အမြဲတမ်း အပုပ်ချနေလို့ပဲ ဖြစ်မှာပေါ့၊ သူတို့ချင်းက ပတ်တောင် ပတ်သက်နေကြပြီတဲ့ မေမေ"

"ဘာ ခန့်က အခြောက်က ရယ်စရာကောင်းလိုက်တာ၊ ဟုတ်ရော ဟုတ်လို့လား"

"ကျွန်တော်က ခံလာရတဲ့ကောင်၊ ညာပြောပိုမလား၊ယောကျ်ား စစ်စစ်မဟုတ်လို့ အတင်းပြောတတ်တာ ဒီကောင့်အကျင့်ဖြစ်မယ်၊ ကျွန်တော်ကတော့ ပျိုခေတ်ကို ခန့်ဆီ လုံးဝမပေးနိုင်ဘူး မေမေ၊ ပျိုခေတ်ကို စွန့်လွှတ်ရရင် ကျွန်တော် ဒီဘဝကနေ ပြောင်းလဲမှာမဟုတ်ဘူး"

"မင်း လက်ထပ်ခဲ့တဲ့ကောင်မလေးကို တကယ် စိတ်ထဲက ထုတ်ပြီး ဥပေက္ခာပြုလိုက်ပြီလား"

တည်ကြည်ခန့် အလွယ်တကူ ခေါင်းညိတ်ပြဖို့ ဝန်လေးနေသည်၊ ပြတ်ပြတ်ဆဲဆဲ မလုပ်ရသေးတာကြောင့်လား၊ ကျော်လင်းပြောလိုက်သည့် စကားဟော့ကြောင့်လား။

"အခုနေမှာ မင်းနဲ့ရတဲ့ ကိုယ်ဝန်ကို ကေသရီ လွယ်ပိုးထားရပြီဆိုရင်ရော မင်း ကေသရီကို အခုလိုပဲ မျက်နှာသုဉ် ခဲပစ် ဥပေက္ခာ





ပြုနေဦးမှာလား၊ ဒါမှမဟုတ် ပျိုခေတ်ကို ပိုင်ဆိုင်ဖို့ပဲ ကြိုးစားနေဦးမှာလား"

တဲ့၊ ထိုအချိန်ကလည်း သူ တန်းခနဲ အဖြေမပေးနိုင်ခဲ့၊ ဒါပေမဲ့ မပြေလည်မှုတွေထက်တော့ ဘာကိုမှ ဦးစားမပေးနိုင်။ ငွေကြေး ချမ်းသာတဲ့ အရှုပ်အထွေးတွေကို တစ်ခါလောက်တော့ ပြန်လိုချင်သေးသည်။ အရာရာပြည့်စုံနေမှ လုအထင်သေး မခံရမှာ မဟုတ်ပါလား။

"ကျွန်တော် ဘာကိုမှ မတွေးချင်ဘူး၊ ဒီဘဝကြီးက လွတ်မြောက်ချင်တာ တစ်ခုပဲ သိတယ် မေမေ၊ ဘွားဘွားရှိနေစဉ်အချိန်က ပြည့်စုံမှုမျိုးကိုပဲ လိုချင်တယ်"

"အဲလိုနေချင်ရင် ရိုးရိုးသားသား ကြိုးစားပြီး အလုပ်တစ်ခု လုပ်ပါလား သားကြီး"

"ဟင်"

ဒေါ်နွဲ့ကေခိုင် အနားရောက်လာပြီး ပြောတော့ သားအဖနှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။

အနားမှာ ဘယ်သူမှ မရှိဘူးအမှတ်နှင့် စိတ်လွတ်ကိုယ်လွတ် ပေါက်ကွဲနေခဲ့ကြတာ။ အတုနီးမှား ဖမ်းလွဲလိုက်နေသော သားကြီးကို ဦးစိုးခန့် မဆုံးမတတ်လို့ ကွယ်ရာမှာ နားထောင်နေရင်းက ရှေ့က ထွက်လာခဲ့ရတာပါ။

ဘာမှဝင်မပြောတော့ဘူးဟု ရှောင်တိမ်းနေခဲ့ပေမယ့် မိခင် မေတ္တာစိတ်က မနေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



နာခံချင်ပုံမရသော တည်ကြည်ခန့်က မျက်လုံးလှန်ကြည့်ပြီး

"ဘာအလုပ်လဲ၊ သူများ လက်ညှိုးထိုးခိုင်းတာခံရတဲ့ အခစား ဝန်ထမ်းအလုပ်လား။ ကျွန်တော် တည်မြဲခန့် မဟုတ်ဘူး မေမေ၊ ပင်ပန်းတဲ့အလုပ်နဲ့ ငွေရှာဖို့လည်း စိတ်မကူးဘူး"

"ရိုးရိုးကျင့် မြင့်မြင့်ကြံ ဆိုတာ သားတို့ငယ်ငယ်က ကျောင်းစာထဲမှာ သင်ခဲ့ရတယ်မဟုတ်လား၊ လူတွေကို လောဘနဲ့ မကြည့်ဘဲ မေတ္တာနဲ့ ကြည့်ကြည့်ပါ၊ မကောင်းတဲ့အရာဆိုတာ ကြာရှည်မတည်မြဲဘူး။ လူတွေရဲ့ယုံကြည်လေးစားမှု ခံရမှ သားဘဝ တိုးတက်အောင်မြင်မှာပေါ့"

"စကားပုံတွေ ရွေးပြီး ကျွန်တော့်ကို ဖျောင်းဖျမနေပါနဲ့ မေမေ၊ ကျွန်တော် အဲလိုလုပ်ပြီး စောင့်ရင် အချိန်ကြာမှာပေါ့၊ အခု ခန့်က ရွှေဘုံပေါ်မှာ စံရတော့မယ်"

"အဲဒါ သူ့ကံတရားလေ သားရယ်၊ မိသားစုအပေါ် သိတတ်နားလည်ပြီး အနစ်နာခံပေးဆပ်နေလို့ ကံတရားက မျက်နှာသာပေးလိုက်တာ၊ သားလည်း ကောင်းတဲ့အကျိုး ခံစားချင်ရင် ကောင်းတာလုပ်ပေါ့ သားရယ်"

"မေမေ"

တည်ကြည်ခန့် ဆတ်ဆတ်ခါ နာသွားကာ ခုန်ထလိုက်၏။ ဒါ ခန့်ကို အကောင်းမြင်ပြီး ဘက်လိုက်နေတာ။

"တော်ပြီ မေမေ၊ ခန့်ကိုအကောင်းမြင်နေသရွေ့ ကျွန်တော့်ကို





လည်း မကောင်းမြင်နေမှာပဲ၊ ဒီနေ့ကစပြီး ဒီအိမ်မှာ ကျွန်တော် မနေတော့ဘူး။ မေမေ့သားဆိုမှာ မှီခိုပြီးလည်း တွယ်ကပ်မနေတော့ဘူး၊ ကျွန်တော်မှာလည်း ယောကျ်ားမာနဆိုတာ ရှိပါတယ်"

"သား သားကြီး"

တည်ကြည်ခန့်က အိတ်တစ်လုံးထဲ အဝတ်အစားတွေ ဆွဲရုန်းထည့်ကာ ထွက်သွားသည်။ ခိုကပ်စရာနေရာတွေ့သွားပြီမို့ ဘယ်လိုတားတားလည်း ရမှာမဟုတ်။

ဦးစိုးခန့်က မကျေမနပ်နှင့် ဒေါ်နွဲ့ကေခိုင် ရှေ့တိုးလာကာ

"မင်းက မင်းသားအငယ်ကို အမွှန်းတင်လွန်းတော့ သားကြီးက ဘယ်လိုလုပ် ခံနိုင်ရည်ရှိမှာလဲ၊ မင်းအခု စိတ်ချမ်းသာပြီမဟုတ်လား"

"ရှင် အဲလိုမပြောနဲ့ ကိုစိုးခန့်၊ ကောင်းတဲ့အတုယူစေချင်လို့ ကျွန်မ ဆုံးမနေတာ၊ ရှင်ကသာ လူမိုက်အားပေး၊ မကောင်းတဲ့အမှုကို တိုက်တွန်းနေတာ၊ ရှင်လည်း အသက်ကြီးနေပြီ၊ နည်းနည်းပါးပါး ဆင်ခြင်တုံတရားလေး ရှိပါတော့လား၊ သူများတွေ ကြီးပွားတိုးတက်တာကိုတော့ အားကျတယ်၊ ဘာတွေလုပ်လို့ အောင်မြင်တာလည်းဆိုတာတော့ အတုယူကြိုးစားရမှန်းမသိဘူး၊ ရှင့်သားကြီးက ရှင့်ကိုတုပြီး ရေလိုက်လွဲနေတာ သိလား"

"တော်တော့ နွဲ့ကေခိုင်၊ မင်းပြောချင်တာတွေက များလွန်းနေပြီ၊ အေး ငါလည်း မင်းတို့အထင်ကြီးလာအောင် ချမ်းသာအောင် လုပ်တော့မှာပါ၊ အဲဒီတော့မှ ကိုစိုးခန့်ရယ် လိုက်ပါရစေဆိုပြီး ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



လာမဆွဲနဲ့''

''အမယ်လေး ပြောတတ်နေလိုက်တာ၊ ကျုပ်ကရော ရှင်တို့သားအဖကို မှိုနိုမယ် ထင်နေလား၊ သားငယ်လေး အိမ်ထောင်ကျသွားရင်တောင် ကျုပ်က ရိပ်သာသွားနေမှာ''

''သွားဟော့ သွား၊ အဲဒါ အကောင်းဆုံးပဲ၊ ငါ့ဘာသာ ချမ်းသာရင် ငါ့ဘာသာ စံစားမယ် သိပြီလား''

ဦးစိုးခန့် အော်ဟစ်ပြောပြီး ခါးကြားမှာ ပါလာသည့် အရက်ပုလင်းကိုဖွင့်ဖောက်သောက်နေသည်။

အတုမြင် အတတ်သင်အောင် ရှေ့ဆောင်လမ်းပြမှ မကောင်းဘဲ၊

သက်ပြင်းတွေ အကြိမ်ကြိမ်ချရင်း အသက်ကို မဝတစ်ဝရှူရှိုက်ကာ ရှင်သန်ဖို့ကြိုးစားရုန်းကန်နေရသည့် နေ့ရက်တွေ ဘယ်လောက်များကျန်ပါသေးသလဲ။

■ ■ ■

## အခန်း (၂၆)

''ဟင် ဖေဖေက ကိုကို့ကို ဒရိုင်ဘာခန့်လိုက်တယ် ဟုတ်လား၊ ဘာလို့ ခန့်လိုက်တာလဲ ဖေဖေရယ်၊ ဖယားရှုပ်အောင်လို့''

''သူတို့ အစော်အဆင်မပြေဖြစ်နေလို့ ကူညီလိုက်တာပါကွယ်၊ သမီးလည်း တည်မြဲခန့်ကို အလုပ်ပေးထားတာပဲ မဟုတ်လား၊ ပြီးတော့ သမီးအပေါ်မှာ တည်ကြည်ခန့်က အရမ်းအနစ်နာခံခဲ့တာ၊ ရာထူးကြီးကြီးမှမဟုတ်တာ၊ ကူညီရာရောက်ရုံပါပဲ''

''အဲဒီကူညီရာရောက်ရုံလေးက ပြဿနာ ဖေဖေ၊ ရာထူးကြီးကြီးပေးလိုက်တာက ကျေးဇူးတင်ခံရဦးမယ်၊ အခုက ခန့်နဲ့နှိုင်းယှဉ်ပြီး ခန့်ကို ပြဿနာရှာမှာ သေချာတယ်''

ပျို့ခေတ် စိုးရိမ်ကြီးနေတာကို ဦးထင်ကျော်က ခပ်မိန့်မိန့်ပြုံးရင်း ပျို့ခေတ် ပခုံးလေးကို ထွေးပွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခန့်အတွက် စိုးရိမ်နေတာလား သမီး၊ တည်ကြည်ခန့်က ညီအစ်ကိုချင်း မနာလိုဖြစ်ပါ့မလားကွယ်၊ ဖေဖေလည်း အရင်က အဆင့်အတန်းမတူတော့ဘူး၊ ငါတို့က ဘယ်လိုအနေအထား၊ သူတို့က ဘယ်လိုဖြစ်သွားပြီနဲ့ အတွက်ကြီးမိသေးတယ်၊ ဒါပေမဲ့ တကယ် လုပ်ငန်းလုပ်ကြည့်လိုက်တဲ့အခါမှာ အနိမ့်အမြင့် အတက်အကျက မြန်လွန်းတယ်"

"အဲဒါတော့ ဟုတ်ပါတယ်၊ ပျိုခေတ်တို့လည်း အခြေပျက်အနေပျက်ဖြစ်ဖူးတာပဲ၊ ခန့်တို့ အဘွားသာ ငွေရေးကြေးရေး မကူညီခဲ့ရင် ဒီလိုအခြေအနေမျိုး ပြန်ဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒီအချိန်တွေတုန်းက အားပေးခဲ့တဲ့ ကိုကို့ကိုလည်း ကျေးဇူးတင်ပါတယ် ဒါပေမဲ့"

"ထားလိုက်တော့ သမီးရယ်၊ သူတို့တွေက သူများဆီမှာ လုပ်ရတာ အောက်ကျတယ်ထင်ပြီး အလုပ်မလုပ်ခဲ့လို့ ပိုပြီးအဆင်မပြေဖြစ်နေတာ၊ အခု ဒီအလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်တာ အောင်မြင်နိုင်တဲ့အစခြေလှမ်းပေမယ့် သူ့ရဲ့ကြိုးစားမှုကိုကြည့်ပြီး ကုမ္ပဏီမှာ နေရာကောင်းတစ်ခုပေးနိုင်အောင် ဖေဖေ စီစဉ်ထားလိုက်ပါ့မယ်၊ ကိုရီးယား အလုပ်ကုန်တစ်ခုအတွက် သမီး ကြော်ငြာရိုက်ပေးရမယ်ဆို သွားတော့လေ သမီး"

ဦးထင်ကျော်က စကားစဖြတ်သည်။ ပျိုခေတ်လည်း သက်ပြင်းချပြီး စလင်းဘတ်အိတ်ကောက်လွယ်လိုက်ရ၏။

"ပျိုခေတ် အခုပဲ သွားမလို့လုပ်နေတာပါ ဖေဖေ၊ ပျိုခေတ်တောင် ဒီဘက်မှာ လက်ခံထားတာတွေ များနေလို့ ကုမ္ပဏီကို သိပ်မရောက်ဖြစ်တော့ဘူး၊ အရေးကြီးကိစ္စတွေရှိရင်တော့ ပျိုခေတ်ကို ဖုန်းဆက်





ခေါ်လိုက်နော်၊ ပျိုခေတ်က ဒီဘက်ကို သိပ်အားသန်တာ မဟုတ်ဘူး၊ ကုမ္ပဏီအလုပ်ကိုပဲ စိတ်ဝင်စားတာ"

"အေးပါ သမီးရယ်၊ တခြားနိုင်ငံက အနုပညာကျောင်းဆင်းဆိုပြီး သမီးကို အထင်ကြီးစိတ်ဝင်စားနေကြတဲ့ အချိန်မှာ အခွင့်အရေးကို လက်လွှတ်မခံနဲ့ဦး သမီး၊ နောက်ပိုင်းကုမ္ပဏီအလုပ်က သမီးပဲ တာဝန်ယူရမှာ၊ အဲဒီအချိန်ကျရင်တော့ ဖေဖေရော မေမေရော အနားယူပြီနော်"

"ဟုတ်ကဲ့ ပျိုခေတ်ကို မျက်စိစုံမှိတ် အားကိုးလိုက်စမ်းပါ၊ သွားပြီနော် ဖေဖေ"

အပျော်အပျက် ပေါ့ပေါ့ပါးပါး စနောက်ပြီး ထွက်လာခဲ့ပေမယ့် ကားမောင်းနေစဉ်မှာ စိတ်တို့က လေးလံသွားရပြန်သည်။

ရှုတင်ရောက်လို့ ခန့်ကို ပြောပြလိုက်တော့ ခန့်လည်း မျက်စိပျက် မျက်နှာပျက်။

"ကိုကို့မှာ ဘာအကြံအစည်များရှိနေလဲ မသိဘူး၊ ကိုကိုက ဒရိုင်ဘာလို အလုပ်မျိုး မပြောနဲ့ ဒီထက်ရာထူးဂုဏ်ဒြပ်ရှိတဲ့ အလုပ်ကိုတောင် အောက်ကျတယ်ထင်ပြီး လုပ်ခဲ့တာ မဟုတ်ဘူး"

"ပျိုခေတ်လည်း ဖေဖေ့ကို ပြောပြပါသေးတယ်၊ ဖေဖေက ကူညီသင့်တယ်ဆိုပြီး ထားလိုက်ပါတော့တဲ့လေ၊ အလုပ်လုပ်ချင်စိတ်ရှိလာတာ အောင်မြင်တိုးတက်ဖို့အစပေါ့တဲ့၊ အဲဒါနဲ့ ပျိုခေတ်တောင် ကိုကိုနဲ့ပတ်သက်တဲ့ ပြဿနာတွေ မပြောပြလိုက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"မပြောပြလို့ အန်ကယ် ယုံကြည်မှုရှိတာ သိပေမယ့် ပျိုခေတ် အတွက်တော့ စိုးရိမ်မိတယ်"

"ဘာကိုလဲ"

"ဟို ကိုကိုက ပျိုခေတ်ကို"

"ပွင့်ပွင့်လင်းလင်း ပြောတာ မဟုတ်ဘူး ခန့်ရယ်၊ ကိုကိုက ပျိုခေတ်ကို လက်ထပ်ခွင့်တောင်းမှာစိုးရိမ်နေတာ မဟုတ်လား"

"အင်း ဟုတ် ဟုတ်တယ်၊ အရင်တည်းက ပျိုခေတ်ကို ပိုင်ဆိုင် အောင် ကြိုးစားမယ်လို့ ကြိမ်းဝါးနေတာ၊ တစ်နေ့နေ့တော့ ပျိုခေတ်ကို ဖွင့်ပြောလိမ့်မယ် ထင်တယ်"

"ခန့် ပြောတာတောင် နောက်ကျနေသေးတယ်"

"ဟင် ပြော ပြောပြီးပြီလား"

တည်မြဲခန့် အထိတ်တလန့် ပျာပျာသလဲ မေးခွန်းထုတ်သည်။

ပျိုခေတ်က တည်မြဲခန့် ရင်ဘတ်ကို လက်ဖဝါးနုနုလေးဖြင့် ဆောင့်တွန်းလိုက်ပြီး

"ပျိုခေတ် လက်ခံမယ်ထင်လို့ လန့်သွားတာလား၊ ပျိုခေတ်က ဖြင့် တစ်ခါတည်း အပြတ်ငြင်းလိုက်ပါတယ်နော်၊ ခန့်နဲ့ချစ်သူတွေ ဖြစ် နေပြီလို့တောင် ပြောလိုက်သေးတယ်"

"ဟာ ပျိုခေတ်"

"ဘာဖြစ်လဲ ပြောတော့၊ ခန့်က မပြောစေချင်ဘူးလား၊ ပျိုခေတ် ချစ်သူ မဖြစ်ချင်ဘူးပေါ့"





"မ မဟုတ်ပါဘူး ပျိုခေတ်ရယ်၊ ခန့်ကလေ"

"ဟင့်အင်း"

ပျိုခေတ်က ခန့်ကို ဘာစကားမှ အပြောမခံ။ ခန့် နှုတ်ခမ်းလေး ပေါ် လက်ညှိုးလေးတစ်ချောင်း ဖြတ်တင်ပြီး

"အားငယ်တာတွေ စိုးရိမ်တာတွေ၊ မပြတ်သားတာတွေက ယောက်ျားတစ်ယောက်မှာ မရှိသင့်တဲ့ အရာတွေပဲ ခန့်၊ ပျိုခေတ် ယုံ ကြည်အားကိုးစေချင်ရင် ယောက်ျားပီပီသသ ရဲရဲဝံ့ဝံ့ နေစမ်းပါ၊ ပျိုခေတ် ကို ဘယ်သူ့ဆီမှ မပေးနိုင်ဘူးဆိုရင် ပိုင်ဆိုင်အောင် လုပ်ပေါ့နော် ခန့်"

"ခန့်မှာ ဘာအရည်အချင်း အစွမ်းအစမှ မရှိဘဲနဲ့၊ ဘယ်လို ပိုင်ဆိုင်အောင် လုပ်ရမှာလဲ ပျိုခေတ်ရယ်၊ အနေအထားတစ်ခုကိုပဲ တွေးကြည့်ပါ၊ ခန့်ကို မိတ်ကပ်လိမ်းပေးနေရတဲ့"

"ဟင့်အင်း ခန့်ကို သင်တန်းတွေတက်ခိုင်းနေတာ အလကား မှ မဟုတ်ဘဲ၊ အခု ပျိုခေတ်ကို အလှပြင်ခိုင်းတယ်ဆိုတာလည်း ပျိုခေတ် မျက်နှာကို ဘယ်သူမှ မကိုင်စေချင်လို့"

"ခန့် ကိုင်တာပဲ ကြိုက်တယ်ပေါ့"

"ကြည့် အဲလိုကျ ပြောတတ်တယ်၊ အရမ်းမှန်းဖို့ ကောင်းတာ ပဲ"

ပျိုခေတ် လက်သီးဆုပ်လေးကို ဒီတစ်ခါတော့ အမဲအရ ဖမ်း လိုက်ပြီးမှ ဖွဖွလေး နမ်းရှိုက်လိုက်ပြီး

"မုန်းတော့ မမုန်းလိုက်ပါနဲ့ ပျိုခေတ်ရယ်၊ ခန့်ကို ယောက်ျား


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်အောင် လုပ်ပေးတဲ့ ချစ်သူလေးကို ခန့် ဘယ်လောက် ယောက်ျားပီသကြောင်း ပြချင်သေးတယ်''

''အမလေး ကြက်သီးထစရာကြီး၊ ကြောင်တောင် ကြောက်လာပြီ''

ပျိုခေတ်က ပခုံးလေးတွန့်ကာ မျက်လုံးလေးမှိတ်၍ ကြောက်ချင်ဟန်ဆောင်၏။ ခန့်က အသည်းတွေယားကာ ပျိုခေတ်ကိုယ်လေးကို သိမ်းကျုံးဖက်လိုက်သည်။

''အယ် ခန့် အဲလိုမလုပ်နဲ့လေ၊ ရှုတင်အဖွဲ့တွေ မြင်ရင် ဘယ်လိုလုပ်မလဲ''

''အသိပေးပြောတာလား၊ ကျေးဇူးတင်ပါတယ် ခန့်ရယ်၊ ခန့်ဘက်က အဆင်သင့်ဖြစ်ပြီဆိုရင် ဖေဖေတို့ကို ဖွင့်ပြောပြီး လက်ထပ်ကြမယ်နော် ခန့်''

''ခန့်ကို အဲလို ယုံကြည်ပြီး ခန့်ဘက်က ရပ်တည်ပေးလို့ ခန့်လည်း ပျိုခေတ်ကို ကျေးဇူးတင်ပါတယ်၊ အခုဆိုရင် ပျိုခေတ်ကိစ္စတွေပြီး၊ သင်တန်းတွေတက်ပြီးတာနဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အစ်ကိုဆီမှာ သက်လုံကောင်းအောင် ကိုယ်ခံပညာပါ သင်နေတာ ပျိုခေတ်ရဲ့၊ ပျိုခေတ် ယုံကြည်အားကိုးနိုင်တဲ့ ယောက်ျားကောင်းတစ်ယောက် ဖြစ်အောင် ခန့် ကြိုးစားမှာပါ''

''ပျိုခေတ်ကို တကယ်ချစ်လို့လားဟင်''

''ချစ်တာပေါ့ ပျိုခေတ်က ခန့်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့





ချစ်သူလေးပါ၊ ပျိုခေတ်ရော ခန့်ကို တကယ်ချစ်တာလားဟင်''

''ပြောဖို့လိုသေးလား''

မော့မော့လေး အမေးမှာ တည်မြဲခန့် ခေါင်းရမ်းပြလိုက်သည်။ အဖြေစကားကို ကြားမှ ယုံကြည်ရမှာမှ မဟုတ်ဘဲ။

ရင်ခွင်မှာ မှီနွဲ့လာတာနှင့်တင် သက်သေက နိုင်လုံပြီးသားပါ။ နားလည်မှုတွေနှင့် ဖေးမအားပေးခဲ့တာလည်း ချစ်လို့ပဲပေါ့။ အရာရာသတ္တိတွေနှင့် ရင်ဆိုင်ရဲအောင် တိုက်တွန်းခဲ့တာ အချစ်ရဲ့မှတ်တိုင်တွေပါပဲ။

ကိုယ်ရောက်အောင် လာခဲ့မယ် ပျိုခေတ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

''သားရောက်လာတာနဲ့ အတော်ပဲ၊ မေမေ ရင်တွေပူပြီး စိတ် တွေ လေးနေတာ သားရယ်၊ သားအစ်ကိုက ပျိုခေတ်တို့အိမ်မှာ ဒရိုင်ဘာ လုပ်ရမယ်ဆိုပြီး ထွက်သွားလိုက်တာ ဒီနေ့ထိ ပြန်မလာဘူး၊ ဟုတ်ရေ ဟုတ်ရဲ့လား၊ အဆင်ရောပြေရဲ့လားလို့''

အိမ်အဝင်ဝမှာပင် ဒေါ်နွဲ့ကေခိုင်က စိုးရိမ်တကြီး တည်မြဲခန့် လက်ကိုဆွဲပြီး မေးသည်။ တည်မြဲခန့်က ဒေါ်နွဲ့ကေခိုင်ကို ဘုရားခန်းဘက် ဆွဲခေါ်လာကာ ထိုင်ခိုင်းလိုက်ပြီးမှ

''စိတ်မပူပါနဲ့ မေမေ၊ ကိုကိုက ပျိုခေတ်တို့အိမ်မှာပါ၊ ဦးထ ကျော်ကားကို မောင်းပေးရတယ်၊ အေးအေးဆေးဆေး ဘာပြဿနာမှ မရှိဘဲ နေတယ်လို့ ပျိုခေတ်က ပြောပါတယ်''

''အေး တော်ပါသေးရဲ့ သားရယ်၊ ဒီနှစ် စာမေးပွဲဖြေပြီးတာ





ဘွဲ့ရတော့မယ့်ဥစ္စာ၊ မေမေ ပြောလိုက်တာတွေ စိတ်နာပြီး ကျောင်းဆက် မတက်တော့ဘူးထင်ပါရဲ့၊ သူ့ကို မမြင်ရတော့လည်း စိတ်မကောင်းဘူး ကွယ်''

''ကိုကိုသာ ပညာရေးကို ဂရုစိုက်မယ်ဆိုရင် လွန်ခဲ့တဲ့ သုံးနှစ် လောက်ကတည်းက ဘွဲ့ရရမှာပါ၊ အခုခေတ်က ဘွဲ့ရဖို့ထက် လုပ်ငန်း အတွေ့အကြုံက အရေးကြီးလို့၊ သင်တန်းအောင် လက်မှတ်တွေရရုံနဲ့ အဆင်ပြေနေပါပြီ၊ ကျောင်းဆက်တက်ဖို့ ဘွဲ့ယူဖို့ကိစ္စတွေ တွန်းအားမပေး ပါနဲ့တော့ မေမေ''

''ဟုတ်ပါတယ် ပညာတတ်မှ လူရာဝင်တာဆိုပြီး သားငယ် ပညာရေးကိုတော့ ဆုံးခန်းတိုင်အောင် မေမေ တာဝန်မယူနိုင်ခဲ့ဘူး''

''ဟို ခန့်ပြောတာက ခန့်ပညာမစုံခဲ့လို့ ကိုကို ပညာရေးကို အားမပေးချင်တာ မဟုတ်ပါဘူး၊ တစ်တန်းကို နှစ်နှစ်နဲ့ ကိုကိုက ပညာ ကို ရအောင်မယူဘဲ အချိန်ဖြုန်းနေတာကို မေမေ စိတ်ဆင်းရဲမခံစေချင် လို့ပါ၊ အခု မာနကြောင့်ပဲဖြစ်ဖြစ်၊ မခံစိတ်ကြောင့်ပဲဖြစ်ဖြစ်၊ အလုပ်လုပ် ချင်စိတ်ရှိပြီး ကြိုးစားနေတာကို ကျေးဇူးတင်ရမှာ''

''ဟုတ်ပါတယ် သားရယ်၊ ဟုတ်ပါတယ်''

ဒေါ်နွဲ့ကေခိုင် ခေါင်းတညိတ်ညိတ်လုပ် ထောက်ခံပြီးမှ တစ်စုံ တစ်ရာကို သတိရသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ပျိုခေတ်ရဲ့ ဆက်ဆံရေးကရော သား၊ ငယ်ငယ်က ခွဲခွာလို့ မရအောင်ကို သံယောဇဉ်ကြီးခဲ့ကြတာ၊ တည်ကြည်ခန့်အကြောင်း အားလုံးသိပြီးသားဆိုပေမယ့် အားနာစိတ်နဲ့ ပျိုခေတ် လိုက်လျောရင်ရော ဘယ်လိုလုပ်မလဲ သား"

မေမေက လူကြီးပီပီ နေရာတကာ တွေးပြီး စိုးရိမ်စိတ်တွေ များလွန်းသည်။ စိတ်ချသွားအောင် ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်ရတော့မလား။

"ဘာတွေသက်ပြင်းချနေတာလဲ သား၊ ပျိုခေတ်အတွက် သားရော မစိုးရိမ်ဘူးလား"

"စိုးရိမ်စရာမလိုအောင် ပျိုခေတ်က စဉ်းစားတွေးခေါ်တတ်ပါတယ် မေမေ၊ ကိုကို့ကို ပျိုခေတ် ယုံကြည်မှာလည်း မဟုတ်ဘူး၊ လက်ခံမှာလည်း မဟုတ်ပါဘူး"

"သေချာလှချည်လား သား"

"ပျိုခေတ်နဲ့ခန့် ချစ်သူတွေဖြစ်နေကြပါပြီ"

"ဩော် ဒါဆို တည်ကြည်ခန့် သူ့အဖေကို ပြောသွားတာ မမှားဘူးပေါ့"

"ဗျာ ဘာ ဘာပြောသွားတာလဲ မေမေ"

တည်မြဲခန့် ပျာပျာသလဲ မေးတော့ ဒေါ်နွဲ့ကေခိုင် ပြောသင့်





မပြောသင့် အချိန်အတန်ကြာ စဉ်းစားချင့်ချိန်နေသည်။ ပြီးမှ သက်ပြင်းတွေချကာ

"သားနဲ့ပျိုခေတ် ပတ်သက်နေတာကို သူ မကျေနပ်ဘူး၊ ပျိုခေတ်ကို ရအောင်ယူမယ်၊ ပိုင်ဆိုင်အောင် ကြိုးစားမယ်တဲ့၊ အချစ်ကြောင့်တော့ မဖြစ်နိုင်ဘူး၊ ပျိုခေတ်တို့ ချမ်းသာတာကို မတော်လောဘနဲ့ မက်မောနေတာ၊ သားကို ဦးစားပေးတာ ကောင်းစားမှာကိုလည်း မနာလို မရှုစိမ့်ဘူးပေါ့ကွယ်"

ဒါကတော့ မေမေ မပြောလည်း ခန့် သိနေပြီးသားပါ။ ခုချိန်မှာ ရင်ဆိုင်ဖို့လည်း အသင့်ဖြစ်နေပါပြီ။ ပျိုခေတ်ကို ဘယ်လိုမှ ထိပါးမခံနိုင်။

"ခန့်လည်း ဆုံးဖြတ်ထားတယ် မေမေ၊ ပျိုခေတ်ကို ကိုကို ဘယ်တော့မှ မရစေရဘူး၊ မပိုင်ဆိုင်စေရဘူး၊ ပျိုခေတ်အတွက် ခန့်အင်အားတွေ စုစည်းနေပါတယ်၊ အားလုံး အဆင်ပြေရင် ခန့်တို့ လက်ထပ်ကြတော့မှာပါ မေမေ"

"အေးအေး အဲဒီသတင်းကြားရတာတော့ မေမေ ဝမ်းသာတယ်သားရယ်၊ ပျိုခေတ်ကို ဟိုအရင်တည်းက ချွေးမလေးအဖြစ် မေမေစိတ်ကူးယဉ်တာပါ၊ အဲဒီအချိန်ကတော့ သားကြီးအတွက်လို့ပေါ့လေ၊ သား ဘွားဘွားနဲ့လည်း ကတိစကားတွေ ရှိခဲ့တယ် မဟုတ်လား၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် သားကြီးနဲ့ပျိုခေတ် မဖြစ်မနေ လက်ထပ်ဖြစ်မယ်လို့လည်း ထင်ခဲ့တယ်''

''ခန့်လည်း အဲဒီအတွေးနဲ့ပါပဲ၊ ဒါပေမဲ့ ပျိုခေတ်က အုံ့ဩစရာကောင်းလောက်အောင် ကိုကို့ကို မုန်းနေပြီး ခန့်ကိုတော့ ချစ်နေခဲ့တယ်၊ ဒါဟာ ကံကြမ္မာအလှည့်အပြောင်းကြောင့်လို့ ပြောလို့ရသလို ကိုကို သစ္စာမရှိခဲ့တာကြောင့်လည်း ပြောလို့ရတယ်''

''အဲဒါ အမှန်ပဲ၊ သား ကိုကို အတ္တကြီးလွန်းတယ်၊ ညီငယ်လေးကို ငဲ့ညှာရမှန်းလည်း မသိ၊ ကိုယ့်အမှားကိုယ်လည်း မသိ၊ ကိုယ် ဘာလုပ်နေတယ်ဆိုတာလည်း အမြင်မှန်မရနဲ့၊ သူ ဒဏ်ခတ်ခံရတော့မယ်''

မေမေ့ရဲ့မေတ္တာတရားက မျက်ဝန်းအိမ်မှာ မျက်ရည်စတို့နှင့် သက်သေပြနေသည်။ ထိုအချိန်မှာ အိမ်ဝင်းတံခါးက ကျယ်ကျယ်လောင်လောင် တံခါးခေါက်သံများနှင့်အတူ ရပ်ကွက်လူကြီး သုံးယောက် ရဲနှစ်ယောက် အိမ်ထဲဝင်လာကြသည်။

''ဘာကိစ္စရှိလို့ပါလဲရှင်''

''သတင်းအရ ကျွန်တော်တို့ ဒီအိမ်မှာ ပစ္စည်းရှာပါရစေ ခင်ဗျား''

''ရှင် ဘာ ဘာပစ္စည်းရှာကြမှာလဲ၊ ကျွန်မတို့ တရားဥပဒေ မလွတ်ကင်းတဲ့အလုပ် ဘာမှမလုပ်ပါဘူး''

''ဗျာ အဲ အဲဒီကိစ္စ''



ခန့်ရော ဒေါ်နွဲ့ကေခိုင် ထိတ်လန့်အံ့ဩနေကြသည်။ ဘာကြောင့် ဒီလိုကိစ္စမျိုး ရှိရတယ်ဆိုတာ ဘယ်လိုမှ နားမလည်နိုင်။ ရဲတွေကလည်း မျက်နှာမသာမယာနှင့်ပင်

''အစ်မကြီးယောက်ျားကို ဒီနေ့လောင်းကစားဝိုင်းမှာ ဥပဒေနဲ့မလွတ်ကင်းတဲ့ မူးယစ်ဆေးဝါးတွေနဲ့အတူ သက်သေခိုင်လုံစွာနဲ့ လက်ရဖမ်းမိပါတယ်''

''ရှင်''

''ဗျာ''

''ဟုတ်ပါတယ်ခင်ဗျာ၊ အဲဒါကြောင့် သူ့အိမ်ကို ရှာဖွေဖို့အတွက် တာဝန်အရ ရောက်လာတာပါ၊ ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါခင်ဗျာ''

''ရှင်''

''ဗျာ''

''ဟုတ်ပါတယ်ခင်ဗျ၊ အဲဒါကြောင့် သူ့အိမ်ကို ရှာဖွေဖို့အတွက် တာဝန်အရ ရောက်လာတာပါ၊ ကျွန်တော်တို့ကို ရှာဖွေခွင့်ပြုပါ ခင်ဗျာ''

''ရှင် ဟုတ် ဟုတ်ကဲ့''

''မေမေ''

ဒေါ်နွဲ့ကေခိုင် ရင်ဘတ်ကို ဖိကာ လဲပြိုတော့မလို ဖြစ်သွားတာကြောင့် တည်မြဲခန့် ဆွဲပွေ့ဖက်ထားလိုက်ရသည်။ ဘာလဲ ဘာတွေဖြစ်သွားတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ချင်ဘဲ အရမ်းချမ်းသာချင်တာကြောင့် ဖြတ်လမ်းလိုက်တာပါလား။

ရိုးရိုးကျင့် မြင့်မြင့်မကြံဘဲ အလွယ်လိုက်တော့. . .။

■ ■ ■



အခန်း (၂၈)

"အဲဒါ မလွယ်ဘူးထင်တယ်၊ အခု ကျွန်တော်တို့အိမ်မှာ ပြဿနာတွေ တက်လို့ စိတ်ရောလူရော ပင်ပန်းနေကြပါတယ်၊ အိမ်မှာ ကိုကိုလည်း မရှိပါဘူး"

"မောင်က ဘယ်သွားလို့လဲ၊ ကေသရီတို့ဆီက ပြန်သွားကတည်းက မောင် ဒီအိမ်မှာပဲ နေတာမဟုတ်လား"

ကိုကို့မိန်းမဆိုသော မိန်းကလေးကို တည်မြဲခန့် ဘယ်လိုဖြေရမလဲ။ ကိုကိုစိတ်ဝင်စားနေသော မိန်းကလေးအိမ်မှာ ဒရိုင်ဘာလုပ်နေပါတယ်လို့ ပြောလိုက်လျှင် ဘယ်လိုဖြစ်သွားမလဲ။

ကိုကို့မိန်းမကို အခုမှမြင်ဖူးတာ။ အထက်တန်းလွှာက ဆိုပေမယ့် တစ်လသားအရွယ် ရင်သွေးလေးကို ပွေ့ချီထားတာမို့ ဗိုသီဖတ်သီနိုင်ပါ။

▼



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာလည်း ကိုယ့်အပူနှင့်ကိုယ်မို့ အကြောင်းရင်းကို စုံစေ့အောင် မေးကြည့်ဖို့လည်း သတိမရ။

သူမကိုယ်တိုင်က ဒါ တည်ကြည်ခန့် အိမ်လား၊ ကျွန်မက တည်ကြည်ခန့်နဲ့ လက်ထပ်ခဲ့တဲ့ မိန်းမပါ၊ သူနဲ့တွေ့ပါရစေဆိုတာပဲ ဖွင့်ပြောနေတာကိုး။

ဘာကြောင့်တွေ့ချင်ပါတယ်လို့ ရှင်းပြရင်လည်း တစ်မျိုးပေါ့။ အခုတော့ ဖေဖေ့ကို ထောင်ဝင်စာ သွားတွေ့နေသော မေမေ ပြန်မရောက်သေး၍ နှင်ထုတ်ရအခက် ရှောင်ထွက်ရအခက်။

"ကျွန်မကို တည်ကြည်ခန့်ရှိတဲ့ လိပ်စာပေးလို့ မရဘူးလားဟင်၊ ကျွန်မ သူနဲ့တွေ့မှဖြစ်မှာမို့ပါ"

"ဟို ဒီလိုလုပ်ပါလားဗျာ၊ နောက်မှ မကေသရီ လာသွားတယ်ဆိုတာ ပြောပြပြီး သူ့ကိုဆက်သွယ်လိုက်ပါမယ်၊ ဒီမှာ ဖေဖေ ထောင်ကျတဲ့အကြောင်း သူ့ကို မသိစေချင်လို့ပါ"

"ရှင်"

"ဟုတ်တယ် ဖေဖေ ထောင်ကျတာကို သိရင် ကိုကို တော်တော်စိတ်မကောင်းဖြစ်မှာ၊ ကိုကိုက မေမေထက် ဖေဖေ့ကို ပိုချစ်တယ်၊ ဖေဖေကလည်း ကျွန်တော့်ထက် ကိုကို့ကို ပိုချစ်တယ်၊ ဒီအမှုက အယူခံဝင်ဖို့လည်း မလွယ်၊ အာမခံလည်း မပေးဆိုတော့ ကိုကို့ကို အေးအေးဆေးဆေးမှ ပြောပြမလို့ပါ"

"ဩော် စိတ်မကောင်းပါဘူးရှင်၊ ကျွန်မမှာလည်း အရမ်းကို





အခက်အခဲ တွေ့နေလို့ပါ၊ သူနဲ့တွေ့မှကိုဖြစ်မှာ"

"ပြောပြလို့ရရင် ပြောပြပါလား၊ ကျွန်တော် ကူညီနိုင်တာဆိုရင် ကူညီလိုက်ပါမယ်"

ကိုကိုနဲ့ပတ်သက်ဖူးသူမို့ စာနာစိတ်နှင့်ပြောမိတော့ ကေသရီ မျက်ရည်ကျသည်။ ပြီးမှ ရင်ခွင်ထဲက ကလေးငယ်လေးကို ငုံ့ကြည့်ကာ

"သား သားလေးက မောင်နဲ့ရတဲ့ သားလေးပါ"

"ဗျာ ကိုကိုနဲ့ ဟိုလေ ကိုကိုနဲ့က ပြတ်ဆဲပြီးသား မဟုတ်လား၊ ပြီးတော့ ခဏလေး"

"ဟုတ်ပါတယ်၊ တစ်လလောက် ပေါင်းသင်းပြီး သူ ထွက်သွားတဲ့အချိန်မှာ ကိုယ်ဝန်ကျန်ခဲ့မှန်း သိရတာပါ၊ မေမေတို့က သိသိချင်း ဒီကိုယ်ဝန်ကို ဖျက်ချခိုင်းတယ်၊ ယောကျ်ားကတောင် တာဝန်မယူချင်လို့ ထားသွားတာ၊ မမွေးရဘူးတဲ့လေ၊ ဒါပေမဲ့ အမျိုးမျိုးတောင်းပန်ပြီး ဒီကလေးကို ကျွန်မ ရအောင်မွေးခဲ့တယ်၊ သူ ပြန်ဆက်သွယ်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့"

"ဟား စိတ်မကောင်းလိုက်တာဗျာ၊ ကိုကိုအဲလိုတော့ မလုပ်သင့်ဘူး၊ မိန်းမတစ်ယောက်နဲ့ အတူနေပြီးရင် သားသမီးရနိုင်တာကို ကိုကို သိရမှာပေါ့၊ အခုတော့ သဘောထားခြင်း မတိုက်ဆိုင်ဘူး၊ ကေသရီ မိဘတွေက သူ့ကိုနှိမ်လွန်းတယ်ဆိုပြီး အပြီးအပိုင်ထွက်လာခဲ့တာတဲ့၊ အရမ်းတာဝန်မဲ့တာပဲ၊ ကြည့်ပါဦး ကလေးလေး သနားစရာ"

အချိန်တွေက ခဏလေး ထင်ရသော်လည်း ကလေးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တောင် လူဖြစ်လာခဲ့ပြီမို့ ကိုကို အသိတရားရသင့်သည်။ ကလေးလေးက ဖြူဖြူဖွေးဖွေး ဝဝ တုတ်တုတ်လေးနှင့် ချစ်စရာကောင်းလှ၏။

ကိုကိုသိရင်ရော သူ့သွေးသားကို ချစ်မြတ်နိုးပါ့မလား။

"အခု အရေးတကြီး ကိုကို့ကို တွေ့ချင်တာက ကလေးပြဿနာနဲ့ သက်သက်မဟုတ်ဘူး ထင်တယ်"

"မဟုတ်ပါဘူး၊ သူ့ဆုံးဖြတ်ချက်ကို သိချင်တယ်၊ ကျွန်မ အိမ်က အဖေမရှိတဲ့ကလေးဆိုပြီး စွန့်ပစ်နိုင်းနေတယ်၊ ကလေးကိုလည်း ဖေဖေ့အမျိုးတွေရှိတဲ့ တောရွာလေးမှာ သွားမွေးလာခဲ့ရတာပါ၊ အဲဒီရွာက မယ်သီလရှင်ကျောင်းမှာ ကလေးကိုထားခဲ့ပြီး ပြန်လာဖို့ ကျွန်မကို ခေါ်တယ်"

"ဗျာ ဒီကလေးလေးကို"

"ဟုတ်တယ် ကျွန်မကို ပညာတွေ ဆက်သင်ရမယ်၊ တိုးတက်အောင်မြင်ဖို့အတွက် ကလေးကြောင့် အနှောင့်အယှက်အဖြစ်မခံနိုင်ဘူးတဲ့လေ၊ ဘယ်လိုလုပ် ကျွန်မ ရင်သွေးလေးနဲ့ ခွဲနိုင်မှာလဲ၊ မွေးပြီးမှ မိခင်စိတ်ပိုရှိလာတာ ကျွန်မသားလေးနဲ့ ကျွန်မ မခွဲနိုင်ဘူး"

"အခု ကေသရီ ဘာလုပ်မယ် စိတ်ကူးထားလဲ"

"ရွာကနေ ကျွန်မ ဘယ်သူမှ မသိအောင် ခိုးထွက်လာတာပါ၊ ဖေဖေ မေမေတို့ဆီလည်း မပြန်ရဲဘူး၊ အဲဒါကြောင့် မောင့်ကိုမေးကြည့်ဖို့အတွက် လာရှာတာ၊ သူ လက်ခံမယ်ဆိုရင် သားလေးနဲ့ ဘယ်လိုပဲနေရ





နေရ အတူနေချင်တယ်၊ သူ အသိအမှတ်မပြုလည်း သားလေးကိုခေါ်ပြီး ကျွန်မ တခြားနေရာ ထွက်သွားမှာပါ"

"ကေသရီရယ်"

တည်မြဲခန့် ရင်ထဲမချိအောင် နာကျင်သွားသည်။ ဒီကိစ္စ ဘယ်လိုလုပ်ရမလဲ။

ကိုကို့ကို ပြောရင်ရော ကိုကို လက်ခံပါ့မလား။ ကလေးကိုရော အသိအမှတ်ပြုပါ့မလား။

တွေးရင်းတွေးရင်းနှင့် ရင်တွေတောင် မွန်းကျပ်လာသည်။ မျှော်လင့်မထားတာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်သည့်အတွက် စိတ်ရောလူရော ပင်ပန်းကာ ဖြစ်သမျှကလည်း ကိုယ်တိုင်ဖြေရှင်းပေးလို့ မရတာတွေချည်း ဖြစ်နေသည်။

ဒီကိစ္စ ဘယ်သူနဲ့တိုင်ပင်ရမလဲ။

ကလေးလေးကိုကြည့်ရင်း အတွေးများနှင့် ယောက်ယက်ခတ်နေစဉ်မှာ

"တီ တီ"

အိမ်ရှေ့က ကားဟွန်းသံကြားလို့ ထကြည့်လိုက်တော့ တက္ကစီကားတစ်စီးဖြစ်သည်။ ကားပေါ်က ဆင်းလာသူက ပျို့ခေတ် ဖြစ်နေတော့ အံ့အားသင့်ရပြန်၏။

"ပျို့ခေတ် ဘယ်လိုဖြစ်လာတာလဲ"

"ကားပျက်နေလို့ ခန့်ရေ၊ ဝပ်ရှော့မှာ သွားအောင်းနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ သွားလာစရာရှိရင် ကားယူသုံးလို့ ပြောပါတယ်၊ ဖေဖေက ကိုယ့်ထက်အရေးကြီးတဲ့အလုပ်တွေ လုပ်နေရလို့ ယူမနေချင်တော့ပါဘူး။ ဟင် ညွှန့်သည်ရောက်နေတာလား''

''ဟုတ်တယ် ပျိုခေတ် ထိုင်လေ''

''ဪ အင်း ခန့် မေမေရော မရှိဘူးလား''

''ဖေဖေ့ကို ထောင်ဝင်စာ သွားတွေ့တယ်လေ၊ ပြန်လာခါနီးပြီ လို့တော့ ထင်ပါတယ်၊ ဘယ်အချိန်ရောက်မယ်တော့ မပြောတတ်ဘူး။ ဒါနဲ့ ပျိုခေတ် ဘယ်ကနေ လှည့်ဝင်လာတာလဲ၊ ညနေ မွေးနေ့ပွဲတစ်ခု တက်ပေးရမယ်ဆို မေမေ ပြန်ရောက်တာနဲ့ ခန့် ချက်ချင်းလာခဲ့ပါမယ်''

''အင်း အဲဒါပြောချင်တာနဲ့ ခန့်ဆီကို လာတွေ့တာ၊ ပျိုခေတ် ကားက ဒေါင်းနေတော့ ခန့်နဲ့ပဲ တက္ကစီကားငှားပြီး အတူတူသွားမယ်လေ၊ အခုလည်း ခန့်ကို ဘာကူညီလုပ်ကိုင်ပေးရဦးမလဲဆိုပြီး စောထွက်လာတာ''

''ခန့်ကရပါတယ် ပျိုခေတ်ရယ်၊ မေမေက မသွားခင် ထမင်းဟင်းတွေ ချက်သွားပါတယ်၊ အခုတောင် ပျိုခေတ်ဆီလာမလို့ လုပ်နေတုန်း ညွှန့်သည်ရောက်လာတာနဲ့''

''ညွှန့်သည်က ဘယ်သူလဲဟင်''

''ကိုကို့မိန်းမတဲ့''

''ဟင်''

အံ့အားသင့်ကာ အခုမှ သေချာလှည့်ကြည့်မိသည်။



အသားလေး ညိုစိမ့်စိမ့်နှင့် အသင့်အတင့် လှပချောမောသူပါ။ ရင်ဝယ်ပွေ့ပိုက်ထားသော ကလေးကရော ဘယ်သူ့ကလေးပါလိမ့်။ ဒီအိမ်ကိုရော ဘာကြောင့် ရောက်နေတာလဲ။

မေးခွန်းတွေနှင့် မျက်လုံးလေးပြူးလည်လျက် ခန့်ဘက် လှည့်ကြည့်လိုက်တော့ ခန့်က ပျိုခေတ်အနား ဝင်ထိုင်ကာ

''ကိုကိုနဲ့တွေ့ဖို့လာတာ၊ အဲဒါ ကိုကို့ကလေး''

''ဟင် ကိုကိုပြောတော့''

''ဟုတ်တယ် ခန့်လည်း အဲဒါပြောနေတာ၊ ကေသရီ ရင်ဖွင့်မှ ကိုကို အရမ်းတာဝန်မဲ့လွန်းတာ သိလိုက်ရတယ်၊ နိုးပြေးစဉ်ကတည်းက တာဝန်မကျေ လက်ကြောမတင်းတော့ ယောက္ခမတွေက ဘယ်ကြည်ဖြူမှာလဲ၊ ဒါကို သူ့ကိုနှိမ်တယ်ဆိုပြီး ကေသရီကိုထားခဲ့တာ၊ အဲဒီမှာ ကိုယ်ဝန် ကျန်ခဲ့တယ်၊ မိဘတွေက ကလေးကို ဖျက်ချဖို့အထိ လုပ်ခဲ့တာတဲ့''

''ဟယ် အဲဒါတော့ မဖြစ်သင့်တာ၊ ကိုကိုလည်း အဲလောက်ထိ တာဝန်မမဲ့သင့်ဘူး''

''ကိုယ်ဝန်ကျန်ခဲ့တာ သူ မသိလို့လည်း ဖြစ်မှာပေါ့ ပျိုခေတ်ရယ်၊ ကေသရီကလည်း ကိုကို ပြန်ဆက်သွယ်မလား စောင့်ရင်းနဲ့ တောရွာလေးကို အပို့ခံလိုက်ရတာတဲ့လေ၊ ဟိုမှာ ကလေးမွေးပြီးမှ ကလေးကို သူများပေးနိုင်းတယ်၊ ပြီးရင် မြို့မှာ ပြန်ခေါ်ပြီး အပျိုလုပ်နိုင်းမယ်၊ ကျောင်းတက်နိုင်းမယ်လို့ စီစဉ်ထားမှာပေါ့၊ ဒါကလည်း တစ်ချက်မှ ပြန်လှည့်

www.burmeseclassic.com



မကြည့်တဲ့ ကိုကို့ကို ကေသရီ မိဘတွေ စိတ်နာလို့ဖြစ်မှာပါ''

ကေသရီကို ပျိုခေတ် မိန်းမသားချင်း စာနာစွာ ငုံ့ကြည့်မိလိုက်သည်။ ကေသရီ မျက်နှာလေးက ညှိုးငယ်လို့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်ဝိုင်းနေသည်။

''အခု သူက ကိုကို့ကို ဘာလို့ လာတွေ့တာလဲ''

''သူ့မိဘတွေ စီစဉ်တဲ့အတိုင်း နာခံလိုက်ရင် ကလေးနဲ့ခွဲရမှာပေါ့၊ အဲဒါကြောင့် ကလေးကိုခေါ်ပြီး ခိုးထွက်လာခဲ့တာလေ၊ ကိုကို လက်ခံရင် အတူတူနေမယ်၊ လက်မခံရင်တော့ ကလေးကိုခေါ်ပြီး အဝေးကို ထွက်သွားတော့မယ်လို့ ပြောတယ်၊ ခန့်လည်း ဘယ်လိုကူညီပေးရမှန်း မသိတော့ဘူး''

''အို မသိဘူးဆိုပြီး ဒီအတိုင်း နေလို့ ဖြစ်မလား၊ ကိုကို့ကို အသိပေးရမှာပေါ့၊ ကလေးပါ ရှိနေတာ ကိုကို လက်မခံလို့ရမလား''

''အခုနေ အသိပေးလိုက်ရင် ဖေဖေ့ကိစ္စရော ရှိနေလို့ ကိုကို အရမ်းပင်ပန်းပြီး စိတ်မကောင်းဖြစ်နေမလားလို့ပါ''

''ခန့်ကလေ ခုချိန်ထိ မပြတ်မသားနဲ့ ယောက်ျားဆိုတာ ပြတ်သားရဲရင့်ရတယ်လို့ ပျိုခေတ် ပြောမထားဘူးလား။ ကိုးလလွယ် ဆယ်လဖွား သေမင်းနဲ့ရင်ဆိုင်ခဲ့ရတဲ့ မိန်းမထက် ကိုကိုက ပင်ပန်းပါ့မလား ခန့်ရဲ့၊ ခန့်မပြောချင်လည်းနေ ပျိုခေတ် ပြောမယ်''

''အဲ အဲလိုလည်း မဟုတ်ပါဘူး ခန့်ပြောပါမယ်၊ မေမေ ပြန်ရောက်မှ တိုင်ပင်ပြီး ခန့်ကိုယ်တိုင် ပြောပြပါမယ်''





ဆိုးဆိုးဆတ်ဆတ် ထရပ်လိုက်သော ပျိုခေတ်လက်ကို ခန့် ပျာပျာသလဲ ဆွဲ၍ ထိုင်ခိုင်းလိုက်ရသည်။ ပျိုခေတ်က ခန့်လက်ကို ပုတ်ချပြီး

''ဒါဆိုလည်း ကလေးနဲ့ ကေသရီကို အိမ်မှာခေါ်ထားလိုက်ဦး၊ ဟိုဟိုဒီဒီ ထွက်သွားရင် ဒုက္ခရောက်နေဦးမယ်''

''ဟုတ်ပါပြီ ပျိုခေတ်ရယ်၊ ပျိုခေတ် ဖုန်းမြည်နေတယ်၊ ကိုင် လိုက်ပါဦး''

ခန့် သတိပေးမှ ပျိုခေတ်က အိတ်ထဲက ဖုန်းကို ထုတ်ကိုင်သည်။

''ဟယ်လို ဟုတ်ကဲ့ ဟုတ်ကဲ့ ဖေဖေ၊ ဟုတ်ကဲ့ ပျိုခေတ် ကိုယ်တိုင် လာပို့ပါ့မယ် စိတ်ချပါ ဖေဖေ''

ဖုန်းပိတ်ပြီးချိန်မှာ ပျိုခေတ်ဆီက သက်ပြင်းဖွေ့ဖွေ့ချသံကိုပါ ကြားရ၏။

''ကိုကိုနဲ့ အခုချက်ချင်းတောင် တွေ့လို့ရနေပြီ ခန့်''

''ဟင် ဘာဖြစ်လို့လဲ''

''ဖေဖေက ဘဏ်ကငွေထုတ်ပြီး ကုမ္ပဏီကို လာပို့ခိုင်းတယ်၊ ပျိုခေတ်ကားပေါ်ရှော့ အပ်ထားတာသိလို့ ကိုကို့ကို ကားနဲ့လွှတ်လိုက်မယ်တဲ့၊ အဲဒါ ခန့်ပြောမယ်ဆို ခန့်ပါ တစ်ခါတည်းလိုက်ခဲ့ပါလား''

''ဟင် ကေသရီကို တစ်ယောက်တည်း ထားခဲ့လို့ မရဘူးလေ၊ မေမေ ပြန်ရောက်မှ အကျိုးအကြောင်း ပြောခဲ့ပြီး လိုက်လို့ရမှာပေါ့၊



www.burmeseclassic.com

ကောသရီကိုပါ ခေါ်ချင်ခေါ်ခဲ့လိုက်မယ်"

"အဲဒါဆို ပျိုခေတ်ကတော့ နေလို့မဖြစ်ဘူး၊ ဘဏ်ပိတ်သွားလိမ့်မယ်၊ ခန့် အချိန်မီမယ်ဆို ဘဏ်ကိုလိုက်လာခဲ့လေ၊ ကိုကို့ကို တွေ့ပြီးတစ်ခါတည်း ပြောလိုက်ရအောင်"

"အင်း အဲလိုလုပ်မယ်လေ၊ ခန့် နောက်ကလိုက်လာခဲ့မယ်"

"မြန်မြန်လိုက်လာခဲ့နော် ခန့်"

"အင်းပါ ပျိုခေတ် ထုတ်နေကျ ထွန်းဖောင်ဒေးရှင်းဘဏ်နော်၊ စိတ်ချသွား ပျိုခေတ်"

ပျိုခေတ် ထွက်သွားတော့ ခန့် သက်ပြင်းပူတွေ ပျိုခေတ် နောက်က လိုက်ပါသွားသလိုပင်။

ကလေးရဲ့ တအဲ့အဲ့ ငိုသံလေးက ခန့်စိတ်တွေကို နှိုးဆွပေါ လျက်. . .။

■ ■ ■



## အခန်း (၂၉)

ပျိုခေတ် ငွေထုတ်ပြီး ဘဏ်ကအထွက်မှာ ကိုကို့ကားလေးက ပျိုခေတ်ရှေ့ ရှောခနဲ ထိုးဆိုက်လာသည်။ ပျိုခေတ် မျက်လုံးတို့က ခန့်ရောက်လာမလား စောင့်ကြည့်နေဆဲ။

"ပျိုခေတ် တက်လေ၊ ဘာလုပ်နေတာလဲ"

"ဪ ခဏလေး ကိုကို၊ သူငယ်ချင်းတစ်ယောက်ကို စောင့်နေတာ"

"ချိန်းထားရင်လည်း နောက်မှပြန်လာလိုက်ပါလား၊ အန်ကယ်က ငွေယူမယ့်ညည်သည်တွေ စောင့်နေလို့ အမြန်လာခဲ့ဖို့ မှာလိုက်တယ်"

"အင်း ဟုတ်ကဲ့၊ အဲဒါဆိုလည်း သွားတာပေါ့"

ဖေဖေ မှာလိုက်သည့် အရေးကြီးကိစ္စမို့ ခန့်ကို စောင့်နေ

www.burmeseclassic.com



ပျိုခေတ် ဘယ်လိုမှ မတတ်သာ။ ပျိုခေတ်ကားပေါ် တက်ထိုင်လိုက်သည်နှင့် ကားလေးကလည်း မြားတစ်စင်းလို လျင်မြန်စွာ ထွင်းဖောက်မှုမျိုးဖြင့်

"ဟင် ကားမှန်တွေ အကုန်ပိတ်ပြီး ဘာလို့ လော့ခ်ချလိုက်တာလဲ ကိုကိုရဲ့၊ ဒီအတိုင်းမောင်းလည်း ရတဲ့ဥစ္စာ"

"သြော် ပျိုခေတ်က ငွေတွေ အများကြီး ထုတ်လာတာ၊ လုံခြုံအောင်လို့ပါ"

ကိုကို စိုးရိမ်ကြီးကို ပျိုခေတ် ဘာမှပြောမနေချင်တော့။ အေးအေးသက်သာ ထိုင်လိုက်လာရင်း ကိုကို့ကိုတော့ ကေသရီအကြောင်း ပြောသင့် မပြောသင့် ချိန်ဆနေမိသည်။ ဒါပေမဲ့ ခန့်လိုက်လာပြီး ပြောမည်ဆိုတော့ သိပ်တော့ အရေးမကြီးပါ။

"ဟင် ကိုကို ကားက ဘယ်ကိုမောင်းနေတာလဲ"

စိတ်က အာရုံမရဖြစ်နေဆဲမို့ ကုမ္ပဏီကိုရောက်ရမည့်အချိန် ကျော်လွန်နေပြီမို့ သတိထားကြည့်မိမှ ဘယ်နေရာမှန်းပင် မသိတော့၊ ကိုကိုက ဘာမှမပြော။

လူသူရှင်းသည့် ခြံကျယ်ကြီးတစ်ခုထဲ ကားကွေ့ဝင်လိုက်သည်၊ ဒါ ဘယ်နေရာလဲ။ ဘာလုပ်တာလဲ။

"ကိုကို"

"အော်မနေနဲ့၊ ကားအောက်ကို ဆင်း။ အေးအေးဆေးဆေး





စကားပြောရအောင်"

"ဟာ ဒါဘာသဘောလဲ၊ ဘာလုပ်တာလဲ ကိုကို၊ ပျိုခေတ်ကို ပြန်ပို့ပေးနော်၊ ပျိုခေတ် မကြိုက်ဘူး"

"ဒီတစ်သက် မင်းကြိုက်အောင် လုပ်လို့ ရတော့မှာမှ မဟုတ်တာ၊ ဒီနည်းပဲရှိတယ် ပျိုခေတ်၊ မင်း ကားပေါ်က မဆင်းချင်လည်း ဒီမှာပဲ ပြောတာပေါ့"

"ဘာပြောမှာလဲ၊ ဘာစကားမို့ ဒီလိုလုပ်ရတာလဲ"

ပျိုခေတ် ငယ်သံပါ အော်နေလည်း တည်ကြည်ခန့်က ဂရုမစိုက်။ သေချာဆုံးဖြတ်ပြီးသကဲ့သို့ မျက်နှာတစ်ခုလုံး တင်းမာပြတ်သားနေသည်။

ပျိုခေတ်ကတော့ ဒေါသတကြီးဖြင့် တဆတ်ဆတ်တုန်နေကာ ကိုကို့ကို ပိုပြီး ရွံမုန်းသွားသည်။

"ပျိုခေတ်၊ မင်းကို ကိုကို ဒီလိုမလုပ်ချင်ပါဘူး၊ ဒါပေမဲ့ မင်းကမှ ကိုကို့ကို မငဲ့ညှာတာ"

"ဘာလို့ ငဲ့ညှာရမှာလဲ၊ ကိုကိုက ဒုက္ခိတမို့လို့လား"

"ဒါဆို ခန့်ကိုရော ဒုက္ခိတမို့လို့ မင်း ကယ်တင်လိုက်တာလား အချစ်တွေပုံပေးပြီး လိုက်လျောနေတာလား၊ ငယ်ငယ်က သံယောဇဉ်တွေ ကိုကို့ပေးဆပ်မှုတွေကို သတိမရတော့ဘူးဆိုရင်တောင် ကိုကို့ကို ဒီလိုတော့ ဥပေက္ခာမပြုသင့်ပါဘူး၊ တော်ပြီကွာ ကိုကို အရှည်ကြီး မရှင်းပြချင်တော့ဘူး၊ မင်းကို ကိုကို ပြန်မလွှတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာပြောတယ်"

"ကိုကို မင်းကို လက်ထပ်မယ်လို့ ပြောတာ သိပြီလား။ ကိုကို မင်းကို သိပ်ချစ်တယ်"

"ဟား ဟား ဟား"

ကိုကို့စကားကြောင့် ပျိုခေတ် အားရပါးရ အော်ရယ်ပစ်လိုက်သည်။ ကိုကိုက နားမလည်နိုင်အောင် ကြောင်တောင်တောင်ဖြစ်သွားကာ

"မင်းဘာရယ်တာလဲ၊ ဘာလို့လှောင်တာလဲ"

"ချစ်တယ်ဆိုတဲ့ စကားပြောထွက်ရဲလို့ပါ၊ ပျိုခေတ်နဲ့အတူပါလာတဲ့ငွေတွေကို မက်မောလို့မဟုတ်ဘူးလား ကိုကို"

"ဘာ"

"ကိုကို အရမ်းချမ်းသာချင်နေတယ်၊ ဒီဘဝက လွတ်မြောက်ပြီး အရင်ဘဝကို အလွယ်တကူ ပြန်ရောက်ချင်နေတယ် မဟုတ်လား၊ ဒီကိစ္စက စိတ်ကူးယဉ်ရုံပဲကောင်းတာပါ ကိုကို၊ လက်တွေ့မလုပ်သင့် မဖြစ်သင့်တဲ့အရာပါ"

"မင်း ဘာပြောပြော ကိုကို ဆုံးဖြတ်ပြီးပြီ ပျိုခေတ်"

"ဒါဆို ကိုကို့မိန်းမနဲ့ ကလေးကို ဘယ်လိုလုပ်မှာလဲ"

"ဟင် ဘယ်က ကလေးလဲ၊ ဘယ်က မိန်းမလဲ၊ အဲဒီမိန်းမ အကြောင်း မင်းကို ရှင်းပြပြီးပြီလေ၊ ကလေးဆိုတာက ဘယ်ကကလေးလဲ၊ ခန့် ချောက်တွန်းလိုက်ပြန်ပြီလား၊ ရှုပ်တယ်ကွာ၊ အိမ်ထဲရောက်မှ ပြော"





တည်ကြည်ခန့် ကားတံခါးဖွင့်ကာ ပျိုခေတ်လက်ကို ဆွဲ၍ ခေါ်ထုတ်လိုက်သည်။ ဂိုထောင်ပျက်ကြီးလို အိမ်ထဲကို ခေါ်သွားတော့မည် ထင်၏။ ထိုအထဲကို ရောက်သွားလျှင် ဘယ်လိုမှ ဖျောင်းဖျမရဘဲ သူမ ဘဝ ဆုံးရတော့မည် ထင်သည်။ ထိုအချိန်မှာ ခြံရှေ့ကို ဝရန်းသုန်းကား ပြေးဆင်းလာသည်။

"ကိုကို ခင် ခင်ဗျား ဒါဘာလုပ်တာလဲ၊ အရမ်းယုတ်မာတယ်၊ အောက်တန်းကျတယ်၊ ခင်ဗျား လူမဟုတ်ဘူး"

"ဖုန်း"

"ခွပ်"

"ခန့် ခန့် မလုပ်နဲ့"

ခန့် ကမူးရှူးထိုး ပြေးထိုးလိုက်သည်မို့ တည်ကြည်ခန့် အငိုက်မိကာ လည်ထွက်သွားသည်။ ကိုကို့လက်တွင်းက လွတ်ထွက်သွားပြီဖြစ်သော ပျိုခေတ်က ခန့်လက်ကို အပြေးအလွှား ဝင်ဆွဲရ၏။ တည်ကြည်ခန့်က မကျေမနပ် ကုန်းရုန်းထလာကာ ခန့်အင်္ကျီ ရင်ဘတ်စကို ဆောင့်ဆွဲပြီး

"မင်း တော်တော် သတ္တိကောင်းနေတယ်ပေါ့ ဟုတ်လား တည်မြဲခန့်၊ မင်း ဒီနေရာက ထွက်သွားမလား၊ မသွားဘူးလား၊ ငါ ပိုင်ဆိုင်ရမှာကို ဝင်ရှုပ်ရင် ဒီအချိန်မှာ ငါ လူသတ်ဖို့လည်း ဝန်မလေးဘူးနော်"

"ဖယ်စမ်းပါ ကျုပ်ကိုရော ခင်ဗျား ဘာလုပ်လုပ် ခံနေတော့မယ့်ကောင်လို့ ထင်နေလား၊ ကျုပ်လည်း ပျိုခေတ်သာ တစ်ခုခုဖြစ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်း လဲဖို့ ဝန်မလေးတော့ဘူးဗျ သိလား၊ ဒါပေမဲ့ ဘာမှမသိနားမလည်တဲ့ ကလေးလေးမျက်နှာကို ထောက်နေလို့"

"ကလေး ဘယ်ကလေး မျက်နှာကို ထောက်တာလဲ"

"ကိုကို့ ရင်သွေးလေ၊ ကိုကို့ကလေးလေ၊ ကိုကို ကိုယ်လွတ်ရုန်း တာဝန်မဲ့ပြီး ထားခဲ့တဲ့ ကေသရီက မွေးတဲ့ကလေး"

"ဘာ ဟိတ်ကောင်၊ မင်းလျှောက်မပြောနဲ့ ပျို့ခေတ် အထင်လွဲအောင် မင်း ယုတ်မာပြီး ပြောနေတာ၊ ကေသရီနဲ့ ငါ ဘာလို့ ကလေးရမှာလဲ"

"ကိုကို မယုံဘူးပေါ့၊ လက်တွေ့ပြရင်ရော"

"ဟိတ်ကောင်"

"မအော်နဲ့၊ တက္ကစီကားပေါ်က ဆင်းလာနေပြီ၊ ကလေး လန့်သွားလိမ့်မယ်"

"ဟင်"

မျက်ရည်လည်ရွဲဖြင့် ကလေးကို ပွေ့ပိုက်ကာ သူ့ဆီလျှောက်လာနေသော ကေသရီကို မြင်လိုက်ရ၍ တည်ကြည်ခန့် ကြက်သေသေကာ လွှတ်ခနဲ အာမေဋိတ်သံ ထွက်သွား၏။

"ယုံပြီလား ကိုကို"

"ဟင့် ဟင့်အင်း"

"လက်တွေ့မြင်နေတဲ့အရာတောင် ကိုကို လက်မခံနိုင်သေးဘူးဆိုရင် မှုးယစ်ဆေးဝါးမှုနဲ့ ဖေဖေ ထောင်ကျနေတာကိုလည်း ကိုကို





ယုံမယ် မထင်ဘူး၊ စိတ်ကူးယဉ်ထားတာတွေက ဖြစ်မလာဘဲ မမျှော်လင့်တာတွေ ကြုံတွေ့နေရလို့လေ၊ ဟုတ်တယ် မဟုတ်လား"

"ဟင် ဘာ ဖေဖေ၊ ဖေဖေ ထောင်ကျနေတယ်"

"ဟုတ်တယ် ကိုကို့လိုပဲ အရမ်းချမ်းသာချင်လို့ ဖြတ်လမ်းလိုက်တဲ့အကျိုးကို ခံစားရတာ"

"ဟား အား"

ရှူးရှူးဝါးဝါး အော်ရင်း အားလုံးရှေ့မှာ တည်ကြည်ခန့် အရုပ်ကြိုးပြတ် ပစ်ကျသွား၏။

ဖြစ်လာသမျှ မယုံနိုင်အောင် အံ့သြနေခြင်းလား၊ လုပ်သမျှ မဖြစ်လို့ အရှုံးပေးလိုက်ခြင်းလား။

ဒါမှမဟုတ် အားမတန်တော့လို့ မာန်လျှော့လိုက်ခြင်းလား မသိနိုင်။

"မောင်"

"ဟင်"

ကေသရီ ခေါ်လိုက်တော့ တည်ကြည်ခန့် ဆတ်ခနဲ တုန်သွားကာ ခေါင်းထောင်ကြည့်သည်။ ပြီးမှ ကေသရီရင်ခွင်ထဲက ကလေးကို မျက်လုံးမလွှဲ စိုက်ကြည့်ရင်း ထရပ်လိုက်၏။

"မောင် ထားခဲ့တဲ့နေရာမှာ သားလေးမွေးပြီးတဲ့အထိ အားတင်းပြီး နေခဲ့ရတာ အရမ်းပင်ပန်းနေပါပြီ၊ အခုချိန်က သားလေးနဲ့ ကေသရီအတွက် အသက်တမျှလည်း အရေးကြီးနေပါပြီ မောင်၊ ဖေဖေတို့



www.burmeseclassic.com

www.burmeseclassic.com



သိသွားတာနဲ့ သားလေးနဲ့ ခွဲရတော့မှာ၊ မောင် သူစိမ်းဆန်ဆန် မျက်နှာလွှဲနေဦးမှာလား''

''ဟုတ်တယ် ကိုကို၊ သားလေး မျက်နှာထောက်ထားငဲ့ညှာပြီး ကိုကို အသိတရားရပါတော့၊ ကိုကိုတို့ ဘဏ်က အထွက်မှာ ခနဲ့တို့ တက္ကစီကား ရောက်လာပြီး နောက်က အချိန်မီလိုက်လာနိုင်လို့ တော်သေးတာပေါ့၊ မဟုတ်ရင် ပျို့ခေတ်တာဝလည်း ပျက်မယ်၊ ကေသရီတို့ သားအမိလည်း ရှင်ကွဲကွဲတဲ့ဘဝ ရောက်သွားနိုင်တယ် ကိုကို၊ လောဘတွေ အစသိမ်းပြီး လက်တွေ့ဘဝကို ရောင့်ရဲလိုက်ပါ''

ခနဲ့တို့ ပြောနေချိန်မှာ သားငယ်လေးက တအဲ့အဲ့နှင့် နို့ဆာနေဟန်ရှိသည်။ ကေသရီ ပွတ်သပ်ချော့မြူပေမယ့် မရ။

အငမ်းမရ နို့ဟပ်နေတာမို့ ကေသရီ မရှက်နိုင်တော့ဘဲ အင်္ကျီစလေးကိုမကာ နို့လှန်တိုက်လိုက်သည်။

ကိုကို မျက်နှာလွှဲမလိုလုပ်ပြီးမှ သားလေး နို့စို့နေတာကို ချစ်မြတ်နိုးစွာ ကြည့်နေ၏။ ပြီးတော့ ကေသရီ ပခုံးလေးကို ဖွဖွလေး ဖက် လိုက်သည်။

မိခင်တစ်ယောက်ရဲ့ တန်ဖိုးအရှိဆုံးအချိန်နှင့် အလှဆုံးအချိန်က ရင်သွေးလေးကို တကျွတ်ကျွတ် ချော့မြူပြီး နို့တိုက်နေသည့် အချိန်ပဲ မဟုတ်ပါလား။

ကိုကို့မျက်လုံး အရောင်တွေပြောင်းလဲလာကာ ခနဲ့နှင့်ပျို့ခေတ်ကို နူးညံ့သိမ်မွေ့စွာ ငဲ့ကြည့်၍

ဗျူး၁၀၁၆ပ



''ခနဲ့နဲ့ပျို့ခေတ် ကို ကိုကို တောင်းပန်ပါတယ်၊ ကိုကို အရမ်းမှားတယ်၊ မှားခဲ့ပါတယ်ကွာ၊ ကိုကိုလေ မြင့်ရာကနိမ့်ကျတဲ့ဘဝကို လက်သင့်မခံနိုင်ဘဲ ထင်ရာတွေလျှောက်လုပ်ခဲ့တာ၊ မကောင်းတဲ့စိတ်တွေ မွေးမိခဲ့တာပါ၊ ဖေဖေ ဒီလိုကြီးဖြစ်သွားတာ အရမ်းခံစားရတယ်၊ ကေသရီနဲ့ သားလေးကို ဒီလိုမြင်လိုက်ရတော့လည်း ရင်ထဲမှာ အရမ်းနာကျင်နေတာပဲကွာ၊ ကို ကိုကို ဘာလုပ်ရမလဲ၊ အပြစ်တွေကို ဘယ်လိုဆေးကြောရမလဲ''

''အမှားကို အမှားမှန်းသိပြီး နောင်တရရင်ပဲ လူပီသနေပါပြီ ကိုကို၊ လူတိုင်း အမှားမကင်းပါဘူး၊ အဲဒီအမှားကို ငါမှားသွားပါလား ဆိုပြီး ဆင်ခြင်မှုနဲ့ ပြင်တတ်ဖို့ပဲ အရေးကြီးတာပါ၊ ကိုကို အခု အသိတရား မရဘဲ ဆက်မှားနေမယ်ဆိုရင် ကိုကိုလည်း ဂုဏ်သိက္ခာကျမယ်၊ ဘဝ ပေါင်းများစွာလည်း ပျက်စီးသွားနိုင်ပါတယ်''

''ဟုတ်တယ် အခု ကိုကို သိပါပြီ၊ မင်းနဲ့ပျို့ခေတ်ကို ကိုကို တောင်းပန်ပါတယ်၊ ပျို့ခေတ် ကိုကို့ကို ခွင့်လွှတ်ပေးပါ၊ ကိုကို ရှုံးခဲ့တာပါ ညီမလေးအပေါ် ကိုကို အရမ်းမှားသွားတယ် ညီမလေးရယ်''

တည်ကြည်ခနဲ့ မျက်ရည်ကျလာတော့ ပျို့ခေတ် ရင်ထဲမကောင်းပေ။ လောဘ မောဟက ဆင်ခြင်တုံ အသိတရားတွေ နည်းပါးစေလားဟု အသိတရားလည်း ရလိုက်၏။

အခုလို ကိုကို ဝန်ချတောင်းပန်ပြီး အမြင်မှန်ရသွားတာပဲ ကျေးဇူးတင်ရမှာပါ။

ဗျူး၁၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ပျိုခေတ်တို့ကိုပဲ ကိုကို တောင်းပန်နေလို့ မဖြစ်သေးဘူး၊ ကေသရီနဲ့သားလေးအပေါ်လည်း ကိုကို အပြစ်တွေ ကျူးလွန်ခဲ့တယ်လေ၊ သူတို့အပေါ် လင်ယောကျ်ားကောင်း၊ ဖခင်ကောင်းပီသအောင် ကြိုးစားပြီး အပြစ်တွေကို ဆေးကြောလိုက်ပါ"

"စိတ်ချပါ သွေးသားဆိုတဲ့ အသိနဲ့ ဖခင်တစ်ယောက်ရဲ့ မေတ္တာစိတ်ကြောင့် ကိုကို ပြောင်းလဲလာပါပြီ၊ ကိုကို တာဝန်ကျေအောင် ကြိုးစားပါ့မယ်"

"ဝမ်းသာလိုက်တာ မောင်ရယ်၊ ဒါဆို သားလေးနဲ့ရော မောင်နဲ့ရော ကေသရီ မခွဲရတော့ဘူးပေါ့နော်"

"အင်း မောင်တို့ အတူတူနေကြမယ်၊ မောင် ဘာအလုပ်ပဲဖြစ်ဖြစ် မရှက်မကြောက် မနိုမကပ် လုပ်ပြီး ကေသရီတို့ သားအမိကို ဂရုစိုက် စောင့်ရှောက်ပါ့မယ်"

ကိုကိုတို့ မိသားစုလေး ပြေလည်သွားတော့ ခန့်ရင်ထဲ အတိုင်းမသိ ဝမ်းသာကြည်နူးရသည်။ ပျိုခေတ် လက်ကလေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ပြီး

"ကိုကိုတို့ကို မေမေ မျှော်နေလိမ့်မယ်၊ ကိုကိုတို့ တက္ကစီကားနဲ့ ပြန်လိုက်နော်၊ ခန့်နဲ့ပျိုခေတ်က ကိစ္စလေးတစ်ခုရှိလို့ သွားပြီးမှ ပြန်လာခဲ့မယ်"

"အေးပါ မင်းတို့ရော ဘယ်အချိန်လက်ထပ်မှာလဲ"

"အခုပဲ ကားပေါ်မှာ တိုင်ပင်လိုက်မယ်နော် ပျိုခေတ်"





"အမယ်လေး အခုမှ ပိုမနေနဲ့၊ ပျိုခေတ်က ဖေဖေတို့ကိုတောင် ဖွင့်ပြောပြီးနေပါပြီနော်၊ သမီး ရွေးချယ်ပြီးပြီဆိုရင် ဖေဖေတို့က ဘာပြောစရာ ကန့်ကွက်စရာရှိမှာလဲတဲ့၊ အကြောင်းသိ ဓာတ်သိဆိုတော့ ပိုကောင်းတာပေါ့တဲ့လေ"

"ဟား ဝမ်းသာလိုက်တာ ပျိုခေတ်ရယ်"

ခန့်တို့နှစ်ယောက်ကိုကြည့်၍ ကိုကိုက ကြည်နူးမျက်ရည် ဝေနေကာ ခန့်ပခုံးကို အားရပါးရ ဆုပ်ညှစ်ပြီး

"ညီလေးအတွက် အစ်ကို ဂုဏ်ယူပါတယ်၊ ယောကျ်ားတစ်ယောက် ဖြစ်လာတဲ့အတွက်လည်း လေးစားပါတယ် ညီ၊ ဒါတွေက စစ်မှန်တဲ့ ညီရဲ့ပေးဆပ်မှုတွေရဲ့ အကျိုးဆက်ပေါ့၊ ပျိုခေတ်ကြောင့် ညီ ပြောင်းလဲလာတာ၊ ပျိုခေတ်ကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါ"

"စိတ်ချ ကိုကို၊ ညီဘဝက ပျိုခေတ်အတွက်ပဲ"

"အမယ် ကိုပို"

ကားလေးကို ခန့်ကိုယ်တိုင် မောင်းပြီး ထွက်လာခဲ့ချိန်မှာ ကိုကိုတို့ လက်လေးပြပြီး ပြုံးရယ်ကာ ကျန်ခဲ့သည်။ ကိုကို့အတွက် စိတ်အေးရပြီမို့ ခန့် အပျော်လွန်နေသည်။ ဒီလို အချိန်ရောက်မှ အနားမှာ ဖေဖေ မရှိတာတော့ စိတ်မကောင်းဖြစ်ရ၏။

ဒါပေမဲ့ ဖေဖေ့ဆီက မေမေ ပြန်လာချိန်မှာ ဖေဖေ ကျန်းမာရေးကောင်းသည်ဆို၍ စိတ်သက်သာရပါသေးသည်။ ဥပေဒနှင့် မလွတ်



www.burmeseclassic.com

www.burmeseclassic.com



က မလွတ်ကင်းတာလုပ်လျှင် ဥပဒေကပေးသည့် အပြစ်ဒဏ်တော့ ခံရမှာပေါ့။

ထောင်က ထွက်လာလျှင်တော့ ဖေဖေလည်း ကိုကို့လို အမြင်မှန် အသိတရား မှန်ရပြီး နောင်တလည်း ရသွားမှာပါ။

ထိုအချိန်ကျလျှင်တော့ ခန့်လည်း ပျိုခေတ်နှင့် လက်ထပ်ပြီး ကလေးတွေ နှစ်ယောက် သုံးယောက်မွေးပြီး နေလောက်ပြီထင်သည်။ သားတွေ၊ ချွေးမတွေ မြေးတွေနှင့် ဖေဖေလည်း ပျော်နေမှာပါ။

"ခန့် ကားမောင်းရင်းနဲ့ တစ်ယောက်တည်း ဘာလို့ပြုံးနေတာလဲ၊ ပျော်စရာဆိုရင် ပျိုခေတ်ကိုလည်း ပြောပြဦးမှပေါ့"

"ပြောလို့ မဖြစ်ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ပျိုခေတ်နဲ့ လက်ထပ်ပြီး ကလေး ဘယ်နှယောက် ယူရမလဲ တွေးနေတာ၊ ခန့် ဘယ်လောက်တောင် ယောကျ်ားပီသလဲ ပြချင်လို့လေ"

"အမယ်လေး ကြောက် ကြောက်စရာ၊ အခုမှ ယောကျ်ားပီသချင်နေတယ်"

"ပျိုခေတ်က ခန့် ယောကျ်ားပီသတာ မကြိုက်ဘူးလား၊ ပျိုခေတ်ပဲ မိန်းကလေးကနေ ယောကျ်ားဖြစ်အောင် ပြောင်းပေးပြီးတော့"

"ဘယ်သူက မကြိုက်ဘူး ပြောလို့လဲ၊ အခုမှ အရမ်း ယောကျ်ားပီသချင်နေတာကို ကြောက်တာ"

"ကြောက်ရအောင် ခန့်က ဘာလုပ်သေးလို့လဲ"



"ကလေး ဘယ်နှယောက် ယူရမလဲဆိုတာတောင် တွေးနေပြီလေ၊ တကယ်ပဲ တွေးနေတာကိုက ညှာညှာတာတာ မရှိဘူး၊ သူ့ဗိုက်မနာရတိုင်း"

"ဟောဗျာ ခန့်ကိုတော့ ယောကျ်ားပီသစေချင်တယ်၊ ပျိုခေတ်လည်း မိန်းမပီသအောင် ဗိုက်လည်းနာ၊ ကလေးလည်းမွေးမှ ဖြစ်မှာပေါ့၊ မိန်းမတွေကို ယောကျ်ားတွေက တစ်သက်လုံး အနှံ့တာခံ ရှာဖွေကျွေးမွေး တန်ဖိုးထားတယ် ဆိုတာ၊ အဲလို အသက်နဲ့ရင်းပြီး ကလေးမွေးပေးလို့ပေါ့ကွ၊ မဟုတ်ရင် သူများသားသမီးကို ဘာလို့ လုပ်ကိုင်ကျွေးနေမှာလဲ"

"အံမယ် ကြည့်စမ်း"

"ဟာ ဘာလုပ်တာလဲ ပျိုခေတ် ဟိတ်"

ခန့် လက်ကို ခပ်နာနာလေး ဆွဲဆိတ်လိုက်၍ ကားလေးကို လမ်းဘေးထိုးရပ်လိုက်ရသည်။ ပျိုခေတ်က မျက်စောင်းကြီးကြီးရွယ်ပြီး မဲ့ရွဲ့၍

"အဲလို ကလေးမွေးမပေးရင် ခန့်က လုပ်ကိုင်မကျွေးဘူးပေါ့လေ"

"အင်းပေါ့ အဲ မဟုတ်ပါဘူး၊ ပျိုခေတ် ကလေးမွေးမပေးလည်း ကိုယ်က တစ်သက်လုံး လုပ်ကိုင်ကျွေးပြီး ချစ်မှာပါ၊ ဟို ပျိုခေတ်က ကလေး မမွေးချင်ဘူးလားဟင်"

"မွေးမှာ မွေးမှာ၊ ခန့် ပျိုခေတ်အနားက တစ်ဖဝါးမှ မခွာ

www.burmeseclassic.com

www.burmeseclassic.com



အောင် ကလေးတွေ ဒါဖင်ပေါင်းများစွာ အဆက်မပြတ်ကို မွေးပစ်လိုက်မယ် သိလား''

"ဟား ပျော်လိုက်တာ ခန့်လည်း ပျိုခေတ် ကလေးတွေ အများကြီး မွေးဖို့အတွက် မအားလပ်တော့ဘူးပေါ့နော်''

"ဘာ''

''ဩော် အလုပ်လုပ်ရ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ငိုတာကို ချော့နေရတာနဲ့ အချိန်အားမရှိတော့တာကို ပြောတာပါ''

''ဟွန်း လူညစ်ပတ်ကြီး မုန်းဖို့ကောင်းတယ်''

နှုတ်ခမ်းစူစူလေးဖြင့် ရင်ခွင်မှာ မှီနွဲ့လာတော့ ကမ္ဘာကြီးက လူဦးရေတိုးတော့မှာကို ကြိုဆိုသောအနေဖြင့် လင်းလက်တောက်ပသွားသည်။ ထိုအတွက် သက်သေပြဖို့ အနမ်းများက နေရာအနှံ့ ယောက်ယက်ခတ် မွှေနှောက်နေကာ..။

လုံမ

ဗျူးရာ၇ပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်

ပြောဖို့လိုသေးလား

BURMESE CLASSIC .com

www.burmeseclassic.com